

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


# ၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI
LIVES BRILLIANTLY



အတွဲ(၁၃)၊ အမှတ်(၈) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် ၊ ဗုဒ္ဓဟူး ၊ (ဧပြီ ၃၀ ၊ ၂၀၁၄)




*မြန်မာ့သမိုင်းတွင် ဖျက်အားအပြင်းဆုံး ၂၀၀၈ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်အပြီး အပျက်အစီးပုံအနီးတွင် စိတ်ပျက်လက်ပျက်ထိုင်နေသော သားအမိနှစ်ဦး* ဓာတ်ပုံ-ခင်မောင်ဝင်း/အေအက်ဖ်ပီ

# နာဂစ်ပေးတဲ့ ဒဏ်ရာ အခုထိမကျက်သေးဘူး

**ထွန်းခိုင်**

ကြိမ်ချောင်းကြီး ကျေးရွာ စကားဝိုင်းများတွင် ယခုတစ်လော ထိပ်တန်းသတင်းအဖြစ် နေရာယူနေသည်က ညညရွာထိပ် နားတွင် သရဲခြောက်သည်ဆိုသည့်သတင်းပင်ဖြစ်သည်။

ညည ဖြတ်သွားဖြတ်လာလုပ်ကြသူများ၊ ရွာထိပ်တွင် ညအိပ်ရပ်နားလေ့ရှိသည့် မော်တော်ယာဉ်အစောင့်များကို ခြောက်လှန့်ခဲ့သည်ဆိုသည့် သတင်းများသည် ရွာထဲက စကားဝိုင်းများတွင် မပါမဖြစ်ဆိုသလောက်ပင်။

သည်ခြောက်လှန့်မှုများသည် လွန်ခဲ့သည့် ခြောက်နှစ်ကသူတို့ရွာတွင် လူပေါင်း ၃၀၀၀ ကျော် အသက်သေဆုံးခဲ့သည့် နာဂစ်ဆိုင်ကလုန်း မုန်တိုင်းအတွင်း ကွယ်လွန်သွားခဲ့ပြီးမကျွတ်မလွတ်ဖြစ်နေသူများက ခြောက်လှန့်နေခြင်းဖြစ်ကြောင်း ရွာသားအချို့က ယုံကြည်လျက်ရှိသည်။


အချပ်ပို A3 »


**နာဂစ်နဲ့ မေးခွန်းနှစ်ခု**

မောင်ထွန်းလွင် (မိုးလေဝသ)


စာမျက်နှာ ၂၀ »


# လူသေနှုန်းမြင့်အမြန်လမ်းနိုင်ငံတကာအကူအညီအလွဲမသုံးရန်လို

**အေးမြတ်သူ၊ မိုးညို**

အမေရိကန်၊ဂျပန်နှင့်ကိုရီးယားနိုင်ငံတို့မှအကူအညီများပေးရန်သဘောတူညီမှုများရရှိထားသည့်ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာမူယနေ့အချိန်အထိငင်းတို့ထံမှရရှိသောအကူအညီများဖြင့် ထင်သာမြင်သာသည့် ပြုပြင်ပြောင်းလဲမှုမျိုးမလုပ်နိုင်သေးပေ။ ထိုအချိန်တွင် ထင်သာမြင်သာရှိနေသည်က ယာဉ်မတော်တဆမှုများ တိုးပွားနေခြင်းဖြစ်သည်။


စာမျက်နှာ ၆ »


## ဆိုက်ရောက်ဗီဇာ ပြဿနာ

**အောင်သူရ၊ ခန့်ထက်**

လက်ရှိ ဆိုက်ရောက်ဗီဇာ ထုတ်ပေးသည့်မူဝါဒမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် အဟန့်အတားပင်ဖြစ်နေပြီး ခရီးသွားကုမ္ပဏီများကို လိမ်ခိုင်းနေသည်နှင့်တူကြောင်း ဝေဖန်ကြသည်။


အချပ်ပို A2 »


## လောင်းရိပ်အောက်ကဗဟိုဘဏ် ထင်သလောက်မလုပ်နိုင်သေး

**သိမ့်သိမ့်စိုး၊ ပြည့်သိမ်း**

မြန်မာနိုင်ငံတော် ဗဟိုဘဏ် သီးသန့်ရပ်တည်လာသည်မှာ ကိုးလရှိပြီဖြစ်သော်လည်း အားလုံးမျှော်လင့်ထားသည့်အတိုင်း ဘဏ်လုပ်ငန်း၊ ငွေကြေးကဏ္ဍတို့အတွက် သိသာသောအောင်မြင်မှုကိုမဆောင်ကြဉ်းနိုင်သေးပေ။


စာမျက်နှာ ၁၃ »


## နေရေးအခက်ကြောင့် အသက်နှင့်လဲ ထွက်ပေါက်ရှာသောအခါ

**အောင်သစ်လွင်**

အိမ်ငှားခမပေးနိုင်သောကြောင့် ပေးရမည့်နေ့တွင် ကိုယ့်ကိုယ်ကိုယ်ကြိုးဆွဲချ၍ သတ်သေသည့်ဖြစ်စဉ်မှာ ယခုနှစ်ဆန်းပိုင်းအတွင်း နှစ်မှုရှိသွားပြီဖြစ်သည်။

ထို့အပြင် အိမ်ငှားခပြဿနာဖြင့်ပင် လင်မယားချင်းစကားများကာ ရထားအောက်ပြေးဝင်၍ သတ်သေမှုမျိုးလည်း ရှိခဲ့သည်။


စာမျကနှာ ၂ »





7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# နေရေးအခက်ကြောင့် အသက်နှင့်လဲ ထွက်ပေါက်ရှာသောအခါ

**အောင်သစ်လွင်**

မြန်မာ နိုင်ငံတွင် ကျောချစရာ နေရာ တစ်နေရာ အတွက် အိမ်ငှားခမပေးနိုင်သောကြောင့် မိမိကိုယ်မိမိ အဆုံးစီရင်သွားမှုမျိုးဖြစ်ခဲ့ပြီဖြစ်သည်။ အိမ်ပိုင်ရှင်အား အိမ်ခန်းငှားခပေးရန် သတ်မှတ်ရက် ပြည့်သည့်နေ့တွင် အိမ်ငှားနေထိုင်သည့် အသက် (၇၂) နှစ်အရွယ် အဘိုးဦးလှရွှေ (နာမည်ပြောင်း)တစ်ယောက်အိမ်ငှားခ မတတ်နိုင်တော့၍ နေအိမ်ထုပ်တန်းတွင်ဆွဲကြိုးချကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုတစ်ခု တောင်ဒဂုံမြို့နယ် ၁၀၆ ရပ်ကွက်တွင်ပြေ ၁၈ ရက်က ဖြစ်ပွားခဲ့သည်။

ထိုသေဆုံးမှုသည် အိမ်ငှားခမပေးနိုင်သောကြောင့် ကိုယ့်ကိုယ်ကိုယ်သတ်သေမှု ပထမဆုံးအကြိမ်မဟုတ်ပါ။ ၂၀၁၄ နှစ်ဦးပိုင်းက သဃ်န်းကျွန်းမြို့နယ်တွင်လည်း အဘိုးအိုတစ်ယောက် အိမ်ငှားခမပေးနိုင်၍ ဆွဲကြိုးချသေဆုံးမှုဖြစ်ခဲ့ပါသည်။


အိမ်ငှားခ မပေးနိုင်သောကြောင့် ရက်စေ့သည့်နေ့တွင် ကိုယ့်ကိုယ်ကိုယ်ကြိုးဆွဲချ၍သတ်သေသည့်အမှုမှာ ၂၀၁၄ ခုနှစ်အတွင်း သိသာထင်ရှားသော အမှုနှစ်မှုရှိသွားပြီဖြစ်သည်။ ထို့အပြင် အိမ်ငှားခပြဿနာဖြင့်ပင် လင်မယားချင်းစကားများကာ မောင်းနှင်လာသည့် ရထားအောက်ပြေးဝင်၍ သေဆုံးမှုမျိုးလည်း ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောသည်။

"သေမှုသေခင်းဖွင့်တဲ့ အမှုတချို့ကို အသေးစိတ် စစ်ကြည့်တော့ စားဝတ်နေရေးကျပ်တည်းပြီး နည်းအမျိုးမျိုးနဲ့ထွက်ပေါက်ရှာကြတာ။ လာနေတဲ့ ရထားအောက်ပြေးဝင်ပြီး သေဆုံးမှုမျိုးတွေဖြစ်လာတော့ အထက်ဌာနတွေနဲ့ သီးသန့်အစည်းအဝေးထိုင်ဖြစ်တယ်။ ဥပမာ–ရပ်ကွက်တွေနဲ့ ထိစပ်နေတဲ့ ရထားလမ်းတွေကို သံဆန်ခါ ကာပေးဖို့နဲ့ ပညာပေးစာစောင်ကပ်ဖို့တွေ အကောင်အထည်ဖော်သွားမယ်"ဟုအဆိုပါရဲအရာရှိကပြောသည်။

လက်ရှိဖြစ်ပေါ်နေသောအိမ်ငှားခဈေးနှုန်းများသည် စားဝတ်နေရေးအတွက် နိစ္စဓူဝ ရုန်းကန်လှုပ်ရှားနေရသည့် အခြေခံလူတန်းစားများအတွက် အဓိကဝန်ထုပ်ဝန်ပိုးဖြစ်နေသည်။ နေ့စဉ်ဝင်ငွေ၏ ရာခိုင်နှုန်းအများစုမှာ အခြားအရေးအားလုံးတွင် သုံးရသော ငွေစုစုပေါင်းထက် နေရေးတစ်ခုတည်းတွင် အသုံးပြုနေရသည်။

"အိမ်လခမပေးနိုင်တော့ရင် ဆင်းပေးရမယ်လို့ အိမ်ရှင်က ပြောပြီးနောက်နေ့မှာ အဘက သူ့ကိုယ်သူဆွဲကြိုးချသတ်သေသွားတာ"ဟု တောင်ဒဂုံမြို့နယ် (၁၀၆) ရပ်ကွက်တွင် နေထိုင်သောသေဆုံးသူ အဘိုးအိုနှင့် အိမ်နီးချင်းကိုမြမောင်ကပြောပါသည်။

အိမ်ရှင်ကပုံမှန်အတိုင်းပြောဆိုသတိပေးသွားခြင်း ဖြစ်သော်လည်း ပေးစရာ ငွေမရှိ၊ နေစရာအိမ်မရှိသော တစ်ကိုယ်တည်းနေသက်ကြီးရွယ်အို အဘ ဦးလှရွှေကတော့ တမလွန်က မသေချာသော နေရာသို့ လည်းပင်းကြိုးကွင်းစွပ်လျက်ထွက်သွားခဲ့သည်။



ဦးလှရွှေပေးရန်မရှိခဲ့သည့် အိမ်ငှားခမှာ တစ်လလျှင် မြန်မာငွေ ကျပ်တစ်သောင်းခွဲဖြစ်ပြီး ၎င်းနေထိုင်ရာအိမ်မှာလည်း ဆယ်ပေခန့်သာကျယ်သည့် ယိုင်လုလုတဲအိမ်ဖြစ်ပါသည်။

ဦးလှရွှေနေထိုင်ခဲ့ရာ တောင်ဒဂုံမြို့နယ် (၁၀၆) ရပ်ကွက်တွင် အိမ်ငှားနေထိုင်သူ များစွာရှိပြီး ၎င်းတို့တွင်လည်း အိမ်ပိုင်မရှိသူများအား ဈေးကွက်ထဲတွင် တစ်ဖက်သတ် အနိုင်ပိုင်းထားသည့် အိမ်လခ ပေးချေနိုင်ရန်အတွက် အခက်အခဲပေါင်းစုံရှိနေသည်။

"ပိုက်ဆံမရှိတော့လည်းအိမ်ငှားဘဝနဲ့ နပန်းလုံးနေရတာ။ ထမင်းတစ်လုတ်စားရတော်ပြီဆိုပြီး အိမ်ငှားခကို အလျှဉ်မီအောင်ပေးနေရတာပေါ့။ မပေးနိုင်ရင် ဆင်းပေးရမှာလေ"ဟု တောင်ဒဂုံမြို့နယ် (၁၀၆) ရပ်ကွက် မြိုင်တန်းသာ (၂) လမ်းနေ ဒေါ်ကြိုင်ကြိုင်ကပြောသည်။

ဒေါ်ကြိုင်ကြိုင်တို့အိမ်တွင် မိသားစုဝင်ငါးယောက်ရှိပြီး အိမ်ဆေးသုတ်သည့်အလုပ်လုပ်ကိုင်နေသည့် ယောက်ျားဖြစ်သူ၏ တစ်နေ့ဝင်ငွေ ၇,၀၀၀ ကျပ်ဖြင့် လုံလောက်အောင် သုံးစွဲနေရခြင်းဖြစ်သည်။ ဒေါ်ကြိုင်ကြိုင်ငှားနေသည့် အလျား ၁၀ ပေ၊ အနံ ပေ ၂၀ ရှိသော သွပ်မိုးပျဉ်ထောင်အိမ်မှာ တစ်လလျှင် လေးသောင်းကျပ်ဖြင့် ခြောက်လ စာချုပ်ချုပ်ကာ နေထိုင်ခြင်းဖြစ်သည်။

"အိမ်ငှားစာချုပ်ချုပ်တုန်းက ခြောက်လစာ ပိုက်ဆံမရှိလို့ ဆွဲကြိုးလေးသွားရောင်းပြီး ပေးခဲ့ရ



တာ။ ဒီဘက်မှာ အလုပ်အကိုင်လည်းရှားတယ်။ သွားရေး၊ လာရေးလည်း ခက်တယ်။ ဒါပေမဲ့ အိမ်ငှားခနည်းနည်းသက်သာတဲ့ နေရာ လိုက်ရွေးနေရတာ။ ဒီမှာ ဈေးမြင့်လာရင် နောက်ထပ် တစ်နေရာရှာရမှာပဲ”ဟု ၎င်းကပြောသည်။

“အိမ်ငှားသံသရာ ဘယ်လောက်ရှည်နေပြီလဲဆိုရင် ရွာက အမျိုးတွေနဲ့တောင် ဆွေခန်းမျိုးခန်းပြတ်တဲ့အထိပဲ။ ကိုယ်တွေက ဟိုရောက်လိုက်၊ ဒီရောက်လိုက် ဖြစ်နေတာလေ။ ရွာကလူတွေ ဘယ်လို လုပ်ရှာနိုင်တော့မလဲ”ဟု သင်္ဃန်းကျွန်းမြို့နယ်တွင် တစ်နှစ်နေခဲ့ပြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် အနီး ၁၅ ရပ်ကွက်သို့ ပြောင်းလာသူ ဦးလွန်းမြင့်က ပြောသည်။

လူဦးရေ သန်း ၆၀ ကျော်ရှိပြီး မြေနေရာ ကျယ်ဝန်းသော မြန်မာနိုင်ငံတွင် မြေဧရိယာနှင့် မျှတသော လူဦးရေရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်းပေါသည် ဟု ယူဆကြကာ စီးပွားရေးမြို့တော် ရန်ကုန်သို့ ဒေသအနှံ့မှ စုပြုံရောက်ရှိနေကြသည်။ ရှိနေသည့် အဆောက်အအုံ အိမ်ရာနှင့် လူဦးရေမှာ မျှတမှုမရှိဘဲ အိမ်ရာနည်းပါးနေခြင်းက အိမ်ငှားဈေးကွက်တွင် အိမ်ပိုင်ရှင်တို့ အောင်ပွဲခံနေနိုင်ခြင်း၏ အဓိက အကြောင်းရင်းဖြစ်နေသည်။

ငွေကြေးအတော်အသင့်တတ်နိုင်သူများက မြေလွတ်များဝယ်၍ ဈေးပေါပေါနှင့် ရသောသစ်အဟောင်းများဖြင့် ၁၀ ပေ (သို့) ပေ ၂၀ ခန့်ကျယ်သည့် အိမ်များ ပြီးစလွယ်ဆောက်၍ အိမ်ငှားသူလက်ထဲ လွှဲထားခဲ့ခြင်းဖြစ်ပြီး အိမ်အများစုမှာ ဆောက်လက်စမှာပင် နေထိုင်လိုသူများက စာချုပ်ထားပြီးဖြစ်နေသည်။

“ငှားချင်တဲ့သူက အဆမတန်များနေတယ်။ အိမ်ရှင်နဲ့ အိမ်ငှားအချိုးအစားက မမျှဘူး။ ဒါကြောင့် အိမ်ရှင်တွေ ပြောတဲ့ ဈေးပေးနေရတာ။ ဒီအခြေအနေကို အစိုးရက စီမံချက်တစ်ခုအနေနဲ့အလျင်အမြန် ထိန်းချုပ်သင့်တယ်”ဟု တောင်ဒဂုံမြို့နယ်မှ စုပါအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း မန်နေဂျာ ဦးစန်းအောင်က ပြောသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှု ဦးစီးဌာန အငြိမ်းစားညွှန်ကြားရေးမှူး ဦးမြင့်ဆွေက အစိုးရသစ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ခေါင်းစဉ်အောက်တွင် အိမ်ရာဖွံ့ဖြိုးမှုအပိုင်းပါ ကပ်ပါမလာဘဲ နောက်ကျ ကျန်နေကြောင်း သုံးသပ်သည်။ ရန်ကုန်မြို့တွင် တိုးတက်နေသော လူဦးရေကြောင့် တစ်နှစ်လျှင် တိုက်ခန်းပေါင်း နှစ်သောင်းလိုအပ်သော်လည်း အခန်း ၇၀၀၀ သာ တည်ဆောက်နိုင်သည်။ နိုင်ငံရေးအပြောင်းအလဲကြောင့် အိမ်ခြံမြေ ဈေးနှုန်းများ အဆမတန်မြင့်တက်နေရာ အများစုဖြစ်သည့် အခြေခံလူတန်းစားမှာ အိမ်ပိုင်ဝယ်နိုင်ရန် အလှမ်းဝေးသွားပြီး ငှားသည့်ဈေးကွက်ဘက်သို့သာ ဦးတည်သွားသောကြောင့် အိမ်ပိုင်ရှင်များအကြိုက်ဖြစ်နေကြောင်း ပြောသည်။

“အားနည်းနေတဲ့ လူမမာကို ဆေးသွင်းပေးဖို့ လိုအပ်သလိုပဲ။ အိမ်ပိုင် မဝယ်နိုင်တဲ့သူတွေကို အစိုးရပိုင်းကနေထိရောက်တဲ့ထောက်ပံ့မှုတွေ လုပ်ပေးသင့်တယ်။ လူအများစုက အိမ်ရာ အာဟာရပြတ်နေကြတယ်” ဟု ဦးမြင့်ဆွေကဆိုသည်။

လက်ရှိတွင် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များက တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများ အကောင်အထည်ဖော်နေသော်လည်း အရစ်ကျပေးရန် သတ်မှတ်ထားသည့် အချိန်ကာလမှာ တိုတောင်းလွန်းသောကြောင့် မှားယွင်းသော စီမံခန့်ခွဲမှုမျိုးဖြစ်နေကြောင်း ဒိုင်းမွန်းအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း မန်နေဂျာ ဦးမြသာက ပြောကြားသည်။

“စာချုပ်အတိုင်းမပေးရင် အရေးယူမယ်ဆိုတဲ့အပိုင်းလည်းရှိနေတာပဲ။ အိမ်ပိုင်ဝယ်လိုသူတွေကို ခိုင်မာတဲ့ စာချုပ်တွေချုပ်ပြီး ကာလရှည်ငွေသွင်းခွင့်ပေးလိုက်ရင် အတော်အသင့်ပြေလည်သွားပါလိမ့်မယ်”ဟုဆိုသည်။

မိုးရာသီ၌ ထီးပြင်ကာ နွေနှင့် ဆောင်းရာသီ၌ ဖိနပ်ပြင်သည့် အလုပ်လုပ်ကာ အကြမ်းဖျင်းတစ်ရက်ဝင်ငွေ လေးထောင်ကျပ်ရသော ဦးတင့်စိန်ကလည်း ၎င်းမိသားစုအတွက် အဓိကအခက်အခဲမှာနေရေးဟု ပြောသည်။ ၎င်းကိုယ်တိုင်လည်း အသက် (၆၀) နှစ်ရှိပြီဖြစ်ပြီး အလုပ်မရှိသော အချိန်များ၌ အိမ်ဆေးသုတ်အလုပ်လုပ်သည့် သားမက်ဖြစ်သူ၏ ဝင်ငွေကိုသာ မှီခိုနေရသူဖြစ်သည်။

“ဟိုမှာ ယိုင်နေတဲ့ အိမ်က ကျွန်တော်တို့ ငှားနေတဲ့ အိမ်ပဲ။ တစ်လကို နှစ်သောင်းပေးရတယ်။ ရေနဲ့ မီးက ကိုယ့်ဘာသာကိုယ် ဖန်တီးရတာ။ နေလည်း ပြင်း၊ အလုပ်ကလည်း ပါးတော့ အပြင်မထွက်နိုင်ဘဲ သားမက်မျက်နှာရိပ်၊ မျက်နှာကဲ ကြည့်ပြီး ထမင်းစားနေရတာ”ဟု နေပူပူအောက် မြေနိမ့်နေရာတစ်ခုတွင် တည်ဆောက်ထားသည့် ၁၀ ပေ ခန့်သာ ကျယ်သည့် အိမ်ကို လက်ညှိုးညွှန်ပြရင်း ဦးတင့်စိန်က ဆိုသည်။

လက်ရှိအစိုးရခေါင်းအခဲဆုံးဖြစ်နေသည့် ကျူးပြဿနာမှာလည်း တစ်ဦးချင်းဝင်ငွေပြဿနာနှင့် နေထိုင်မှုအတွက် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်နေခြင်းက တိုက်ရိုက်သက်ဆိုင်နေသည်။ ကျူးဟုနာမည်မကျော်ခင် မူလအစက အိမ်ခြေမဲ့များသည် နာဂစ်ကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် မူလနေရပ်ကို ကျောခိုင်းကာ စီးပွားရေးမြို့တော်သို့ ခြေချလာသူများဖြစ်သည်။ နာဂစ်အောက် ပြားပြားမှောက်ကာ ရန်ကုန်မြို့သို့ ရောက်လာကြသော လူဦးရေအများစုမှာ ရန်ကုန်မြို့တော်တွင် နှစ်ကာလကြာမြင့်သည့်အထိ အခြေမကျသေးဘဲ အိမ်ရာမဲ့ (သို့) အိမ်ငှားဘဝနှင့်ပင် ရုန်းကန်နေသေးသည်။

“နာဂစ်ပြီးကတည်းက မနေရဲတော့လို့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ရန်ကုန်ကို ထွက်လာခဲ့တာ။ အခုတော့လည်း ဘဝပေးက ဖြစ်ချင်တိုင်းကို ဖြစ်နေတုန်းပဲ။ ရပ်ကွက်လူကြီးရဲ့ ထောက်ခံချက်နဲ့ နေရပြီး ပြောင်းဆိုပြောင်းပေးရမှာလေ” ဟု တောင်ဒဂုံမြို့နယ် ၁၇ ရပ်ကွက်ရှိ စက်မှုဇုန်မြေကွက်တွင် တဲထိုးနေထိုင်သူ ဒေါ်မြဦးကပြောကြားသည်။

ဒေါ်မြဦး၏သားက စက်မှုဇုန်အတွင်းရှိ ကားပစ္စည်းစက်ရုံတွင် အလုပ်လုပ်နေပြီးသား၏လစာကို မှီခိုနေရကာ နာဂစ်အပြီး ခြောက်နှစ်ကြာသည်အထိ အိမ်ပိုင်မဝယ်သေးဘဲ ငှား၍ပင် မနေနိုင်သေးကြောင်း ပြောသည်။

စိန်ခေါ်မှုများနှင့် ပြည့်နေသည့် မြန်မာနိုင်ငံ၏ အပြောင်းအလဲကာလတွင် အစိုးရအနေဖြင့် နောက်တစ်ကြိမ် ရွေးကောက်ပွဲအတွက် အလုပ်ရှုပ်နေသည့် အပြင် ဖြေရှင်းရမည့် ပြဿနာများအနက်မှ အိမ်ခြံမြေပြဿနာကိုလည်း မေ့လျော့နေဟန်ရှိသည်။ အိမ်ပိုင်မရှိသေးသည့် အိမ်ငှားနေထိုင်သူများက အိမ်ငှားခ လစဉ်ပေးနိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးစားနေရသလို ဒေါ်မြဦးတို့လို နီးစပ်ရာမြေလွတ်တွင် နားလည်မှုဖြင့် နေထိုင်နေရသူများကတော့ စားဝတ်နေရေးကို သေရေးရှင်ရေး တမျှ နေ့စဉ်ရုန်းကန်နေရပေဦးမည်။

အသက် (၇၂) နှစ်အရွယ် ဦးလှရွှေကတော့ အိမ်လခပေးရန် ရွေးချယ်စရာလမ်းမရှိသည့် အဆုံး အဖန် ငါးရာ၊ ငါးကမ္ဘာဆိုသည့် ဝဋ်ကြွေးကိုပင် မကြောက်ရွံ့တော့ပဲ တမလွန်ကို ရွေးချယ်သွားခဲ့သည်။

သူ၏ နောက်ဆုံး ထွက်သက်တွင် စိတ်ရော၊ ကိုယ်ပါ နာကျင်နေပါလိမ့်မည်။ ။



7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# မြန်မာစာနယ်ဇင်းလွတ်လပ်ခွင့် ဘယ်အဆင့်မှာရပ်တည်မလဲ

**အေးသူစံ**

နှစ်စဉ် မေလ ၃ ရက်သည် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဖြစ်သည်။ ပိုကောင်းသောအနာဂတ်အတွက် မီဒီယာလွတ်လပ်ခွင့် လိုအပ်သည်ဟု ဆောင်ပုဒ်ထုတ်ပြန်ထားသော မေလ ၃ ရက်တွင် မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ စာနယ်ဇင်းလွတ်လပ်ခွင့် အဆင့်ကိုသတ်မှတ်ထုတ်ပြန်ဦးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာများ၊ တိုင်းရင်းသားအခြေပြုမီဒီယာများ ထုတ်ဝေခွင့်ရလာသည်။ ယခင်အစိုးရလက်ထက်က တို့ထိခွင့်မရခဲ့သည့်သတင်းနှင့်ဓာတ်ပုံများဖော်ပြခွင့်ရလာသည်။ စာပေစိစစ်ရေးကိုမဖြတ်သန်းရဘဲ ထုတ်ဝေခွင့်ရနေသည်။ ယင်းအခြေအနေများကြောင့် မြန်မာကစာနယ်ဇင်းလွတ်လပ်ခွင့် အပြည့်ရခဲ့ပါပြီလား။

မြန်မာနိုင်ငံတွင် အစိုးရကိုဝေဖန်သုံးသပ်ခွင့်ရရုံဖြင့် အတိုက်အခံကိုစာမျက်နှာပေါ်တင်ခွင့်ရရုံဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်ရပါပြီလား။

“မြန်မာစာနယ်ဇင်းအဆင့်တက်တယ်ဆိုတာက မြောက်ကိုရီးယားကပိုဆိုးလာလို့ဖြစ်နိုင်သလို တစ်ခါတလေ ရုရှား၊ တူနီးရှား၊ ယူကရိန်း၊ အီဂျစ်တို့မှာ တစ်ခုခုဖြစ်တာနဲ့ အဆင့်သတ်မှတ်ချက်တွေက အလိုလိုနေရင်းတက်သွားတာပဲ။ နိုင်ငံပေါင်းစုံနဲ့ဆက်စပ်ပြီး ချိန်ထိုးကြည့်တဲ့အတွက် အဆင့်က တစ်သမတ်တည်း ဘယ်တော့မှမရှိနိုင်ဘူး”ဟု ဒီဗီဘီသတင်းဌာနမှ Planning Editor ဦးသန်းဝင်းထွဋ်ကပြောသည်။

ကမ္ဘာ့မီဒီယာလွတ်လပ်ခွင့်အဆင့် ၁၃ တက်လာသော မြန်မာနိုင်ငံတွင် ယနေ့အထိ သတင်းထောက်များကိုအကြောင်းပြချက်မပေး၊ ဖမ်းဝရမ်းမပါဘဲ အာဏာပိုင်များကဖမ်းဆီးနေဆဲဖြစ်သည်။ ၂၄ နာရီထက် ကျော်လွန်ပြီး အကြောင်းပြချက်မရှိမိသားစုနှင့်မဆက်သွယ်ဘဲ ချုပ်နှောင်ထားဆဲဖြစ်သည်။


*သတင်းစာ၊ ဂျာနယ်ဖတ်ရှုနေသူများကိုတွေ့ရစဉ်*

ဓာတ်ပုံ-အားမာန်

သတင်းလွတ်လပ်ခွင့်ပေးထားသည်ဟု ပြောသူများမှာ သမ္မတဦးသိန်းစိန်နှင့် အစိုးရအဖွဲ့ဖြစ်သည်။ သတင်းထောက်များကိုဖမ်းဆီးတရားစွဲဆိုထောင်ချနေသူများမှာလည်း ၎င်းလက်အောက်ရှိ အစိုးရအုပ်ချုပ်ရေးယန္တရားမှ ပုဂ္ဂိုလ်များပင်ဖြစ်သည်။

“သတင်းလွတ်လပ်ခွင့်ရှိလာလေလေ သတင်းထောက်တွေ အဖမ်းခံရ၊ အသတ်ခံရလေလေပဲ။ မြန်မာသတင်းထောက်တွေအနေနဲ့ သတင်းရပိုင်ခွင့်ကို သိဖို့လိုသလို တည်ဆဲဥပဒေတွေကိုလည်း လေ့လာထားရမယ်”ဟု မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ ဦးသီဟစောကပြောသည်။

မီဒီယာလွတ်လပ်ခွင့်ကိုမြှင့်တင်နေသည့်ယခုဆယ်နှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် ဂျာနယ်လစ်ခြောက်ရာကျော် အသတ်ခံရသည်။ တော်ဝင်မိသားစုကိုဝေဖန်သည့်အတွက် ထိုင်းသတင်းစာဆရာတစ်ဦး ထောင်ဆယ်နှစ်ကျသွားသည်။ အစိုးရအဖွဲ့ကိုဝေဖန်သည့်အတွက် ပါကစ္စတန်သတင်းစာနှစ်စောင်ထုတ်ဝေခွင့်ယာယီရပ်ဆိုင်းခံထားရသည်။

မြန်မာနိုင်ငံတွင်လည်း လူတစ်ယောက်ကို ဇာတ်လမ်းတစ်ခုဖန်တီးပြီး ထောင်ချ၍ရကြောင်း ပိုင်နက်ကျူးလွန်မှု၊ အသရေဖျက်မှုတို့ဖြင့် တရားစွဲဆိုခံရပြီး ထောင်သုံးလကျခံခဲ့ရသော သတင်းထောက်မခိုင်ကပြောခဲ့သည်။

သတင်းမီဒီယာဥပဒေတွင် သတင်းထောက်များက အစိုးရအဖွဲ့တာဝန်ရှိသူများထံမေးမြန်းခွင့်ရှိသည်။ မဖြေနိုင်ကြောင်းငြင်းဆိုပါက သတင်းထောက်က ဝတ္တရားနှောင့်ယှက်မှုဖြင့် တရားစွဲဆိုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

သို့သော် မီဒီယာအကာအကွယ်ကိုသတင်းထောက်ကမရဘဲ အစိုးရအပါအဝင်သတင်းရင်းမြစ်အချို့က တည်ဆဲဥပဒေအကာအကွယ်များကိုယူ၍ သတင်းထောက်များကိုတရားစွဲဆိုဖမ်းဆီးထောင်ချနေကြသည်။

ကမ္ဘာကစိတ်ဝင်စားနေသည့် မြန်မာကို လူတိုင်းကစောင့်ကြည့်နေချိန်တွင် သတင်းထောက်များစည်းလုံးညီညွတ်ရန်လိုအပ်ပြီး မြန်မာကို မီဒီယာလွတ်လပ်ခွင့်အဆင့် သတ်မှတ်မည့်အဖွဲ့အစည်းများကိုယ်တိုင် နိုင်ငံတွင်းအခြေအနေမှန်ကိုသိဖို့လိုကြောင်း Eleven Media အယ်ဒီတာချုပ် ဦးဝေဖြိုးကပြောသည်။

စာမျက်နှာ ၈ »

SKYWARD
နိုင်ငံတကာ အသိအမှတ်ပြု လေယာဉ်မှူးဖြစ်လိုသူများအတွက်
မန္တလေးမြို့၏ ပထမဦးဆုံးလေကြောင်း ပညာရေး ဝန်ဆောင်မှုသင်တန်းကျောင်း



ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ် (ICAO) စံတမ်းအရ နှစ်စဉ်လိုအပ်သော လေယာဉ်မှူးများဖြစ်စေဖို့
တိုးတက်ပြောင်းလဲလာသော စီးပွားရေးနှင့် အညီဖွံ့ဖြိုးတိုးတက်လာသော မြန်မာနိုင်ငံလေကြောင်းကဏ္ဍအတွက် လိုအပ်နေသော အရည်အချင်း ပြည့်မီသော လေယာဉ်မှူးဖြစ်စေဖို့
သင်တန်းပြီးဆုံးလျှင် ပြည်တွင်းပြည်ပတွင် အလုပ်အကိုင်အခွင့်အလမ်း ရာနှုန်းပြည့် သေချာသော SKYWARD လေကြောင်း ပညာရေးဝန်ဆောင်မှုသင်တန်းကျောင်းနှင့် ယခုပင်ဆက်သွယ်လိုက်ပါ။

ဤလေယာဉ်မောင်းသင်တန်းသည် ဖိလစ်ပိုင်နိုင်ငံရှိ FASTLINK လေယာဉ်မောင်းသင်တန်းကျောင်းနှင့် တရားဝင်ပူးပေါင်းဖွင့်လှစ်ထားသောသင်တန်းကျောင်းဖြစ်သည်။ ဤသင်တန်းကျောင်းနှင့်ပက်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါနေရာတွင် ဖိလစ်ပိုင်နိုင်ငံမှ ဆရာများကိုယ်တိုင် လာရောက်ရှင်းလင်းပြောကြားမည်ဖြစ်သည်။ စိတ်ဝင်စားသူမည်သူမဆို လွတ်လပ်စွာဝင်ရောက်မေးမြန်း ဆွေးနွေးနိုင်သည်။

အချိန် ... မနက် (၉း၀၀)နာရီမှ နေ့လည်(၁၂း၀၀)နာရီထိ
နေ့ရက် ... ၁၁.၅.၂၀၁၄(တနင်္ဂနွေ)
နေရာ ... Hotel Mandalay (စံပယ်ဖြူခန်းမ)

■ သင်တန်းလိပ်စာ
■ အခန်း-၆၊ ၂၆(B)လမ်း၊ ၇၈ × ၇၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ Phone 09-6503048, 09-49318874

Life
7Day News Journal
Vol.13, No.8 • APRIL 30 , 2014

# တတိယအရွယ်မှာ ဝလုံးရေး

ညီညီဇော်

**“သဝေထိုး ကကြီး ယပင့်ရေးချ ရှေ့ထိုးကျော်**

**ကကြီးယရစ်ရေးချ ဝစ္စနှစ်လုံး ပေါက်ကြား”**

**ကျော်ကြား**

အသက် (၂၀)ဝန်းကျင် အမျိုးသမီးငယ်လေးက အထက်ပါ အတိုင်း စာတိုင်ပေးတိုင်း ဓမ္မာရုံသမံတလင်းပေါ်တွင် ထိုင်နေသော အသက်(၆၀)ကျော် အမျိုးသမီးကြီးများက အားရပါးရလိုက်ဆိုနေသည်။ ညီညီညာညာတော့မဟုတ်။ အသံကျယ်တဲ့သူကကျယ်၊ တိုးသူကတိုး စာလုံးပေါင်းတွေ တလွဲတချော်။ အမျိုးသမီးငယ်လေးက တစ်ဖွဲ့လုံးကို စာချပြီးတော့ ထိုင်နေတဲ့သူတွေထဲက အမျိုးသမီးကြီးကို လှမ်းကြည့်ရင်း စကားတစ်ခွန်းပြောလိုက်သည်။

“ကဲ အဘွား ဒေါ်ကြည်ဆိုကြည့်ပါဦး”

အသက်(၆၆)နှစ်ရှိပြီဖြစ်သော ဒေါ်လှကြည်တစ်ယောက် အမျိုးသမီးငယ်လေးသင်ပေးသော ကျောက်သင်ပုန်းကြီးပေါ်ကစာကို ချောချောမွေ့မွေ့ ပြန်ဆိုပြသည်။ ဒေါ်လှကြည်ကိုကြည့်ရင်း အမျိုးသမီးငယ်လေး တစ်ချက်ပြုံးလိုက်မိသည်။ ထို့နောက် ဒေါ်လှကြည် ဘေးကထိုင်နေသော အမျိုးသမီးကြီးတွေကို တစ်ယောက်ချင်းစာလုံးပေါင်းကာ ရွတ်ဆိုစေခဲ့သည်။



ဓာတ်ပုံ – ညီညီဇော်

အထက်ပါမြင်ကွင်းလေးမှာ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းရွာလယ်ရှိ ဓမ္မာရုံပေါ်က အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုမြင်ကွင်းတစ်ခုဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် ပြေ ၁ ရက်မှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၂၉ မြို့နယ်မှ စာမတတ်သူလေးသောင်းကျော်ကို တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူလေးထောင်ကျော်၊တက္ကသိုလ်ဆရာ၊ ဆရာမလေးရာကျော်ဖြင့် စာသင်ဝိုင်းများဖွဲ့ကာ သင်ကြားပေးနေရာ စဉ့်ကိုင်မြို့နယ်သည်လည်း အပါအဝင်ဖြစ်ပါသည်။ စဉ့်ကိုင်တစ်မြို့နယ်လုံး စာသင်ဝိုင်းနှစ်ရာရှိပြီး တစ်ဝိုင်းလျှင် စာသင်သား ၁၀ ဦးဝန်းကျင်ရှိသည်။ လုပ်အားပေးတက္ကသိုလ်ကျောင်းသူလေးများက ရွာရှိရပ်ကွက်အုပ်ချုပ်ရေးမှူးအိမ်တွင်ဖြစ်စေ၊ အနည်းငယ် တတ်နိုင်သည့် ရွာခံအိမ်တွင်ဖြစ်စေ နေထိုင်ကာ စာသင်ပေးနေခြင်းဖြစ်သည်။ ဆရာမများ၏ ကျွေးမွေးစရိတ်ကို တည်းခိုသည့်အိမ်များက တာဝန်ယူပြီး နိုင်ငံတော်ကလည်း ဆရာ၊ ဆရာမတစ်ဦးလျှင် တစ်ရက်ကျပ်သုံးထောင်ပံ့ပိုးပေးထားသည်။ **စာမျက်နှာ (၁၄)သို့**



7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014




## ငှက်ပျောဖူးစပါးလင်ချက်

ဒီတစ်ပတ်တော့ ငှက်ပျောဖူးအချဉ်ချက်လေး ချက်ထားပါတယ်။ ငှက်ပျောဖူးကို စပါးလင်နဲ့ သက်သက်လွတ်ချက်တဲ့ သာမညတောင်က စတိုင်ကို မှီငြမ်းချက်ပြုတ်ထားတာပါ။

ဝိုက်ဖီကတော့ သက်သတ်လွတ်မဟုတ်ဘဲ ပုစွန်ခြောက်ကလေးနဲ့ ချက်ထားပါတယ်။

ငှက်ပျောဖူးကို အကြမ်းတွေ ခွာ၊ အတွင်းထဲက အသားနုနုကို ခပ်ပါးပါးလှီး၊ မန်ကျည်းရေ ၁၀ မိနစ်လောက် စိမ်ထားပါ။ မှျင်ငါးပိ၊ ပုစွန်ခြောက်ကို စပါးလင်နဲ့ ရောထောင်း၊ လှီးထားတဲ့ ငှက်ပျောဖူးနဲ့ နယ်၊ ရေလေးထည့်ပြီး မီးဖိုပေါ်တင်၊ လုံးချက်ချက်ပါ။ ရေကိုတော့ ငှက်ပျောဖူးနူးအိအောင် ရေလိုသလောက် ထည့်ချက်လိုက်ပြီး ရေစပ်စပ်လေးနဲ့ ချပါမယ်။ စပါးလင်နံ့လေးသင်းနေတဲ့ ငှက်ပျောဖူးဟင်းတစ်ခွက်ကို အရသာတွေ့လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။




# လူသေနှုန်းမြင့်အမြန်လမ်း နိုင်ငံတ

**အေးမြတ်သူ၊ မိုးညို**



**ရန်ကုန်**–ရက်သတ္တတစ်ပတ်လျှင် ယာဉ်မတော်တဆမှုကြောင့် အနည်းဆုံး လူသုံးဦးနှင့်အထက် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်နေသည့် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးကို နိုင်ငံတကာအကူအညီဖြင့် ပြန်လည်ပြုပြင်ရန် အစိုးရက ပြင်ဆင်နေသော်လည်း ယနေ့အချိန်ထိ ထင်သာမြင်သာသော လမ်းအဆင့်မြှင့်တင်မှုများ မရှိသေးပေ။

နိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မှ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်၊ ထိုမှတစ်ဆင့် ယဉ်ကျေးမှုမြို့တော် မန္တလေးသို့ စစ်အစိုးရလက်ထက်က ခြောက်နှစ်နှင့် နှစ်လကြာ ဖောက်လုပ်ခဲ့သည့် အမြန်လမ်းမကြီးမှာ ဦးသိန်းစိန် အစိုးရလက်ထက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှိုင်းယှဉ်ပါက လမ်းအားလုံးတွင် ယာဉ်တိုက်မှုနှင့် လူအသေအပျောက်အများဆုံး စံချိန်တင် လျက်ရှိနေသည့် လမ်းမကြီးတစ်ခုလည်းဖြစ်သည်။

အမေရိကန်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့မှ အကူအညီများပေးရန် သဘောတူညီမှုများ ရရှိထားသည့် အဆိုပါ အမြန်လမ်းပိုင်းမှာမူ ယနေ့အချိန်အထိ ၎င်းတို့ထံမှ ရရှိသော အကူအညီများဖြင့် ထင်သာမြင်သာသည့် ပြုပြင်ပြောင်းလဲမှုမျိုး သိသိသာသာ မလုပ်နိုင်သေးကြောင်း ယင်း လမ်းပိုင်းအား မကြာခဏ အသုံးပြုသူများက ဝေဖန်သည်။

ယာဉ်တိုက်မှုနှင့် လူအသေအပျောက်အများဆုံးဖြစ်နေသည့် အဆိုပါလမ်းကို ပြီးခဲ့သည့်နှစ်က အမေရိကန်သမ္မတ အိုဘားမား မြန်မာနိုင်ငံသို့ လာရောက်စဉ် ယင်းလမ်းကို အမေရိကန်ဒေါ်လာ တစ်သန်းခွဲ ကူညီရန် နှစ်ဖက်အစိုးရသဘောတူညီခဲ့သည်။

MARITIME TRAINING CENTRE (PGI)
PACIFIC GLORY INTERNATIONAL CO., LTD.
ကျေးဇူးတင်လွှာ
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိအမှတ်ပြုထားသော ရေကြောင်းအရာရှိ
သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသော Maritime Training Centre (PGI) သည်
Deck Officer Class I Oral (Master) သင်တန်းတွင်
ရေကြောင်းအရာရှိ ( 45 ) ဦး၊ Deck Officer Class I & II Combined (Master & Chief Mate)
သင်တန်းတွင် ရေကြောင်းအရာရှိ ( 100 ) ဦး၊ Deck Officer Class III (OOW) သင်တန်းတွင်
ရေကြောင်းအရာရှိ ( 262 ) ဦး၊ စုစုပေါင်း ( 407 ) ဦး အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့သဖြင့်
စေတနာထက်သန်စွာ ကြိုးစားသင်ကြားပေးခဲ့သော ဆရာ/ဆရာမများ နှင့်
ISO 9001:2008 (Quality Management System) လက်မှတ်ရရှိရန်
ကြိုးစားအားထုတ်ခဲ့ကြသော ISO Steering Committee တို့အား
အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူ ကျေးဇူးတင်ရှိပါကြောင်း
Board of Management
Maritime Training Centre (PGI)
No. (6), New Building, Dawbon Dockyard Road, Dawbon Township, Yangon Myanmar. Tel : 95-1-556101 e-mail : myanmarpgi@gmail.com

7DAY SHOPPING GUIDE
Since 2010
Save Money, Save Time
With 7 Day Shopping Guide
အရောင်းအဝယ်သည် လူတိုင်းနှင့်မကင်းနိုင်သောအလုပ်၊ မရောင်းတတ်မဝယ်တတ်လျှင် ငွေကြေးအမြတ်မကျန်၊ ရောင်းမှား၊ ဝယ်မှားဖြစ်လျှင် အချိန်ကုန် စိတ်ပင်ပန်း...
တန်ဖိုးရှိသော အချိန်နှင့်ငွေကြေးများ ဝသုံးဖြုန်းစေရန် ဈေးဝယ်မထွက်မီ 7 Day Shopping Guide ဂျာနယ်ကို ဖတ်ကြည့်ကြစို့ဝန်ကြားပါရစေ
Hot Line 09 730 53320 သို့ဆက်သွယ်မှာကြားလျှင်
သောကြာနေ့ နံနက်တိုင်း အိမ်အရောက်ပို့ပေးမည်....
အမှတ် (၄၉၇)၊ ပထမထပ်၊ တိုက်(E)၊ Diamond Centre၊ ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၅၁၂၈၈၇၊ ၅၁၃၅၁၅-၉, Fax: ၅၁၃၅၁၉။ www.7dayshoppingguide.com

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014



# ကာအကူအညီ အလွဲမသုံးရန်လို



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထို့ပြင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA ကလည်း ယင်းအမြန်လမ်းအတွက် နည်းပညာပိုင်းဆိုင်ရာနှင့် ချေးငွေအကူအညီအချို့ပေးရန် ပြီးခဲ့သည့်နှစ်က သဘောတူညီခဲ့သည်။

အကူအညီပေးရန် တတိယမြောက်နိုင်ငံအဖြစ် ကိုရီးယားနိုင်ငံ KOICA ကလည်း အကူအညီအချို့ပေးရန် ကနဦးသဘောတူညီမှုရရှိထားသည်။

အမြန်လမ်းမကြီး အဆင့်မြှင့်တင်ရေး အကူအညီများပေးရန် စတင်တိုင်းတာ စမ်းသပ်သည့်နိုင်ငံမှာ ဂျပန်ဖြစ်ပြီး ကွင်းဆင်းတိုင်းတာ စစ်ဆေးမှုများအရ အမြန်လမ်းတစ်လျှောက်၏ ၁၉ ရာခိုင်နှုန်းတွင် အားနည်းချက်များရှိပြီး ခြောက်ရာခိုင်နှုန်းမှာ အသေးစိတ်ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း စစ်တမ်းက ထောက်ပြသည်။ ထို့ကြောင့် အကူအညီပေးနိုင်ရန် ဂျပန်အစိုးရထံသို့ ၂၀၁၄ ဖေဖော်ဝါရီလက ပြန်လည်တင်ပြထား ပြီးဖြစ်ကြောင်း JICA (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ)မှ ဌာနေကိုယ်စားလှယ်မက်ဆူကာဟန်ဂျင်းက ပြောသည်။

ထို့အတူ အမေရိကန်နိုင်ငံ USaid က ဒေါ်လာ တစ်သန်းခွဲတန်နည်းပညာအကူအညီများကို စတင်ရရှိထားပြီး အမြန်လမ်းနှင့် ပတ်သက်သည့် ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာနိုင်ငံသို့ လာရောက်ပို့ချသင်ကြားပေးမှုများ ပြုလုပ်ခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ပြောသည်။

ထိုကဲ့သို့ နည်းပညာအကူအညီများ ရရှိပြီးနောက် လိုအပ်သည့် စက်ယန္တရားနှင့် ငွေကြေးအကူအညီများလည်း ဆက်လက်ပံ့ပိုးရန် အစီအစဉ်များရှိသည်ကို သိရှိထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် အမြန်လမ်းကို လေးလမ်းသွား ပြုလုပ်ထားရာမှ အနာဂတ်တွင် ရှစ်လမ်းသွားအဖြစ် တိုးချဲ့ရန် အမေရိကန်နိုင်ငံကပင် အကူအညီပေးရန် သဘောတူညီမှုအချို့ပင် ရရှိထားကြောင်း သတင်းရရှိသည်။

ထိုသို့နည်းပညာနှင့် ပတ်သက်၍ ကမ္ဘာ့ထိပ်တန်းနိုင်ငံသုံးခုက အကူအညီပေးရန် စီစဉ်နေချိန်တွင် ၂၀၁၄ ခုနှစ်မှာပင် ဧပြီလအထိ လေးလအတွင်း အမြန်လမ်းတွင် ယာဉ်မတော်တဆမှု ၁၆၀ ကျော် လူ ၆၆ ဦး သေဆုံးခဲ့သည်။

နှစ်စဉ်သေဆုံးမှုနှုန်း မြင့်တက်နေသည့် အမြန်လမ်းမှာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် တစ်နှစ်လုံးတွင် လူ ၁၀၀ ကျော် သေဆုံးခဲ့သည်။ ၂၀၁၄ နှစ်စမှ လေးလအကြာတွင် ၆၀ ကျော် သေဆုံးခဲ့သောကြောင့် ၂၀၁၃ ခုနှစ်ကထက် ၂၀၁၄ မှာ လူသေဆုံးမှုပိုများမည့် အခြေအနေဖြစ်သည်။

“ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင် အမြန်လမ်းက ထူးထူးခြားခြားပြောင်းလဲတာဆိုလို့ လမ်းတစ်လျှောက် ခရီးသည်တွေ ခဏလောက်နားလို့ရမယ့် သန့်စင်ခန်းတွေပဲ တိုးလာတယ်” ဟု ရွှေစင်စကြာ ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက သူ၏အမြင်ကို ပြောသည်။

အမြန်လမ်းတစ်လျှောက်တွင် အရေးပေါ် ကတ်စနစ်သုံး ဖုန်းများ၊ ကော်ဖီဆိုင်များ၊ အိမ်သာများ၊ လေထိုးကျွတ်ဖာဆိုင်များ၊ ရှေးဦးသူနာပြုစခန်းများ အရှိန်ပိုမောင်းသည့် ယာဉ်များအား မှတ်သားဖမ်းဆီးသည့် စနစ်များ တပ်ဆင်ထားမှုမှာမူ ယခုနှစ်တွင် ပိုမိုများပြားတိုးချဲ့လုပ်ကိုင်လာနိုင်ကြောင်း အမြန်လမ်းအထူးစီမံကိန်းမှ အင်ဂျင်နီယာမှူးကြီးက ပြောသည်။

အမြန်လမ်းယာဉ်တိုက်မှုများတွင် ယာဉ်မောင်းများ အိပ်ငိုက်ခြင်း၊ သတ်မှတ်ကီလို ၁၀၀ ထက်ပိုမိုမောင်းနှင်ခြင်း ပေါ့ဆခြင်းများကြောင့်သာဖြစ်ပြီး လမ်း၏ အားနည်းချက်နှင့် သက်ဆိုင်ခြင်းမရှိကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဧပြီ ၂၅ ရက်က အမြန်လမ်းနှင့် ပတ်သက်ပြီးပြုလုပ်သည့် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ကြောင့် ကားများအားမောင်းနှင်ရာတွင်လည်း အမှန်တကယ် အတွေ့အကြုံပြည့်ဝပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်သည့်သူများသာ ယာဉ်မောင်းလိုင်စင်ကို ကညနက ထုတ်ပေးမှသာ ယခုလို အမြန်လမ်းတွင် ဖြစ်ပွားနေသည့် ယာဉ်မတော်တဆမှုမျိုး လျော့ပါးသွားနိုင်ကြောင်း ၎င်းက ဆိုသည်။

သို့သော် အဆိုပါ လမ်းအားနေ့စဉ် အသုံးပြုမောင်းနှင်နေရသည့် သူများကမူ လမ်းတစ်လျှောက်တွင် မြင်ကွင်းအားပြောင်းလဲစေမည့် ပုံစံမျိုးမရှိခြင်း၊ လမ်းမှာ တည့်မတ်လွန်းသည့် နေရာအလွန်တည့်မတ်ပြီး အကွေ့အကောက်များကလည်း မကြာခဏပေါ်လာတတ်သဖြင့် ယာဉ်မောင်းများဘက်မှ လမ်းနှင့်ပတ်သက်သည့် အမှတ်သင်္ကေတများကို မှတ်သားရန် လက်ရှိလမ်း စနစ်ကြောင့် အခက်အခဲရှိကြောင်း ပြောသည်။

“လမ်းပုံစံတွေက ဆင်တူတော့ ဘယ်နားမှာ အကွေ့ဘယ်လိုပုံစံရှိတယ်ဆိုတာ မှတ်ဖို့ခက်တယ်။ ယာဉ်မောင်းတွေက ကျွမ်းကျင်လာရင် လမ်းတွေရဲ့ အမှတ်အသားတွေနဲ့ မောင်းရတာ။ ဒါပေမဲ့ အမြန်လမ်းမှာ မှတ်ဖို့ခက်တယ်”ဟု အဝေးပြေးယာဉ်မောင်းတစ်ဦးက သူ၏ အခက်အခဲကို ပြောပြသည်။

လမ်းအဆင့်မြှင့်တင်ရန် နိုင်ငံတကာမှ ရရှိထားသည့် နည်းပညာ၊ ငွေကြေးအကူအညီများကို အကျိုးရှိစွာဖြင့် စနစ်တကျ သုံးစွဲနိုင်ပါက အမြန်လမ်း၏ လုံခြုံစိတ်ချမှုအပိုင်းမှာ ယခုထက် ပိုမိုမြင့်တက်လာနိုင်ကြောင်း မြို့ပြစီမံကိန်းပညာရှင် ဦးဝင်းမြင့်က သုံးသပ်သည်။

“အကူအညီရထားတယ်ဆိုရင်လည်း သုံးတဲ့နေရာနဲ့ သုံးတဲ့ငွေ မှန်ဖို့ပဲလိုတယ်” ဟု ၎င်းက သုံးသပ်သည်။



7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

## ၂၀၁၄ မေ ၃၀ မှ ၆ မေ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနဲ့ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့မှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းမှာ အများအားဖြင့် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနဲ့ ယင်းနဲ့ ဆက်စပ်နေသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်လာနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဒေသများအတွင်းသို့ ရေငွေ့ပါဝင်သော လေများ ဆက်လက်ဝင်ရောက်လျက် ရှိနေပါတယ်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၂ ပေခန့်မှ ၃ ပေခန့်ရှိနှင့် ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၁ ပေခန့် ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များဟာ ၄၀–၄၃ ဒီဂရီစင်တီဂရိတ်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေ့အပူချိန်များဟာ ၃၅–၃၉ ဒီဂရီစင်တီဂရိတ်ခန့်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် ၃၁–၃၄ ဒီဂရီစင်တီဂရိတ် ရှိနိုင်ပါတယ်။

**ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းအခြေအနေ**

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း အမြင့်ဆုံးတန်ဖိုးဖြစ်သော လွန်ကဲအဆင့်ရှိသည့် ၁၁ ထက်ကျော်လွန်နေသော တန်ဖိုးများ မြန်မာတစ်နိုင်ငံလုံး ကျရောက်နိုင်ပါသည်။ အထူးသဖြင့် ကော့သောင်းမြို့ ၁၄ ဒသမ ၅–၁၅ ဒသမ ၀ ၊ ထားဝယ် ၁၄ ဒသမ ၀ –၁၄ ဒသမ ၅၊ မော်လမြိုင် ၁၃ ဒသမ ၅– ၁၄ ဒသမ ၀၊ ရန်ကုန် ၁၃ ဒသမ ၅–၁၄ ဒသမ ၅ ၊ နေပြည်တော် ၁၂ ဒသမ ၅–၁၃ ဒသမ ၅ ၊ မကွေး ၁၃ ဒသမ ၀–၁၄ ဒသမ ၀၊ မန္တလေး ၁၂ ဒသမ ၅ – ၁၃ ဒသမ ၀ နဲ့ မြစ်ကြီးနား ၁၁ ဒသမ ၅ – ၁၁ ဒသမ ၈ တို့တွင်လည်းကောင်း ရောက်ရှိနေနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နေရာကွက်ပြီး မွန်းလွဲညနေပိုင်းအချိန်များတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပါတယ်။

**မိုးရွာသွန်းမှု အခြေအနေခန့်မှန်းချက်**

ရန်ကုန်တိုင်းဒေသကြီး ၁ ရက်၊ နေပြည်တော် ၆ ရက်၊ ပဲခူးတိုင်းဒေသကြီး ၃ ရက်၊ တနင်္သာရီတိုင်းဒေသကြီး ၂ ရက်၊ ကယားပြည်နယ် ၅ ရက်၊ ကရင်ပြည်နယ် ၃ ရက်၊ မွန်ပြည်နယ် ၄ ရက် ခန့်ဖြစ်ပါတယ်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါတယ်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ရခိုင်ပြည်နယ်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါတယ်။ ကျန်တစ်ပြည်လုံးတွင် အများအားဖြင့် သာယာနိုင်ပါတယ်။

# လွှတ်တော်လက်ကျန်သက်တမ်းတွင် ဥပဒေ ၂၀၀ ပြင်ဆင်နိုင်ရန်မလွယ်



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**အိဖြူလွင်၊ မင်းဟိန်းကျော်**
**ရန်ကုန်၊ မေ-၂၈**

ပြည်ထောင်စုလွှတ်တော်တွင် ပြင်ဆင်ရန် ရောက်ရှိနေသည့် ဥပဒေပေါင်း ၂၀၀ ခန့် ရှိနေသေးသော်လည်း ယခုလွှတ်တော်၏ အလုပ်လုပ်နိုင်မည့် သက်တမ်းမှာ တစ်နှစ်ခွဲခန့်သာ ကျန်ရှိသည်။

မိမိလွှတ်တော်သက်တမ်းအတွင်း၌ ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ခြင်းမပြုနိုင်လျှင် တာဝန်ကျေမည်မဟုတ်ကြောင်းပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ပြောကြားလိုက်သည့်အတွက် ဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းရေးကို ပိုမိုအာရုံစိုက်လာရန် ရှိနေသည်။

သို့သော် ကျန်ရှိသည့် လွှတ်တော်သက်တမ်းအတွင်း တည်ဆဲဥပဒေ ၂၀၀ ခန့်ကို ပြန်လည်ပြင်ဆင်ရန်မှာ ခက်ခဲနိုင်သည်ဟု ဥပဒေအသိုင်းအဝိုင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များက သုံးသပ်ကြသည်။

“ဥပဒေမရှိဘဲနဲ့ ဥပဒေအလွဲတွေနဲ့ ဆက်သွားဖို့က ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ။ ပြီးတော့ရော ဥပဒေဆိုတာ အရေအတွက်မှာပဲကြည့်လို့မရဘူး။ အရည်အချင်းမှာလည်း ကြည့်ရမယ်”ဟု ဥပဒေများပြင်ဆင်ရန် အရေးတကြီးလိုအပ်ပုံကို ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်ဖြစ်သည့် တရားလွှတ်တော်ရှေ့နေ ဦးသန်းမောင်က ပြောသည်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ဥပဒေများ စိစစ်ရန် ပြင်ပမှ ပညာရှင်များ ပါဝင်သည့် ကော်မတီနှစ်ရပ်သည် ကော်မရှင်များက ပြင်ဆင်ရန် စိစစ်အကြံပြုထားသည့် ဥပဒေပေါင်း ၂၀၀ ခန့်ကို ဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါကော်မတီနှစ်ရပ်အနေဖြင့် လွှတ်တော်များ အဓိကတာဝန်ယူဆောင်ရွက်ရသော ဥပဒေပြုရေးကိစ္စရပ်များတွင် ဥပဒေပညာရပ်များနှင့်အညီ အဓိပ္ပာယ်သတ်မှတ်ချက်များ ဆီလျော်မှုရှိစေရန် အကြံပြုခြင်း၊ တည်ဆဲဥပဒေများအား ခေတ်နှင့်လျော်ညီမှု ရှိ၊ မရှိ စသည့်ကိစ္စရပ်များ စိစစ်ခြင်းလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သည်။

ဥပဒေများ ပြင်ဆင်ရန်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုကလည်း အဓိကကျပြီး ဝန်ကြီးဌာနများက လုပ်နိုင်ခြေရှိရန်သာလိုကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ပြောသည်။

ရာစုနှစ်ဝက်နီးပါး ဥပဒေပြုသည့် လွှတ်တော်မရှိဘဲ အုပ်ချုပ်ခဲ့သည့် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ လွှတ်တော်ပြန်လည်အသက်ဝင်လာသည့် အချိန်မှ ယနေ့အထိ သုံးနှစ်ကျော်ကာလအတွင်းဥပဒေပေါင်း ၉၈ ခုကို ပြင်ဆင်ပြဋ္ဌာန်းအတည်ပြုနိုင်ခဲ့သည်။ လက်ရှိလွှတ်တော်တွင် ဆွေးနွေးဆဲဥပဒေ ၅၄ ခုရှိသည်။

နိုင်ငံတကာမှ လွှတ်တော်

**အချပ်ပိုစာမျက်နှာ** (A4) **သို့**

**စာမျက်နှာ(၄)မှ**

## မြန်မာစာနယ်ဇင်းလွတ်လပ်ခွင့် ဘယ်အဆင့်မှာရပ်တည်မလဲ

“မီဒီယာသမားတွေဟာ အရင်ကထက်စောင့်ကြည့်ခံနေရတယ်။ ဒီတော့ အားလုံးက ကိုယ့်ထိမှမဟုတ်ဘဲ အခြေအနေမှန်ကို ရဲရဲဝံ့ဝံ့နဲ့ အမှန်တရားဘက်ကရပ်တည်တင်ပြရင် ကမ္ဘာကလည်းသိမှာပဲ။ မီဒီယာသမားကို လုပ်ချင်ရာလုပ်လို့ရတဲ့တည်ဆဲဥပဒေတွေရှိနေသရွေ့ မီဒီယာသမားတွေ အရေးယူခံနေရဦးမှာ”

အစိုးရက မီဒီယာသမားတို့ကို နှိပ်ကွပ်နေချိန်တွင် မီဒီယာသမားများကလည်း ကျင့်ဝတ်နှင့် ပရော်ဖက်ရှင်နယ်ပီပီသသရပ်တည်ရန်လိုကြောင်း စာနယ်ဇင်းကောင်စီ ယာယီအတွင်းရေးမှူး ဦးကျော်မင်းဆွေကပြောသည်။

“ပြဿနာတစ်ခုဖြစ်လာရင် တခြားကို အပြစ်တင်တာထက် ကြိုတင်ကာကွယ်တာ အကောင်းဆုံးပဲ။ ဒါကြောင့် ကောင်စီက နယ်သတင်းထောက်တွေအပါအဝင် သတင်းစာတိုက်တွေကို မေလ ၃ ရက်မှာ သတင်းထောက်တွေ ဆောင်ရန်ရှောင်ရန်အချက်တွေ စုထားတဲ့စာအုပ်လေးတွေဖြန့်ဝေမှာဖြစ်တယ်”ဟု ၎င်းကဆိုသည်။

နယ်ဒေသအချို့တွင်သတင်းထောက်ကတ်ပြ၍ခြိမ်းခြောက်ငွေညှစ်ပြီး အများပြည်သူ၏လွတ်လပ်ခွင့်ကိုထိပါးသည့် သတင်းထောက်အချို့ရှိနေခြင်းမှာ သတင်းလောကနာမည်ပျက်စေသည်။ ယင်းကြောင့် နယ်သတင်းထောက်များနှင့်တွေ့ဆုံပြီး မီဒီယာကျင့်ဝတ်စံနှုန်းများကို မြို့ကြီးရှစ်မြို့တွင် ကောင်စီကဆွေးနွေးပွဲများပြုလုပ်ပေးခဲ့သည်ဟုဆိုသည်။

သတင်းထောက်တစ်ယောက်အဖမ်းခံရ၊ ထောင်ချခံမှသာ ဆန္ဒဖော်ထုတ်ခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းများမပြုလုပ်ဘဲ မီဒီယာထိန်းချုပ်မှုများကို သွယ်ဝိုက်လုပ်ဆောင်နေသည့်အစိုးရတာဝန်ရှိသူများနှင့် ထိပ်တိုက် တွေ့ဆုံမည့် ဗျူဟာများရေးဆွဲထားပြီး အင်အားကြီးမီဒီယာသမားများပါဝင်သောအဖွဲ့တစ်ဖွဲ့ရှိရန်လိုကြောင်း ဆောင်းပါးရှင် ဇာဂနာက အကြံပြုသည်။

“မီဒီယာလွတ်လပ်ခွင့်ကို အစိုးရကပေးမှရတာမဖြစ်စေချင်ဘူး။ အစိုးရဘက်မှာ မီဒီယာနဲ့ပတ်သက်ပြီး ဗျူဟာတစ်ခုခု အမြဲရှိနေတယ်။ ကျွန်တော်တို့က စိတ်ခံစားမှုနဲ့ ကိုယ့်လူတစ်ခုခုဖြစ်မှ ထအော်တယ်။ ဒါမျိုးမဟုတ်ဘဲ အစိုးရလိုပဲ ကိုယ့်ဘက်ကလည်း ဗျူဟာနဲ့စနစ်တကျ ပြင်ဆင်ထားစေချင်တယ်။ အစိုးရက အခုမီဒီယာသမားတွေကိုနားရွက်တံတွေးဆွတ်နေတာ”ဟု ၎င်းကပြောသည်။

နိုင်ငံတော် လျှို့ဝှက်ချက်ပေါက်ကြားမှု အက်ဥပဒေဖြင့် ဓာတုလက်နက်စက်ရုံအကြောင်းရေးခဲ့သော ယူနတီသတင်းထောက်များ သမ္မတရုံးညွှန်ကြားချက်ဖြင့် တရားစွဲဆိုခံနေရသည်။ အများပြည်သူနှင့် သက်ဆိုင်သော အစိုးရရုံးကို သတင်းဝင်ယူရာ အထက်လူကြီးမသိဘဲမဖြေနိုင်ဟုတာဝန်ရှိသူများကငြင်းဆိုပြီး ရုပ်သံရိုက်ကူးမိခြင်းကြောင့် ပိုင်နက်ကျူးလွန်မှု၊ ဝတ္တရားနှောင့်ယှက်မှုတို့ဖြင့် ဒီဗီဘီသတင်းထောက်ကို မကွေးမြို့နယ်ပညာရေးမှူးက တရားစွဲ၍ ထောင်တစ်နှစ်ကျသွားသည်။

တရားရေးမဏ္ဍိုင် ခြစားမှုအကြောင်း ဆောင်းပါးရေးထားသော Eleven ဂျာနယ်ပါဆောင်းပါးကြောင့် ရှေ့နေတစ်ဦး၏အိမ်သို့ သွားရောက်သတင်းရယူခဲ့သည့် Eleven သတင်းထောက်မခိုင်ကို ၎င်းရှေ့နေက ပိုင်နက်ကျူးလွန်မှု၊ အသရေဖျက်မှုတို့ဖြင့် တရားစွဲဆိုခဲ့ပြီး ထောင်သုံးလကျခံခဲ့ရသည်။

ဖမ်းဆီးထောင်ချမှုများဖြင့် တစ်စထက်တစ်စ ခြိမ်းခြောက်ခံလာရသော မီဒီယာသမားများ အတွက် ဥပဒေအကာအကွယ်ရရန်နှင့် သတင်းရယူပိုင်ခွင့်အတွက် မီဒီယာညီလာခံတစ်ရပ်ကို မကြာမီကျင်းပတော့မည်ဖြစ်သည်။

တည်ဆဲဥပဒေများဖြင့် အချိန်မရွေး ဖမ်းဆီးထောင်ချခံရနိုင်ဖွယ်ရှိသော မြန်မာ့မီဒီယာ လွတ်လပ်ခွင့်ကို ယင်းညီလာခံက ဝိုင်းဝန်းအဖြေရှာမည်ဖြစ်သည်။

သတင်းယူမည့် သတင်းထောက်ကိုမကျေနပ်လျှင်အချိန်မရွေးပိုင်နက်ကျူးလွန်မှု၊ ဝတ္တရားနှောင့်ယှက်မှုတို့ဖြင့်တရားစွဲထောင်ချနိုင်ကြောင်း အစိုးရက နည်းပေးလမ်းပြ ပြုလုပ်နေရာရောက်ပြီး ပြည်သူထံသို့ပါ ကူးစက်သွားပါက မီဒီယာလောကအတွက်အန္တရာယ်တစ်ရပ်ဟု ရှုမြင်လာကြသည်။

နိုင်ငံတည်ငြိမ်ရေးအတွက် မီဒီယာဥပဒေများတွင် ထိန်းချုပ်မည့်အချက်များပါဝင်နေဦးမည်ဟု သမ္မတဦးသိန်းစိန်ပြောကြားထားသည့် မြန်မာ့မီဒီယာလွတ်လပ်ခွင့်အဆင့်လျော့ကျသွား မလား၊ တိုးတက်လာမလားဆိုသည်မှာ လာမည့်မေလ ၃ ရက်တွင် အဖြေပေါ်တော့မည် ဖြစ်ပါသည်။

**အစိုးရသစ်လက်ထက်တရားစွဲဆိုခံခဲ့ရသော သတင်းထောက်အမှုအချို့**

– လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၎င်းတို့ဌာနဆိုင်ရာသတင်းရေးသားဖော်ပြမှုကြောင့် အသရေဖျက်မှုဖြင့် မြန်မာတိုင်းမ်သတင်းထောက်ကို တရားစွဲဆို၊ သတင်းထောက်က ဒဏ်ငွေတစ်သောင်း ပေးဆောင်ခဲ့ရ။

– လှိုင်ကော်မှရှေ့နေတစ်ဦးက Eleven သတင်းထောက်အား ပိုင်နက်ကျူးလွန်မှု၊ အသရေဖျက်မှုတို့ဖြင့် တရားစွဲဆို၊ ငွေဒဏ် ချမှတ်နိုင်သောပြစ်မှုများကိုတရားသူကြီးက ထောင်ဒဏ်သုံးလချမှတ်ခဲ့။

– မကွေးတိုင်းပညာရေးမှူးက ဒီဗီဘီသတင်းထောက်နှင့် ကျောင်းသားမိဘကို ဝတ္တရားနှောင့်ယှက်မှု၊ ပိုင်နက်ကျူးလွန်မှုတို့ဖြင့် တရားစွဲဆို၊ သတင်းထောက်နှင့် ကျောင်းသားမိဘတို့ ထောင်တစ်နှစ်စီကျခံနေရ။

– အငြိမ်းစားဒုဗိုလ်မှူးကြီးတစ်ဦးက သိမ်းဆည်းခံလယ်မြေများအကြောင်း ရေးသားခဲ့သည့် The Lady ဂျာနယ်မှသတင်းထောက်နှင့်အယ်ဒီတာ၊ လယ်သမားများကို ပုဒ်မ ၅၀၀ ဖြင့် သဲကုန်းမြို့နယ် တရားရုံးတွင် တရားစွဲဆိုထား

# Health

7 DAY NEWS JOURNAL

Vol.13, No.8 • APRIL 30 , 2014

## ခရမ်းလွန်ရောင်ခြည်နှင့် အချိန်ကြာထိတွေ့သူများ မျက်ခွံအရေပြားကင်ဆာဖြစ်နိုင်



*နေအပူရှိန်ပြင်းထန်သောကြောင့် ထီးဆောင်းကာ သွားလာနေသူများကို ရန်ကုန်မြို့လယ်တစ်နေရာတွင် တွေ့ရစဉ်* ဓာတ်ပုံ – နစ်ကီ

**ချီကာဂို၊ မေ-၂၅**

ခရမ်းလွန်ရောင်ခြည်များ (UV)နှင့်ထိတွေ့ခြင်းသည် ခန္ဓာကိုယ်အတွက် အန္တရာယ်ရှိနိုင်သည်ကို လူအများစုသိကြသော်လည်း ခရမ်းလွန်ရောင်ခြည်သည် မျက်စိနှင့် အမြင်အာရုံ ပျက်စီးစေနိုင်ကြောင်းကိုမူ လူအများစု သတိမမူမိကြောင်း အမေရိကန်သုတေသနပညာရှင်များကပြောကြားသည်။

အရေပြား၌ ဖြစ်ပွားမှုအများဆုံး ကင်ဆာရောဂါတစ်မျိုးဖြစ်သည့် basal cell carcinoma သည် မျက်ခွံများအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း၊ ယင်းက ကင်ဆာရောဂါကို အောက်မျက်ခွံများ၊ မျက်လုံးထောင့်များနှင့် မျက်ခုံးအောက်များတွင်တွေ့နိုင်ကြောင်း အမေရိကန်ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက တွေ့ရှိခဲ့သည်ဟု Prevent Blind–ness သုတေသနအဖွဲ့အကြီးအကဲ ဟက်ဖ်အာပါရီက ပြောကြားသည်။

ခရမ်းလွန်ရောင်ခြည်အမျိုးအစား UV–A မျက်စိအတွင်းသို့ ဝင်ရောက်ခြင်းဖြင့် မျက်စိအမြင်အာရုံခံလွှာ၏အစိတ်အပိုင်းဖြစ်သော မက်ကျူလာကို အနာတရဖြစ်စေနိုင်သည်။ UV–B ခရမ်းလွန်ရောင်ခြည်သည် ပို၍အန္တရာယ်ရှိပြီး မျက်ကြည်လွှာနှင့် မျက်ဆန်တွင်းမှန်ဘီလူးများကို ထိခိုက်ပျက်စီးစေနိုင်သည်။

ခရမ်းလွန်ရောင်ခြည်များ (အထူးသဖြင့် UV–များ)သည် မျက်စိအတွင်းတိမ်ရောဂါအချို့ကို ဖြစ်စေနိုင်သည်။ UV–B နှင့် ခေတ္တမျှထိတွေ့မှုကြောင့် မျက်ကြည်လွှာ နေလောင်ခြင်းဖြစ်စေနိုင်သည်။ သင့်လျော်ကောင်းမွန်သောမျက်စိအကာအကွယ်မပါဘဲ အချိန်အတော်ကြာ နှင်းလျှောစီးခြင်း၊ ကမ်းခြေ၌ နေထိုင်ခြင်းတို့ကြောင့်ယာယီအမြင်အာရုံပျောက်ဆုံးမှုဖြစ်စေသည့်မျက်ကြည်လွှာနေလောင်ခြင်းကို ဖြစ်ပွားစေနိုင်သည်။ ခရမ်းလွန်ရောင်ခြည်များသည်မျက်စိအမြင်အာရုံခံလွှာမှ မက်ကျူလာနေရာပျက်ယွင်းခြင်းကို ဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်းဖြစ်သည်။ထို့ကြောင့် အိမ်အပြင်ထွက်လျှင်မျက်လုံးများအားခရမ်းလွန်ရောင်ခြည်နှင့် ထိတွေ့ခြင်းမှကာကွယ်ရန် အလွန်အရေးကြီးသည်ဟု မစ္စတာပါရီကပြောကြားသည်။

—*Ref: UPI*

## ငှက်ဖျားကြောင့် ဆိုးကျိုးအများဆုံးကြုံရသော အာရှ ငါးနိုင်ငံတွင် မြန်မာပါဝင်

**ရဲနောင်**

**ရန်ကုန်၊ မေ-၂၆**

အာရှဒေသတွင်း ငှက်ဖျားရောဂါကြောင့် ဆိုးကျိုးအများဆုံးခံစားနေရသော ထိပ်ဆုံးငါးနိုင်ငံစာရင်းတွင်မြန်မာပါဝင်နေသည်ဟုကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က မေ ၂၅ ရက် ကမ္ဘာ့ငှက်ဖျားရောဂါနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ငှက်ဖျားရောဂါ၏ ဆိုးကျိုးအများဆုံးခံစားရသော အာရှနိုင်ငံများ၌ အိန္ဒိယက ၆၆ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံက ၁၈ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားက ၁၀ ရာခိုင်နှုန်းအထိ ရှိသည်ဟုဆိုသည်။

မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၃၃၀ အနက် ၂၈၄ မြို့နယ်မှာ ငှက်ဖျားရောဂါကူးစက်နိုင်သည့် စိုးရိမ်ဖွယ်ရာအခြေအနေရှိပြီး လူဦးရေသန်း ၂၀ ခန့်မှာ ရောဂါကူးစက်နိုင်သည့် အန္တရာယ်အဆင့်တွင် ရှိနေသည်။ ထို့အပြင် ငှက်ဖျားရောဂါပိုးကူးစက်ခံရသူ လေးသိန်းကျော်ရှိသည်ဟု ၂၀၁၃ ခုနှစ် ကမ္ဘာ့ငှက်ဖျားရောဂါအစီရင်ခံစာတွင် ဖော်ပြထားသည်။

"ငှက်ဖျားရောဂါဆိုတာ ခြင်ကိုက်လို့ဖြစ်တာ။ တချို့အရပ် ဒေသတွေမှာက ငှက်ပျောသီးစားလို့ ဖြစ်တာ၊ စမ်းရေသောက်လို့ ဖြစ်တာဆိုပြီး လွဲမှားတဲ့ အယူအဆတွေကရှိနေတုန်းပဲ။ မြန်မာနိုင်ငံရဲ့ လူဦးရေ တစ်ဝက်လောက်က ငှက်ဖျားရောဂါကူးစက်နိုင်တဲ့အခြေအနေမှာ ရှိတယ်လို့ ခန့်မှန်းချက်တွေကလည်းရှိတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးတစ်ဦးကပြောကြား သည်။

ငှက်ဖျားရောဂါဖြစ်ပွားပါက ကိုယ်အပူချိန်တက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ချမ်းတုန်၍ ဖျားခြင်း၊ ခေါင်းမူး၍ အော့အန်ခြင်းစသည့် လက္ခဏာများစတင်ဖြစ်ပွားနိုင်ပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသသင့်သည်ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာ စည်သူကပြောသည်။

မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သည့် ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအိုစသည့် နိုင်ငံများတွင် အာတီမီစင်နင်း(Arte–misinin) ဆေးယဉ်ပါးသည့် ဆေးယဉ်ပါးငှက်ဖျားပိုး ကူးစက်ပျံ့နှံ့မှုဖြစ်ပွားနေပြီး မြန်မာနိုင်ငံတွင် ယခင်က ငှက်ဖျားရောဂါအတွက် အာတီစူနိတ်(Artesunate) ဆေးတစ်မျိုးတည်းသောက်သုံးခြင်းမှ လူတစ်ဦးအတွက် နှုန်းပြည့်သောက်သုံးရမည့် အရည်အသွေးပြည့် ACTs ဆေးများကို ပဒုမ္မာတံဆိပ်ကပ်ကာ ဆေးယဉ်ပါး ငှက်ဖျားရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ငှက်ဖျားရောဂါကြောင့် ၂၀၁၂ ခုနှစ်အတွင်း လူပေါင်းခြောက်သိန်းကျော်သေဆုံးခဲ့ရပြီး ၎င်းတို့အနက် လေးသိန်းကျော်မှာ ငါးနှစ်အောက် ကလေးငယ်များဖြစ်သည်ဟုမေ ၂၅ရက်တွင်ထုတ်ပြန်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။



7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ခန်း ၁၀ ခန်းပါ ငါးထပ်အဆောက်အအုံတည်ဆောက်

**ရဲနောင်**

**ရန်ကုန်၊ ဧပြီ-၂၈**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် နိုင်ငံတကာအဆင့်မီ ခွဲစိတ်ခန်း ၁၀ ခန်းပါဝင်သော ငါးထပ် အဆောက်အအုံကို ထပ်မံတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

ယခင်က ဆေးရုံကြီးတွင် ခွဲစိတ်ခန်း ခုနစ်ခုသာရှိခဲ့ရာမှ ယခု ငါးထပ်ဆောင်တွင်နိုင်ငံတကာအဆင့်မီ ခွဲစိတ်ခန်း ၁၀ ခန်း ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆောက်လုပ်လျက်ရှိသော ငါးထပ်ဆောင်သစ်မှာ ပထမထပ်ပြီးစီးနေပြီဖြစ်ပြီး ယခုနှစ် အောက်တိုဘာတွင် အလုံးစုံပြီးစီးမည်ဟု ခန့်မှန်းထားသည်။

"ခွဲစိတ်ခန်းတွေကိုအဆောက်အအုံတစ်ခုတည်းမှာ စုစုစည်းစည်းထားတဲ့အတွက် ဆရာဝန်တွေရော၊ လူနာတွေအတွက်ပါ ပိုပြီးတော့ ကောင်းမွန်လာမယ်။ အရေအတွက်ကလည်း ပိုများတဲ့အတွက် ကောင်းတဲ့ဘက်ကိုပဲ ဦးတည်လာပါမယ်" ဟု အရေးပေါ်နှင့် ပြင်ပလူနာဌာနမှ ဆေးရုံအုပ်ဒေါက်တာ ပပက ပြောသည်။

ခုတင် ၁၅၀၀ ဆံ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် လူနာဦးရေသည် လွန်ခဲ့သည့် ငါးနှစ်နှင့်နှိုင်းယှဉ်လျှင် နှစ်ဆကျော်များပြားလာကြောင်း သိရသည်။

ရန်ကုန်ဆေးရုံကြီး အဆင့်မြှင့်တင်ရန် နေပြည်တော်တွင် ဆောက်လုပ်ရန် စီစဉ်ထားသည့် ခုတင်ငါးရာဆံ့ ဆေးရုံလေးရုံကို ဆိုင်းငံ့ခဲ့ပြီး ယင်းဆေးရုံများ ဆောက်လုပ်ရာတွင် ကုန်ကျမည့် ဘတ်ဂျက်များမှ ကျပ်ငွေ သန်းငါးထောင်ကို ရန်ကုန်ဆေးရုံကြီးအတွက် အသုံးပြုခဲ့ခြင်းဖြစ်ပြီး ဆေးရုံကြီးအဆင့်မြှင့်တင်ရေးနှင့် ပြုပြင်မွမ်းမံရေးကော်မတီကို ၂၀၁၃ တွင် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌအဖြစ်နှင့် အငြိမ်းစားဆေးရုံအုပ်ကြီးများ၊ ဆရာဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။



ဓာတ်ပုံ – နစ်ကီ




# ကျေးလက်ဒေသများအတွက် တိုင်းရင်းဆေးသေတ္တာ သုံးသောင်း ဖြန့်ဝေမည်

**ယမင်း**

**ရန်ကုန်၊ ဧပြီ-၂၈**

မြန်မာနိုင်ငံကျေးလက် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာများ၌ မြန်မာ့ရိုးရာ တိုင်းရင်းဆေး အခြေခံထုတ်လုပ်ထားသော ဆေးသေတ္တာသုံးသောင်းကို ယခုနှစ်အတွင်း ဖြန့်ဝေပေးနိုင်ရန်စီစဉ်လျက်ရှိကြောင်း နိပွန်ဖောင်ဒေးရှင်းမှ သတင်းရရှိသည်။

အဆိုပါ အစီအစဉ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကာ ဆေးပေးဝေရာ၌ ပထမအကြိမ်တွင် အခမဲ့ပေးသွားမည်ဖြစ်ပြီး အသုံးပြုရန် ဆေးကုန်ချိန်တွင် သုံးစွဲသည့်ဆေး အတွက်သက်သာသောအခကြေးငွေ ပေးရမည် ဖြစ်သည်။

"နိုင်ငံတော်သမ္မတကြီးကလည်းဒီဆေးသေတ္တာတွေကိုကျေးရွာအနှံ့ဖြန့်ဝေပေးနိုင်ဖို့ တောင်းဆိုထားတယ်။ ဒါကြောင့် ဒီနှစ်အတွင်းမှာအရေအတွက်သုံးသောင်းလောက် ဖြန့်ပေးနိုင်ဖို့ကျန်းမာရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းတိုင်ပင်နေကြပါတယ်"ဟုနိပွန်ဖောင်ဒေးရှင်း အမှုဆောင် ဒါရိုက်တာ မစ္စတာ Shuichi Ohno က ပြောသည်။

ထို့ပြင် ကျောင်းသားလူငယ်များ အသုံးပြုရန်အတွက် ဆေးသေတ္တာများကို ကျောင်းများတွင် ဖြန့်ဝေခြင်းနှင့် တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစသည့် ကျန်းမာရေးဆိုင်ရာများ သင်ကြားပညာပေးနိုင်ရေးစီမံချက်အားရေးဆွဲနေကြောင်း သိရသည်။

ယခုကဲ့သို့ ကျေးရွာများတွင် ဆေးသေတ္တာများ ဖြန့်ဝေပေးခြင်းနှင့် ကျန်းမာရေးအရ လက်လှမ်းမမီသော ကျေးရွာနေပြည်သူများ ကျန်းမာရေးကုစားနိုင်ခြင်း၊ အခြေခံရောဂါများအတွက် မြို့ပေါ်သို့ တက်ရောက်၍ ဆေးကုသစရိတ်များ သက်သာခြင်း၊ ခရီးစရိတ်အကုန်အကျ သက်သာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။

"တောမှာ အနောက်တိုင်းဆေးရဖို့ဆိုတာက တော်တော်ခက်ခဲတယ်။ ရပြန်တော့လည်း စစ်၊ မစစ်ဆိုတာ မပြောနိုင်ဘူး။ ဒါကြောင့် ဒီလိုဆေးသေတ္တာတွေ အသုံးပြုနိုင်ဖို့အတွက် ရွာတွေမှာရှိတဲ့သူတွေထဲက တစ်ရွာကို တစ်ယောက်နှုန်းနဲ့ သင်တန်းပေးပြီး မိမိတို့ကျန်းမာရေးအတွက် ပြန်လည်အသုံးချနိုင်အောင်လို့ ရည်ရွယ်ထားပါတယ်" ဟု ဆေးသေတ္တာဖြန့်ဝေသည့် အစီအစဉ် စတင်လုပ်ဆောင်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ပြောသည်။

အဆိုပါ တိုင်းရင်းဆေးသေတ္တာထဲ၌ မြန်မာ့ရိုးရာ တိုင်းရင်းဆေးများဖြစ်သော နွယ်ချိုဆေး၊ ငန်းဆေး၊ ချောင်းဆိုးလေပွပျောက်ဆေး၊ စက္ခုပါလဆေးစသော တိုင်းရင်းဆေးခုနစ်မျိုးအပြင် ပတ်တီး၊ အနာမရင်းဆေး၊ အပူချိန်တိုင်း သာမိုမီတာနှင့် အခြားအခြေခံလိုအပ်သော ဆေးပစ္စည်းများ ပါရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ကျေးရွာပေါင်း ခြောက်သောင်းခွဲနီးပါးရှိနေကာ ဆေးသေတ္တာတစ်ခုလျှင် အမေရိကန် ဒေါ်လာ ၁၂ ဒေါ်လာ (မြန်မာငွေဖြင့် ကျပ် ၁၂,၀၀၀) တန်ဖိုးရှိကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# ရာသီဥတုပူလွန်းသဖြင့် ကြက်ခြံများကို ရေဖျန်းပေးနေရ

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၂၆**

မုံရွာမြို့အနီးတစ်ဝိုက်တွင် ဧပြီလကုန်မှစကာ နေ့အပူချိန်များ မြင့်တက်လာသဖြင့် ကြက်မွေးမြူရေးခြံများတွင် အပူဒဏ်ကာကွယ်ရန် ရေဖျန်းပေးနေရကြောင်း ကြက်မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရှိရသည်။

"အပူချိန်ကမြင့်တော့ ကြက်ဥဥနှုန်းတွေကျတယ်။ အသေအပျောက်တော့ နည်းနည်းရှိတယ်။ နေ့အပူချိန်မြင့်တတ်တဲ့ကာလမှာ ကြက်ခြံတွေကို ရေဖျန်းတော့ ကြက်တွေအပူဒဏ်ကာကွယ်ပေးသလိုဖြစ်တဲ့အတွက် ကြက်သေတာတော့ ပုံမှန်နှစ်တွေထက်လျော့တယ်"ဟု မုံရွာမြို့နယ် ထနောင်းဝန်းစံပြကျေးရွာဒေသခံ ကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

"အပူဒဏ်လျော့ကျအောင် ကြက်ခြံတွေကတော့ ခြံအမိုးတွေကို ရေဖျန်းတယ်။ တချို့ခြံထဲမှာ ရေဖျန်းတော့ ရေခိုးရေငွေ့တွေကြောင့် ကြက်တွေကျန်းမာရေး ထိခိုက်တာတွေဖြစ်နိုင်ပါတယ်။



ဓာတ်ပုံ – မျိုးမင်းဦး

ငုံးခြံတွေကတော့ ရေမဖျန်းပါဘူး" ဟု မုံရွာမြို့နယ် ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ပြောသည်။

မုံရွာမြို့နယ်တွင် ဧပြီလကုန်ကာလ၌ အပူရှိန်သိသိသာသာ မြင့်တက်လာသဖြင့် ကြက်၊ ငုံးမွေးမြူရေးခြံများတွင် အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများသာမက ဇီဝရောဂါကူးစက်မှုမရှိစေရေး လုပ်ငန်းများကိုပါ စောင့်ကြည့်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးလုပ်ငန်းရှင်များက ပြောသည်။ မုံရွာဈေးကွက်တွင် ကြက်ဥတစ်ပိဿာလျှင် ကျပ်နှစ်ထောင့်ခုနစ်ရာနှုန်းဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး အပူရှိန်မြင့်တက်မှုကြောင့်ကြက်ဥအထွက်နှုန်းထက်ဝက်ခန့်လျော့နည်းခဲ့သည်။

အသားတိုးကြက်မွေးမြူရေးလုပ်ငန်းများတွင် အပူရှိန်စတင်မြင့်တက်လာသဖြင့် ဧပြီလဆန်းပိုင်းမှစကာ လုပ်ငန်းလျှော့ချခြင်းနှင့် ဥစားကြက်မွေးမြူရေးခြံများတွင် ကြက်အကြီးများ နည်းပါးခြင်းကြောင့် မတ်လအတွင်းက ကြက်သားတစ်ပိဿာလျှင် သုံးထောင့်ခုနစ်ရာသာရှိခဲ့ရာမှ ဧပြီလကုန်တွင်ကျပ်လေးထောင့်ခုနစ်ရာမှ ကျပ်ငါးထောင်ဝန်းကျင်အထိ ဈေး မြင့်တက်သွားကြောင်းကြက်သားရောင်းသူများက ပြောသည်။

# မုံရွာသစ်ပါးလွှာစက်ရုံအလုပ်သမားများ လုပ်ခတိုးပေးရေးတောင်းဆို

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၂၆**

မုံရွာမြို့၊ အိုးဘိုထောင် ရပ်ကွက်၊ ရွှေမြေလမ်းပေါ်ရှိ J.L.P သစ်ပါးလွှာစက်ရုံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ စုပေါင်း၍ မေ ၂၄ ရက်နှင့် ၂၅ ရက်များက လုပ်ခတိုးမြှင့်ရေးနှင့် ပတ်သက်၍ တောင်းဆိုခဲ့ကြောင်း စက်ရုံဝန်ထမ်းများက ပြောသည်။

"လုပ်ခလစာနဲ့ ပတ်သက်ပြီး မေ ၂၄ ရက်မှာ ဝန်ထမ်းအင်အားတစ်ရာခန့် တောင်းဆိုဖို့ စုဝေးခဲ့တယ်။ စက်ရုံတာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေ လုပ်ခလစာနဲ့ ပတ်သက်ပြီး ညှိနှိုင်းခဲ့ပေမယ့် မပြေလည်ခဲ့ဘူး။ ဒါကြောင့် မေ ၂၅ ရက်မှာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနတာဝန်ရှိသူတွေ၊ စက်ရုံတာဝန်ရှိသူတွေနဲ့ အလုပ်သမားကိုယ်စားလှယ်တွေ သုံးပွင့်ဆိုင်ဆွေးနွေးခဲ့ကြတယ်။ ဒီစက်ရုံမှာဝန်ထမ်းအင်အား ၅၀၀ ကျော်ရှိတယ်"ဟု J.L.P သစ်ပါးလွှာစက်ရုံတွင်တာဝန်ထမ်းဆောင်နေသော အလုပ်သမားတစ်ဦးကပြောသည်။

မေ ၂၅ ရက်ညနေတွင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဆန်းမြင့်၊ အလုပ်ရုံနှင့် အလုပ်သမားစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်ပေါ၊ J.L.P သစ်ပါးလွှာစက်ရုံတာဝန်ရှိသူများနှင့် အလုပ်သမားကိုယ်စားလှယ် ခြောက်ဦးတို့ တွေ့ဆုံပြီး လစာနှုန်းထားများညှိနှိုင်းခဲ့ကြောင်း သိရှိရသည်။ ဆွေးနွေးရာတွင် ညဆိုင်းအတွက် တနင်္ဂနွေနေ့တိုင်း နေ့စားခကျပ်နှစ်ထောင့်ငါးရာ၊ ဝန်ထမ်းတစ်ဦးအနိမ့်ဆုံးလုပ်ခငွေတစ်လလျှင် ကျပ်တစ်သိန်းငါးသောင်းဝန်းကျင်၊ သစ်ပါးလွှာပြုပြင်ခဈေးနှုန်း တစ်ချပ်လျှင် ၂၃ ကျပ်မှ ၂၆ ကျပ်သို့ တိုးမြှင့်ပေးရန် တောင်းဆိုချက်များကိုပဏာမညှိနှိုင်းသဘောတူခဲ့သည်။

ယင်းညှိနှိုင်းချက်များကို စက်ရုံအတွင်းတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံ၍မေ ၂၆ ရက်တွင် သဘောတူညီချက်ရယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

# တနင်္သာရီတွင် တိုင်းရင်းသားလူငယ်များ ပထမဆုံးတွေ့ဆုံ

**စိုးမိုးအောင်**

**ထားဝယ်၊ မေ-၂၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုအကျိုးပြု တိုင်းရင်းသား လူငယ်များ တွေ့ဆုံပွဲကို တနင်္သာရီတိုင်းဒေသကြီးအတွင်း ပထမဆုံးအဖြစ် ကလုံးထာကျေးရွာတွင် ကျင်းပခဲ့သည်။ ကလျာဏမိတ္တဖောင်ဒေးရှင်းကဦးဆောင်၍ နိုင်ငံတစ်ဝန်း အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နေသော တိုင်းရင်းသားလူငယ်များကြားရင်းနှီးမှုရယူချိတ်ဆက်နိုင်ရန် (၆) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုအကျိုးပြုတိုင်းရင်းသား လူငယ်များတွေ့ဆုံပွဲနှင့် ညီလာခံကို ထားဝယ်လူငယ် မိတ်သဟာယ၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (DDA) တို့ပူးပေါင်း၍ ထားဝယ်မှ မိုင် ၂၀ ကျော်ဝေးသော ကလုံးထာကျေးရွာ၊ ဓမ္မရက္ခိတကျောင်းတွင် မေ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ တွေ့ဆုံပွဲတွင် သံဃာတော်များ၊ သီလရှင်များ၊ ကရင်အဖွဲ့၊ ရန်ကုန်၊ ရခိုင်၊ ကချင်ဗုဒ္ဓဘာသာ လူငယ်အဖွဲ့၊ မဂ္ဂျီမနှလုံးသား၊ ကျိုင်းတုံ၊ မဲဇာမြစ်ဝှမ်း၊ တောင်ဇလပ်အဖွဲ့၊ မင်္ဂလာလူငယ်အဖွဲ့နှင့် ထားဝယ်လူငယ်မိတ်သဟာယအဖွဲ့များအပါအဝင် အနယ်နယ်အရပ်ရပ်မှ ၃၂ အဖွဲ့နှင့် ဒေသခံအရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များမှ အင်အား ၃၀၀ ကျော်တက်ရောက်ခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများကို ၂၀၀၉ ခုနှစ်မှစ၍ တစ်နှစ်တစ်ကြိမ်ဖြင့် မုဒုံ၊ ကန်ပက်လက် (နတ်မတောင်)၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ အင်းလေးကန်နှင့် ၂၀၁၃ ခုနှစ်တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၊ မဲဆမိတ်ကျေးရွာများတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကလျာဏမိတ္တဖောင်ဒေးရှင်းသည်စတင်တည်ထောင်စဉ် ၂၀၀၈ ခုနှစ်က အဖွဲ့အစည်းတစ်ခုသာဖြစ်ခဲ့ပြီး ၂၀၁၂ခုနှစ်တွင်ဖောင်ဒေးရှင်းအဖြစ် တည်ထောင်ခဲ့သည်။



7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# ချင်းတောင်တန်းပေါ်က အောက်ချင်းငှက်တို့ အိမ်မပြန်နိုင်ကြသေးပါ

ကိုစိုင်း

ချင်းပြည်နယ်တွင် လူငယ်များ တစ်နှစ်ထက်တစ်နှစ် ပိုနည်းလာသည့်အတွက် အချို့ရွာများတွင် နာရေးကိစ္စမျိုးကိုပင် လူကြီးများကသာ အစအဆုံးလုပ်ကိုင်နေကြသည်။

"ကျွန်တော်တို့ရွာမှာ လူတစ်ဦးသေလို့မြှုပ်မယ်ဆိုရင် မြေကျင်းတူးမယ့်နေရာမှာ လူကြီးတွေပဲ လုပ်ကိုင်နေကြရတယ်။ အလောင်းထမ်းတဲ့နေရာမှာလည်း လူကြီးတွေပဲ ထမ်းပြီးပို့ကြရတယ်။ ရွာမှာ အဲဒီလောက်တောင် လူငယ်တွေ ရှားလာပြီ"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ချင်းပြည်နယ်အတွင်း လူငယ်များရှားပါးလာမှုနှင့်ပတ်သက်၍ ပြောသည်။



*ချင်းပြည်နယ်တွင် နိစ္စဓူဝလုပ်ငန်းခွင်ဝင်နေသော ဒေသခံတိုင်းရင်းသူတစ်ဦး*

ဓာတ်ပုံ– ကိုစိုင်း

ချင်းပြည်နယ်၏ အကျယ်အဝန်းသည် တောင်နှင့် မြောက်မိုင်ပေါင်း၃၀၀ ကျော်နှင့်အရှေ့နှင့် အနောက်အကျယ်ဆုံးနေရာတွင် မိုင်တစ်ရာနှင့် အကျဉ်းဆုံးနေရာတွင် မိုင် ၃၀ ကျော်ရှိသည်။

ချင်းပြည်နယ်တွင် ၁၉၇၄ နောက်ပိုင်းမကြာခဏကောက်ယူထားသောစာရင်းအရ လူဦးရေများစွာပြောင်းလဲမှုမရှိဘဲ ငါးသိန်းကျော်နေထိုင်သည်။ ချင်းပြည်နယ်အတွင်းနေထိုင်သော လူဦးရေစာရင်းကို ပြေီအတွင်းက သန်းခေါင်စာရင်းကောက်ယူရာတွင်လည်း လူဦးရေငါးသိန်းကျော်သာ နေထိုင်သည်။ ချင်းပြည်နယ်၏ လူဦးရေစာရင်းမပြောင်းလဲဘဲ ပုံမှန်အတိုင်းရှိနေခြင်းသည် ချင်းတိုင်းရင်းသားတွေ ဘယ်ပျောက်ကုန်ပြီလဲဟု မေးနေဟန်။

ချင်းပြည်နယ်၏ မြေမျက်နှာသွင်ပြင်မှာ မြောက်ဘက်တွင် ပေပေါင်း ရှစ်ထောင်ကျော်မြင့်သည့် တောင်တန်းနှင့် တောင်ဘက်တွင် ပေပေါင်းတစ်သောင်းကျော်မြင့်သည့် တောင်ကုန်းများက တောင်တန်းတစ်ခုနှင့်တစ်ခု အစီအစဉ်မကျစွာ တည်ရှိနေသည်။

အဆိုပါအမြင့်ပေရှိ တောင်တန်းများ၏အလယ်တွင်တော့ အမြင့်ပေခြောက်ထောင်ကျော်ရှိ တောင်တန်းများပေါ်များပြီး ချင်းတိုင်းရင်းသားတို့နေထိုင်ကြသည့် ဒေသများမှာ ပင်လယ်ရေမျက်နှာပြင်အထက် အနိမ့်ဆုံးတည်ရှိနေသော အမြင့်ပေသည် ပေလေးထောင်ကျော်ဖြစ်သည်။

တောင်ကုန်းတောင်တန်းများပေါ်များသော ချင်းပြည်နယ်တွင် မြေပြန့်ကျယ်ကျယ်ဟူ၍မရှိပေ။ လက်ရှိ ချင်းပြည်နယ်အတွင်း တည်ရှိနေသော မြို့နယ်များသည် တောင်ကုန်း၊ တောင်စောင်းများတွင် တည်ဆောက်နေထိုင်ကြခြင်းဖြစ်သည်။ ထိုကဲ့သို့ လူနေအိမ်တည်ဆောက်ရန်ပင် မြေကွက်လပ်ကျယ်ကျယ်ရှားပါးသော ချင်းပြည်နယ်အတွင်း စိုက်ပျိုးမှုအနေဖြင့်လည်း ရွှေ့ပြောင်းတောင်ယာများကို လုပ်ကိုင်ကြရသည်။

ရွှေ့ပြောင်းတောင်ယာလုပ်သည်ဆိုရာဝယ် တောင်စောင်းနေရာ တစ်နေရာကို တစ်နှစ်ရှင်းလင်းပြီး တစ်လက်မကျော်ကျော်သာရှိသော မြေဆီပါးပါးလေးပေါ်တွင် ပြောင်းဖူး၊ ဝဉ၊ ကော်ဖီ၊ ပန်းသီး၊ လက်ဖက်၊ ထောပတ်၊ လိမ္မော်သီး၊ ဂေါ်ဖီထုပ်နှင့် ခရမ်းချဉ်သီးအစရှိသည့် သီးနှံများကို သုံးနှစ်တာကာလ စိုက်ပျိုးကြသည်။ သုံးနှစ်ပြည့်ပြီး စိုက်ပျိုးမြေများကိုတော့ ပစ်ထားခဲ့ကြရပြီးနောက်ထပ်စိုက်ပျိုးမြေအသစ်တစ်နေရာပြောင်းရွှေ့စိုက်ပျိုးကြရသည်။ ထိုကဲ့သို့ ခက်ခက်ခဲခဲ ပင်ပန်းကြီးစွာစိုက်ပျိုးရသော တောင်ယာထွက်သီးနှံများသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ဈေးကွက်ထဲ အချိန်မီမရောက်နိုင်တော့ဘဲ လမ်းခရီးတွင် ပျက်စီးကုန်ကြသည်။ ထို့ကြောင့် ချင်းတိုင်းရင်းသားတစ်ဦး၏ တောင်ယာလုပ်ငန်းခွင်မှ နှစ်စဉ်ရရှိငွေသည် ယခုခေတ်ငွေကြေးဖြင့် နှိုင်းယှဉ်ပါက သိန်းဆယ်ဂဏန်းပတ်ဝန်းကျင်တွင်သာရှိသည်ဟု ချင်းတိုင်းရင်းသားတို့က ဆိုကြသည်။

ယင်းငွေကြေးသည်လည်း တောင်ယာတောများအတွင်း ကြွက်အုပ်လိုက်ဝင်ရောက်မဖျက်ဆီးမီ အချိန်ထိ မိသားစုတစ်စု စားလောက်ရုံပမာဏသာ။ တောင်ယာအတွင်းရှိ စိုက်ပျိုးထားသော သီးနှံပင်များကို ကြွက်များအုပ်လိုက်ဝင်ရောက်ဖျက်ဆီးကြသောအခါ ချင်းတိုင်းရင်းသားတို့ နေ့စဉ်စားသုံးနေရသည့် ပြောင်းဖူးပြုတ်အိုးသည် တစ်ရက်နှစ်နပ်စားနေရာမှ တစ်ရက်လျှင် တစ်နပ်သာ မီးဖိုချောင်မီးမြင်ရသည့် အခြေအနေဖြစ်တော့သည်။

ထိုကဲ့သို့ ဝမ်းရေးအတွက် ခက်ခက်ခဲခဲရုန်းကန်နေကြရသော ချင်းတိုင်းရင်းသားတို့အဖို့ လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကာလအတွင်းမှစတင်၍ မိသားစုတစ်စု သွပ်မိုး၊ အုတ်ကာတိုက်အမြင့်များဖြင့် နေထိုင်နိုင်ပြီး ကျောင်းနေအရွယ်ကလေးငယ်များ ဘွဲ့ရအထိ ပညာသင်ကြားနိုင်ရန် နည်းလမ်းတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းနည်းလမ်းသည် ချင်းပြည်နယ်မှတစ်ဆင့် တရားမဝင်နည်းလမ်းဖြင့်ဖြစ်စေ၊ တရားဝင်နည်းလမ်းဖြင့်ဖြစ်စေ လုပ်ခလစာမြင့်မားစွာရရှိနေသော မလေးရှားကဲ့သို့နိုင်ငံမျိုးအပါအဝင် နိုင်ငံရပ်ခြားတိုင်းပြည်အရပ်ရပ်သို့ သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းပင်ဖြစ်သည်။

"စဉ်းစားကြည့်လေ၊ လမ်းပန်းဆက်သွယ်ရေး ဒီလောက်ခက်ခဲတဲ့ ချင်းပြည်နယ်မှာ အခုဆိုရင် သွပ်မိုးဖွေးဖွေးတွေကို ကားလမ်းပေါ်ကနေ လှမ်းမြင်နေရတယ်။ ဒါက တောင်ယာကထွက်တဲ့ သီးနှံရောင်းချရလို့ ဝယ်နေနိုင်တယ်လို့ မထင်နဲ့နော်။ အဲဒီလို သာမန်ပြည်သူတွေမပြောနဲ့၊ ကျွန်တော့်လို လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်တောင် ရတဲ့လစာနဲ့ အခုလိုနေထိုင်နိုင်တယ်ထင်သလား။ နိုင်ငံခြားမှာရောက်နေတဲ့ သားသမီး၊ ဆွေမျိုးတွေက ထောက်ပံ့နေလို့သာ တိုက်နဲ့၊ ကားနဲ့နေနိုင်နေတယ်"ဟု ဟားခါးမြို့ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်က ပြောသည်။

မလေးရှားလိုနိုင်ငံမျိုးတွင် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုအတွင်း ဝင်ရောက်လုပ်ကိုင်ပါက လုပ်ကိုင်သူ၏ စားစရိတ်၊ နေစရိတ်အပြီး မိမိအိမ်ကို တစ်လလျှင် လေးသိန်းမှ ငါးသိန်းအထက်ပို့ပေးနိုင်သည်။ နိုင်ငံရပ်ခြား ရောက်လူငယ်များ၏ စုစုပေါင်းလှူဒါန်းမှုဖြင့် အသေးစားရေအားလျှပ်စစ်စက်ရုံများဖြင့် ၂၄ နာရီ လျှပ်စစ်မီးရရှိနေကြပြီဖြစ်သည်။ ထို့အပြင် ပြည်နယ်အတွင်း ကျန်ရစ်သူ မိသားစုတစ်စု စားလောက်ရုံတင်မက ကျန်ရစ်သည့် မိသားစုမှ ညီအစ်ကိုမောင်နှမများဘွဲ့ရသည်အထိပညာသင်ကြားနိုင်ကြသည်။

သို့သော် ပြည်နယ်အတွင်း ကျန်ရစ်သော မိသားစုမှ ပညာတတ်ဘွဲ့ရလူငယ်များအတွက် ပြည်နယ်အတွင်း အစိုးရမှပေးသော အလုပ်အကိုင်နှင့် လစာသည် မိသားစုတစ်စုအဖို့လောက်ငခြင်းမရှိပေ။ ကိုယ့်နိုင်ငံအတွင်းရှိ အလုပ်ရနိုင်သော နေရာများတွင် သွားရောက်လုပ်ကိုင်ကြခြင်းဖြင့်လည်း ပြည်နယ်အတွင်း ကျန်ရစ်မိသားစု စားသောက်နေနိုင်ရန် လုံလောက်အောင် ထောက်ပံ့ပေးနိုင်လားဆိုလျှင် မိမိဝမ်းရေးပင် အနိုင်နိုင်ဖြစ်သည်ဟု ချင်းတိုင်းရင်းသား လူငယ်များက ပြောကြသည်။

ချင်းပြည်နယ်မှတစ်ဆင့် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေမှုသည် ယခင်နှစ်များစွာကပင် သွားလာလုပ်ကိုင်ကြခြင်းဖြစ်သည်။ သို့သော် လွန်ခဲ့သော ၁၀ စုနှစ်တစ်ခုကျော်မှစတင်၍ နိုင်ငံရပ်ခြားတိုင်းပြည်များတွင် သွားရောက်လုပ်ကိုင်လိုသူ လူငယ်လူရွယ်များ ပိုမိုပေါများလာခဲ့သည်ဟု ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ ကျောင်းဆရာဦးထန်းပယ်က ပြောသည်။

"ကျွန်တော်တို့ရွာက အမျိုးတွေကို စုံစုံလင်လင်တွေ့ချင်တယ်ဆိုရင် အမေရိကန်ကိုလိုက်သွား။ အဲဒီမှာဆိုရင် အမျိုးတွေအားလုံး တစ်စုတစ်စည်းတည်း စုံစုံလင်လင်နဲ့ တွေ့ရမယ်။ ရွာမှာတော့ အမျိုးတွေတဖြည်းဖြည်းမရှိတော့ဘူး"ဟု ကျောင်းဆရာဦးထန်းပယ်က ပြောသည်။ ထိုကဲ့သို့ဖြစ်ရသည်မှာလည်း မိမိဒေသအတွင်း အလုပ်အကိုင်မရှိခြင်းကြောင့်ဖြစ်သည်ဟု ချင်းတိုင်းရင်းသားတို့က ဆိုကြသည်။

"ချင်းပြည်နယ်မှာနေတုန်းကလည်း တောင်ယာစိုက်ရတယ်။ မလေးရှားရောက်တော့လည်း စိုက်ပျိုးရေးလုပ်ငန်းမှာ လုပ်ရတယ်။ ဒါပေမဲ့ မလေးရှားမှာ တစ်ရက်လုပ်ခငွေက ကျွန်တော် နေစရိတ်၊ စားစရိတ်နုတ်ပြီးရင် တစ်လကိုငါးသိန်းလောက်တော့ အိမ်ပြန်ပို့နိုင်တယ်။ ချင်းပြည်နယ်မှာ တောင်ယာလုပ်တုန်းက တစ်နှစ်လုံး ပင်ပင်ပန်းပန်းလုပ်မှ ရတဲ့ငွေကြေးက မိသားစု စားလောက်ရုံပဲရတယ်။ အခု မလေးရှားကနေ အမေရိကန်ရောက်တော့ အမေရိကန်မှာရောက်တဲ့ကာလ တစ်နှစ်မပြည့်သေးဘူး။ အိမ်ကိုလည်း ငွေပို့နိုင်တယ်။ ရွာကဘုရားကျောင်းဆောက်ဖို့လည်း ငွေလှူဒါန်းနိုင်တယ်။ **စာမျက်နှာ(၁၉) သို့**

# လောင်းရိပ်အောက်က ဗဟိုဘဏ် ထင်သလောက် မလုပ်နိုင်သေး

**သိမ့်သိမ့်စိုး၊ ပြည်သိမ်း**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ကို ဘဏ္ဍာအခွန်ဝန်ကြီးဌာနမှသီးသန့်ခွဲထုတ်လိုက်မှုသည် အချိန်အားဖြင့် ကိုးလကြာမြင့်သွားပြီဖြစ်သော်လည်း ဗဟိုဘဏ်၏စွမ်းဆောင်မှုများမှာ အားရဖွယ်ရာမရှိသေးကြောင်း စီးပွားရေးနှင့် ဘဏ်လုပ်ငန်း နယ်ပယ်တို့တွင် ဝေဖန်မှုများ ထွက်ပေါ်နေသည်။

နိုင်ငံတော်ဗဟိုဘဏ်ကို ပြီးခဲ့သည့်နှစ် ဇူလိုင် ၁၁ ရက်က ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်မှ ခွဲထုတ်၍ သီးသန့်ရပ်တည်ခွင့်ပြုကာ အုပ်ချုပ်မှုပိုင်းမှ တာဝန်ရှိသူများကိုလည်း ဒုဝန်ကြီးများနှင့် အဆင့်တူခန့်အပ်ပြီး တာဝန်များ ပေးအပ်ခဲ့သည်။

"ဗဟိုဘဏ်ကို သီးခြားခွဲထုတ်ချိန်မှာ ကျွန်တော်တို့ မျှော်လင့်တာ ဘဏ်စနစ်နဲ့ ငွေရေးကြေးရေးစနစ်တွေ ပိုဖွံ့ဖြိုးလာမယ်ထင်တာ။ အခုထိတော့ ဘာမှတက်မလာသေးဘူး။ နိုင်ငံခြားဘဏ်တွေလည်း ပြည်တွင်းကိုရောက်မလာသေးဘူး"ဟု Farmer Phoyarzer အထွေထွေအကျိုးဆောင် ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာစိုးထွန်းက ပြောကြားသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အသေးစားလုပ်ငန်းများဖြစ်ပြီး ယခုအချိန်ထိ ဘဏ်များမှ ချေးငွေယူရန် ခက်ခဲနေသေးသည်။

ဗဟိုဘဏ်ဘက်မှ ယခုကဲ့သို့ လုပ်ဆောင်ချက်များနှောင့်နှေးနေရခြင်းသည် ကျွမ်းကျင်ဝန်ထမ်းနည်းပါးခြင်းနှင့် သက်ဆိုင်ရာ ဥပဒေများ မထွက်လာသေးခြင်းတို့ကြောင့်ဖြစ်နိုင်ကြောင်းဗဟိုဘဏ် ဒုဥက္ကဋ္ဌဟောင်း ဦးသန်းလွင်က ထောက်ပြပြောသည်။

"ဗဟိုဘဏ်ကို ပြောလာကြတယ်ဆိုတာက သူတို့ဘဏ်က ပွင့်လင်းမြင်သာမှု နည်းတာတွေရယ်၊ ဈေးကွက်ကို နားမလည်ဘူး ဖြစ်နေတာတွေကြောင့် ပါတယ်"ဟု ဦးသန်းလွင်က သုံးသပ်သည်။

"ဗဟိုဘဏ်ကို အခုတာဝန်ပေးလိုက်တဲ့ လူအများစုက လူသစ်တွေပဲဆိုတော့ အခြေအနေအရ နှေးသွားတာ ဖြစ်နိုင်တယ်"ဟု CB ဘဏ်မှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

ထို့အပြင် ဗဟိုဘဏ်က အားလုံးမျှော်လင့်သကဲ့သို့ မြန်မာ့စီးပွားရေးဖွံ့ဖြိုးရန် အကူအညီများစွာ မပေးနိုင်သေးခြင်းမှာ ဗဟိုဘဏ် နည်းဥပဒေနှင့် တိကျသော ညွှန်ကြားချက်များ မရှိသေး၍ဟုလည်း သုံးသပ်ကြသည်။

လွတ်လပ်သော အဖွဲ့အစည်း ဖြစ်သွားသော်လည်း ဗဟိုဘဏ်သည် အချို့အချက်များတွင် ယခင်က တစ်ရက်တည်းဖြင့် ခွင့်ပြုချက်ကျသော လုပ်ငန်းများတွင်ပင် တစ်ပတ်ခန့် စောင့်ဆိုင်းရသော ဖြစ်ရပ်များ ရှိလာကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဗဟိုဘဏ်သည် မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ် ဧပြီလမှ စတင်တည်ထောင်ပြီး အိန္ဒိယဘဏ် ရီဇက်၏ ရန်ကုန်ဘဏ်ခွဲလုပ်ငန်းများကို လွှဲပြောင်းယူခဲ့သည်။ ၁၉၅၂ ခုနှစ် ဇူလိုင်တွင် မြန်မာနိုင်ငံဘဏ်အက်ဥပဒေကို ပြဋ္ဌာန်းကာ ဗဟိုဘဏ်လုပ်ငန်းများကို အပြည့်အဝ ဆောင်ရွက်ခဲ့သည်။

ဗဟိုဘဏ်သည် ဗဟိုထိန်းချုပ်မှုအောက်တွင် နှစ်ပေါင်း ၄၀ ကျော် လုပ်ကိုင်ခဲ့သဖြင့် ပြောင်းလဲမှုတစ်ရပ် ဖော်ဆောင်ရာတွင် နေ့ချင်းညချင်းပြုလုပ်၍ မရနိုင်ဘဲ အချိန်ယူရန်လိုအပ်နေမည်ကိုအများပြည်သူ သိပြီးသော အချက်ဖြစ်မည်ဟုလည်း ဝေဖန်မှုများအပေါ် ဗဟိုဘဏ်တာဝန်ရှိသူတစ်ဦးက တုံ့ပြန်ပြောဆိုသည်။

"ဗဟိုဘဏ်က လက်ရှိအချိန်ထိ တချို့အရာတွေမှာ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ထိန်းချုပ်မှုအောက်မှာ ရှိနေသေးတာရယ်၊ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့သူတွေ ပြောနိုင်ဆိုနိုင် နည်းတာတွေ၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ အတွေ့အကြုံနည်းတာတွေကြောင့်နှောင့်နှေးပြီးမျှော်လင့်ချက်တွေကို ပေါ်လွင်အောင် မသိရသေးသလို ဖြစ်နေတာ"ဟု ဗဟိုဘဏ် လက်ရှိ တာဝန်ထမ်းဆောင်နေသူများနှင့် နီးစပ်သော စီးပွားရေးပညာရှင်တစ်ဦးက သုံးသပ်သည်။

လုပ်ဆောင်ချက်များ နှောင့်နှေးနေသည်ဟု ဗဟိုဘဏ်အပေါ် သုံးသပ်မှုများနှင့် ပတ်သက်၍ဗဟိုဘဏ်မှ အကြီးတန်းအရာရှိကို မေးမြန်းရာတွင် "အခုလုပ်နေတာတွေက အရင်လို တစ်ချက်လွှတ် အာဏာနဲ့ မဟုတ်တော့ ကြာတာတွေ ရှိချင်ရှိမယ်။ ဒါပေမဲ့ ဘဏ်လုပ်ငန်းဆိုင်ရာနဲ့ ငွေရေးကြေးရေးလုပ်ငန်းအတွက် ပိုကောင်းမယ်လို့ ယုံကြည်ပါတယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းအတွင်း ဝင်ရောက်လိုက်ချိန်တွင် ပြည်ပမှ လုပ်ငန်းရှင်များနှင့် ပြည်တွင်းလုပ်ငန်းရှင်များ ယှဉ်ပြိုင်လုပ်ကိုင်ရတော့မည်ဖြစ်သည်။

အခြားသော အာဆီယံနိုင်ငံအများစုသည် ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏများစွာကို သူတို့၏နိုင်ငံအတွင်း ဘဏ်များမှ ချေးငွေများစွာဖြင့် လာရောက်ရင်းနှီးမြှုပ်နှံကြမည်ဟု ပြည်တွင်းလုပ်ငန်းရှင်များက ယူဆထားကြသည့်အတွက် ပြည်တွင်းလုပ်ငန်းရှင်များကလည်း ချေးငွေများစွာရရှိရေးကို မျှော်လင့်နေကြသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကဗဟိုဘဏ်နှင့်ပတ်သက်၍ အချက်နှစ်ချက်ကို အမြန်ဆုံး လုပ်ကိုင်ပေးရန် မျှော်လင့်နေသည်။ ဘဏ်တိုးနှုန်းလျှော့ချပေးရေးနှင့် နိုင်ငံခြားဘဏ်များ ပြည်တွင်း၌ ဖွင့်ခွင့်ပေးရေးတို့ဖြစ်သည်။

နိုင်ငံတကာဘဏ်များတွင် ဘဏ်ချေးငွေများ၏ အတိုးနှုန်းမှာ အများဆုံး ၅ ရာခိုင်နှုန်းဝန်းကျင်သာရှိသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ယှဉ်ပြိုင်ရန် ခက်ခဲနေကြောင်းလည်း လုပ်ငန်းရှင်များက ပြောသည်။

ပြည်တွင်းဘဏ်များတွင် ချေးငွေ ထုတ်ချေးနေသော်လည်း ချေးငွေများ ထုတ်ပေးရာတွင် အဆောက်အအုံ၊ မြေပိုင်ဆိုင်မှုများ အာမခံရယူပြီး အတိုးနှုန်းအနေဖြင့် တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းဖြင့် ချေးသည်။

နိုင်ငံခြားဘဏ်များ ပြည်တွင်း၌ လာရောက်ဖွင့်လှစ်နိုင်ပါက အာမခံပစ္စည်းမလိုသော စီမံကိန်းချေးငွေများကို ပြည်တွင်း၌ ချေးယူနိုင်မည်ဟု လုပ်ငန်းရှင်များက မျှော်လင့်နေကြသည်။ ထို့ကြောင့် ဗဟိုဘဏ်အနေဖြင့် ခွင့်ပြုချက်များကို မြန်ဆန်စွာလုပ်ကိုင်ရန် လိုအပ်နေကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောသည်။

"ပြည်တွင်းက ပုဂ္ဂလိကဘဏ်တွေ အကျပ်တွေ့မှာကို ကာကွယ်မလား၊ တိုင်းပြည်စီးပွားရေးဒုက္ခရောက်မှာကို ရွေးမလား။ ဗဟိုဘဏ်အနေနဲ့ ဒါကို စဉ်းစားဖို့လိုတယ်"ဟု တော်ဝင်မိသားစု ဦးကိုကိုထွေးက ပြောကြားသည်။

လုပ်ငန်းရှင်များက နိုင်ငံခြားဘဏ်များဖွင့်ရန် မျှော်လင့်နေကြသော်လည်း ပြည်တွင်း ပုဂ္ဂလိကဘဏ်အများစုကမူ နိုင်ငံခြားဘဏ်များ လာရောက်ဖွင့်လှစ်မည်ကို စိုးရိမ်နေကြသည်။

ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားဘဏ်များ ဖွင့်လှစ်မှုနှင့်ပတ်သက်၍ လက်ရှိအချိန်ထိ တိကျသေချာသော မူဝါဒများကို ပုဂ္ဂလိကဘဏ်များအားအသိမပေးခြင်း၊ မည်သည့်ပုံစံဖြင့် ခွင့်ပြုပေးမည်ကို မသိသေးခြင်းတို့ကြောင့် စိုးရိမ်ရမည်လား၊ ကြိုဆိုရမည်လားဆိုသည်ကို မသိသေးကြောင်း အာရှစိမ်းလန်းမှုဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံခြားဘဏ်များ ပြည်တွင်း၌ လာရောက်ဖွင့်လာမည်ဆိုပါက ငွေပေးငွေယူကိစ္စများ အဆင်ပြေလာပြီး မြန်မာ့ကုန်သွယ်ရေးလုပ်ငန်းများပိုမိုလွယ်ကူသည့် အခြေအနေဖြစ်လာမည်ဖြစ်သောကြောင့် လုပ်ငန်းရှင်များ တောင်းဆိုနေရခြင်းဖြစ်သည်ဟု ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးက ပြောကြားသည်။

ဗဟိုဘဏ်အနေဖြင့် သီးခြားရပ်တည်ခွင့် ရရှိပြီးနောက်တွင် လက်ရှိကာလအထိ အချက်လေးချက်ကို ကောင်းမွန်သော အနေအထားတစ်ရပ်ဖြစ်အောင် ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်းကို ဗဟိုဘဏ်တွင် တာဝန်ထမ်းဆောင်နေသော အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

၎င်းအချက်များမှာ FECသိမ်းယူမှုပိုင်းတွင် ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် နိုင်ငံခြားငွေဈေးနှုန်း တည်ငြိမ်အောင် ထိန်းချုပ်လာနိုင်ခြင်းတို့သည် ထင်သာမြင်သာရှိသော စွမ်းဆောင်ချက်များဟု ဆိုသည်။

ထို့အပြင် ငွေကြေးဖောင်းပွမှုကိုလည်း သင့်တင့်သော အခြေအနေတစ်ရပ်ထိ ထိန်းချုပ်မှုပြုလုပ်ထားနိုင်သလို ဘဏ်အတိုးနှုန်းများနှင့် ပတ်သက်၍လည်း ထိန်းချုပ်မှုများ ပြုလုပ်ထားနိုင်ကြောင်းအထက်ပါပုဂ္ဂိုလ်က ပြောသည်။

ဗဟိုဘဏ်ပွင့်လင်းမြင်သာမှုနည်းနေသည်ဟု ဝေဖန်မှုများနှင့်ပတ်သက်၍လည်း ၎င်းက "ဗဟိုဘဏ်က အတိုးနှုန်းလျှော့ချမယ်ဆိုတာကို ထုတ်ပြောလိုက်ရင် ဈေးကွက်ထဲမှာ ဒုက္ခရောက်သွားနိုင်တယ်။ ဗဟိုဘဏ်က ငွေကြေးဆိုင်ရာကို လုပ်နေရတာဆိုတော့ အရာရာကိုတော့ ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နိုင်မှာ မဟုတ်ပါဘူး"ဟု ဆိုသည်။ ဗဟိုဘဏ်လက်ရှိလုပ်ဆောင်နေသည်များသည် အခြေခံကျသော အခြေအနေများသာ ရှိနေသေးပြီး ဆက်လက် လုပ်ဆောင်ရန်မှာလည်း များစွာကျန်ရှိနေသေးကြောင်း ၎င်းကဝန်ခံပြောကြားသည်။ ။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

စာမျက်နှာ (၅)မှ

## တတိယအရွယ်မှာ ဝလုံးရေး

တစ်နည်းဆိုရလျှင်အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုသည် အရင်အစိုးရခေတ်အဆက်ဆက်လိမ်ခဲ့သည်ကို ဝန်ခံခြင်းလည်းဖြစ်သည်။ နအဖ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) လက်ထက်တွင် လူတိုင်းစာတတ်မြောက်ရေးစီမံကိန်းများကြောင့် လူတိုင်းနီးပါးစာတတ်မြောက်ကာ သက်ကြီးစာတတ်မြောက်နှုန်းမှာပင် ၉ ဒသမ ၈၃ ရာခိုင်နှုန်းရှိနေပြီဟု ယခင်အစိုးရက ၂၀၀၈ ခုနှစ်တွင် ကြေညာခဲ့သေးသည်။ သို့သော် လက်တွေ့တွင် နိုင်ငံတစ်ဝန်း၌ ကျောင်းသို့မရောက်ဖူးသူ၊ စာလုံးဝမတတ်သူအမြောက်အမြားရှိနေသည်။

လုပ်အားပေးကြမည့် ကျောင်းသား၊ ကျောင်းသူများကို ဆရာ၊ ဆရာများက လုပ်အားပေးမသွားမီ တစ်ရက်တွင် မှာစရာရှိတာတွေ မှာကြားခဲ့ကြသည်။ တည်းခိုသည့်အိမ် ဝေယျာဝစ္စများ ဝင်ရောက်ကူညီလုပ်ကိုင်ပေးရန်၊ မိမိသင်ပြပေးမည့် ကျေးရွာ၌ ၎င်းကျေးရွာသူ၊ ကျေးရွာသားအဖြစ် စိတ်တွင်ခံယူကာ သင်ကြားပေးရန်၊ သင်ယူကြမည့် ရွာသူ၊ ရွာသားများကိုလည်း မိမိတို့ဆွေမျိုးသားချင်းကဲ့သို့သဘောထားပြီး အမည်များတပ်ခေါ်ကာ သင်ကြားပေးရန်၊ ဆရာတပည့်သင်ကြားသည့်ပုံစံ မဖြစ်စေရန် မှာကြားခဲ့ကြခြင်းဖြစ်သည်။ နောက်ပြီး အ , သုံးလုံးနှင့်ပတ်သက်သည့် ဇာတ်လမ်းတိုများပြသပေးခဲ့သည်။ ထိုအထဲတွင် ဒါရိုက်တာ ဦးသုခ၏ 'ဘယ်သူပြိုင်လို့ လှပါတော့နိုင်' ဇာတ်ကားလည်းပါသည်။ ထိုဇာတ်ကားကြည့်ပြီး လုပ်အားပေးမည့် ကျောင်းသား၊ ကျောင်းသူတွေ တက်ကြွခဲ့ကြသည်။ မိမိတို့လည်း ထိုဇာတ်ကားထဲကလို အတွေ့အကြုံတွေ ကြုံဆုံရတော့မည်ကိုတွေးကာ ရင်ခုန်မိကြသည်။ ကြိုတင်ကြည်နူးနေသူအချို့လည်း ရှိပါသေးသည်။


တကယ်လက်တွေ့ သင်ကြရတော့မည်ဆိုတော့ အနည်းငယ်စိုးရိမ်မှုတွေတော့ရှိသည်။ ကိုယ့်ထက်အသက်ငယ်သူတွေကိုသာ သင်ပေးခဲ့ဖူးတာ အသက်ကြီးသူတွေကို သင်ရတာ အဆင်မှပြေပါ့မလား။ ပြီးတော့ ကိုယ့်နယ်မဟုတ်သည့် ဒေသတစ်ခုမှာ တစ်လခွဲလောက်သွားနေရမှာ အဆင်မှပြေပါ့မလား စတာတွေဖြစ်သည်။ သို့သော် တကယ်လည်း သင်ပြီဆိုရော ကြိုတင်စိတ်ပူခဲ့တာတွေ ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်သည်ဟု လုပ်အားပေးကျောင်းသူများက ဆိုပါသည်။

တစ်ရက်လျှင် သုံးနာရီကြာသင်ပေးခြင်းဖြစ်ပြီး နေ့ခင်း (သို့မဟုတ်)ညဦးပိုင်းတွင် အခြေခံပညာကျောင်းများ၊ ရပ်ကွက်ဓမ္မာရုံများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးအိမ်များတွင်သင်ကြားပေးနေခြင်းဖြစ်သည်။ သင်တန်းလာတက်ကြသည့်လူတွေက အဝတ်လျှော်သူ၊ အနင်းအနှိပ်လုပ်သူ၊ မန်ကျည်းရွက်ခူးရောင်းသူ၊ ထမင်းချက်သူ စုံလို့။ ဘယ်လင်းရွာက ဒေါ်နှင်းအေးတစ်ယောက် ဒီသင်တန်းတက်မည်ဆိုတော့ သားသမီးတွေက တားသည်။ ဘေးပတ်ဝန်းကျင်က ကဲ့ရဲ့ခံရမည်စိုး၍ဖြစ်သည်။ "အစကတော့ ရှက်တာပေါ့။ အိမ်က ကလေးတွေကလည်း အမေကအသက်ကြီးလှပြီ မရှက်ဘူးလားပေါ့။ ရှက်ဘူးအေ ငါ တတ်ချင်လို့ တက်တာလို့ ပြောလိုက်တယ်။ ခုတော့ ကိုယ့် အပေါင်းအသင်းတွေနဲ့ဆိုတော့ပျော်တယ်။ဆရာမလေးတွေနဲ့လည်းပျော်တယ်"ဟု ပြောပြသည်။

တောမရွာက အသက် (၅၀) အရွယ် ဒေါ်ကြင်ဥကျတော့ ဒေါ်နှင်းအေးနှင့် ပြောင်းပြန်။ ဒီသင်တန်းတက်ဖို့ကို ပညာတော်လျက်နှင့် အဆင်မပြေ၍ ခုနစ်တန်းနဲ့ ကျောင်းထွက်ပြီး အထပ်သားစက်ရုံ၌ အလုပ်လုပ်နေသောသမီးဖြစ်သူက တိုက်တွန်းခဲ့တာဖြစ်သည်။ "သူက တိုက်တွန်းလို့ တက်ဖြစ်တာ။ အမှန်ဆို မတက်ချင်ဘူး။ ကိုယ့်မှာလည်း ရောဂါကရှိတော့ အိမ်ထဲမှာပဲကုပ်နေတာ။ ခုတော့ ဒီမှာ စလိုက်နောက်လိုက်နဲ့မို့ ကိုယ့်ရောဂါကိုတောင် မေ့နေတယ်"ဟု ဒေါ်ကြင်ဥက ဆိုပါသည်။ သို့သော် စာနှင့်အလှမ်းဝေးတာ နှစ်ချီကြာမြင့်ခဲ့ပြီမို့ မနည်းကြိုးစားနေရသည်။ ထဆင်ထူးမခေါ်တတ်။ ငှသန်လျှင်းချိတ်မရေးတတ်။ "ဟိုနေ့က ငှသန်လျှင်းချိတ်ရေးတာ လေးမျက်နှာလောက် ကုန်တယ်"ဟု ရယ်မောရင်း ပြော ပြသည်။

ဒေါ်ကြင်ဥတို့နဲ့အတူ တောမရွာက သင်တန်းမှာ တစ်ရွာတည်းနေတဲ့ ဒေါ်တင်လေးနဲ့ ဒေါ်စန်းတို့ ညီအစ်မတွေလည်း တက်နေကြပါသည်။ သူတို့နှစ်ယောက်လုံးက အသက်(၆၀)ကျော်တွေ။ သူတို့ ညီအစ်မနှစ်ဦးက ငယ်စဉ်ကျောင်းနေချိန်အရွယ်က မိဘက ထားနိုင်ခဲ့သော်လည်း အောက်ကအငယ်တွေ များ၍ ကလေးထိန်းရ၊ လယ်တောဆင်းရနှင့် ပညာသင်ရန် အချိန်မပေးနိုင်တော့။ နောက်ပြီးမိဘတွေက တောသူတောင်သား အရိုးခံတွေမို့ သားသမီးတွေ ပညာတတ်ကာ အဝေးရောက်ကုန်မှာစိုးတာလည်းပါသည်။ ဒါကြောင့် နှစ်တန်းသုံးတန်းနှင့် ကျောင်းထွက်ခဲ့ရသည်။ ကျောင်းထွက်ရသည့်အတွက် ငယ်တုန်းကတော့ ထူးပြီးမခံစားမိခဲ့ကြ။ သို့သော် သူတို့နေသည့် တောမရွာဘက်ကိုတက္ကသိုလ်ကြီးရောက်လာတော့ ဒေါ်တင်လေးတို့ ညီအစ်မ ခံစားချက်တွေရှိလာပါသည်။

ငယ်ငယ်တုန်းက ကစားဖော်ကစားဖက် သူငယ်ချင်းများထဲက အချို့ကျောက်ဆည် တက္ကသိုလ်ကြီးမှာ ပါမောက္ခတွေအဖြစ် ပြန်



ဓာတ်ပုံ – ညီညီဇော်

ဆုံလာရသည်။ မနာလိုတာ ပြုတာတော့မရှိ။ သို့သော် သူတို့နှင့်တွေ့သည်နှင့် ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလို ခံစားရမိ၍ ဖြစ်သည်။ ပိုဆိုးတာက ကိုယ်တွေက သေစာရှင်စာလေးတောင် မဖတ်နိုင်တော့ ပိုလို့အားငယ်မိသည်။ သူတို့ကတော့ နှိမ်တာပြုတာမရှိ။ "သူတို့အဲဒီလိုမနှိမ်လေ ပိုဝမ်းနည်းလေပဲ။ ငယ်တုန်းက စာမသင်ခဲ့ရတာ တော်တော်လေး နောင်တရမိတယ်"ဟု ဒေါ်တင်လေးက ပြောပြသည်။ တစ်ပါးသူတွေ စာဖတ်နေတော့ ကိုယ်လည်း ဖတ်နိုင်ချင်သည်။ ဒေါ်တင်လေးတို့ ညီအစ်မ ရပ်ရွာထဲမှာလုပ်တဲ့ တရားပွဲအပြန် ကမ်းတတ်သည့် တရားစာအုပ်လေးတွေ ယူသာယူ လာခဲ့ပေမယ့် မဖတ်နိုင်ခဲ့။

စာတတ်ချင်မိတော့ ဒေါ်တင်လေးတစ်ယောက် မြေးတွေကို ကျောင်းပို့ရင်း ကျောင်းမှာပင် ဆရာမတွေ သင်တာနားထောင်ရင်း စာလိုက်သင်ဖူးသည်ဟု ပြောပြသည်။ စာမတတ်တဲ့ ဒုက္ခသိလာတော့ ကိုယ့်သားသမီးနဲ့ မြေးတွေကျ ကိုယ့်လိုစာမတတ်မှာစိုးသည်။ ဒါကြောင့် မပြေလည်ပေသိဖြစ်အောင်ထားခဲ့သည်ဟု ဒေါ်တင်လေးက ပြောပြသည်။

ဒေါ်ကြင်ဥတို့ အတန်းမှာ သင်တန်းကို တက်တက်ကြွကြွ တက်လေ့ရှိသည့် အသက်(၄၃)နှစ်ရှိ ဒေါ်ကုလားမဆိုသူတစ်ယောက်လည်းရှိပါသေးသည်။ သူကကျပန်းအလုပ်လုပ်သူမို့ အချိန်မှန်မလာနိုင်။ အတန်းမှာ သူလာရင် ပိုရယ်ရသည်။ ဘာလို့လဲဆိုတော့ ဒေါ်ကုလားမက စာလိုက်ဆိုလျှင်တအားအော်၍ဖြစ်သည်။ "သူက စာကို အကျယ်ကြီး အော်တာ။ မှားနေလည်း အော်တာပဲ။ ကျုပ်တို့ကစတော့ သူကမသင်တော့ဘူးအေဆိုပြီး စိတ်ဆိုးလို့ မနည်းပြန်ချော့ထားရတာ"ဟု ဒေါ်စန်းက ရယ်ရယ်မောမောဖြင့် ပြောပြသည်။

စာမဖတ်တတ်တာ ကိုယ့်ရပ်ထဲရွာထဲနေရင် မသိသာပေမယ့် မြို့ပေါ်တက် ဈေးဝယ်သည့်အခါ၊ ခရီးတစ်ခုခုသွားသည့်အခါမျိုးကျ သိသာသည်ဟု စာတတ်မြောက်ရေးသင်တန်း တက်နေသူ အမျိုးသမီးကြီးများက ဆိုပါသည်။ "တစ်ခုခုသွားမယ်ဆို စာမဖတ်တတ်တော့ ဒုက္ခရောက်လွန်းလို့ ဖတ်တတ်တဲ့ကလေး ခေါ်ခေါ်သွားရတယ်"ဟု ဘယ်လင်းရွာစာသင်ဝိုင်းမှ အသက်(၆၆)နှစ်အရွယ် ဒေါ်လှကြည်က ဆိုပါသည်။ နောက်ပြီး ခေတ်စားနေသည့် ကိုရီးယားကားကြည့်ပြီဆို စာမဖတ်တတ်တော့ သူများရယ်၍ လိုက်မရယ်နိုင်။ စာတန်းထိုးဖတ်ပေးသူ ကလေးတွေကလည်းကြာတော့ စိတ်မရှည်။ အကုန်အစင် ဖတ်မပြတော့ ဇာတ်လမ်းပိုင်း သိပ်နားမလည်ဟု သင်တန်းတက်နေသူ အမျိုးသမီးကြီးများက ဆိုပါသည်။

ထို့ကြောင့် ကိုယ်စီကိုယ်စီ စားဝတ်နေရေးအတွက် အလုပ်တွေကိုယ်စီရှိကြသော်လည်း တစ်ရက် သုံးနာရီရအောင် ပေးကာ တက်ကြသည်။ စာသင်ချိန် မရောက်မီ ချက်ပြုတ်လျှော်ဖွပ်စရာရှိတာ အကုန်လုပ်ထားခဲ့ကြသည်။ လယ်ထဲဆင်းသူတွေကလည်း စာသင်ချိန်အမီ အရောက်ပြန်လာကြသည်။ အချိန်မှန်ရောက်အောင်လည်း ကြိုးစားကြပါသေးသည်။ "သင်ခန်းစာတွေ လွတ်သွားမှာစိုးတယ်။ သူများနောက်ကောက်ကျမှာလည်း စိုးတယ်လေ"ဟု ဉာဏ်ကွေ့ရွာမှ အသက်(၅၃)နှစ်အရွယ် ဒေါ်အေးကြင်က ပြောပါသည်။

သို့သော် စိတ်ဆောင်လို့သာ သင်ယူနေရပေသိ အသက်အရွယ်တွေ မီးစာကုန်ဆီခန်းချိန်ရောက်နေကြပြီမို့ ဇရာရဲ့ဒုက္ခလေးတွေ ခံစားလာရသည်။ စာသင်ဝိုင်းမှာ ကြာကြာမထိုင်နိုင်တော့။ ခြေထောက်တွေ ကိုက်ခဲလာသည်။ မျက်စိတွေက ဝါးနေပြီမို့ စာတစ်လုံးတစ်လုံး မနည်းဖတ်နေရသည်။ ဒါကြောင့် သင်တန်းသူတွေက တက္ကသိုလ်ကျောင်းသူလုပ်အားပေးဆရာမလေးတွေကို တစ်ခုတော့တောင်းဆိုကြသည်။ အိမ်စာမပေးဖို့ဖြစ်သည်။ "ညဘက်ကျ မျက်လုံးက မသဲကွဲတော့ဘူး။ စာကြည့်ရင် စာလုံးတစ်လုံးကနေ နှစ်လုံးဖြစ်ဖြစ်သွားတာ"ဟုပြောရင်း ဒေါ်အေးကြင်တစ်ယောက် ရယ်ပါသည်။

အသက်အရွယ်ကြီးရင့်မှ စာတစ်လုံးတစ်လုံးတတ်ဖို့ မနည်းသင်နေရသည့် အမေကြီး၊ အဒေါ်ကြီးများကိုကြည့်ရင်း မိမိတို့ကို ဒီအရွယ်ထိ ပညာတွေသင်နိုင်အောင်ပံ့ပိုးခဲ့သည့်မိဘတို့၏ကျေးဇူးများအား သတိတရရှိမိသည်ဟု လုပ်အားပေးဆရာမလေးများက ဆိုပါသည်။ "ရွာက အမေကြီးတွေကို စာသင်ပေးရင်း စီးပွားရေး အဆင်မပြေတဲ့ကြားက ကျောင်းထားပေးခဲ့တဲ့ အိမ်ကမိဘတွေကို ကျေးဇူးတင်မိတယ်"ဟု လုပ်အားပေးကျောင်းသူ မနန္ဒာစိုးက ဆိုပါသည်။

စသင်ခါက ရက်တွေတုန်းကတော့ သင်သူကလည်းကြောက်၊ သင်ယူသူကလည်းလန့်။ အဆင်မှပြေပါ့မလား ကိုယ်စီကိုယ်စီတွေးပူခဲ့ကြသည်။ ရက်တွေကြာလာတော့ ထိုအပူတွေ လျော့ကျလာသည်။ စာလာသင်ကြသည့် အဒေါ်ကြီးတွေ၊ အဘွားအိုတွေက သင်တန်းလာပြီဆို ဆရာမလေးတွေစားဖို့ သူတို့အိမ်ကရှိတာလေးတွေ ဆီးယိုတို့၊ လက်ဖက်သုပ်တို့ ယူလာတာမျိုးတွေ ရှိလာသည်။ လုပ်အားပေး ဆရာမ တက္ကသိုလ်ကျောင်းသူလေးများကလည်း မုန့်ပြန်ဝယ်ကျွေးပြန်ပါသေးသည်။

ဧပြီ ၁ ရက်က စတင်ခဲ့သည့် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုမှာ မေလ ၁၅ ရက်တွင် ပြီးဆုံးတော့မည်ဖြစ်ပါသည်။ သင်တန်းကာလတစ်လခန့်ရှိခဲ့ပြီဖြစ်သော်လည်း သင်တန်းအချိန်တိုင်းလူစုံနေတာမျိုးတော့မဟုတ်။ လေးယောက်ရှိတဲ့အခါရှိ၊ ခြောက်ယောက်ရှိတဲ့အခါရှိ၊ လာနိုင်သည့်အချိန် သင်ပေးနေရသည်ဟု လုပ်အားပေးတက္ကသိုလ်ကျောင်းသူလေးများက ဆိုပါသည်။ အသက်ကြီးနေပြီဖြစ်သဖြင့်သိပ်မမှတ်မိသော်လည်းသင်ထားသမျှတော့လိုက်နိုင်ပြီး စာအနည်းငယ်ဖတ်တတ်လာပါသည်ဟု သင်တန်းတက်နေသူ အမျိုးသမီးကြီးများက ဆိုပါသည်။

စာအံပြီးတော့ မှတ်စုအဖြစ် ဗလာစာအုပ်လေးတွေမှာ ကိုယ်စီရေးမှတ်ကြရသည်။ ဒေါ်လှကြည်တစ်ယောက် ချိတုံချတုံဖြစ်နေတော့ လုပ်အားပေးဆရာမလေးက ပြေးလာကာ ရေးပုံရေးနည်းပြောပြပေးသည်။ ဆရာမလေးပြောပြပေးတာကို နားထောင်ရင်း ဒေါ်လှကြည်တစ်ယောက် ဝါးတားတားဖြစ်လာသည့် စာလုံးလေးများကို မျက်မှောင်ကြုတ်ကြုတ်ဖြင့် ကြိုးကြိုးစားစားရေးနေဆဲပင်ဖြစ်ပါသည်။



Education
7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ပြောင်းလဲခန့်အပ်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၂၆**



ရန်ကုန်တက္ကသိုလ်မှ အဓိပတိလမ်းမနှင့် ဘွဲ့နှင်းသဘင်ခန်းမ

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

လွန်ခဲ့သည့် ပညာသင်နှစ်က ပြန်လည်ဖွင့်လှစ်လိုက်သော ရန်ကုန်တက္ကသိုလ်၏ ပါမောက္ခချုပ်ရာထူးကို တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာအောင်သူအား တာဝန်ထမ်းဆောင်ရန် ပြောင်းလဲခန့်အပ်လိုက်သည်။

ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းကို တောင်ငူတက္ကသိုလ်သို့ ပြောင်းရွှေ့ခန့်အပ်၍ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ်ကို ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ရန် ခန့်အပ်လိုက်ခြင်းဖြစ်သည်။

သမိုင်းအစဉ်အလာကြီးမားသော ရန်ကုန်တက္ကသိုလ်သည် အစိုးရသစ်လက်ထက် ဘွဲ့ကြိုသင်တန်းများ ပြန်လည်ဖွင့်လှစ်ပြီး နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပညာရေးမြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အသစ်သည် ပညာရေးပြုပြင်ပြောင်းလဲရန် သဘောဆန္ဒရှိပြီး ကောင်းမွန်သော အပြောင်းအလဲဖြစ်လာမည်ဟု ပညာရေးအသိုင်းအဝိုင်းက မျှော်လင့်နေကြသည်။

"လက်ရှိပါမောက္ခချုပ်ကတော့ ပြောလို့ဆိုလို့ မရဘူး။ သူကတော့ ပြောလို့ဆိုလို့ရတယ်လို့ ပြောတယ်။ ကျွန်တော်တို့တက္ကသိုလ်ဆရာ၊ ဆရာမအသင်းကိုလည်းပါချုပ်ကလုံးဝအသိအမှတ်မပြုဘူး။ သူကတော့ ဘယ်လိုလာမလည်း စောင့်ကြည့်ရမှာပေါ့။ ဆရာ၊ ဆရာမတွေလည်း အပြောင်းအလဲကို မျှော်လင့်နေပါပြီ" ဟုရန်ကုန်တက္ကသိုလ်ဆရာ၊ဆရာမများအသင်းမှ တာဝန်ရှိသူက ပြောသည်။

အမျိုးသားပညာရေး ဥပဒေကြမ်းနှင့် အဆင့်မြင့်ပညာရေး ဥပဒေကြမ်း ရေးဆွဲမှုတို့တွင် ပါဝင်ဆွေးနွေးဆောင်ရွက်ခဲ့သောဒေါက်တာအောင်သူသည် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)၏ပညာရေးမူဝါဒများနှင့်အယူအဆ နီးစပ်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့နဲ့ အယူအဆ နီးစပ်တယ်။ ကောင်းတဲ့ အပြောင်းအလဲတစ်ခုပါပဲ။ ဒါပေမဲ့ အယူအဆအားကောင်းတဲ့ သူကို ဒီနေရာ ပို့လိုက်တာက ကျွန်မတို့နဲ့ ဝေးအောင်လုပ်လိုက်တာမျိုးဖြစ်မှာတော့ စိုးရိမ်တယ်" ဟု ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက်မှ ဒေါ်သူသူမာက ပြောသည်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်သည် နိုင်ငံတကာပညာရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသော အစီအစဉ်များကို ပိုမိုပီပြင်လာစေရန် လုပ်ဆောင်ရမည်ဖြစ်သလို ရန်ကုန်တက္ကသိုလ်၏ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ရမည်ဖြစ်သည်။

"ကျွန်တော့်မှာ စိတ်ကူး၊စိတ်သန်းတွေရှိပါတယ်" ဟု ပါမောက္ခချုပ် ဒေါက်တာအောင်သူက ဆိုသည်။

ပညာရေးဝန်ကြီးဌာနသည် မိတ္ထီလာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်သင်းကိုလည်း မန္တလေးတက္ကသိုလ်သို့ ပြောင်းလဲတာဝန်ထမ်းဆောင်ရန် ခန့်အပ်လိုက်ကြောင်း မြန်မာနိုင်ငံပြန်တမ်းတွင် ဖော်ပြထားသည်။

# အဆင့်မြင့် ပညာကဏ္ဍပညာရေးမြှင့်တင်မှု နှီးနှောဖလှယ်ပွဲရက်ရွှေ့

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၂၆**

အမျိုးသားပညာရည်မြင့်မားရေးအတွက် အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု လုပ်ငန်းများ အကောင်အထည်ဖော်ရေးနှီးနှောဖလှယ်ပွဲကို မေလပထမပတ်သို့ ရွှေ့ပြောင်းလိုက်သည်။

ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ၌ ကျင်းပမည့် နှီးနှောဖလှယ်ပွဲ၏ အဓိကရည်မှန်းချက်မှာ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် လွှတ်တော်မှ ပြဋ္ဌာန်းလာမည့် အမျိုးသားပညာရေးဥပဒေနှင့် အညီ တက္ကသိုလ်များ၏ အနာဂတ်နှင့် ကိုက်ညီသော အခန်းကဏ္ဍကို ပုံဖော်ရန် ဖြစ်သည်။

ယင်းရည်မှန်းချက်များပြည့်မီရေးအတွက် တက္ကသိုလ်အသီးသီးတွင်ဖွဲ့စည်းရန်ညွှန်ကြားထားသော လုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့က တစ်ဖွဲ့လျှင် စာတမ်းတစ်စောင်စီ ပြုစုပြီး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ ပေးပို့ရန် ညွှန်ကြားခဲ့သည်။

"ပိုမိုထိရောက်တဲ့ ပညာရေးမြှင့်တင်မှုတွေ ဆောင်ရွက်နိုင်အောင် ရက်နောက်ဆုတ်လိုက်တာပါ"ဟု အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)မှ တာဝန်ရှိသူကပြောသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို မေ ၂၈ ရက်မှ ၃၀ ရက်ထိ ကျင်းပပြုလုပ်ရန် ညွှန်ကြားခဲ့ပြီး စာတမ်းများ အချိန်မီတင်ပြနိုင်ရန် အခက်အခဲရှိနေကြောင်း တက္ကသိုလ်ပါမောက္ခချုပ်များက ဝေဖန်ပြောဆိုမှုများရှိခဲ့သည်။

တက္ကသိုလ်များတွင် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဆောင်ရွက်ရန် အဆင့်မြင့်ပညာရေး (တက္ကသိုလ်များစုဖွဲ့ရေး၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေး)၊ စီမံခန့်ခွဲမှုဆိုင်ရာ အရည်အချင်းမြှင့်တင်ရေး၊ ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေးနှင့် စွမ်းဆောင်ရည်အကဲဖြတ်ရေး၊ လက်တွေ့အသုံးချသုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး၊ ပညာရေးဆိုင်ရာ ရုပ်ပတ်ဝန်းကျင်ကောင်းများကြီးကြပ်ဖြည့်ဆည်းရေး၊ သင်ရိုးညွှန်းတမ်း (အဆင့်မြင့်)နှင့် သတင်းအတတ်နည်းပညာနှင့် ဆက်သွယ်ရေး ပညာဟူ၍ လုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့ဖွဲ့စည်းရေး အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)က မေ ၃ ရက် ရက်စွဲဖြင့် ညွှန်ကြားထားခြင်းဖြစ်သည်။

တက္ကသိုလ်အသီးသီးရှိ အဆိုပါလုပ်ငန်းအဖွဲ့များမှ စုစည်းရရှိသော စာတမ်းများကို ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ၌ စာတမ်းပြုစုသူများအားလုံးပါဝင်လျက် စုစည်းပေါင်းစပ်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

MYANMAR-THAILAND
BUSINESS OPPORTUNITIES
The New Era of Myanmar - Thailand
Trade and Investment
THAILAND WEEK 2 0 1 4

နောက်ထပ် စီးပွားရေး နယ်နမိတ် တိုးတက် လာခြင်း

သင်၏ စီးပွားရေး အခွင့်အလမ်းများကို ရယူပြီး ထိုင်းနိုင်ငံမှ
အရည်အသွေးမြင့် စီးပွားရေး လုပ်ငန်းသစ်များ နှင့် ထုတ်ကုန်ပစ္စည်း များကို ရှာဖွေရန်

ဤပြပွဲတွင် သင်တွေ့ရမည့် ကုန်ပစ္စည်းများ၊ ဆောင်ရွက်မှု များ...

- ထိုင်းနိုင်ငံ မှ အရည်သွေးကောင်း လူသုံးကုန်ပစ္စည်းများ နှင့် မျိုးစုံသော စီးပွားရေး ကမ်းလှမ်းချက်များ...

- စိုက်ပျိုးရေး၊ မွေးမြူရေးသုံး ပစ္စည်းကိရိယာများ
- ဆောက်လုပ်ရေးသုံးပစ္စည်းများ ၊ ကုန်မာပစ္စည်းများ နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ
- လျှပ်စစ် ကိရိယာပစ္စည်းများ
- အစားအသောက် နှင့် ဖျော်ရည်မျိုးစုံ
- ဝန်ဆောင်မှု လုပ်ငန်းများ
- ပိတ်သားချည်သား၊ နှင့် ဖက်ရှင် အသုံးအဆောင် ပစ္စည်းများ
- ကျောက်မျက် ရတနာများ
- လက်ဆောင်ပစ္စည်းများ နှင့် တန်ဆာဆင် ပစ္စည်းများ
- ကျန်းမာရေး နှင့် အလှအပ
- အိမ်သုံးပစ္စည်းများ နှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ
- Leather ထုတ်ကုန် များနှင့် ဖိနပ်များ

- စိတ်ဝင်စားဖွယ် ဆောင်ရွက်မှုများ...

- ထိုင်းဟင်းလျာ ချက်ပြုတ်ခြင်း သရုပ်ပြ တင်ဆက်မှု
- ထိုင်းသစ်သီးများ အရသာမြည်းစမ်းကြည့်ခြင်း



အကြီးမားဆုံး ထိုင်း လူသုံးကုန်ပစ္စည်း ကုန်စည်များ
နှင့် ထိုင်းနိုင်ငံမှ စီးပွားရေး လုပ်ငန်းသစ် များ ပြပွဲ
၂၀၁၄၊ မေလ၊ (၂) ရက်နေ့ မှ (၆) ရက်နေ့အထိ
၂၀၁၄၊ မေလ၊ (၂) ရက်နေ့ မှ (၃) ရက်နေ့အထိ : ဧည့်သည် ကုန်သည်များ အတွက်သာ
၂၀၁၄၊ မေလ၊ (၄) ရက်နေ့ မှ (၆) ရက်နေ့အထိ : အများပြည်သူများ အတွက်

၂၀၁၄၊ မေလ၊ (၂) ရက်နေ့ မှ (၆) ရက်နေ့အထိ
နေရာ : တပ်မတော် ခန်းမ၊ ရန်ကုန်မြို့။

Organized by
DITP

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ညနေပိုင်း သင်တန်း လျှောက်လွှာခေါ်ယူ

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၂၆**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနကဖွင့်လှစ်သောညနေပိုင်းနိုင်ငံခြားဘာသာစကား သင်တန်းများအတွက် မေလ ၉ ရက်နောက်ဆုံးလျှောက်ထားနိုင်ကြောင်း ကြေညာထားသည်။

မြန်မာနိုင်ငံသားများအတွက် တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း နှင့် နိုင်ငံခြားသားများအတွက် မြန်မာဘာသာသင်တန်းကို ညနေ ၅ နာရီ ၂၀ မိနစ်မှ ၇ နာရီ ထိ သင်ကြားပို့ချသွားမည်ဖြစ် သည်။

နိုင်ငံခြားဘာသာစကား သင်တန်းများအတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများတက်ရောက်နိုင်မည်ဖြစ်ပြီး မေလ ၆ ရက်တွင် လျှောက်လွှာများစ တင်လက်ခံသွားမည်ဖြစ်ကြောင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ သိရသည်။

"အင်္ဂလိပ်ဘာသာအတွက်ကသတ်မှတ်ထားတဲ့သင်တန်းသားဦးရေပြည့်တဲ့ရက်မှာ လျှောက်လွှာပိတ်မှာပါ။ အင်္ဂလိပ် ဘာသာသင်တန်းတက်ချင်တယ်ဆိုရင်တော့ စောစောလာပြီး လျှောက်လွှာတင်ထားမှ စိတ်ချရမှာပါ" ဟု ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ညနေပိုင်းသင်တန်းများ လျှောက်ထားရန် တက္ကသိုလ် ဝင်စာမေးပွဲအောင်လက်မှတ်(သို့) အမှတ်စာရင်း(သို့) ဘွဲ့လက်မှတ်မူရင်းနှင့် မိတ္တူ၊ဓာတ်ပုံ သုံးပုံတို့ဖြင့် သင်တန်းတက်ရောက်မည့်သူကိုယ်တိုင်လျှောက်ထားရမည်ဖြစ်သည်။

## ပညာရေးလွှတ်လပ်ခွင့်ပေးရေးဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၂၆**

ပညာရေးဆုံးဖြတ်ခွင့်အတွက်ဗဟိုချုပ်ကိုင်မှု လျှော့ချရေး (Decision Making in Education: Centrali–zation Vs Decentralization) ဆွေးနွေးပွဲကို ဇွန်လပထမပတ်တွင် ကျင်းပပြုလုပ်ရန် စီစဉ်ထားကြောင်း ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)မှ သိရသည်။

ကုလသမဂ္ဂပညာရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (UNESCO)၊ အမေရိကန်သံရုံးနှင့်အာရှပစိဖိတ်ဒေသဖောင်ဒေးရှင်းတစ်ခုတို့မှ ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များသည် မြန်မာနိုင်ငံ၏ပညာရေးလွတ်လပ်ခွင့်အတွက် ဆွေးနွေးကြမည်ဖြစ်သည်။

"ပညာရေးလွတ်လပ်ခွင့်နဲ့ပတ်သက်တာတွေ ဆွေးနွေးကြမှာပါ။ ပညာရေးကို ဘယ်သူတာဝန်ယူမလဲပေါ့။ အစိုးရအနေနဲ့ ဗဟိုချုပ်ကိုင်မှုတွေ ဖြေလျှော့ပေးသင့်နေပြီဆိုတာ ထပ်မံတိုက်တွန်းလိုတာပါ။ ပညာရေးနယ်ပယ်အနေနဲ့လည်း ဗဟိုချုပ်ကိုင်မှု လျှော့ချရေးအတွက် ဘယ်လိုလုပ်ကိုင်ရမလဲဆိုတာ ဆွေးနွေးမှာပါ"ဟု ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်မှ ဒေါ်သူသူမာက ဆိုသည်။

ဗဟိုချုပ်ကိုင်မှုစနစ်ကို ဦးတည်နေသော ပညာရေးဥပဒေများကို မလိုလားသူများအနေဖြင့် အဆိုပါ ပညာရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် ဖိတ်ခေါ်ထားပြီး ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ကြားရန် စီစဉ်ထားကြောင်း သိရသည်။

အစိုးရမဟုတ်သော ပညာရေးအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဖွဲ့စည်းထားသော ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်သည် စာမေးပွဲစနစ်ပြုပြင်ပြောင်းလဲရေးနှင့် တိုင်းရင်းသားဘာသာစကား သင်ကြားမှုဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ထားပြီးဖြစ်သည်။

## တရုတ်တက္ကသိုလ်မဟာဘွဲ့ ပညာသင်ဆုလျှောက်နိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၂၆**

အာရှအနာဂတ်ခေါင်းဆောင် ပညာသင်ဆုအစီအစဉ်ဖြင့် တရုတ်နိုင်ငံရှိ ZHEJANG UNIVE–RSITYတွင်မဟာဘွဲ့ပညာသင်ယူရန် မြန်မာကျောင်းသားများ မေလကုန်နောက်ဆုံး လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

ပညာသင်ဆုအစီအစဉ်အတွက် ၂ နှစ်ကြာမြင့်မည့် ပြည်သူ့စီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းကို တက်ရောက်ရမည်ဖြစ်ပြီးအကယ်ဒမစ်ပညာရေးမှတ်တမ်းကောင်းရှိသော အသက် ၄၀ အောက်အရွယ် ဒီဂရီဘွဲ့ရရှိထားရန် သတ်မှတ်ထားသည်။

တရုတ်နိုင်ငံတက္ကသိုလ်တွင် မဟာဘွဲ့သင်တန်းကို အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားပို့ချမည်ဖြစ်ပြီး နေထိုင်စားသောက်စရိတ်၊ ကျောင်းလခနှင့် ကျန်းမာရေးအာမခံများကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

မြန်မာကျောင်းသားများအနေဖြင့် အာရှဒေသမှ ကျောင်းသားများနှင့် အပြိုင်ပညာသင်ဆုလျှောက်ထားရမည်ဖြစ်ပြီး ပညာသင်ဆုရွေးချယ်ခံရပါက အချိန်ပိုင်း(သို့) အချိန်ပြည့်အလုပ်လုပ်ခြင်းကို ကန့်သတ်ထားသည်။

အာရှဒေသမှ လူငယ်များအကြား ယဉ်ကျေးမှု၊ နားလည်မှု၊ ယုံကြည်မှုများ မြှင့်တင်ရန် ရည်ရွယ်ဆောင်ရွက်ထားသော ပညာသင်ဆုအစီအစဉ်ကို www.iczu.edu.cn တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။


日本財団 THE NIPPON FOUNDATION

The Nippon Foundation, a Japanese philanthropic organization engaged in humanitarian assistance and supporting conflict-affected communities in Myanmar, is seeking ...

**National Programme Officers**

to implement its programmes in support to conflict-affected communities in the states of the ethnic minorities.

**Qualifications/attributes:**

- Graduate with a bachelors degree
- 3 years experience in humanitarian/development programme implementation with community based organization, Government or National/International NGO
- Experience in programme planning, associated logistics management and programme M&E
- Professional capacity to work through English and Myanmar language
- Capacity to work in a multi-ethnic, multi-cultural environment
- Commitment to peacebuilding in Myanmar

**Working conditions:**

- Competitive salary and working conditions
- Operating primarily in Yangon with regular trips to other States
- Employment may be through a recruitment agency

For any query and getting Application format, send e-mail to : thenipponfoundation@j-sat.jp

Please send the Application together with CV and relevant certificates/recommendations to the following address not later than 9th May 2014.

Recruitment for The Nippon Foundation c/o J-SAT General Service Co.,Ltd.

J-SAT General Service Co.,Ltd. The Nippon Foundation Project

Room No.501, 5th floor,Sakura Tower, No.339, Bogyoke Aung San Road, Kyauktada T/S, Yangon, Myanmar

Ph:09-254262057、09-73105273






**VACANCY ANNOUNCEMENT**

Fascinating Myanmar Travels & Tours Co., Ltd. is looking for enthusiastic personnel with a good knowledge and passion for selling Myanmar as a top destination to our clients.

**Sales Manager M/F (1) Post**

Position requirement for direct sales, customer service, and organizing travel itineraries:

- Age between 30 and 35
- Minimum degree from university
- At least (3) year experience in tourism field
- Strong sales and excellent customer service
- Excellent command of written and spoken English

**Operation Executive M/F (1) Post**

Position Requirement for tour operation handling, hotel and ticket bookings:

- Age between 20 and 25
- Minimum degree from university
- At least (1) year experience in tourism field
- Experience in hotel bookings, ticketing is a plus

Candidates who are independent and can work in a team spirit with above qualifications are invited to submit updated CV with one recent photo, copy of NRC Card, Labor registration card, copy of certificates no later than (15.5.2014).

CONTACT: No (497), Diamond Condo E, First Floor, Pyay Road, Kamaryut Township, Yangon. Ph:01 512887

# အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ကို လုပ်သားအင်အား ၅၀ ရာခိုင်နှုန်း ထပ်ဖြည့်ဖွဲ့

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၂၇**

လုပ်သားအင်အား ၅၀ ရာခိုင်နှုန်း ထပ်မံဖြည့်တင်း၍ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ကို မေ ၂၇ ရက်တွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ယာယီဥက္ကဋ္ဌ ဦးအောင်လင်းကပြောကြားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်အနေဖြင့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် ယခင်ကထက် ပိုမိုခိုင်မာကျစ်လျစ်စွာ ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများဖြစ်ပေါ်ပါက အစိုးရက ပါဝင်ဖြေရှင်းရာတွင် ဥပဒေအပေါ် လေးစားလိုက်နာမှုမရှိသည့် အလုပ်ရှင်များကို အရေးယူဆောင်ရွက်မှုအပိုင်း အားနည်းလျက်ရှိ၍ ခိုင်မာအားကောင်းလာမည့် ဥပဒေများ ပေါ်ထွက်လာရန် အဆိုပါအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်ကတိုက်တွန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

လက်ရှိ အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုအများစုမှာ အခြေခံလုပ်ခလစာနည်းပါး၍ လစာတိုးမြှင့်ပေးရန်နှင့် ဥပဒေအရ သတ်မှတ်ထားသည့် ခွင့်ရက်မရရှိခြင်းစသည့်အလုပ်သမားများရရှိမည့် ခံစားခွင့်တို့ အပြည့်အဝ မရရှိကြသေးသောကြောင့် တောင်းဆိုဆန္ဒပြမှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

"လတ်တလောကတော့ အလုပ်ရှင်တွေနဲ့ ညှိနှိုင်းလို့ရတဲ့ အဆင့်တော့ ရောက်လာပါပြီ။ ညှိရုံဆိုရုံလောက်ပါပဲ။ သူတို့ဘက်က လုပ်ပေးမယ်ဆိုပြီး မပေးတာမျိုးတော့ ရှိနေသေးတယ်။ ဥပဒေခံစားခွင့်တွေမှာ ပြဿနာတက်နေတုန်းပဲ။ ခိုင်မာတဲ့ဥပဒေပေါ်ဖို့က အဓိကပါပဲ"ဟု လှိုင်သာယာစက်မှုဇုန်အတွင်းရှိ နယူးဝေးဖိနပ်စက်ရုံ အလုပ်သမား သိန်းဇော်ဦးက ပြောသည်။

မေ ၂၆ ရက်နှင့် ၂၇ရက်တို့တွင် နှစ်ရက်ကြာကျင်းပပြုလုပ်ခဲ့သည့် အလုပ်သမားညီလာခံ၌ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် ပန်းချီလုပ်သားသမဂ္ဂမှ ဦးအောင်လင်း၊ ဒုဥက္ကဋ္ဌအဖြစ် ပုသိမ်မြို့ရှိ အေသုံးလုံး ဘိလပ်မြေစက်ရုံမှ ဦးမျိုးသန့်နှင့် PMG အရက်ချက်စက်ရုံမှ ဦးထွန်းဝေတို့ဖြစ်ပြီး အတွင်းရေးမှူး သုံးဦး၊ အမှုဆောင်အဖွဲ့ဝင် ၂၀ဦး စုစုပေါင်း ကော်မတီအဖွဲ့ဝင် ၂၆ ဦးပါဝင်သည်။

ယခင် အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်တွင် အလုပ်သမားအဖွဲ့ အစည်းပေါင်း ၁၀၀ ကျော်သာ ပါဝင်ခဲ့ပြီး ယခုအခါ အလုပ်သမားအဖွဲ့အစည်းပေါင်း ၁၅၀ ခန့်ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။




*အလုပ်သမားသမဂ္ဂကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးစဉ်* ဓာတ်ပုံ – ကျော်ဇင်သန်း

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
အထက်တန်းစာရေးမ (၂) ဦး
၉ တန်းအောင် (သို့) ၁၀ တန်း၊ (၂၅) နှစ်အောက်၊ P/P ကာလာဓာတ်ပုံ တစ်ပုံနှင့် ကိုယ်ရေးရာဇဝင် အချက်အလက်အပြည့်အစုံနှင့် လျှောက်ထားရမည်။ ရန်ကင်း၊ မြောက်ဒဂုံ၊ တောင်ဥက္ကလာပ၊ တာမွေမြို့နယ်များကို ဦးစားပေးမည်။ လစာ–ရှစ်သောင်းကျပ်။
ဖုန်း–၀၉ ၃၁၃၁၄၁၀၇

---

**ဝန်ထမ်းအလိုရှိသည်**
Media Assistant (ကျား/မ – ၁ ဦး)၊ ဘွဲ့ရ၊ Microsoft Excel ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊ လူအများနှင့် ပြေလည်စွာ ဆက်ဆံပြီး Team Work ကောင်းရမည်။ လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လိုအပ်သည့် စာရွက်စာတမ်းများဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။
No.(5), Thazin Road, 9 Quarter, Hlaing Yadanar Housing, Hlaing Township, Yangon.
Ph: 09–73152149

---

**ဝန်ထမ်းအလိုရှိသည်**
Sales Supervisor ကျား/မ (၁) ဦး
Sales Representative ကျား/မ (၅) ဦး
Driver(စာသိမ်းယာဉ်မောင်း)ကျား(၂)ဦး
တိုက်–၄၊ အခန်း–၄၂၊ ဒုတိယထပ်၊ ၈ မိုင် လမ်းဆုံ၊မြို့ပြအိမ်ရာတောင်ခြမ်း၊ မရမ်းကုန်း။
ဖုန်း–၀၉ ၇၃၀၇၃၀၉၉

---

**ဝန်ထမ်းအလိုရှိသည်**
Photo Shop ကျွမ်းကျင် မ (၂) ဦး
အလုပ်သင်ဝန်ထမ်း မ (၅) ဦး
ဖုန်း–၀၉ ၃၁၀၅၅၇၉၃

**ဝန်ထမ်းအလိုရှိသည်**
Office Staff မ (၂) ဦး
Driver ကျား (၂) ဦး
မြောက်ဒဂုံ။ ဖုန်း–၀၉ ၄၂၀၂၈၅၄၈၄

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းစာရေးမ (၅) ဦး
အထွေထွေလုပ်သား (၁၀) ဦး
ဖုန်း–၀၉ ၇၃၁၉၈၂၆၆

---

**ဝန်ထမ်းအလိုရှိသည်**
Brand Ambassador (5) Posts
ရုပ်ရည်သန့်ပြန့်ချောမောပြေပြစ်ရမည်၊ ၁၀ တန်းအောင်၊ ဘွဲ့ရ၊ လစာကောင်းကောင်းပေးမည်။
Media Power Co.,LTD.
ဖုန်း–၀၉ ၄၂၁၀၂၉၈၆၁

---

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ် (ကျွမ်းကျင်) ကျား (၂) ဦး
Hairwork Barber Shop
(အမျိုးသား အဆင်မြင့်ဆံပင်ညှပ်ဆိုင်) နယ်မှာ နေထိုင်သူများ လျှောက်ထားရန်မလိုပါ) ဖုန်း–၀၉ ၅၁၁၃၈၂၅

---

**ဝန်ထမ်းအလိုရှိသည်**
၁၀ တန်းအောင် ကျား (၂) ဦး
အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်း။ ရေခဲသေတ္တာနှင့် ပတ်သက်သော စက်ပစ္စည်းများ Cleaning & Maintenance လုပ်ရန် သင်ကြားပေးမည်။ လစာ ခုနစ်သောင်း။ ဖုန်း–၀၉ ၇၃၁၈၁၈၀၅

---

**ဝန်ထမ်းအလိုရှိသည်**
Project Manager M (1) Post
Project Engineer M (3) Posts
3 to 5 years working experience.
ME/BE/B.Tech/G.T.I
http://www.gewarzoe.com
gewarzoe@gmail.com
PH:09 250374120

---

**ဝန်ထမ်းအလိုရှိသည်**
**စာရင်းစစ်လုပ်ငန်း**
Auditor M/F (3)
Assistant Auditor(Senior) M/F (3)
Assistant Auditor (Junior) M/F (5)
ကျွမ်းကျင်ယာဉ်မောင်း M (2)
အမှတ် ၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
PH:01 657830

---

**ဝန်ထမ်းအလိုရှိသည်**
မန်နေဂျာ ကျား (၁) ဦး
ရုံးဝန်ထမ်း ကျား (၂) ဦး
အထွေထွေဝန်ထမ်း ကျား (၁) ဦး
ယာဉ်မောင်းကျွမ်းကျင် ကျား (၃) ဦး
ဖုန်း–၀၉ ၇၃၀၂၇၇၃၃

---

**ဝန်ထမ်းအလိုရှိသည်**
**မင်းဇာနည်ရေလုပ်ငန်း**
**ကုမ္ပဏီလီမိတက်**
အတွင်းရေးမှူး မ (၁) ဦး
စာရင်းကိုင်ချုပ် ကျား (၁) ဦး
Email–mzn.ygn@gmail.com
ဖုန်း–၉၅၁–၆၈၄၁၈၁

---

**ဝန်ထမ်းအလိုရှိသည်**
လုံခြုံရေးဝန်ထမ်း ကျား (၃၀) ဦး
MANS SECURITY AGENCY တွင် တာဝန်ထမ်းဆောင်ရန်။ အသက် (၁၈) နှစ်မှ (၅၀) နှစ်အတွင်း၊ အခြေခံပညာအလယ်တန်းအဆင့် အစမ်းခန့် သုံးလအတွင်း ကျပ်ခုနစ်သောင်း။
ဖုန်း–၀၉ ၇၃၀၆၄၂၉၈

**ဝန်ထမ်းအလိုရှိသည်**
Waiter M/F (2) Posts
Cashier M/F (2) Posts
Supervisor M/F (2) Posts
Golden Air PH:09 5181456

---

**ဝန်ထမ်းအလိုရှိသည်**
Sales Executive M/F (3) Posts
Graphic Designer M (2) Posts
Office Assistant M/F (2) Posts
Public Relation Assistant M/F (1) Posts
လုံခြုံရေး M (3) Posts
ယာဉ်နောက်လိုက် M (3) Posts
Chief Accountant F (1) Posts
ဖုန်း–၀၁ ၅၀၂၉၀၁၊ ဖက်စ်–၀၁၅၀၂၉၀၇

---

**ဝန်ထမ်းအလိုရှိသည်**
Hotel Shwe Gone Daing
Waiter M (5) Posts
Room Attendant M/F (4) Posts
Laundry Supervisor M (3) Posts
Email:monyeekyaw@gmail.com
PH:01 552583

---

**အလိုရှိသည်**
မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် Int'l သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများအလိုရှိသည်။
အသက် (၄၀) နှစ်အောက်။
ဖုန်း–၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း မ (၁၀) ဦး
ပညာအရည်အချင်း – အခြေခံပညာအထက်တန်းအောင်၊ ရုပ်ရည်ပြေပြစ်၊ အရောင်းစိတ်ဝင်စားသူ၊ အပြောအဆိုယဉ်ကျေးသွက်လက်ရမည်။
ဖုန်း–၀၁ ၅၇၂၁၈၆

**အလိုရှိသည်**
Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေရန် (အချိန်ပိုင်း)၊ အလုပ်သမားအလိုရှိသည်။ အသက် (၃၀)အောက်၊ Vinyl ရိုက်ဖူးသူ။
ဖုန်း–၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**
Receptionist (၄) ဦး
ဆေးခန်းအကူ (၆) ဦး
သန့်ရှင်းရေးဝန်ထမ်း (၄) ဦး
လုံခြုံရေးဝန်ထမ်း (၄) ဦး
Driver (၂) ဦး
ဖုန်း–၀၉ ၉၁၀၅၅၀၉၂

---

**ဝန်ထမ်းအလိုရှိသည်**
Brand Ambassador (5) Posts
ရုပ်ရည်သန့်ပြန့်ချောမောပြေပြစ်ရမည်၊ ၁၀ တန်းအောင်၊ ဘွဲ့ရ၊ လစာကောင်းကောင်းပေးမည်။
Media Power Co.,LTD.
ဖုန်း–၀၉ ၄၂၁၀၂၉၈၆၁

---

**အလိုရှိသည်**
ယာဉ်မောင်းအလိုရှိသည်
ယာဉ်မောင်း သက်တမ်း ငါးနှစ်ခန့်ရှိသည်။ အင်္ဂလိပ် စကားပြောနိုင်ရမည်။ လိုအပ်ပါက နယ်ခရီးဝေးမောင်းနိုင်ရမည်။ ဖုန်း–၀၉ ၃၁၀၅၆၆၇၄

---

**ဝန်ထမ်းအလိုရှိသည်**
Caisher (ကွန်ပျူတာ) ကျား (၃) ဦး
Waiter ကျား (၃) ဦး
ဓားကိုင် ကျား (၃) ဦး
အကြော်ဆရာ ကျား (၃) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၃) ဦး
ညစောင့် ကျား (၃) ဦး
သန့်ရှင်းရေး ကျား (၃) ဦး
ဖုန်း–၀၉ ၃၁၂၇၆၃၅၃

---

**ဝန်ထမ်းအလိုရှိသည်**
လက်မနည်း/ စင်တီမီတာ နည်းဖြင့် စက်ချုပ်ကျွမ်းကျင် အမြန်အလိုရှိသည်။
ဖုန်း–၀၉ ၇၃၁၃၉၄၈၃

---

**အလိုရှိသည်**
ယာဉ်မောင်းများ အလိုရှိပါသည်။ ပြည်တွင်းကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်ရန် မော်တော်ယာဉ်မောင်းများ အမြန်အလိုရှိသည်။ ဖုန်း–၀၉ ၃၁၀၆၆၈၉၁

---

**ဝန်ထမ်းအလိုရှိသည်**
ရုံးဝန်ထမ်း မ (၂) ဦး
ယာဉ်မောင်း ကျား (၂) ဦး
Myanmar Power Generator Co.,Ltd.
PH:01 591127

---

**ဝန်ထမ်းအလိုရှိသည်**
စာရင်းကိုင် မ (၂) ဦး
လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
ဖုန်း–၀၁ ၅၈၀၅၅၀

---

**ဝန်ထမ်းအလိုရှိသည်**
Basic, DTP, Graphic, Advanced Excel ပြသပေးနိုင်သော အချိန်ပိုင်း ဆရာမ (၅) ဦး အလိုရှိသည်။
ဖုန်း–၀၉ ၂၅၀၆၄၁၀၇၄

---

**ဝန်ထမ်းအလိုရှိသည်**
Spa ကျွမ်းကျင်ဝန်ထမ်း မ (၃) ဦး
ဖုန်း–၀၉ ၂၅၄၁၃၄၅၃၁

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# တောင်ကိုရီးယားတစ်နိုင်ငံလုံးကို စိတ်ဒဏ်ရာရစေသော သင်္ဘောနစ်မြုပ်မှု ကြမ္မာဆိုး



REUTERS

**တောင်**ကိုရီးယားနိုင်ငံ ဂျယ်ဂျူးကျွန်း၏ အဓိကလမ်းမကြီးပေါ်မှာ အဝါရောင်လိုင်းများက မျဉ်းသားထားသည့်နှယ်။ ကားလမ်းတစ်လျှောက် ခြောက်ပေအကွာတိုင်းမှာချည်နှောင်ထားသော အဝါရောင်ဖဲကြိုးများကဖြတ်သန်းသွားသည့် ကားများမှ လေတိုးဇွေ့တိုင်း ဝဲလွင့်နေကြသည်။ ဂျယ်ဂျူးကျွန်းပေါ်က အာဆန်မြို့ရှိ ဒန်ဝန်း အထက်တန်းကျောင်းမှာတော့ ကျောင်းတံခါးဂိတ်များမှာ အဝါရောင်ဖဲကြိုးလေးများကိုချည်နှောင်ထားသည်။ ထိုကျောင်းမှ အငယ်တန်း ကျောင်းသားသုံးပုံတစ်ပုံခန့်မှာဧပြီ ၁၆ ရက်ကဂျယ်ဂျူးကျွန်းအနီး ဆီဝိုးလ် (Sewol) ကူးတို့သင်္ဘော နစ်မြုပ်မှုတွင် သေဆုံးခဲ့သည်။

သင်္ဘောနစ်မြုပ်ခဲ့ရာ ဂျယ်ဂျူးကျွန်းကျောင်းသားတို့ နေထိုင်ရာ အာဆန်မြို့တွင်သာမကပါ သင်္ဘောနစ်မြုပ်ရာမှ သေဆုံးခဲ့သူတို့အတွက် ဝမ်းနည်း ကြေကွဲခြင်း အဝါရောင်ဖဲကြိုးများက ကိုရီးယားတစ်နိုင်ငံလုံးကိုဖုံးလွှမ်းနေပါသည်။ ယခုအချိန်ထိ ဆီဝိုးလ်သင်္ဘောနစ်မြုပ်မှုကြောင့် သေဆုံးသူ ၃၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားသည်။ အချို့မှာ အလောင်းပြန်ရပြီး ထက်ဝက်ကျော်လောက်မှာ မရသေးဘဲ ရှာဖွေနေကြဆဲဖြစ်သည်။

ကြေကွဲဝမ်းနည်းနေသော နိုင်ငံတစ်ဝန်းမှ ပြည်သူတွေက အိမ်များ၊ ကျောင်းများမှာ ဖဲကြိုးအဝါတွေ ချည်ထားကြသလို သင်္ဘောနစ်မြုပ်မှုအကြောင်း တင်ဆက်နေသော ရုပ်သံအစီအစဉ်များ၏ ဖန်သားပြင်မှာလည်း ဖဲကြိုးဝါလေးများက နာရီဝက်တစ်ခါ ပေါ်လာနေကြသည်။

ဖေ့စ်ဘွတ်ခ်၊ တွစ်တာစသော အင်တာနက်လူမှု စာမျက်နှာများမှာလည်း ကိုရီးယား ပြည်သူများက အဝါရောင်ဖဲကြိုးများဖြင့် ဝမ်းနည်းယူကျုံးမရမှုများကို တင်ထားကြပါသည်။ အများစုက ကူးတို့သင်္ဘောနစ်မြုပ်မှုတွင် အသက်ဆုံးရှုံးကြသူများကို ဝမ်းနည်းစွာ တောင်းပန်ထားကြသည်။

"ခွင့်လွှတ်ကြပါ။ ရှင်တို့ကို လာရောက်မကယ်ဆယ်နိုင်တဲ့အတွက် တောင်းပန်ပါတယ်"

သင်္ဘောနစ်မြုပ်မှုကြောင့် သေဆုံးသူအများစုမှာ ငယ်ရွယ်သူ အထက်တန်းကျောင်းသားများဖြစ်ကြပြီး ကိုရီးယားနိုင်ငံ ယဉ်ကျေးမှုအရ မိသားစုပတ်ဝန်းကျင် အသိုင်းအဝိုင်းက သဲသဲလှုပ်အရေးပေးကြသည့် အရွယ်လေးများဖြစ်ကြသည်။ ဒန်ဝန် အထက်တန်းကျောင်း၏ ထုံးစံအရ ကောလိပ်ဝင်ခွင့်မဖြေဆိုမီ လေ့လာရေးခရီးထွက်ကြလေ့ရှိသည်။ ဆီဝိုးလ်သင်္ဘောနှင့်လိုက်ပါပြီး လေ့လာရေးထွက်မိသည့် ဆယ်ကျော်သက်ကျောင်းသားလေးများ အတွက်တော့ ကြမ္မာဆိုးကြုံရခြင်းပင်ဖြစ်သည်။

နစ်မြုပ်နေသည့် သင်္ဘောကနေ လာရောက်ကယ်ဆယ်ကြဖို့ ပထမဆုံးအရေးပေါ် အကူအညီတောင်းခံသူမှာ ဒန်ဝန်းကျောင်းမှ အသက် (၁၇) နှစ်အရွယ် ကျောင်းသားလေး ချိုင်ဒေါက်ဟွာ ဖြစ်သည်။

"ကျွန်တော်တို့ကို လာကယ်ကြပါ။ ကျွန်တော်တို့ သင်္ဘောပေါ်မှာပါ။ သင်္ဘောမြုပ်နေပါပြီ" ဟူ၍ဖြစ်သည်။

သူက အရေးပေါ်ဌာနသို့ အကြောင်းကြားခဲ့၏။ အခြားသင်္ဘောပေါ်မှ လူကြီးများက အရေးပေါ်ကိုခေါ်ဖို့ သတိမရခဲ့ကြ။ အဆိုပါကျောင်းသားလေး ချိုင်ဒေါက်ဟွာကိုလည်း ကယ်ဆယ်ရေးသမားများက ယခုထိရှာမရသေး။ သေဆုံးသွားပြီဟု ယူဆကြသည်။

အဆိုးရွားဆုံး အချက်ကတော့ သင်္ဘောရေယာဉ်မှူး ဦးဆောင်သော သင်္ဘောသားများက သင်္ဘောကို ပထမဆုံးစွန့်ခွာကိုယ်လွတ်ရုန်းခဲ့ကြသည်။ ကျောင်းသားလေးများအသက်ကယ်အင်္ကျီများဝတ်ကာ သင်္ဘောအခန်းများထဲ ပိတ်မိနေချိန်တွင် ရေယာဉ်မှူးက ကယ်ဆယ်ရေး သင်္ဘောပေါ်သို့ ခုန်တက်သွားခဲ့သည်။

**တရားခံဘယ်သူလဲ**

နစ်မြုပ်ခဲ့သည့် ဆီဝိုးလ်ကူးတို့သင်္ဘောမှာ ဂျပန်နိုင်ငံမှ အသုံးပြုပြီးသားသင်္ဘောဟောင်းကိုမွမ်းမံထားသော သင်္ဘောတစ်စီးဖြစ်သည်။ စုံစမ်းစစ်ဆေးသူတို့၏ အဆိုအရ ကိုရီးယားသင်္ဘောကုမ္ပဏီက ခရီးသည်ပိုမိုတင်နိုင်ရန်အတွက် တတိယထပ်၊ စတုတ္ထထပ်များတွင် အခန်းများ ပိုတိုးချဲ့ပြုပြင်ခဲ့သည်ဟု သိရသည်။ တိုကျိုတက္ကသိုလ်မှ ရေကြောင်းပါမောက္ခ ယုတကာ ဝါတာနာဘေကက "သူတို့က ဂျပန်က သင်္ဘောအဟောင်းကိုဝယ်၊ အခန်းတွေထပ်ထည့်၊ ထပ်ထည့်တဲ့ အခန်းတွေက သင်္ဘောဦးပိုင်းမှာ ရှိတယ်။ အဲဒီတော့ သင်္ဘောက နဂိုကလို ဘက်မညီဘဲ နစ်မြုပ်ခဲ့တာ" ဟု ပြောကြားသည်။

သတင်းဌာန အချို့ကမူ သင်္ဘောနစ်မြုပ်ရာနေရာသည် ရေစီးကြောင်းများ အလွန်ကျပ်သည့်နေရာဖြစ်ပြီး ထိုရေကြောင်းကို အတွေ့အကြုံမရှိသည့် တတိယ ရေယာဉ်မှူးကပဲ့ကိုင်ခဲ့သဖြင့် ယခုကဲ့သို့ နစ်မြုပ်ခဲ့ရခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ထို့အပြင် နစ်မြုပ်နေသည့် သင်္ဘောပေါ်မှ ခရီးသည်များကို ကယ်ဆယ်သည့် ကိုရီးယားကမ်းခြေစောင့်တပ်၏ အရည်အသွေးကလည်း အတော်ညံ့ဖျင်းသည်ဟု ဆိုသည်။ ကယ်ဆယ်ရေးသင်္ဘောများ နောက်ကျခဲ့သည့်အတွက် အနီးဝန်းကျင်မှ ငါးဖမ်းသင်္ဘောများက ကယ်ဆယ်ခဲ့ရသည်။ ငါးဖမ်းသမားတစ်ဦးက သူ၏စက်လှေမှာ သေးနေသဖြင့် လူအတော်များများကို မကယ်နိုင်ဘဲ ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။ ရုပ်မြင်သံကြားသတင်းများတွင် သင်္ဘောကတစ်ဖက်တွင် နစ်မြုပ်နေချိန် ကယ်ဆယ်ရေးတပ်သားများကသင်္ဘောပဲ့ပိုင်းကို ရောက်နေသော သင်္ဘောသားများကိုသာ ကယ်ဆယ်နိုင်ခဲ့သည်ကို လူတွေက မြင်တွေ့ကြရသည်။

"အခုလို မြင်လိုက်ရတော့ တောင်ကိုရီးယားအစိုးရမှာ ကယ်ဆယ်ရေးရော၊ နိုင်ငံသားတွေကို ကာကွယ်ပေးမယ့် ဘေးကင်းရေးအစီအမံတွေရော ဘာမှမရှိဘူးဆိုတာ ပြနေတယ်။ ဒီဆီဝိုးလ်သင်္ဘောမြုပ်တာက အစိုးရအဖွဲ့အစည်းတွေကြားမှာ အကျင့်ပျက်ခြစားအသုံးမကျတာတွေရဲ့ သာဓကပဲ။ နိုင်ငံမှာ ဒါတွေပြင်ဖို့ လိုနေပြီ" ဟု ကျောင်ဟီးတက္ကသိုလ် ပါမောက္ခ စင်သီယာရိုက ပြောကြားသည်။

သင်္ဘောနစ်မြုပ်ချိန်တွင် ခရီးသည်များ၏ လွတ်မြောက်ရေးကို တာဝန်မယူဘဲ ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့သော ရေယာဉ်မှူးနှင့် သင်္ဘောသား ၁၄ ဦးကို တောင်ကိုရီးယားအစိုးရက ဖမ်းဆီးထားသည်။ သင်္ဘောနစ်မြုပ်မှုကို ဦးဆောင်စစ်ဆေးနေသော အဖွဲ့ယန် ဂျွန်ဂျင်က "သင်္ဘောကို စွန့်ခွာပြီး လူတွေကို သေစေတာ။ နိုင်ငံရဲ့ ရေကြောင်းဥပဒေကယ်ဆယ်ရေးနဲ့ ကူညီရေးဥပဒေ၊ မြစ်ကြောင်း ဥပဒေတွေအရ သူတို့ကို အရေးယူအပြစ်ပေးသွားမယ်" ဟု ပြောကြားသည်။

**တာဝန်ယူရဲသူ**

သင်္ဘောနစ်မြုပ်မှုမှာရော ကယ်ဆယ်ရေးမှာပါ ပေါ့ဆခဲ့သည့်အတွက်လူအမြောက်အမြားသေဆုံးခဲ့ရ၍ ကြေကွဲဝမ်းနည်းနေသော လူအများ၏ ဒေါသက အစိုးရတာဝန်ရှိ သူများထံ စုပြုံရောက်ရှိသွားပါသည်။

သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရဝန်ကြီးများမှာ ကြေကွဲသူပြည်သူလူထု၏ ဒေါသကြီး အပြစ်တင်ခြင်းကို ခံနေရသည်။ ထို့အတွက် ဧပြီ ၂၈ ရက်တွင် ဝန်ကြီးချုပ် ချွန်ဟွန်ဝန်က တာဝန်ယူသည့်အနေဖြင့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကြောင်း တိုင်းပြည်ကို ကြေညာခဲ့သည်။

"ကျွန်တော့်အနေနဲ့ ဒီမတော်တဆမှုကို မဖြစ်အောင် မတားဆီးနိုင်ခဲ့တဲ့ အတွက်ရော၊ ဖြစ်ပျက်ပြီးနောက် သင့်တော်စွာ မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်။ ဝန်ကြီးချုပ်တစ်ယောက်အနေနဲ့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ကျွန်တော်နုတ်ထွက်ပါတယ်"

သို့သော်လည်း သေဆုံးသူများ၏ မိသားစုဝင်များက ကျေနပ်ခြင်းမရှိသေးပါ။ ဝန်ကြီးချုပ်ထက်ပိုပြီး တာဝန်ရှိသူ အမျိုးသမီး သမ္မတ ပတ်ဂွန်ဟေးလည်း ရာထူးမှနုတ်ထွက်ပေးရမည်ဟု တောင်းဆိုနေကြသည်။ တောင်ကိုရီးယားနိုင်ငံတွင် ဝန်ကြီးချုပ်ထက် သမ္မတက ပိုအရေးပါ အာဏာကြီးသည်။ ထို့ကြောင့် စီမံခန့်ခွဲမှုညံ့သော သမ္မတသာလျှင် နုတ်ထွက်ပေးရမည်ဟု ဆိုသည်။

သင်္ဘောနစ်မြုပ်ရာတွင် စီမံခန့်ခွဲမှု ညံ့ဖျင်းမှုကြောင့် ဝန်ကြီးချုပ် ရာထူးစွန့်သွားခဲ့သလို ကျောင်းသားအများစု သေဆုံးခဲ့သည့် ဒန်ဝန်းအထက်တန်းကျောင်းက ဒုတိယကျောင်းအုပ် မစ္စတာကန်မင်းကြူက အသက်ပါစွန့်သွားခဲ့သည်။ သူက သူ့ကိုယ်သူ သစ်ပင်မှာ ဆွဲကြိုးချ သတ်သေခဲ့သည်။

သူ့အလောင်းအနီး တွေ့ခဲ့ရသော မစ္စတာကန်မင်းကြူ၏ ပိုက်ဆံအိတ်ထဲမှ စာရွက်တစ်ခုတွင် "အဆိုပါခရီးစဉ်ကို စီစဉ်သူဖြစ်ပြီး ကျောင်းသား ၂၀၀ ကျော် ပျောက်နေတဲ့ ဘဝမှာ အသက်ရှင်နေရတဲ့ အဖြစ်ကို မခံစားနိုင်တော့ဘူး" ဟု ရေးသားခဲ့ကြောင်း ရဲများက ပြောကြားသည်။

ဒုကျောင်းအုပ်သေဆုံးသည့် အဖြစ်က ကြေကွဲစရာတွေ ထပ်ဆင့်လိုက်သလိုပင်။ ယခုရက်များမှာတော့ ကျန်ရစ်ခဲ့သူတွေက ဆယ်ယူရရှိသော အလောင်းများကို အသုဘ အခမ်းအနားကျင်းပဖို့ ပြင်ဆင်နေကြပါပြီ။ သင်္ဘောနစ်မြုပ်ခဲ့သည့် ရေပြင်မှာလည်း ရေတပ်သင်္ဘောများက အသက်ရှင်ဖို့ မျှော်လင့်ချက်မရှိတော့သည့် ပျောက်ဆုံးသူများ၏ အလောင်းကို ရှာဖွေနေကြဆဲဖြစ်သည်။

တောင်ကိုရီးယားတစ်နိုင်ငံလုံး ဝမ်းနည်းခြင်းအဝါရောင် ဖဲကြိုးတွေ ဖုံးလွှမ်းနေသလို စိတ်ကြေကွဲဝမ်းနည်းမှုများ အထွတ်အထိပ်ကို ရောက်နေပါသည်။ ကိုရီးယား စစ်ပွဲအပြီးမှာ ပထမဆုံး တောင်ကိုရီးယား တစ်နိုင်ငံလုံး စိတ်ဓာတ်ပိုင်းဆိုင်ရာ အထိအနာဆုံးအချိန်လည်း ဖြစ်သည်။ ထိုဒဏ်ရာကို ကုစားဖို့တော့ အချိန်များစွာ လိုအပ်ပါဦးမည်။

**ထားထားမြင့်**

(**ကိုးကား** - CNN, NBC **ရုပ်သံသတင်းများ**)

7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

စာမျက်နှာ(၁၂) မှ

# ချင်းတောင်တန်းပေါ်က အောက်ချင်းဇုက်တို့ အိမ်မပြန်နိုင်ကြသေးပါ

ကျွန်တော်တို့လည်း အခု ကိုယ်ပိုင်ကားနဲ့ ကိုယ်ပိုင်တိုက်ခန်းနဲ့ နေနိုင်ပြီ”ဟု ချင်းပြည်နယ် မတူပီမြို့နယ်မှ မလေးရှားတွင် အလုပ်သွားရောက်လုပ်ကိုင်ပြီး ထိုမှတစ်ဆင့် အမေရိကန်သို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် ကိုထက်အောင်က ပြောကြားသည်။

၂၀၁၂–၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ အစိုးရဝန်ထမ်းများ၏ လစာတိုးမြှင့်လိုက်ခြင်းနှင့် ပြည်နယ်များအတွင်းရှိ ဝန်ထမ်းများအတွက် ရှားပါးစရိတ်များ တိုးမြှင့်ပေးလိုက်သောအခါ တစ်လလျှင် တစ်သိန်းကျော်ရရှိနေသော ပြည်နယ်အတွင်းရှိ အစိုးရလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ရန် ပြည်နယ်မှ ပညာတတ်လူငယ်များက စိတ်ဝင်စားလာခဲ့သည်။

“ကျွန်မရော ကျွန်မမောင်လေးပါ အခုနောက်ပိုင်းအစိုးရဝန်ထမ်းအလုပ်ကိုပဲစိတ်ဝင်စားတော့တယ်။ အခုက လစာလည်းများပြီဆိုတော့ မိသားစုစားဝတ်နေရေးလည်း အဆင်ပြေသလို မိဘနဲ့လည်း မခွဲမခွာအတူနေရတယ်။ ကိုယ့်ပြည်နယ်အတွင်းက အစိုးရဝန်ထမ်းအလုပ်တစ်နေရာရာပဲ လုပ်ချင်တော့တယ်။ နိုင်ငံခြားမထွက်ချင်ကြတော့ဘူး”ဟု ရေဇွါလ်မြို့နယ်မှ အသက်(၂၅) နှစ်အရွယ် သူနာပြုဆရာမ မဗွိုင်းလတ်က ပြောသည်။

သို့သော် ချင်းပြည်နယ်အတွင်း အစိုးရလခစားလုပ်ငန်းတစ်နေရာ လုပ်ကိုင်ရန်မှာ ခက်ခဲနေဆဲဖြစ်ကြောင်း ပြည်နယ်အတွင်းရှိ ဆယ်တန်းအောင် ဘွဲ့ရလူငယ်များက ပြောကြသည်။

ပြည်နယ်အတွင်း အစိုးရလုပ်ငန်းတစ်ခုသာ လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းရှိသော လူငယ်များအဖို့ နိုင်ငံရပ်ခြားတိုင်းပြည်များသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းက လူနေမှုဘဝအဆင့်အတန်းမြင့်စွာနေထိုင်နိုင်သလို မိဘများကို ထောက်ပံ့နိုင်ခြင်းကြောင့် တတိယနိုင်ငံများသို့ကူးကာ ဆက်လက်သွားလာနေကြသည်။ “ဟိုမှာနေပြီးရင် မြန်မာနိုင်ငံကို ပြန်မလာချင်တော့ဘူး။ လာလည်း ခဏတစ်ဖြုတ်လောက်ပဲ အလည်လာချင်တော့တယ်။ ဒီမှာက အလုပ်အကိုင်လည်းမရှိသလို ရှိတဲ့အလုပ်လုပ်မယ် ဆိုပြန်တော့လည်း ဟိုမှာလုပ်ရတာထက် ပင်ပန်းပြီး ငွေလည်း ဟိုမှာလောက်မရဘူး။ ဒါပေမဲ့ မလေးရှားမှာပဲ အမြဲတမ်းနေဖို့တော့ စိတ်မကူးပါဘူး။ မလေးရှားမှာက နေရထိုင်ရတာ အရင်ကလောက်အဆင်မပြေတော့ဘူး။ ဒါကြောင့် အမေရိကန်နိုင်ငံကို ဆက်ကူးဖို့စီစဉ်ထားတယ်” ဟု ကလေးမြို့နည်းပညာတက္ကသိုလ်တွင် ၂ နှစ်အထိ ပညာသင်ပြီးမှ ကျောင်းထွက်ကာမလေးရှားသို့အလုပ်သွားရောက်လုပ်ကိုင်နေသူ မတူပီမြို့နယ်မှ ကိုဟောက်ပီးက ပြောသည်။

ထိုကဲ့သို့ လူငယ်အများအပြား နိုင်ငံရပ်ခြားသို့ ထွက်ခွာနေကြခြင်းကြောင့် ချင်းပြည်နယ်အတွင်း လူငယ်များ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။ ယင်းပြဿနာများဖြေရှင်းရန်အစိုးရအနေဖြင့် ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရန် အစီအစဉ်များ ရေးဆွဲလျက်ရှိသည်။ အစိုးရ၏ ၂၀၁၄–၁၅ ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် ချင်းပြည်နယ်အတွက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်မှာ ကျပ် ၂၂၀ ဘီလီယံကျော်ဖြစ်သည်။ ထိုပမာဏမှာ ၂၀၁၃–၁၄ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်လျှင် ၂၆ ဒသမ ၄ ရာခိုင်နှုန်း ပိုတိုးတက်လာသည်။ သို့သော် တစ်နိုင်ငံလုံး၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်နှင့် နှိုင်းယှဉ်လျှင် ချင်းပြည်နယ်မှာ ၀ ဒသမ ၄ ရာခိုင်နှုန်းသာပါဝင်သည်။သို့သော် ချင်းပြည်နယ်အတွင်း ဟိုတယ်ဇုန်နှင့် သယံဇာတရှာဖွေမှုလုပ်ငန်းတွင်သာ ရင်းနှီးမြှုပ်နှံလိုသောကုမ္ပဏီများကြောင့် အလုပ်လက်မဲ့ပြဿနာအား ဖြေရှင်းပေးနိုင်ခြင်းမရှိသေးပေ။

သို့သော် လက်ရှိ ချင်းပြည်နယ်၏ အလုပ်အကိုင်အခွင့်အလမ်းကို ပြန်လည်ကြည့်မည်ဆိုပါက ချင်းတိုင်းရင်းသားလူငယ်များကို အလုပ်များများမပေးနိုင်သေးသည့် လုပ်ငန်းများသာရှိနေသေးသည်။ ယင်းလုပ်ငန်းများကိုတွက်ချက်ကြည့်မည်ဆိုလျှင် သဘာဝသယံဇာတသတ္တုရှာဖွေမှုလုပ်ငန်းတွင် ကုမ္ပဏီ ၂၂ ခု၊ ကန်ပက်လက်မြို့နယ် အတွင်းက ဟိုတယ်ဇုန်သုံးခု၊ လမ်းတံတားတည်ဆောက်ရေးကုမ္ပဏီ ၁၀ ခုကျော်သာရှိသည်။

ထို့ကြောင့် ချင်းပြည်နယ်မှ လူငယ်များ နေရပ်စွန့်ခွာကာ ပြည်ပသွားရောက်မှု လျော့နည်းစေရန် ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးရမည်ဖြစ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 225,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 265,000 |
| Galaxy S3 | 335,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 485,000 |
| Galaxy Mega 5.8 | 315,000 |
| Galaxy Note II | 415,000 |
| Galaxy Tab3 7" | 290,000 |

လှူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 390,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 810,000 |
| iPhone 5s(16GB) | 680,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 148,000 |
| G 520 | 125,000 |
| G 610s | 130,000 |
| G 700 | 218,000 |
| Ascend P6 | 300,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

ဧပြီလ (၂၆) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 610,000 |
| Panasonic(LED) | THL32B6X | 225,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 320,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 170,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 255,000 |

အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၂၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၇၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၇၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၀၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၂၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ်(ဇပေါင်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၂,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၁၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၈၅ |
| ထုံး(ဇပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၂၈၀ |
| အိမ်ရိုက်သံ (1"–1") | တစ်ပိဿာ | ၁,၅၈၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၂၆) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀–၁,၆၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၂၀၀ |
| ဆန် (ဇီယာ) | တစ်ပြည် | ၇၀၀–၈၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၅၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀–၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၈,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၉,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၇,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၇,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

ဧပြီလ (၂၆) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Apr (23) | 815 | 940 | 920 | 950 |
| Apr (24) | 815 | 940 | 920 | 950 |
| Apr (25) | 815 | 940 | 920 | 950 |
| Apr (26) | 815 | 940 | 920 | 950 |
| Apr (27) | 815 | 940 | 920 | 950 |
| Apr (28) | 815 | 940 | 920 | 950 |
| Apr (29) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **ASUS** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, HD, 14" | 484,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD, 14" | 790,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD , 15.6" | 959,000 |
| **Acer** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 484,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 619,800 |
| Intel Core i5 1.6 GHz, 4 GB DDR3, 750 GB HDD, 14" | 648,000 |
| Intel Core i7 1.8 GHz, 4GB DDR3, 1TB HDD, 15.6" | 775,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 435,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 500 GB HDD, 14" | 561,000 |
| Intel Core i5 1.7 GHz, 6 GB DDR3, 640 GB HDD,HD,15.6" | 664,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1 TB HDD, 15.6" | 1,066,000 |

7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# လက်သီးဆုပ်

**ကျော်မင်းဦး(စမ်းချောင်း)**




သတင်းစာဆရာကြီးဟံသာဝတီ ဦးဝင်းတင်နေထိုင်မကောင်းဖြစ်လို့ ပုဂ္ဂလိက ဆေးရုံနှစ်ရုံကနေ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ICU ကိုရောက်နေမှန်းပြည်ပအသံလွှင့်ဌာန တွေက တစ်ဆင့်ပဲကြားခဲ့သိခဲ့ရတာပါ။ “CU ရောက်နေပြီ။ လိုအပ်ရင် အသက်ရှူလမ်းကြောင်းကို လည်ပင်းကနေ (Tracheost–omy)ဖောက်ပေးသင့်၊ ဖောက်ပေးဖို့ အထူးကုဆရာကြီးတွေ ချိန်ဆနေကြပါတယ်” ဆိုတဲ့အချိန် ကျွန်တော်ခရီးတစ်ခုကနေ ရန်ကုန်ပြန်ရောက်နေပါပြီ။ ဆရာကြီးကို အနီးကပ်ပြုစုပေးချင်လို့ နည်းလမ်းရှာခဲ့ရပါတယ်။ တစ်ယောက်တည်းထက် အမျိုးသားသူနာပြုတွေ စုပေါင်းပြီး အလှည့်ကျ ပြုစုပေးကြဖို့ Facebook ကနေ ကျွန်တော်စည်းရုံးရေးစဖြစ်ခဲ့ပါသေးတယ်။ ဖုန်းတွေနဲ့ပဲလိုအပ်ရင် ပါဝင်ပါမယ်ပြောကြပြီး တကယ်တမ်းဆရာကြီးနားရောက်သွားခဲ့တာက ကျွန်တော်ပါ။ ဆရာ(ဦး)မျိုးမြင့်ညိမ်းရဲ့ စီစဉ်ပေးမှုကြောင့် ဧပြီ ၄ ရက်က ၉ ရက်အထိ ခြောက်ညဆက် ဆရာကြီးကို အနီးကပ်ပြုစုခွင့်ရခဲ့ပါတယ်။

ဆရာကြီးနားရောက်သွားပြီးပြုစုပေးခဲ့ရစဉ်တုန်းက အသက်ရှူစက်က အသက်ရှူကိရိယာနဲ့ တပ်ဆင်ထားတဲ့လက်ညှိုးလုံးလောက်ရှိမယ့် ပလတ်စတစ်ပိုက်ဖြုတ်ပြီးခါစပါ။ ဆေးရုံအခေါ် E–T tube (Endo–tracheal Tube) ကို လေးရက်ကျော် ငါးရက်နီးပါးတပ်ထားခဲ့ပြီးမှ ဖြုတ်ပြီးခါစမို့ ဆရာကြီးဟာ အစာရေစာဝေးလို့ တံတွေးတောင်မမျိုချနိုင်ခဲ့တဲ့ အခြေအနေဆိုးနဲ့ပါ။ နဂိုက ပန်းနာရင်ကျပ်ကလည်း ပြန်ထပြန်တော့ ချွဲပျော်ဆေးကို အငွေ့အဖြစ်နဲ့ ရှူ၊ချွဲတွေကို ခက်ခက်ခဲခဲနဲ့ ဟက်ထုတ်။ တော်တော့ကိုပင်ပန်းလှပါတယ်။ ကျွန်တော် ဟက်ထုတ်ရခက်နေတဲ့ ချွဲတွေကို “ထွီ”ခနဲ ထွေးထုတ်ဖို့ အကြံပေးဖြစ်တော့ ဆရာကြီးကလည်း အားရပါးရ “ထွီ”ခနဲနေအောင် ထွေးထုတ်ပစ်ခဲ့ပါတယ်။ ဆရာကြီးက ချွဲတွေ ဟက်ထုတ်လိုက်၊ ကျွန်တော်က စက္ကူစနုနုလေးတွေနဲ့ ခံထားလိုက်နဲ့ပေါ့။ ချွဲ တွေ ပျော်သွားလို့ စကားနည်းနည်းစပြောနိုင်တာနဲ့ ဆရာကြီးက ကျွန်တော့်ကိုတရင်းတနှီးပဲစကားစပြောခဲ့ပါတယ်။ “အာခေါင်နာတယ်”တဲ့။ ဟုတ်ပါတယ်။ အဲဒီ E–T tube က ခွဲစိတ်ခန်းမှာအကြီးစားခွဲစိတ်မှုတွေပြုရတဲ့အခါမှာလည်း သုံးတတ်ပါတယ်။ နာရီပိုင်းလောက် အတပ်ခံရပြီး ပြန်ထုတ်ထားပေးတာတောင် ရက်သတ္တတစ်ပတ် အာခေါင်တွေ၊ လည်ချောင်းတွေ နာကျန်ခဲ့တတ်တာပါ။ ဆရာကြီးခမျာ ငါးရက်နီးပါးတပ်ခဲ့ရတာဆိုတော့ ဘယ်လောက်နာရှာလေမလဲဗျာ။ ဆရာကြီးက သူခံစားရတာနဲ့ ကျွန်တော့်အကြံပေးချက်နဲ့ပေါင်းလို့ “အာခေါင်နာတယ်။ အာနာတယ်၊ အာနာဆိုတာ ကောင်းကို မကောင်းဘူး။ အဲဒီမကောင်းတဲ့ အာနာကျွန်တော့်လည်ချောင်းထဲ ရောက်နေတာ ခင်ဗျားပြောသလို “ထွီ” ခနဲနေအောင် ထွေးထုတ်ပစ်လိုက်တယ်”ဆိုပြီးပြောလည်း ပြော၊ ရယ်လည်း ရယ်ဖြစ်အောင် ရယ်ခဲ့ပါသေးတယ်။

ဝေဒနာကို အပြုံးမပျက်ရင်ဆိုင်နိုင်ခဲ့တဲ့ အာဂဆရာကြီးပါ။

ခေတ်ဝန်ကို ထမ်း၍ ခေတ်လမ်းကိုလျှောက်ခြင်း၊ ခေတ်စကားတွေထဲမှာ ဆရာကြီးရဲ့ အယူအဆ၊ စိတ်နေသဘောထား၊ အတွေးအခေါ်တွေကို ကြားသိပြီးသားမို့ အလိုလိုကြည်ညိုလေးစားနေမိခဲ့တဲ့ ကျွန်တော့်အဖို့ ဆရာကြီးမွှက်ဟာသမျှ မှတ်သားစရာတွေချည်းပါပဲ။ တစ်ညမှာ ကျွန်တော်နဲ့ ဆရာကြီးရဲ့ သားတပည့်တစ်ယောက်ကိုမြန်မာနှစ်သစ်ကူးအကြောင်းမေးပါတယ်။ မြန်မာနှစ်ဆန်း ၁ ရက်နေ့ဟာ ပြက္ခဒိန်က အတိုင်း နှစ်ဆန်း ၁ ရက်နေ့လား၊ တပေါင်းလကွယ်ပြီး တန်ခူးလဆန်း ၁ ရက်နေ့လားလို့မေးခဲ့တာပါ။ ကျွန်တော်တို့မဖြေနိုင်တော့ ဆရာကြီးက ပြုံးပဲ ပြုံးနေခဲ့ပါတယ်။

ညညဆို ဘယ်နှနာရီရှိပြီလဲ ခဏခဏမေးတတ်ခဲ့တဲ့ ဆရာကြီးဟာ ဘောလုံးပွဲကြိုက်တတ်သူမှန်း ဆရာကြီးတပည့်သားရင်းတွေ ပြောပြမှ သိခဲ့ရတာပါ။ ကျွန်တော့်တာဝန်က လူနာအနားရစေဖို့၊ သက်သောင့်သက်သာဖြစ်စေဖို့ ပြုစုပေးခြင်းဟာ အဓိကမို့ မနက်ကျရင် ပွဲစဉ်အလိုက်အနိုင်အရှုံးစာရင်းလုပ်ပြီး ပြောပါမယ်လို့ ဆရာကြီးကျေနပ်အောင် ပြောခဲ့မိပါတယ်။ အဲဒါလည်း ပြုံးပြီး ခေါင်းတညိတ်ညိတ်နဲ့ပါပဲ။ ဆရာကြီးဘယ်အသင်းကို သဘောအကျဆုံးလဲ မေးမိတော့ ဘယ်အသင်းကိုမှအကြိုက်ဆုံးလို့ မရှိဘူးဗျ။ အားလုံးကိုမျှတအောင် အားပေးပါတယ်လို့ ဖြေရှာပါတယ်။

နိုင်ငံရေးပါတီတွေနဲ့ ပတ်သက်လို့ စကားကြုံတော့ ဆရာကြီးက (သူ့ကိုယ်သူ ကျွန်တော်၊ ကျွန်တော်ပဲပြောတတ်ပြီး မာန်မာနကင်းစွာ ဆက်ဆံပြောဆိုတတ်တာ သတိပြုခဲ့မိပါတယ်) “ကျွန်တော်ကိုယ်တိုင်လည်းကိုယ့်ကိုယ်ကောင်းတယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး။ ကိုယ့်ကိုယ်ကိုယ်တောင် မပြောခဲ့တာ ဘယ်သူ့ကိုမှ လည်းကောင်းပါတယ်လို့ မပြောချင်ဘူး။ မကောင်းဘူးလို့လည်း မဝေဖန်ချင်ဘူး။အဲ... ပြောစရာရှိရင်တော့ တည့်တည့်ပဲအချိန်၊ နေရာမရွေးပြောခဲ့တယ်။ နောက်လည်း ပြောမှာပဲ။ ကိုယ်ကကိုယ့်ပါတီ ကောင်းပါတယ်ပြောပြီး ပါတီထဲက တစ်ယောက်ယောက်ကထဖောက်နေရင်၊နည်းလမ်းမကျရင် ပါတီနာမည်သွားရော၊ ပုံရိပ်လည်းသွားရော”လို့ စကားပြောရခက်နေတဲ့ ကြားထဲက ကြိုးစားပြီး ပြောခဲ့ရှာပါသေးတယ်။

ကျွန်တော်က ဆရာကြီး အနားယူပါလို့သတိပေးမိတိုင်းဆရာကြီးက ပြုံးပြီး ခေါင်းညိတ်မျက်လုံးလေး မှိတ်သွားတတ်ပါတယ်။ ခဏပါပဲ။ လူကြီးဆိုတော့လည်း ကြက်အိပ်၊ ကြက်နိုးနေမှာပေါ့ခင်ဗျာ။ သူနာပြုတစ်ယောက်အနေနဲ့ လူနာကို မပြတ်အကဲခတ်နေရပြီး လူနာရဲ့ လိုအပ်ချက်ကို လူနာက Complaint မလုပ်ခင် အတတ်နိုင်ဆုံး ကြိုသိနေနှင့်ရမှာမို့ ကျွန်တော်ဆရာကြီးရဲ့ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်တော်တော်များများကို ဖြည့်ဆည်းပြုစုပေးနိုင်ခဲ့ပါတယ်။ ရာသီဥတုက ပူ၊ ပါးစပ်နဲ့ အာခေါင်တွေမှာအနာတွေမြင်မကောင်းအောင်ဖြစ်နေတော့ ရေဆာရှာမှာပေါ့။ ရေခဲရေလေးကို ဂွမ်းလေးနဲ့ ဆွတ်ပြီး ပါးစပ်မှာ သုတ်ပေးပါ၊ ကျွန်တော်မျိုမချပါဘူးလို့ ကတိလည်းပေး၊ မေတ္တာလည်း ရပ်ခံခဲ့ရှာပါတယ်။ အဲဒီအချိန်က ဆရာကြီးကို ပါးစပ်ကဘာမှမတိုက်ရဘူးလို့ ဆရာဝန်ကြီးများက ညွှန်ကြားချက်ထုတ်ထားခဲ့တဲ့အချိန်ပါ။ အာခေါင်ခြောက်နေမယ်မှန်း ကျွန်တော်သိပါတယ်။ ရေတိုက်လိုက်မိရင်လည်း ဘာတွေဖြစ်လာနိုင်မယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။ ဒါပေမဲ့ရေဆွတ်ထားတဲ့ ဂွမ်းစလေးကို ညှပ်နဲ့ ကိုင်ပြီး ဆရာကြီးပါးစပ်ထဲ အသာထည့်အပေးမှာ ကလေးများနို့ဆာလွန်းလို့အာသာငမ်းငမ်းနို့စို့နည်းအတိုင်း ရေစိုဝါဂွမ်းလေးကို အားပါးတရစုပ်ငုံထားလိုက်တာ။ ကျွန်တော်ဘယ်လိုလုပ်တားရက်ပါမလဲခင်ဗျာ။ ဆရာကြီးက ရေလေးမဖြစ်စလောက်ကို ငုံထားရာက မျိုချလိုက်တိုင်း မျက်နှာတစ်ခုလုံး နီမြန်းပြီး ရှုံ့မဲ့လို့ဆရာကြီးပေါင်ကို ဆရာကြီးလက်သီးနဲ့ အားရပါးရထုနေလေတော့ “ဆရာကြီးရယ်၊ သောက်ရတဲ့ ရေနဲ့ ဆရာကြီးရဲ့ အာခေါင်အနာက နာတဲ့ ဒဏ်မမျှပါဘူး ခင်ဗျာ”လို့ပဲ နှစ်သိမ့်အကြံပေးဖြစ်ခဲ့ပါတယ်။ တိုက်ချင်တာပေါ့ခင်ဗျာ။ ရေခဲတုံးတွေ ပေါလောပေါ်နေတဲ့ ရေခဲရေအေးအေးလေးတစ်ခွက်။ ဒါပေမဲ့ ဆရာကြီးမှာမကောင်းတဲ့အာနာကြောင့် မျိုရခက်နေခဲ့တယ်လေ။ “အာနာကြောင့်၊ အဲဒီအာနာကြောင့် . . .”လို့ ခဏခဏပြောရှာပါတယ်။

နည်းနည်းလေးနေကောင်းသက်သာလာခဲ့တုန်းက ဆရာကြီးဟာ သူ့ဘဝ၊ သူ့အကြောင်းအများကြီးတွေထဲက တစ်စိတ်တစ်ဒေသပြောပြခဲ့ပါသေးတယ်။ “ကျွန်တော်ဘယ်တော့မှ လက်စွပ်မစွပ်ခဲ့ဖူးဘူး။ ပိုးပုဆိုးဘယ်တုန်းကမှ မဝတ်ခဲ့ဖူးဘူး၊ လက်စွပ်စွပ်နေရမယ့် အခြေအနေ၊ ပိုးပုဆိုးနဲ့ သွားရမယ့် နေရာဆိုလည်း ရှိတာပဲဝတ်သွားခဲ့တယ်။ အပိုတွေ ကျွန်တော်ခန္ဓာကိုယ်ပေါ်မှာတင်မထားချင်ဘူး”တဲ့ ခင်ဗျာ။

တစ်ရက် CT.Scan ရိုက်ခဲ့ပါတယ်။ ကျွန်တော်က ညပိုင်းသူနာပြုစုခြင်းတာဝန်ယူထားခဲ့တာမို့ ကျွန်တော်ရောက်တော့ နေ့ခင်းက CT ဆင်းရိုက်ခဲ့ရတဲ့အတွေ့အကြုံ၊ အဖြစ်အပျက်တွေကို အရွှန်းဖောက်ပြီး ပြန်ပြောပြခဲ့ပါသေးတယ်။ ခိုင်းနှိုင်းခဲ့တာ ခရစ်ယာန်သမ္မာကျမ်းစာထဲကတောလည်ရာကျမ်းချက်နဲ့ပါ။ ကျွန်တော်ကလည်း ခရစ်ယာန်ဘာသာဝင်မို့ ဆရာကြီး ရှင်းပြ၊ ခိုင်းနှိုင်းဥပမာပြုပြခဲ့တာတွေကို ကျမ်းစာ ဓမ္မဟောင်းကို ကျေကျေညက်ညက်ဖတ်ထားပြီးသားမှန်း သိရလို့လေးစားသည်ထက် လေးစားရပြန်ပါသေးတယ်။

ခန္ဓာကိုယ်အနှံ့မှာ ပိုက်တွေ၊ ကြိုးတွေ၊ ကလစ်တွေနဲ့ ရှုပ်ယှက်ခတ်နေခဲ့တဲ့ ကြားက မနက် လေးနာရီလောက်ဆို ရရာ စာစောင်တောင်းဖတ်တော့တာပါပဲ။ အလိုက်သိပေးရမှာက ကျွန်တော်မို့ အဲဒီအချိန်ဆို မျက်နှာသစ်၊ တစ်ကိုယ်ရေသန့်ရှင်းရေးတွေပါလုပ်ပေးဖြစ်ခဲ့ပါတယ်။

အချုပ်အနှောင်အဖွဲ့တွေကို လုံးဝမကြိုက်ခဲ့တဲ့ ဆရာကြီးခမျာ နှာခေါင်းကနေစလို့ ပေါင်ရင်းအထိပိုက်တွေ၊ ကြိုးတွေနဲ့ ရှုပ်ပွအောင်နေသွားခဲ့ရရှာပါတယ်။ ကျွန်တော်က “ဆရာကြီးခင်ဗျာ၊ နေကောင်းတဲ့အထိ ဒီပိုက်တွေကြိုးတွေကို ခဏသည်းခံပါခင်ဗျာ”လို့ သတိပေးဖြစ်တိုင်း ပြုံးပြုံးပြတတ်ခဲ့တဲ့ ဆရာကြီးပါ။

ညှော့်သွားညှော့်လာ (ဘယ်လိုမှ တားမရ၊ တားမကောင်းတဲ့ ညှော့်သည်တွေ)ကိစ္စကို “ကျွန်တော်မျက်စိတွေလည်း မှုန်နေပြီ၊ နားကလည်း အကြားအာရုံချို့ယွင်းချက်ရှိတယ်။ အဲဒီတော့ ကျွန်တော်လုပ်ပြနိုင်တာဟာ ဟောဒီလက်သီးဆုပ်ပဲ။ ညှော့်သည်တွေကို ပြောပေးပါ။ ကျွန်တော့်လက်သီးဆုပ်မြင်ရင် ကျန်းမာရေးကောင်းတယ်၊ ညှော့်မခံနိုင်တာတော့ သည်းခံကြပါလို့ပြောပေးပါလို့”လို့ မေတ္တာရပ်ခံစေခဲ့ပါတယ်။

ဆရာကြီး ကျန်းမာရေးကောင်းပြီး စိတ်ချရတဲ့အချိန်အထိ ကျွန်တော်ပြုစုပေးမယ်လို့ဆုံးဖြတ်ထားခဲ့ပေမယ့် မနှစ်ကတည်းက ပေးထားခဲ့မိတဲ့ ကိုယ်ရေးကိုယ်တာကိစ္စ ကတိတစ်ခုကြောင့် သင်္ကြန်နားအနီးမှာ ဆရာကြီးဆီ ကိုယ်တိုင် ကိုယ်ကျပြုစုဖို့ ပျက်ကွက်သွားခဲ့ပါတယ်။ ဆရာကြီးကတော့ သတိမလွတ်သမျှ လက်သီးဆုပ်ဖြေမသွားခဲ့ဖူးလို့ ကြားခဲ့ရပါတယ်။

Technology
7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# ဖိုက်ဘာကေဘယ် ၁၂လိုင်း ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်

**ဆွေမွန်**

**ရန်ကုန်၊ မေ- ၂၇**

ရန်ကုန်–မန္တလေးရထားလမ်းပေါ်ရှိဖိုက်ဘာကေဘယ် ၁၂လိုင်းကို ဆက်သွယ်ရေးကုမ္ပဏီများသို့ ငှားရမ်းလုပ်ကိုင်စေမည် ဖြစ်ပြီး နောက်ပိုင်းတွင် တစ်နိုင်ငံလုံးတွင်လည်း ဖိုက်ဘာကေဘယ် (Fiber Optic Cable)များကို တင်ဒါခေါ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့မီးရထားလုပ်ငန်းမှ ၂၀၀၈ ခုနှစ်က ဆောင်ရွက်ထားသည့် ရန်ကုန်–မန္တလေးရထားလမ်းပေါ်ရှိ ဖိုက်ဘာကေဘယ် ၂၄ အနက် ၁၂လိုင်းကိုတင်ဒါခေါ်ငှားရမ်း၍ လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုဝန်ကြီးဦးမြင့်သိန်းက ပြောသည်။

“အခုဆက်သွယ်ရေးကချထားပေးတဲ့ အော်ပရေတာလေးခုအနေနဲ့ဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်ပေါ်မှာ ကိုယ်စားလုပ်မယ့်သူရှိရင်လည်း ငှားရမ်းသွားဖို့ရှိပါတယ်။ အဲဒီအတွက် ဆက်သွယ်ရေးနဲ့ ပတ်သက်လို့ လုပ်ကိုင်နိုင်တဲ့အခြေခံ Background အခိုင်အမာရှိတဲ့ကုမ္ပဏီတွေကို စိစစ်ပြီးဝန်ကြီးဦးဆောင်တဲ့ စိစစ်ရေးကော်မတီကနေ ရွေးချယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

အဆိုပါ ဖိုက်ဘာကေဘယ် ငှားရမ်းလုပ်ကိုင်လိုသည့် ကုမ္ပဏီများအနေဖြင့် မေလ ၂၇ ရက် မတိုင်မီ တင်ဒါလျှောက်ထားရမည်ဖြစ်ပြီး ရရှိသည့်ကုမ္ပဏီက ငွေကြေးရင်းနှီးမြှုပ်နှံ၍ ပြင်ဆင်ထိန်းသိမ်းပြီး မိုဘိုင်းအော်ပရေတာများကို ပြန်လည်ငှားရမ်းအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခင်က ရန်ကုန်–မန္တလေးရထားလမ်းပေါ်ရှိ အဆိုပါဖိုက်ဘာကေဘယ်ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း၁,၅၀၀ ဖြင့် လေးနှစ်ငှားရမ်းခဲ့ပြီး ယခုနှစ် မတ်လ ၃၁ ရက်တွင် ပြီးဆုံးခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သတင်းရရှိသည်။

“လက်ရှိ ဖိုက်ဘာကေဘယ် ၁၂ လိုင်းငှားရမ်းတာကလည်း အပြီးအပြတ်ပေါ့။ ကုမ္ပဏီတစ်ခုကနေ ငွေကြေးယူပြီးရင် ဝန်ဆောင်မှုအဆင့်အလိုက် သဘောတူညီချက်တွေလုပ်မယ်။ ပြီးရင် သူက မိုဘိုင်းအော်ပရေတာတွေကို ပြန်ငှားပေါ့။ သူ့မှာလိုင်စင်ရှိရင်တော့ လုပ်ပေးစရာမလိုပေမယ့် မရှိရင်တော့ မြန်မာ့မီးရထားဘက်က လိုင်စင်ကိုသုံးပြီးတော့ Infrastructure Holder လိုင်စင်ကို လုပ်ပေးမှာဖြစ်တယ်”ဟု မြန်မာ့မီးရထား စီမံကိန်းဒါရိုက်တာ တာဝန်ယူထားသည့် အထွေထွေမန်နေဂျာ (စစ်ဆေးရေး) ဦးဘမြင့်က ပြောသည်။

နောက်ပိုင်းတွင် တစ်နိုင်ငံလုံးရှိ မီးရထားလမ်းများပေါ်တွင် ဖိုက် ဘာကေဘယ် (Fiber Optic Cable)များ ဆောက်လုပ်သွားရန်အတွက်လည်း ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းများကို တင်ဒါခေါ်ယူသွားမည်ဖြစ်ရာ စတင်ခေါ်ယူပြီး ခြောက်လမှ ရှစ်လအတွင်း အပြီးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးဘမြင့်က ပြောသည်။

# နည်းပညာနှင့် လုံခြုံရေးပြပွဲတွင် ကုမ္ပဏီအချို့အား အစိုးရကမ်းလှမ်း




*လုံခြုံရေးပစ္စည်းများ ပြသထားစဉ်*

ဓာတ်ပုံ – ကျော်ဇင်သန်း

**နိုင်လင်းအောင်**


**ရန်ကုန်၊ မေ- ၂၇**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် နောက်ဆုံးပေါ် နည်းပညာလုံခြုံရေးဆိုင်ရာ ပစ္စည်းများနှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲတွင် နည်းပညာကုမ္ပဏီအချို့အား အစိုးရကကမ်းလှမ်းမှုများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

“ဒီပြပွဲမှာထူးခြားတာကတော့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေတင်မကဘဲနဲ့ အာဏာပိုင်အဖွဲ့အစည်းတွေကလည်းလာရောက်လေ့လာကြတယ်။ ပြီးတော့ ကုမ္ပဏီအချို့နဲ့ ကမ်းလှမ်းမှုတွေလည်း ပြုလုပ်သွားတာကို တွေ့ရတယ်”ဟု ပြပွဲကိုတာဝန်ယူဆောင်ရွက်သည့် Myanmar Promotional Service ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ ဇာနည်မောင်မောင်က ပြောသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူများ၊ မီးသတ်ရဲတပ်ဖွဲ့တာဝန်ရှိသူများနှင့်အခြားသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လာရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

ပြပွဲတွင် ပြည်ပမှ နည်းပညာကုမ္ပဏီများဖြစ်သည့် SAMSUNG, SONY, OPPEL, SoundTech, ALPHa, Honeywell, Bosch စသည့် ကုမ္ပဏီများအပါအဝင် ကုမ္ပဏီပေါင်း ၅၀ ကျော်မှ ပြခန်းပေါင်း ၁၀၀ ကျော်တွင် လာရောက်ပြသခဲ့ပြီး CCTV Camera များ၊ Door Lock များ၊ X–ray Scanner များ၊ Fire Alarm များ၊ ရှိုးသုံးလုံခြုံရေးပစ္စည်းများနှင့် အခြားသော နည်းပညာပစ္စည်းများ ပြသခဲ့ကြောင်း သိရသည်။







# ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ အွန်လိုင်းသတင်း ဝန်ဆောင်မှုဖန်တီး

**ဆန်ဖရန်စစ္စကို၊**

သုံးစွဲသူ ၁ ဘီလီယံအတွက် ဆက်သွယ်စကားပြောရန်အရေးပါသောနေရာဖြစ်လာစေရန် ပိုမိုကြိုးစားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်သတင်းသမားများအတွက် ရည်ရွယ်ထားသည့် အွန်လိုင်း သတင်းဝန်ဆောင်မှုတစ်ရပ်ကို ဖန်တီးထားသည်ဟု ဖေ့စ်ဘွတ်ခ်ကုမ္ပဏီကပြောသည်။

ဖေ့စ်ဘွတ်ခ်အသုံးပြုသူများက အများသိစေရန်ဖော်ပြလိုက်သည့်ဓာတ်ပုံများ၊ နောက်ဆုံးအခြေအနေဖော်ပြချက်များနှင့်ဗီဒီယိုများကဲ့သို့ဖေ့စ်ဘွတ်ခ်တွင် ပါဝင်သည့် သတင်းဖြစ်နိုင်သော အကြောင်းအရာများကို သတင်းသမားများ ဝေမျှနိုင်ရန်နှင့်ပြင်ဆင်တည်းဖြတ်နိုင်ရန် ကူညီပေးမည့် FB Newswine ဟုခေါ်သော ဆော့ဖ်ဝဲတစ်ခုကို ဖေ့စ်ဘွတ်ခ် ကုမ္ပဏီက စတင်မိတ်ဆက်လိုက်သည်။

တွစ်တာကဲ့သို့ လူမှုမီဒီယာဝက်ဘ်ဆိုက်များမှ ဗီဒီယိုများနှင့် သတင်းများ၏ မူပိုင်ခွင့်ကို အတည်ပြုစီမံခန့်ခွဲပေးသော သတင်းဝက်ဆိုဘ်က်တစ်ခုဖြစ်သည့် News Corp ကုမ္ပဏီပိုင် Story Full နှင့်ဖေ့စ်ဘွတ်ခ်ကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လူမှုမီဒီယာဝက်ဘ်ဆိုက်များမှာသတင်းသမားများအတွက် ရှေ့တွင်းတစ်တွင်းဖြစ်လာသည့် ဖေ့စ်ဘွတ်ခ်၊ တွစ်တာ၊ ဂူးဂဲလ်ကုမ္ပဏီ၏ ယူကျု့ဘ် နှင့်အခြားဝက်ဘ်ဆိုက်များမှာ တည်ငြိမ်မှုမရှိသည့် အချိန်ကာလများအပါအဝင် ကမ္ဘာတစ်ဝန်းမှလူအများအပြားဆက်သွယ်ရန်အသုံးပြုကြသဖြင့် သတင်းရင်းမြစ်များကြွယ်ဝလာသည်။

ဇာတ်လမ်းပုံပြင်များ၊ နောက်ဆုံးအခြေအနေဖော်ပြချက်များနှင့် ဓာတ်ပုံများတင်နိုင်ရာ ဖေ့စ်ဘွတ်ခ်၏ newsfeed ကဏ္ဍမှာ ကုမ္ပဏီဝင်ငွေတိုးတက်မှု၏အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။

ယင်းကဏ္ဍက အဖိုးအခရသောစျေးကွက်ကြော်ငြာများကို သတင်းများကြည့်ရှုနိုင်သောနေရာသို့ တန်းတန်းမတ်မတ်ထည့်ပေးသည်။ ကြော်ငြာထည့်သွင်းမှုအားကောင်းလာခြင်းကြောင့် ပထမသုံးလပတ်ကာလအတွင်း ဝင်ငွေ ၇၂ ရာခိုင်နှုန်း တိုးပွားလာပြီး အမေရိကန်ဒေါ်လာ ၂ဒသမ ၅ ဘီလီယံရရှိသည်ဟု ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက မေ ၂၃ ရက်တွင် ပြောကြားခဲ့သည်။—*Ref: Reuter*

# မီးရထားပိုင် မြေနေရာများကို ဆက်သွယ်ရေးအော်ပရေတာများသို့ ငှားရမ်းမည်

ဆွေမွန်

ရန်ကုန်၊ မေ-၂၇

မြန်မာ့မီးရထားလုပ်ငန်းပိုင် မြေနေရာများကိုဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများ၊ မိုဘိုင်းတာဝါတိုင်များ ဆောက်လုပ်နိုင်ရန်အတွက် တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

လက်ရှိတွင် ဆက်သွယ်ရေးအော်ပရေတာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ့မီးရထားပိုင်မြေဖြစ်သည့် ရထားလမ်းဘေးတစ်ဖက်တစ်ချက်ရှိ ၇၅ ပေ အသီးသီးကို တင်ဒါခေါ်ယူ၍ ဆောက်လုပ်ခွင့်ပေးမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(စစ်ဆေးရေး) ဦးဘမြင့်က ပြောသည်။

"တာဝါတိုင်ထောင်ဖို့အတွက် နောက် နှစ်ပတ်၊ သုံးပတ်ကြားထဲမှာ တင်ဒါခေါ်မယ်။ သတင်းစာတွေထဲမှာ ကြေညာပြီးမီဒီယာတွေကတစ်ဆင့်ပဲ ခေါ်သွားမယ်။ လိုအပ်တဲ့စာရွက်စာတမ်းတွေယူပြီး တင်သွင်းတဲ့အခါမှာ တကယ်စိတ်ဝင်စားတဲ့သူတွေကို လုပ်နိုင်အောင် ဆောင်ရွက်ပေးသွားမယ်" ဟု ဦးဘမြင့်က ပြောသည်။

မီးရထားလုပ်ငန်းအရ ရထားလမ်း၏ ဘေးဘယ်ဘက်တွင် ၇၅ ပေနှင့် ညာဘက် ၇၅ ပေမှာ မီးရထားလမ်းပိုင်မြေအဖြစ် သတ်မှတ်ထားခြင်းကြောင့် ထိုမြေများကို မြန်မာ့မီးရထားမှ ငှားရမ်းပြီး ဝင်ငွေပြန်ရှာနိုင်ရန်အတွက် မိုဘိုင်းအော်ပရေတာများကို တင်ဒါပုံစံဖြင့် ငှားရမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့မီးရထားမှ လေ့လာထားချက်အရ မိုဘိုင်းအော်ပရေတာများအနေဖြင့် ၎င်းတို့ဆောက်လုပ်မည့် မိုဘိုင်းတာဝါတိုင်များ၌ တစ်ရာကျော်မှာ မီးရထားပိုင်မြေပေါ်တွင် တည်ရှိနေပြီး တင်ဒါခေါ်၍ ငှားရမ်းအသုံးပြုပါက အဆိုပါ တာဝါတိုင်များကိုလည်း အော်ပရေတာများအနေဖြင့် ပူးပေါင်းအသုံးပြုနိုင်မည်ဖြစ်ကြောင်း ဦးဘမြင့်က ပြောသည်။

လက်ရှိတွင် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားပြီး လုပ်ငန်းစတင်နေပြီဖြစ်သည့် ပြည်ပကုမ္ပဏီများဖြစ်သော တယ်လီနောမြန်မာနှင့် အူရီးဒူးမြန်မာ ကုမ္ပဏီများမှာလည်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် မိုဘိုင်းတာဝါတိုင်များ ဆောက်လုပ်ရာတွင် လိုအပ်နေသည့် မြေနေရာမှာ အဓိကကျသည့် အခက်အခဲတစ်ခုဖြစ်နေကြောင်း အဆိုပါ ကုမ္ပဏီများ၏အမှုဆောင်အရာရှိချုပ်များက ပြောကြားထားသည်။

အော်ပရေတာကုမ္ပဏီများအနေဖြင့် အစိုးရဝန်ကြီးဌာနပိုင်မြေနေရာများ ငှားရမ်းလိုပါကလည်း အခက်အခဲမရှိအောင် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်း ပညာဝန်ကြီးဌာနမှ ဝန်ကြီးဦးမြတ်ဟိန်းက ပြောသည်။

# Heartbleed ပြဿနာဖြစ်ပွားပြီးနောက် နည်းပညာကုမ္ပဏီကြီးများ ဒေါ်လာသန်းပေါင်းများစွာဖြင့်ကမ်းလှမ်း

ဘော်စတွန်



ကွန်ပျူတာလုပ်ငန်းကို ပရမ်းပတာဖြစ်သွားစေခဲ့သော Heart–bleed ဟုခေါ်သည့်အဖျက် ပရိုဂရမ်တစ်ခုပါဝင်လာပြီးနောက် Op–enssl ဆော့ဖ်ဝဲကဲ့သို့ မူလပင်ရှင်းလျှို့ဝှက်ကုတ်များကို အလွယ်တကူရယူနိုင်သည့် ဆော့ဖ်ဝဲများ တိုးတက်လာရေး ရန်ပုံငွေပေးရန် ကမ္ဘာ့အကြီးကျယ်ဆုံးနည်းပညာကုမ္ပဏီများက ဒေါ်လာသန်းပေါင်းများစွာလှူ ဒါန်းထားသည်။

Core Infrasticucture Initiative အဖွဲ့ဟုခေါ်သောအဖွဲ့တစ်ဖွဲ့၏ အဖွဲ့ဝင်များအား ရန်ပုံငွေစိုက်ထူပေးရန်သဘောတူထားသည့်ကုမ္ပဏီ တစ်ဒါဇင်ခန့်တွင် Amazon–com, Cisco Syste, ဖေ့စ်ဘွတ်ခ်၊ ဂူးဂဲလ်၊ အိုင်ဘီအမ်၊ Intel Corp နှင့် မိုက်ကရိုဆော့ဖ်ကုမ္ပဏီတို့ပါဝင်သည်။ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍအပြင် နည်းပညာကုမ္ပဏီများကြား ထောက်ခံသူပိုမိုရှာဖွေနေသည့် ယင်းအဖွဲ့အစည်းကို နည်းပညာကုမ္ပဏီတစ်ခုစီက ကန်ဒေါ်လာ သုံးသိန်း လှူဒါန်းမည်ဖြစ်သည်။

ယခင်ကပင် ကူညီနေသည့် ကုမ္ပဏီများမှာ Dell, Fujitsu, NetApp, Rackspace, Hosting နှင့် VMware ကုမ္ပဏီတို့ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်ကို ကူညီမည့် တစ်နှစ်လှူဒါန်းငွေ ကန်ဒေါ်လာ ၂,၀၀၀ လက်ခံရရှိထားကြောင်း Openssl ကို ထိန်းသိမ်းရန် စေတနာ့ဝန်ထမ်းအဖြစ်ဆောင်ရွက်နေသည့် ဆော့ဖ်ဝဲရေးသူများအဖွဲ့က ထုတ်ဖော်ပြောကြားလိုက်ပြီးနောက် ယင်းလုပ်ငန်းအား တိုးမြှင့်ထောက်ပံ့ခြင်းဖြစ်သည်။

ယင်းလုပ်ငန်းစဉ်၏ ကုတ်နံပါတ်ကို ကမ္ဘာပေါ်ရှိဝက်ဘ်ဆိုက်များ၏ သုံးပုံနှစ်ပုံလုံခြုံစေရန် အသုံးပြုပြီး ကမ္ဘာ့အမြတ်အစွန်းအများဆုံးနည်းပညာကုမ္ပဏီများ၏ထုတ်ကုန်များတွင်ထည့်သွင်းပါရှိသည်။

Heartbleed ဟုခေါ်သော အဖျက်ဆော့ဖ်ဝဲမှာ စီးပွားရေးလုပ်ငန်းများစွာက လုံခြုံစိတ်ချရသော Open SSL ဆော့ဖ်ဝဲမျိုးဖြင့် ကွန်ပျူတာစနစ်များ အဆင့်မြှင့်တင်ထားစဉ် ယင်းလုပ်ငန်းများကို ကုန်ထုတ်နှုန်းလျော့ကျစေပြီး ကန်ဒေါ်လာသန်းပေါင်းများစွာကုန်ကျစေဖွယ်ရှိသည်ဟု လုံခြုံရေးကျွမ်းကျင်သူများကပြောသည်။

*—Ref: Reuters*








၂၀၀၈ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ပြီးနောက် ပျက်စီးနေသော ဧရာဝတီတိုင်းမှ ကျေးရွာတစ်ရွာကိုတွေ့ရစဉ် AFP

# နာဂစ်နဲ့ မေးခွန်းနှစ်ခု

**မောင်ထွန်းလွင် (မိုးလေဝသ)**

၂၀၁၄ မေလ ၂၊ ၃ ရက်ဟာ နာဂစ်မုန်တိုင်း မြန်မာနိုင်ငံကိုဝင်ရောက်တိုက်ခတ်သွားခဲ့တဲ့ (၆)နှစ်မြောက်ဖြစ်ပါတယ်။ ပြီးတော့ ပြီးခဲ့ပြီဖြစ်တဲ့ အဖြစ်အပျက်တစ်ခုပါပဲ။ ဒါပေမဲ့လည်း လောကကြီးမှာလိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ၊ နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ တွေ့ကြုံလာကြရတဲ့ကိစ္စတွေဟာ နှစ်မျိုးနှစ်စားပဲရှိပါတယ်။ တရားသဘောအရပြောရရင်တော့ တရားနှစ်ပါးပဲရှိပါတယ်။ တရားတစ်ပါးကတော့ ပစ်ပယ်ရမယ့်တရား၊ ဆိုလိုချင်တာကတော့ မေ့ပစ်ရမယ့်၊ လျစ်လျူရှုရမယ့်၊ ခေါင်းထဲက ထုတ်ပယ်ရမယ့်တရား။ ဥပမာ၊ လောဘ၊ ဒေါသ၊ မောဟ တရားတွေဆိုပါတော့။ နောက်တရားတစ်ခုကတော့ ပစ်ပယ်ရမယ့်တရားမဟုတ်ဘူး ပစ်ပယ်လို့လည်းမရဘူး။ မရှိအောင်လုပ်လို့လည်းမရဘူး။ မတွေ့ချင်လို့လည်းမရဘူး။ တွေ့ကိုတွေ့ရမှာ။ ရင်ကိုရင်ဆိုင်ရမှာ။ ဒါပေမဲ့ တွေ့တဲ့အခါမှာ သူပြုသမျှ၊ ကိုယ်နုရတဲ့ဘဝမျိုးမဖြစ်ရလေအောင် ကြိုတင်ပြင်ဆင်မှုတွေနဲ့ ကိုယ်က ဦးဆောင်ပြီး ကိုယ်ကအနိုင်ယူရမယ့်တရား။ ဥပမာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေလိုပေါ့။ ဒီလိုတရားနှစ်ပါးအနက် နာဂစ်အဖြစ်အပျက်ဟာ ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ၊ ပစ်ပယ်လို့မရတဲ့ကိစ္စ၊ တကယ်တော့ နာဂစ်ဟာ နောက်တစ်ကြိမ် ကြုံလာခဲ့ရင် ရင်ဆိုင်ပြီး အနိုင်ယူရမယ့်တရားဖြစ်ပါတယ်။

နောက်တစ်ကြိမ် နာဂစ်လိုမုန်တိုင်းကြုံတွေ့လာခဲ့ရင်တော့ အနိုင်ယူနိုင်ရလေအောင်နာဂစ်က ဘာသင်ခန်းစာတွေပေးခဲ့သလဲ။ နာဂစ်ရဲ့အကြောင်း ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်တွေးခေါ်ဖို့လိုတာတော့ အမှန်ဖြစ်ပါတယ်။ Men learn much from defeat ဆိုတဲ့ စကားကလည်း ရှိနေတယ်မဟုတ်လား။

နာဂစ်အဖြစ်အပျက်ကြီးမှာ လူပေါင်းတစ်သိန်းလေးသောင်းလောက် အသက်ဆုံးရှုံးခဲ့ရတယ်။ အိမ်ရာအဆောက်အအုံပေါင်း ခုနစ်သိန်းခွဲလောက် ပျက်စီးခဲ့တယ်။ လူပေါင်းဆယ့်တစ်သန်းကျော်လောက် ထိခိုက်ခဲ့ရတယ်။ နိုင်ငံတော်ပိုင်နဲ့ ပုဂ္ဂလိကပိုင်နှစ်ရပ်ပေါင်း ပစ္စည်းဆုံးရှုံးမှုတန်ဖိုး ၁၂ ထရီလီယံကျော်ရှိခဲ့တယ်။ ကမ္ဘာမှာ ပျက်စီးဆုံးရှုံးမှုနဲ့ အသေအပျောက်အဆိုးဆုံးစာရင်းမှာ နံပါတ်(၈)အဆင့်ဖြစ်ခဲ့တယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော့်ခေါင်းထဲမှာ မကြာမကြာ ရောက်လာတဲ့ မေးခွန်းနှစ်ခုရှိနေပါတယ်။

ပထမမေးခွန်းကတော့ နာဂစ်မုန်တိုင်းကြီး ၂-၅-၂၀၀၈ ရက်နေ့ နံနက်ပိုင်း ဟိုင်းကြီးကျွန်းကိုမဝင်မီ ရေပြင်ပေါ်မှာ အချိန်လေးနာရီကြာအောင် မရွေ့လျားဘဲ ရပ်နေခဲ့ပြီးမှ ဟိုင်းကြီးကျွန်းကို မွန်းလွဲညနေပိုင်းမှာ ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒီမှာ ကျွန်တော့်ကိုယ်ကျွန်တော် မေးနေမိခဲ့တဲ့ မေးခွန်းကတော့ နာဂစ်ဟာ အခုလို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို မဝင်ခဲ့ဘဲ ယခင်ဝင်နေကျလမ်းကြောင်းအတိုင်း ရခိုင်ပြည်နယ်ဘက်ကိုသာ ဝင်ခဲ့ရင် အခုလို အသေအပျောက်၊ အပျက်အစီးတွေ များပါ့မလားဆိုတဲ့ မေးခွန်းပါပဲ။

နောက်မေးခွန်းတစ်ခုကတော့ မနှစ်က ၂၀၁၃ ခုနှစ် အောက်တိုဘာအတွင်း ဘင်္ဂလားပင်လယ်အော်ထဲမှာ ဖိုင်လင်းဆိုင်ကလုန်းမုန်တိုင်းဖြစ်တော့ လေတိုက်နှုန်းက တစ်နာရီ ၁၆၂ မိုင်နှုန်းအထိရှိခဲ့လို့ အလွန်ပြင်းထန်တဲ့အဆင့်(၅) (category V)ရှိ မုန်တိုင်းကြီး ဖြစ်ခဲ့တယ်။ တစ်နာရီကို လေတိုက်နှုန်း မိုင် (၁၄၀-၁၄၅) လောက်သာရှိခဲ့တဲ့ နာဂစ်ထက် ပိုပြင်းတာပေါ့။ အဲဒီလောက်အင်အားနဲ့ လူဦးရေထူထပ်လှတဲ့ အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းခြေ Andra Pradesh ပြည်နယ်ကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ ဒီမှာ ကျွန်တော့်ကို မိတ်ဆွေကြီး ကာတွန်းကိုအောင်ပီကျယ်က မေးလာပါတယ်။ "ဆရာခင်ဗျား။ အခု အိန္ဒိယနိုင်ငံကို တိုက်ခတ်သွားခဲ့တဲ့ ဆိုင်ကလုန်းမုန်တိုင်း ဖိုင်လင်းဟာ ကျွန်တော်တို့မြန်မာနိုင်ငံကို တိုက်ခတ်သွားခဲ့တဲ့ နာဂစ်မုန်တိုင်းထက် ပိုပြင်းထန်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ လူအသေအပျောက်ကတော့ ဆယ်ဂဏန်းမျှသာရှိခဲ့ပြီး သူ့လောက်မပြင်းထန်တဲ့ ကျွန်တော်တို့ရဲ့ နာဂစ်ကတော့ လူတွေတစ်သိန်းကျော် သေဆုံးခဲ့ရတာ ဘာကြောင့်ပါလဲခင်ဗျား"ပါတဲ့ဗျာ။

နာဂစ်နဲ့ပတ်သက်လို့ ကျွန်တော့်ကို အတွေးပွား၊ အတွေးများစေခဲ့တာ အဲဒီမေးခွန်းနှစ်ခုပါပဲ။

ပထမမေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် နာဂစ်ဖြစ်အပြီးရက်ပိုင်းအတွင်းကပဲ အဖြေထုတ်ထားခဲ့ပြီးဖြစ်ပါတယ်။ အဲဒါကတော့ နာဂစ်ဟာ ဒီအင်ဒီအားနဲ့ပဲ မြစ်ဝကျွန်းပေါ်ကို မဝင်ခဲ့ဘဲ၊ ရခိုင်ကမ်းရိုးတန်းကိုသာ ဝင်ခဲ့ရင် အခုလောက်အသေအပျောက်၊ အပျက်အစီးဘယ်လိုမှ မရှိနိုင်ပါဘူး။ ဘာပြုလို့လဲ။ ရခိုင်ကမ်းရိုးတန်းနဲ့ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဒေသ နှစ်ခုဟာ သဘာဝအန္တရာယ်ကျရောက်နိုင်မှုကြောင့် ထိခိုက်မှုအလားအလာ အလွန်ကွာခြားနေကြလို့ ဖြစ်ပါတယ်။ အဲဒါကို သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစောင့်ရှောက်မှု လုပ်ငန်းမှာ Vulnerability(ထိခိုက်နိုင်ခြေ) လို့ခေါ်ပါတယ်။ ခပ်လွယ်လွယ် ပြောရရင်တော့ Risk(အန္တရာယ်ဖြစ်နိုင်ခြေ)လို့ ဆိုကြပါတော့။ ပြောရရင်တော့ အဲဒီအပိုင်းကို ရခိုင်ကမ်းရိုးတန်းနဲ့ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းတို့ကို နှိုင်းယှဉ်လိုက်တဲ့အခါ မြစ်ဝကျွန်းပေါ်ဒေသက Vulner-ability ရော Risk ရော အလွန်မြင့်မားနေတာကို တွေ့ကြရပါတယ်။

မြစ်ဝကျွန်းပေါ်မှာ တွေ့ရတဲ့ အားနည်းချက်က ၁၀ ချက်လောက်ရှိပါတယ်။ အဲဒါတွေကတော့

**(၁) မြေနိမ့်ဒေသဖြစ်ခြင်း**

မြစ်ဝကျွန်းပေါ် ဒေသဟာ မြေအလွန်နိမ့်ပါတယ်။ ကောင်းကင်မြေတိုင်း DEMS တိုင်းတာချက်တွေနဲ့ တိုင်းကြည့်လိုက်တော့ ဘယ်.. ဒီနေရာက ရေ ၅ မီတာလောက်တက်လာရင်ကို မြစ်ဝကျွန်းပေါ်တစ်ခုလုံးရဲ့ ၄၃ ရာခိုင်နှုန်းက ရေအောက်ရောက်သွားပြီ။ ၅ မီတာဆိုတာ ၁၇ ပေလောက်ရှိတာ။ နာဂစ်တုန်းက ကွင်းဆင်းတိုင်းတာချက်အရ သဘာဝဒီရေအထက် ပိုတက်ခဲ့တဲ့ မုန်တိုင်းဒီရေလှိုင်းအမြင့်က ၂၂ ပေအထိရှိခဲ့ပါတယ်။

**(၂) လူဦးရေထူထပ်ခြင်း**

မြစ်ဝကျွန်းပေါ်ဒေသဟာ မြန်မာတစ်နိုင်ငံလုံးမှာ လူဦးရေအထူထပ်အသိပ်သည်းဆုံးဒေသ။ ပွဲခင်းထဲ ခဲပစ်လိုက်သလိုပေါ့ဗျာ။ ပစ်မလွဲဆိုတာ ဒီဒေသမျိုးပေါ့။

**(၃) မြစ်လက်တက်များနှင့် မြစ်ဝများပေါ်များခြင်း**

မြစ်ဝကျွန်းပေါ် ဒေသဟာ မြစ်ကြောင်း စနစ်ကလည်း ရှုပ်သလားမပြောနဲ့။ မြစ်ချည်းက ၁၇ စင်း။ မြစ်ဝချည်းပဲခုနစ်ပေါက်။ ဝင်လာတဲ့ပင်လယ်ရေတွေ မျက်စိလည်သွားနိုင်တယ်။

**(၄) မုန်တိုင်းခိုအဆောက်အအုံနှင့် သက်ကယ်ကုန်းမြင့်များ မရှိခြင်း**

နာဂစ်ဖြစ်တုန်းက မုန်တိုင်းခို အဆောက်အအုံ (storm shelter) ဆိုတာ ကြားတောင်မကြားဖူးဘူး။ အသက်ကယ်ကုန်းဆိုတာ ဘာမှုမရှိဘူး။ နာဂစ်ဖြစ်တုန်းက မိသားစုငါးဦးမှာ တစ်ဦးတည်းကျန်ရစ်တော့တဲ့ အိမ်ထောင်ဦးစီးတစ်ယောက်က ကျွန်တော်တို့အဖွဲ့ ကွင်းဆင်းတော့ ပြောပြပါတယ်။ နာဂစ်သတိပေးချက်ကို ကြိုသိလို့ သူကြိုတင်ကာကွယ်တဲ့အနေနဲ့ အဲဒီနေ့က ပင်လယ်ကို မထွက်တော့ပါဘူးတဲ့။ အိမ်မှာပဲနေပါတယ်တဲ့။ ရေတွေတက်လာတော့ သူတို့မိသားစုငါးဦး အိမ်အောက်ထပ်ကနေ အပေါ်ထပ်ကိုပြောင်းပါတယ်။ ရေတွေထပ်တက်လာတော့ ထုပ်တန်းပေါ်ကိုတက်ပါတယ်။ အဲဒီကနေထပ်တက်လာတော့ အိမ်အမိုးသွပ်ကိုလှန်ပြီး ခေါင်မိုးပေါ်တက်ပါတယ်။ အဲဒီကနေထပ်တက်လာတော့ ကျွန်တော် တစ်ယောက်တည်းပဲ ကျန်ပါတော့တယ်တဲ့။ ပြေးစရာမြေကို မရှိခဲ့ပါဘူးဗျာ။

**(၅) သဘာဝဘေးအန္တရာယ်အခြေအနေအမျိုးအစားနှင့် အန္တရာယ်ရှိမှုပြ မြေပုံများမရှိခြင်း**

သဘာဝ ဘေးကာကွယ်စောင့်ရှောက်ရေးအတွက် အရေးပါလှတဲ့ မြေယာအသုံးချမှု အတွက် Risk Map, Hazard Map ဘာတစ်ခုမျှ လုပ်ထားတာမရှိခဲ့ပါဘူး။ ဒီတော့ လူတွေက ရွာလေးတွေတည်ပြီး ရေလုပ်ငန်းနဲ့နီးတဲ့ ကမ်းစပ်တစ်လျှောက် ရွာတည်နေကြတော့ ပင်လယ်က တက်လာမယ့် ရေလှိုင်းတွေကို ထွက်ကြိုနေကြသလိုပါပဲ။ ဒီရေလှိုင်းတွေက အရင်တုန်းကမှ လူတစ်ယောက်တွေ့ဖို့အရေးအတော်လေး အထဲရောက်အောင် ကြိုးပမ်းနေရသေးတယ်။ အခုတော့ အေးဆေးပဲပေါ့။

**(၆) မုန်တိုင်းဆိုင်ရာ ယခင်အတွေ့အကြုံနည်းမှုကြောင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်ခဲယဉ်းခြင်း**

မြစ်ဝကျွန်းပေါ်သားတွေဟာ ပင်လယ်မှာမွေး၊ ပင်လယ်ထဲမှာ အသက်မွေးဝမ်းကျောင်းနေခဲ့ကြပေမယ့် ဘာမုန်တိုင်း အတွေ့အကြုံမှ မရှိခဲ့ကြပါဘူး။

**စာမျက်နှာ(၃၂) သို့**

7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

(ယခင်အပတ်မှအဆက် . . . )

# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်



**အခန်း(၃၂)**
**မာဖီးယားဖူးခက်**
**၂၀၁၄ ခုနှစ် ဧပြီလ ၂၃ ရက်**

လွန်ခဲ့သောသီတင်းပတ်များက ပူပြင်းခဲ့သော်ငြား ဤရက်ပိုင်းအတွင်း ဖူးခက်မှာ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာသည်။ မုတ်သုံ၏ ရှေ့တော်ပြေးလော၊ ပျံ့ကျမိုးလော မဝေခွဲနိုင်ချေ။ ဖူးခက်သည် ပင်လယ်ပြင်ထဲက ကျွန်းငယ်ဖြစ်လေရာ အပူရှိန်ပြင်းသည့်နေ့ရက်များတွင် ပျံ့ကျမိုးရွာလေ့ရှိသည်။ သေချာသည်ကား မကြာမတင်ရက်ပိုင်းကာလ မေလဆန်းလျှင်ဖြင့် ဖူးခက်သို့ မုတ်သုံဝင်တော့မည်။

သင်္ကြန်နေ့ရက်များ၏ နောက်ဆက်တွဲပေလော၊ မတည်ငြိမ်သော ထိုင်းနိုင်ငံရေးအခြေအနေကြောင့်ပေလော မဆိုနိုင်။ သည်ရက်ပိုင်းတွေမှာ ကျွန်တော့်ဆိုင်တွင် အရောင်းအဝယ်ပါးလှသည်။ ဆိုင်တွင်းမှခြေတစ်ဖဝါးမျှ ခွာရန်ပင် ဝန်လေးတတ်သော ဆိုင်မန်နေဂျာ တူတော်မောင် ရဲအောင်ပင်လျှင် "စျေးကွက်စနည်းနာချေဦးမည်"ဟုဆိုကာ ဆိုင်ကယ်တစ်စီးဖြင့်ဆိုင်ကိုယာယီစွန့်ခွာသွားလေရာ တစ္ဆေခြောက်မတတ်ဝယ်သူကင်းမဲ့နေသည့် ဆိုင်တွင်းမှာကျွန်တော် တစ်ကိုယ်တည်း ငေါင်းစင်းစင်း ကျန်ရစ်ခဲ့လေသည်။

ခြောက်ကပ်ကပ်နှင့် ပျင်းရိဖွယ်ကောင်းလှသည့်အချိန်မျိုးတွင် စကားပြောဖော်ရှိလျှင်ကောင်းလေစွဟူသော ကျွန်တော့်အတွေးမဆုံးမီမှာပင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်ဆိုင်ရှေ့သို့ ကားနက်ကြီးတစ်စီး ထိုးရပ်လာပြီး ကားပေါ်မှ အကြော့သားဆင်းလာသူမှာ ကိုသက်ခိုင်ဖြစ်လေ၏။ အမြဲလိုလိုရွှင်လန်းတက်ကြွနေသည့် ကိုသက်ခိုင်ကား ဆိုင်ဝမှာပင် အခြေအနေအရပ်ရပ်ကိုအကဲခတ်မိဟန်ရှိသည်။

"ကိုယ့်ဆရာ။ ထူးထူးဆန်းဆန်း ဆိုင်မှာထိုင်လို့ပါကလား။ အကဲခတ်ရသလောက် ခင်ဗျားနောက်မှာ ကပ်ထားတဲ့ ဝင်လာမစဲ၊ တသဲသဲဆိုတဲ့ စာတန်းဟာ အာနိသင်ပြယ်နေပြီထင်ပါရဲ့"

"အေးဗျာ။ အရောင်းပါးပုံများ သူရဲခြောက်မှာတောင်ကြောက်ရတယ်။ ဗမာအလုပ်သမားတွေလည်း စုထားဆောင်းထားတာလေးတွေ သင်္ကြန်မှာ အပျော်လွန်ပြီး ပြောင်ကုန်ပြီထင်ပါရဲ့။ ဒီကြားထဲ ထိုင်းနိုင်ငံရေးကလည်း မတည်ငြိမ်တော့ ထိုင်းနိုင်ငံစီးပွားရေးလည်း ထိခိုက်နေပြီထင်ပါရဲ့"

"သေချာတယ် ကိုမင်းဒင်ရ။ ဘန်ကောက်မြို့ကြီးမှာတောင် နိုင်ငံခြားဧည့်သည်တွေ အဝင်ကျဲလာသတဲ့။ ပင်နာဖွန်လို ဖူးခက်မြို့ရဲ့ အကြီးဆုံးဆောက်လုပ်ရေးကုမ္ပဏီမှာတောင် အလုပ်သမားတွေကို လုပ်ခမရှင်းပေးနိုင်တာနှစ်လကျော်ပြီတဲ့။ ဒီတော့ ခင်ဗျားဆိုင်အရောင်းပါးတာ သိပ်မဆန်းလှဘူး။ ပိုဆိုးတာက အခုကျွန်တော်လာရာလမ်းမှာလည်း ဖူးခက်လေဆိပ်ဆီ သွားတဲ့မြို့ဝင်၊ မြို့ထွက် အဓိက လမ်းမကြီးကို မဏ္ဍပ်စင်ထိုးပြီး ပိတ်ဆို့ထားကြလေရဲ့"

"ဟ၊ သတင်းထူးပါလား လုပ်ပါဦး။ လမ်းမကြီးကို ပိတ်ဆို့ထားတာ အနီတွေလား။ အဝါတွေလား"

"အခုလမ်းပိတ်ဆန္ဒပြနေကြတာက အနီတွေ၊ အဝါတွေမဟုတ်ဘူးဗျာ။ ရာဇဝတ်မှုတစ်ခုအပေါ် ဖူးခက်ရဲတွေကိုင်တွယ်ပုံကိုမကျေနပ်လို့ ဆန္ဒပြနေကြတာတဲ့။အရပ်သတင်းအရတော့ ဒီအမှုဟာ မာဖီးယားဆန်ဆန် ပြစ်မှုကျူးလွန်ခဲ့တယ်ဆိုပဲ။ ဖူးခက်ပုလိပ်တွေ ဘယ်ကိုင်ရဲပါ့မတုံး။ ခေါင်းဆင်နင်းနေပြီ ထင်ပါရဲ့"

"ဩော် စိတ်ဝင်စားစရာပဲဗျာ။ ဆက်ပါဦးဗျ"

"ဖြစ်ပုံက လွန်ခဲ့တဲ့နှစ်ရက်လောက်က ဖူးခက်မြို့အဝင် ဆာယက်ဆင်တံတားကြီးနားက အဝေးပြေးလမ်းမကြီးပေါ်မှာ မုဒိမ်းမှုတစ်ခုဖြစ်ခဲ့သတဲ့ဗျာ။ ကျူးလွန်တယ်လို့သံသယရှိရတဲ့ လူငယ်နှစ်ယောက်က အမြွှာညီအစ်ကိုတဲ့။ ဒီလူငယ်နှစ်ယောက်ကို ဆာယက်ဆင်ရဲစခန်းကဖမ်းမိပေမယ့် အသက်တွေက (၁၇)နှစ်စီပဲရှိကြသေးတာမို့ ဖူးခက်ပုလိပ်တွေက အမှုကိုထိထိရောက်ရောက်မကိုင်တွယ်ကြဘူးထင်ပါရဲ့။ တစ်ချိန်တည်းမှာ ဒီအမြွှာညီအစ်ကို နှစ်ယောက်ရဲ့ မိဘတွေဟာ ဖူးခက်မာဖီးယားတွေနဲ့ အချိတ်အဆက်ရှိသလိုလိုလည်းသတင်းထွက်လာတယ်။ ဒါပေသည့် မုဒိမ်းအကျင့်ခံရတဲ့ မိန်းကလေးဟာ ကိုယ်ဝန်ငါးလဆောင်ထားရတဲ့ (၂၅)နှစ် အရွယ် မွတ်စလင်အမျိုးသမီးဖြစ်နေလေရဲ့။ ဒီမှာတင် ဘာသာရေးပါနွယ်သလိုဖြစ်လာပြီး လမ်းတွေပိတ်ဆန္ဒပြကြတဲ့အထိ ဖြစ်ကုန်ကြတာပေါ့ဗျာ။

ဖူးခက်ရဲတွေ ရှင်းပုံရှင်းနည်းကလည်း မှတ်သားစရာပါပဲ။ .. ဒီကလေးနှစ်ဦးဟာ မုဒိမ်းကျင့်ဖို့အစီအစဉ်မရှိပါဘူး။ ကိုယ်ဝန်ရှိနေတယ်ဆိုတာလည်း သူတို့မသိပါဘူး။ လက်ကိုင်ဖုန်းနဲ့ ဆိုင်ကယ်ကို လုယက်ဖို့ပဲ ကြိုးစားခဲ့တာပါတဲ့။ အဲဒါ ကျွန်တော်နားအကြားနဲ့ ပြောတာမဟုတ်ဘူးနော်။ ဖူးခက်ဂေဇက်သတင်းစာမှာ သတင်းထောက်တွေရဲ့အမေးကို ဖူးခက်ပုလိပ်အရာရှိမင်း ဖြေထားတာဖတ်ပြီးပြောနေတာ။ ဒီပွဲမှာ ထိုင်းရဲ၊ ဖူးခက်မာဖီးယားနဲ့ နစ်နာရတဲ့ဘက်က အပြန်အလှန်ရွှေ့ကွက်တွေဟာ အတော်တော့စိတ်ဝင်စားစရာ ကောင်းတယ်ဆိုရမယ်။ ထိုင်းရဲကျင့်ထုံးအရ ရာဇဝတ်မှုတရားခံတွေကို ဖမ်းမိတဲ့အခါ သူတို့ဘယ်လိုကျူးလွန်ခဲ့တယ်ဆိုတာ ထင်ရှားခိုင်မာတဲ့ အထောက်အထားရနိုင်အောင် ကျူးလွန်ခဲ့တဲ့နေရာမှာ ကျူးလွန်ခဲ့တဲ့လှုပ်ရှားမှုအတိုင်း ပြန်ပြီးသရုပ်ဆောင်ပြရသတဲ့ဗျ။

အဲဒီလို တရားခံတွေကို လက်တွေ့သရုပ်ပြစေဖို့ခေါ်လာတဲ့အချိန်မှာ နစ်နာရတဲ့ဘက်က ပြန်ပြီး ကလဲ့စားချေတဲ့အနေနဲ့ လက်စတုံးစီရင်ဖို့ ဇယားချတယ်။ ဒါဟာ သူတို့ပထမဆုံးရွေးချယ်တဲ့နည်းလမ်းဗျ။ ဖူးခက်ပုလိပ်နဲ့ မာဖီးယားအုပ်စုကို အကောင်းဆုံးတုံ့ပြန်တဲ့နည်းလမ်းလို့ ယူဆကြပုံပေါ်တယ်။ ဒါပေမဲ့ ဒီသတင်းဟာ တရားခံတွေကို ပြစ်မှုကျူးလွန်တဲ့နေရာဆီ ခေါ်လာမယ့်ဆဲဆဲ နာရီပိုင်းအလိုမှာ ပေါက်ကြားသွားတာမို့ ဖူးခက်ရဲတွေက မူလအစီအစဉ်ကိုဖျက်လိုက်တော့ နစ်နာသူဘက်က လူအုပ်စုဟာ ဒုတိယနည်းလမ်းအဖြစ် လေဆိပ်ကိုသွားတဲ့ လမ်းမကြီးကို လူအင်အားရာချီပြီး ပိတ်ဆို့လိုက်ကြတာပေါ့ဗျာ"

ကိုသက်ခိုင်ဇာတ်လမ်းကြောင့် ကျွန်တော်သည် စျေးရောင်းပါးသောအဖြစ်ကို မေ့လျော့နေသည်။ ဆိုင်အတွင်းလူရှင်းရုံမက ဆိုင်အပြင်ဘက် လမ်းမပေါ်မှာပါ လူသွားလူလာရှင်းလျက်ရှိ၏။ ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်သည် ကျွန်တော်တို့စကားဝိုင်းကို ရှေ့ဆက်နိုင်ရန် ကူညီပံ့ပိုးလျက်ရှိလေသည်။

"ဒါနဲ့ ခင်ဗျားပြောသလို ဖူးခက်မှာမာဖီးယားတွေကြီးစိုးတယ်ဆိုတာ တကယ်ပဲလားဗျာ"

"ဩော်။ ထိုင်းလေသံလေးနဲ့ပြောရရင်ဖြင့် လွိုင်ပါဆင့် (၁၀၀ ရာခိုင်နှုန်း)သေချာပါသော်ကောဗျာ။ ကျွန်တော် အကဲခတ်ရသလောက် ထိုင်းလူမျိုးအများစုဟာ ဘာသာရေးအပေါ်မှာတော့ သိပ်ပြီးအယူအစွဲမပြင်းထန်ကြဘူး။ ယာလာတို့၊ ပါတနီတို့လို မလေးနယ်စပ်နဲ့ထိစပ်နေတဲ့ မြို့တွေမှာတော့ တစ်မျိုးပေါ့။ ကျွန်တော်ဆိုလိုတာက ထိုင်းတစ်နိုင်ငံလုံးကို ခြုံငုံပြီးပြောတာ။ ထိုင်းလူမျိုးတွေဟာ ငွေကြေးနဲ့ပတ်သက်လာရင် တခြားလူမျိုးထက်ပိုပြီး လောဘရမ္မက်ကြီးတယ်ဆိုရလေမလား။ စောစောက ကျွန်တော်ပြောခဲ့တဲ့ မုဒိမ်းမှုမှာလည်း ငွေကြေးကြောင့် မာဖီးယားတွေ ဝင်ပတ်သက်လာတာ ဖြစ်ဖို့များတယ်။ တကယ်တော့ ဖူးခက်မြို့ကြီးဆိုတာကလည်း နိုင်ငံတကာဧည့်သည်တွေအတွက် လိုတရမြို့ကြီးပေါ့ဗျာ။ လောင်းကစားဝါသနာပါသလား။ မူးယစ်စေတတ်တဲ့အရာတွေနဲ့ နိဗ္ဗာန်ဘုံကို ဘယ်နှခေါက်သွားချင်သတုံး။ ဆေးခြောက်လား၊ အိုက်စ်လို့ခေါ်တဲ့ရေခဲလား။ မူးယစ်ဆေးဝါးမှန်သမျှ အလုံး၊ အပြား၊ လေးထောင့်၊ တြိဂံ၊ ပုံစံမျိုးစုံချက်ချင်းရစေရမယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် မိန်းမချင်း၊ ယောကျ်ားချင်း ချစ်ရည်တူနှစ်ကိုယ်မျှချင်ကြသလား။ အဆင်သင့်ပဲပေါ့ဆိုတဲ့ မြို့ကြီးပေါ့ဗျာ။ ဒီလိုမြို့ကြီးမှာ ဒုစရိုက်ဂိုဏ်းတွေရှိနေတယ်ဆိုတာအဆန်းတကြယ်တော့မဟုတ်လှပါဘူး။

လွန်ခဲ့တဲ့ ခုနစ်နှစ်ဝန်းကျင် ၂၀၀၇ ခုနှစ်လောက်တုန်းကပေါ့ဗျာ။ ဗမာအလုပ်သမားတွေကို ဖူးခက်မြို့ထဲအရောက် တရားမဝင်မှောင်ခိုသွင်းကြရာကနေ မာဖီးယားအုပ်စုနှစ်ခု ဖူးခက်မြို့လယ်ကောင်မှာတင်အပြန်အလှန်လက်စားချေပွဲကြီးတစ်ခုဖြစ်ခဲ့ဖူးတယ်ဗျ။ အမှန်တော့ ထိုင်းမှာလူမှောင်ခိုကူးကြတယ်ဆိုတာ ဗမာအစိုးရထင်နေသလို ဗမာလူပွဲစားတချို့က ကြိုးကိုင်နေတာမဟုတ်ဘူး။

အဓိကနေရာကနေ ပါဝင်လှုပ်ရှားနေသူတွေဟာ ထိုင်းစစ်တပ်၊ ထိုင်းရဲနဲ့ ထိုင်းမာဖီးယားတွေပဲဗျာ။ သူတို့အပိုင်စားရာနယ်မြေအလိုက် ကြီးစိုးပြီးလူမှောင်ခိုလမ်းကြောင်းကြီးကို ချုပ်ကိုင်ထားကြလေရဲ့။ ဗမာလူပွဲစားဆိုတာတကယ်တော့ အိုးလူးခွက်လူးစားရတဲ့ အဆင့်ပါပဲ။ ကျွန်တော်သိသလောက်ခိုးဝင်လာတဲ့ ဗမာအလုပ်သမားတစ်ဦးအတွက် ဗမာလူပွဲစားတွေရလှ ထိုင်းဘတ်ငါးရာပေါ့ဗျာ။

လူပွဲစားလုပ်ငန်းဟာတကယ့်ကို ဝင်ငွေကောင်းတဲ့အလုပ်ဗျ။ ကျွန်တော်ကောင်းကောင်းသိတယ်။ သိဆို ဖူးခက်မှာ အနေကြာပြီး လူရာဝင်ဆံ့လာတော့ မာဖီးယားတွေ ကျွန်တော့်ကို လူပွဲစားလုပ်ဖို့တင်မက မူးယစ်ဆေးဝါးရောင်းဝယ်ဖို့ပါ ကမ်းလှမ်းခဲ့ဖူးသေးတာကိုး။ ခင်ဗျားစဉ်းစားကြည့်။

**စာမျက်နှာ(၂၉) သို့**

7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# တိုကျိုမြို့၌ ခွေးကျောင်းထွက်ခြင်း

မောင်သာချို




(တစ်)

မည်သည့်နေရာကိုပဲ ကြည့်လိုက်၊ ကြည့်လိုက် ဂျပန်တစ်နိုင်ငံလုံး ရေခဲတွေ ဖုံးလွှမ်း၍ နေသည့်ရက်တွေထဲက တစ်ရက်မနက် တော်တော်စောစောကြီးမှာ အိပ်ရာက နိုးလာသဖြင့် ပြတင်းပေါက် မှန်တံခါးများရှိရာ ဘက်ဆီသို့ လျှောက်သွားဖြစ်ခဲ့ပါသည်။

အပြင်၌ နှစ်ဆယ့်လေးနာရီပတ်လုံး ခြေအိတ်၊ လက်အိတ်နှင့် အနွေးထည်ထူထူကြီးများ ခေါင်းစွပ်များကို မချွတ်စတမ်းဝတ်ထားရလောက်အောင် အအေးဓာတ်က ပြင်းထန်လှသည့်တိုင် ဟိုတယ်ထဲမှာကတော့ နွေးပါသည်။ အပူငွေ့ပေးထားကြသည်ကိုး။

တော်တော်စောသေးသည့် မနက်ခင်းဖြစ်သဖြင့် လမ်းတွေပေါ်မှာ ကားအသွားအလာရှင်းလင်းလွန်းပါသည်။ မေ့လောက်မှ တစ်စီး။ မေ့လောက်မှ နှစ်စီး။ ရောင်စုံကျောက်တုံးမျိုးစုံကို အကွက်ဖော်ကာခင်းထားသည့် လူသွားစင်္ကြံကလေးများပေါ်၌ လမ်းသွားလမ်းလာဟူ၍ မရှိလောက်အောင် ရှင်းလင်းလွန်းလှသည့် တိုကျိုမြို့တော်၏ ခပ်စောစောရှုခင်းကို မိုးပျံဟိုတယ်တစ်ခု၏ အခန်းတစ်ခန်းတွင်းကနေ အပေါ်စီးမှ ကြည့်နေရသည်မှာ စိတ်ကို တော်တော်ကလေး ကြည်လင်လန်းဆန်းစေပါသည်။

သို့ဖြင့် တောင်ငေး၊ မြောက်ငေး၊ တောင်တွေး၊ မြောက်တွေး ရှိနေစဉ် မြင်ကွင်းထဲသို့ လူတစ်ယောက်ဝင်လာပါသည်။ သူတစ်ယောက်တည်းမဟုတ်။ ခွေးတစ်ကောင်နှင့် အတူ။

အတန်အသင့်အရပ်ရှည်သူ ထိုဂျပန်အမျိုးသားက သူ့ရှေ့၌ ခပ်ပြေးပြေးကလေးသွားနေသည့် ခွေးကလေးကို ကြိုးဖြင့် ဆွဲကာ နောက်နားဆီမှ ခပ်သွက်သွက် လိုက်နေခြင်းဖြစ်ပါသည်။ ခွေးကျောင်းထွက်လာသည်ပဲထင်ပါရဲ့။ ထိုစဉ်က ဟိုတယ်ပေါ်မှ ဆီးပြီးကြည့်ခွင့်ရနေသည့် မြင်ကွင်းကျယ်ကြီးတစ်ခုလုံးတွင် လှုပ်နေသည့် အရာဟူ၍ ထိုခွေးတစ်ကောင်နှင့် လူတစ်ယောက်သာပဲ ရှိပါသည်။

ထိုစဉ်မြင်ကွင်းက ခဏက လေးတန့်သွားပါသည်။ ဩော် . . . ခွေးကလေး လူသွားစင်္ကြံတစ်နေရာမှာ မစင်စွန့်နေခဲ့တာကိုး။ ခွေးရှင်က ကြိုးကို ကိုင်ထားရင်းကပဲ စိတ်ရှည်လက်ရှည်ဖြင့် စောင့်ပေးနေခဲ့ပါသည်။ သို့ဖြင့် တိုကျိုမြို့ တစ်နေရာမှာ ခွေးမစင်စွန့်ခြင်း ကိစ္စပြီးဆုံးပါသည်။

သို့သော် . . .။ ဟုတ်ပါသည်။ သို့သော်ပါ။ ထိုသို့သော်ကသည်စာကို ရေးဖြစ်စေသော သို့သော်ပါ။

ခွေးနှင့်လူက ချက်ချင်းထွက်မသွားသေးဘဲ ဘောင်းဘီကို အနေအထားပြင်ကာ စင်္ကြံပေါ်၌ ခပ်စောင်းစောင်းကလေးဆောင့်ကြောင့် ထိုင်ပါသည်။ လက်တစ်ဖက်မှာက ခွေးကြိုးနှင့်အတူ ရောကိုင်ထားသည့် အိတ်တစ်အိတ်။ အခြားတစ်ဖက်မှာက တစ်ရှူး (tissue)စက္ကူအလား ဘာလေလားမသိ။

သူက စင်္ကြံပေါ်တွင် ရှိနေသည့် ခွေးမစင်အချို့ကို တစ်ရှူးစက္ကူဖြင့် အသာအယာယူကာ လက်တစ်ဖက်ရှိ အိတ်ထဲသို့ထည့်ပါသည်။ စိတ်ရှည်လက်ရှည်ဆိုမှ တကယ့်ကို စိတ်ရှည်လက်ရှည် ကောက်ထည့်နေခြင်းဖြစ်ပါသည်။ ထို့နောက် စင်္ကြံကျောက်တုံးပြားကလေးများပေါ်တွင် ပေကျံနေပုံရသည့် အညစ်အကြေးအချို့ကို တစ်ရှူးစက္ကူကလေးများဖြင့် စိတ်ကျေနပ်လောက်သည်အထိ သုတ်ကာ အိတ်ထဲသို့ ထည့်ပါသည်။ ထို့နောက်တွင်မှ ဘောင်းဘီဝဲယာကို တစ်ချက်ဝိုက်ကြည့်ပြီး ခွေးချည်ကြိုးကလေးကို လှုပ်ယမ်းကာ သွားကြစို့ဟု နှိုးဆော်လိုက်ပုံဖြင့် ထွက်ခွာသွားခဲ့ကြခြင်းဖြစ်ပါသည်။

ခေါင်းထဲသို့ ရောက်လာသည့် စကားလုံးမှာ Responsibil–ity ဟူသည့် စကားလုံးပဲဖြစ်ပါသည်။ တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှု၊ ရက်စပွန်ဇဘလတီ။

ဒါငါ့ခွေး။ သည်မစင်ကို စွန့်တာ ငါ့ခွေးက စွန့်တာ။ သည်အညစ်အကြေးက ငါ့ခွေးရဲ့ အညစ်အကြေး။ ဒါ့ကြောင့် ဒါကို သန့်ရှင်းရမယ့် တာဝန်က ငါ့တာဝန်။ စိတ်ထဲ အံ့သြလေးစားမှုများနှင့်အတူ တိုကျိုရောက်မြန်မာများကို သည်အကြောင်းဖောက်သည်ချမိပါသည်။ သူတို့ပြန်ပြောပုံက တိုကျိုမှာ ခွေးပါတဲ့လူတွေကို ကြည့်လိုက်တဲ့။

(နှစ်)

တိုကျိုမှာ ခွေးပါတဲ့ လူတွေကို ကြည့်လိုက်တော့ ဘာဖြစ်သလဲ။

အံ့သြစရာ ကောင်းသည့် လူ့ အဖွဲ့အစည်းတစ်ရပ်ပဲဖြစ်ပါသည်။

ယောက်ျား၊ မိန်းမ၊ လူကြီး လူငယ်၊ ဘိုးအိုဘွားအိုကြီးတွေက အစခွေးကလေးတွေကို ကြိုးဖြင့် ဆွဲလျက် လမ်းလျှောက်ထွက်လာကြသူများကို တွေ့တိုင်းသတိထားကြည့်မိသွားပါသည်။ လက်ထဲမှာ အိတ်ကလေးတွေနှင့်ဖြစ်ပါသည်။ လက်အိတ်ကလေးတွေနှင့် ဖြစ်ပါသည်။ တစ်ရှူး(Tissue)ပေပါကလေးတွေနှင့်ဖြစ်ပါသည်။ ကိုယ့်ခွေးမစင်ကို ကိုယ်ကျုံးဖို့။

နိုင်ငံသားတစ်ယောက်ချင်းတစ်ယောက်ချင်းကအစ ကိုယ့်ကိစ္စကိုယ် တာဝန်ယူ၊ ကိုယ့်ပြဿနာကိုယ်ရှင်းဆိုသည့် လိပ်ပြာမျိုးထာဝရနိုးနေအောင် ပျိုးထောင်နိုင်ပုံရပါသည်။ မည်သည့်ရဲမှ စောင့်စရာမလို။ မည်သည့်အမိန့်မှ ထုတ်ပြန်စရာမလို။

(သုံး)

ယခု ၂၀၁၄ ခုနှစ် ဧပြီလ ၁၆ ရက်က တောင်ကိုရီးယားနိုင်ငံ၌ အဖြစ်ဆိုးကြီးတစ်ခုဖြစ်ပျက်ခဲ့သည်ကို အများအသိပင်ဖြစ်ပါသည်။ ကူးတို့သင်္ဘောနစ်မြုပ်မှု၊ သင်္ဘောအမည်က Sewol တဲ့။ ခရီးသည် ၄၇၆ ဦးလိုက်ပါစီးနင်းသွားသည့် ကူးတို့သင်္ဘော။ ကျောင်းသား၊ ကျောင်းသူအများစုရာနှင့်ချီကာ အသက်ဆုံးရှုံးခဲ့ရသည့် မတော်တဆမှု။

ပထမဦးဆုံးအဖြစ် ဧပြီလ ၁၈ ရက်တွင် အထက်တန်း ဒုတိယကျောင်းအုပ်ကမိသားစုဝင်များ နေထိုင်ကြရာ ဂျင်ဒိုကျွန်း အားကစားခန်းမအနီး၌ ဆွဲကြိုးချကာ မိမိကိုယ် မိမိအဆုံးစီရင်သွား ခဲ့ပါသည်။ ကျောင်းသူ၊ ကျောင်းသားအများစုအသက်ဆုံးရှုံးရသည်မှာ သူ့တာဝန်မကင်းကြောင်းခံစားရလို့ပါဟူ၏။

ဒုတိယက တောင်ကိုရီးယားဝန်ကြီးချုပ်။ ချွန်ဟောင်ဝမ်။ သူ့တွင် တာဝန်ရှိပါသည်ဟုဆိုကာ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်လွှာကို သမ္မတထံ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

ဒါငါ့ကြောင့်၊ ဒါငါ့တာဝန်၊ ဒါငါ့ညံ့ဖျင်းမှု၊ ဒါငါမစီမံတတ်လို့၊ ဒါငါမခန့်ခွဲတတ်လို့စသည် စသည်ဖြင့် ကိုယ့်တာဝန်ကိုယ်ယူကာ တတ်နိုင်သည့်နေရာက ဖြေရှင်းခြင်းသည် တာဝန်ယူနိုင်မှု (Res–ponsibility) ပင်ဖြစ်ပါသည်။ ရထားချင်းတိုက်သည်ကို မီးရထားဝန်ကြီးက နုတ်ထွက်၊ တိုင်းပြည်စီးပွားရေးကျဆင်းသည်ကို ဝန်ကြီးချုပ်နုတ်ထွက်စသည်ဖြင့် ရှက်တတ်ကြသော ကမ္ဘာကြီးဝယ် တစ်မျိုးသားလုံးဘက်ပေါင်းစုံက ပြုတ်ပြုတ်ပြုန်းသည့်တိုင် ကိုယ်နှင့် မဆိုင်သလို သမိုင်းကို မျက်နှာပြောင်တိုက်သူများလည်းရှိနိုင်ပါသည်။

(လေး)

ယဉ်ကျေးသူတို့ကမ္ဘာကြီးမှာက နိုင်ငံသားတစ်ဦးချင်းကလည်း ကိုယ့်တာဝန်ကိုယ်သိ၊ အုပ်စိုးသူကလည်း ကိုယ့်တာဝန်ကိုယ်သိ။

ကြုံဖူးတာကလေး ဖောက်သည်ချချင်ပါသည်။ ကလေးက အမေကို လှမ်းအော်ပုံ– အမေရေ အမှိုက်တွေ ဘယ်လိုလုပ်ရမလဲတဲ့။ အမေပြန်ဖြေပုံ ဟိုဘက်ခြံထဲလှမ်းသွန်ချလိုက်တဲ့။ ဩော်... ။

ထိုသူများကို ခွေးတစ်ကောင်စီနှင့် တိုကျိုမြို့ထဲ လွှတ်ပေးထားချင်လိုက်တာ။ တိုကျိုတစ်မြို့လုံး ခွေးချေးစော်ကို မွှန်နေမှာပဲ။ ။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငုလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ငွေ၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိင်္ဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ကြာပန်းပေါ်မှ လိပ်ပြာနှင့် ကြာရွက်အောက်မှဖား

**မြင့်မိုရ်ဆွေ**




စာရေးသူသည် လွန်ခဲ့သော ဧပြီလ ပထမပတ်အတွင်းက ပုဂံမြေသို့ရောက်ခဲ့၏။ နှစ်စဉ်နွေရာသီတိုင်း ပုဂံသို့တစ်ခါတစ်ခေါက်ရောက်မြဲဖြစ်၏။ ယခုနှစ် ပုဂံသည် ယခင်နှစ်များထက် တစ်ဟုန်ထိုးတိုးတက်စည်ကားလာကြောင်း တွေ့ရှိရ၏။ ပြည်ပခရီးသွားများကို ဟိုတယ်တိုင်း၊ ဘုရားတိုင်း၊ လမ်းတိုင်း၊ စားသောက်ဆိုင်တိုင်းမှာ တွေ့မြင်နေရ၏။ ပြည်တွင်းဘုရားဖူးကားများကလည်း ဘုရားတိုင်းတွင် တစ်စီးဝင်တစ်စီးထွက်၊ နှစ်စီးဝင် နှစ်စီးထွက် ဘုရားဖူးအပြည့်ဖြင့် အော်သံ၊ ခေါ်သံ၊ ဆင်းသံ၊ တက်သံ၊ တညံညံဖြင့် အလုပ်ရှုပ်ပြီး ရုတ်ရုတ်သဲသဲ ပွဲကြီးအလားထင်မှားရ၏။ လွန်ခဲ့သော ၁၀ နှစ်ကပင် စာရေးသူ၏ ပုဂံမြင်းလှည်း ဖောက်သည်ဖြစ်သော "မောင်ထွန်း" မှာ ယခုအခါ မြင်းလှည်းသာမက စူပါကပ်စတန်တစ်စီးကိုပါဝယ်ယူပြီး မြင်းလှည်းတစ်လှည့်၊ မော်တော်ကားတစ်လှည့် အော်ဒါပေါ် မူတည်၍ ပြည်ပခရီးသွားများကို ပို့ဆောင်လျက်ရှိ၏။ ဒေသခံပုဂံ၊ ညောင်ဦးသားတို့၏ စီးပွားရေးမှာ ဘုရားဖူးများပြားလာသည်နှင့်အမျှ "ရေမြင့်လျှင်ကြာတင့်" ဆိုသကဲ့သို့ ဝင့်ထည်ကြီးပွားလာကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရပေသည်။

တစ်ညနေတွင် စာရေးသူနှင့် အဖော်မိတ်ဆွေတို့နှစ်ဦးသား ဗူးဘုရား၌ ဆည်းဆာရှုခင်း အလှကို လှမ်းမျှော်ကြည့်ရှုရင်း ခေတ္တနားနေကြ၏။ စာရေးသူသည် ပုဂံမြေသို့ရောက်ရှိလာကြကုန်သော ပြည်ပခရီးသွားနိုင်ငံခြားသားနှင့် ပြည်တွင်း ခရီးသွားဟု ဆိုအပ်သော ဘုရားဖူးပြည်သူများကို နှိုင်းယှဉ်ကြည့်မိပါသည်။ ပြည်တွင်းဘုရားဖူးများမှာ အရေအတွက်များပင်များသော်ငြားလည်း ရှေးဟောင်းဘုရား၊ တန်ခိုးကြီးဘုရားဖူးလျှင် ကုသိုလ်ရသည်ဟူသော အခြေခံစိတ်ဓာတ်နှင့် လာရောက်သည့်အရေအတွက်က လွှမ်းမိုးနေဆဲဖြစ်သည်ဟု တွေးဆမိ၏။ အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ၏ သမိုင်းတန်ဖိုးကို အတွင်းကျကျလေ့လာသိရှိပြီး မြန်မာပြည်သား၏ အမျိုးသားဇာတိမာန်ကို ထက်သန်စေသော အခြေခံစိတ်ဓာတ်များပါ တိုးပွားလာစေချင်၏။ အချို့မျိုးဆက်သစ် လူငယ်များတွင် အထက်ပါအခြေခံစိတ်ဓာတ်များ ရှင်သန်လာကြောင်း ဘုရားဖူးရင်း ဆွေးနွေးကြည့်ရာမှ တွေ့မြင်ရ၏။ သို့သော် လိပ်ဥတူးမည်၊ ဝေလေလေအပျော်ရှက်လွှင့်မည်ဟူသော ဒေါင့်မကျိုးသည့်ပုံစံများက အလွန်များနေသည်ကို ကြည့်ရှုရင်း ရင်မောနေမိ၏။

"ဦးကြီး ဘုရားလာဖူးတာလား"ဟု နောက်ဘက်မှ မေးခွန်းထုတ်သံကြား၍ အတွေးမျှင်ကို ဖြတ်လိုက်ပြီး လှမ်းကြည့်မိ၏။ ရန်ကုန်မှ စာရေးသူ၏ တူသားပမာ နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးခဲ့သော သင်္ဘောအရာရှိနှင့် သူ၏ မိသားစုကို တွေ့လိုက်ရ၏။ အပြန်အလှန်နှုတ်ဆက်စကားဆိုပြီး အားလုံးပျော်ရွှင်နေကြ၏။ သင်္ဘောအရာရှိက စာရေးသူ၏ လက်မောင်းကိုကိုင်ပြီး "ဦးကြီး ကျွန်တော့်သားနဲ့ သမီးလည်းပါတယ်ဗျာ။ သူတို့က အမေးအမြန်းအလွန်ထူတာ။ သူတို့မေးတဲ့အထဲမှာ ကျွန်တော်မဖြေနိုင်တာတွေပါတယ်။ ဦးကြီးဖြေနိုင်တာ ဖြေပေးလိုက်ပါဦး"ဟု ပူဆာသလိုပြောပြီး သူ့သားနှင့် သမီးကို မေးငေါ့၍ အချက်ပြလိုက်၏။

သူ၏ သားဖြစ်သူက သူတို့ ငှက်ပစ်တောင်ဘုရားကို ဖူးခဲ့ကြောင်း ပြောပြပြီး ပုဂံခေတ်က လူသားစားသည့်ငှက်ကြီးတကယ်ရှိ၊ မရှိ မိန်းမပျိုလေးများ နေ့စဉ်ဆက်သရသည်ဆိုခြင်းမှာ ဟုတ်၊ မဟုတ်နှင့် ဗူးနွယ်များအကြောင်းကိုပါ မေးမြန်းလေ၏။ စာရေးသူက သူ့အား ဘယ်နတန်းရောက်ပြီလဲဟု မေးမြန်းရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုထားကြောင်း ပြောပြ၏။ စာရေးသူက နေပြည်တော်ကို ရောက်ဖူးလားဟုမေးရာ ဖခင်နှင့်အတူ တစ်ခေါက်ရောက်ဖူးကြောင်း ဖြေကြား၏။ ထိုအခါ စာရေးသူက . . .

"နေပြည်တော်တည်တဲ့နေရာက အရင်ကတောတွေ၊ လျှိုတွေ၊ ချောက်ကြီးတွေ၊ တောင်ကုန်းတွေနဲ့ လူနေတဲ့အရပ်မဟုတ်ဘူး။ ကျတ်ပြေး၊ ပြန်ကပြေးဆိုပြီး ကျတ်တွေတောင်နေလို့မရတဲ့အတွက် ထွက်ပြေးတယ်လို့ပါးစပ်ရာဇဝင်ရှိခဲ့တယ်လေ။အခုကြည့် စမ်းသမ္မတကြီးနဲ့ဝန်ကြီးတွေနေတဲ့ မြို့တော်ကြီးဖြစ်သွားပြီ မဟုတ်လား"ဟုပြောလိုက်ရာ စာရေးသူ၏အဖော်မိတ်ဆွေက "ကျတ်တွေလည်းရှိရင် ရှိနေဦးမှာ"ဟု ဝင်ထောက်၏။ စာရေးသူက "မနောက်ပါနဲ့ ကိုယ့်လူရာ၊ ခေတ်လူငယ်တွေ သဘောပေါက်အောင်ရှင်းပြနေတာ"ဟု ဟန့်တားလိုက်ရ၏။ စာရေးသူကဆက်ပြီး "ရန်ကုန်မြို့ကြီးကို အင်္ဂလိပ်နယ်ချဲ့တွေတည်တော့ အခု ဝင်ဒါမီယာ၊ ရွှေတောင်ကြား၊ ဗိုလ်ချုပ်ရွာတို့ဆိုတဲ့နေရာတွေဟာတောကြီးမျက်မည်းဖြစ်ပြီး တိရစ္ဆာန်မျိုးစုံခိုအောင်းရာအရပ်ဖြစ်ကြောင်း၊ ပါမောက္ခမစ္စတာပန်းနီရဲ့ ရန်ကုန်သမိုင်းစာအုပ်မှာ ရေးခဲ့တယ်လို့ သိရတယ်ကွ။ ကျားတွေ၊ ဆင်တွေတောင်ရှိတယ်လို့ဆိုကြတယ်"ဟု ပြောပြရာ အထက်ပါမိတ်ဆွေက "အခုလည်း ရှိသေးတာပဲ" ဟု ဝင်ထောက်ပြန်၏။

စာရေးသူက "နေပြည်တော်တို့၊ ရွှေတောင်ကြားတို့ကို အခုမင်းတို့တွေ့ပြီးပြီ။ ဘယ်လောက်တိုးတက်နေသလဲ။ အဲဒီလိုပဲ နှစ်ပေါင်း ၁,၈၀၀ လောက်က ပျူစောထီးခေတ် ပုဂံဟာ တောရိုင်းမြေ (Virgin Soil)ပေါ့ကွာ။ ဒီတော့ ငှက်ကြီးတွေ၊ မြွေဆိုးတွေ၊ ဗူးနွယ်တွေ၊ ချုံတောတွေရှိမှာပေါ့။ အဲဒါတွေကို သတ်ဖြတ်သုတ်သင်ပြီး လူ့ရွာတစ်ခုတိုးချဲ့တည်ထောင်ပေးခဲ့တာကြောင့် နောင်မှာ ပုဂံလို့ဖြစ်လာတာပေါ့။ ပျူစောထီးဟာ စွန့်ဦးတီထွင်ဆောက်လုပ်ရေးလုပ်အားရှင်သူရဲကောင်းကြီးလို့ ဆိုရမယ်ကွ။ "ဂုဏ်ရုပ်မပြ ချုံခုတ်ကြ" "ကြွားလုံးမပြ အားသုံးကြ" လို့ ကိုယ်တိုင်ခွန်အားဗလသုံးပြီး မြေရိုင်းကိုထွင် မြို့သစ်ဆင်တဲ့သူ၊ Human Settlement တစ်ခုဖန်တီးသူပေါ့။ သူ့ကိုဝိုင်းပြီး ဂုဏ်တင်ကြရာမှာ ဒဏ္ဍာရီဆန်တဲ့ မြောက်လုံးပင့်လုံးတွေပါသွားရတာပေါ့ကွာ။ ဗူးဘုရားဟာလည်း ဗူးနွယ်တွေလွှမ်းတဲ့ မြေလွတ်မြေရိုင်းရှင်းလင်းမှု သမိုင်းအောင်ပွဲ အထိမ်းအမှတ်ဘုရားပေါ့ကွ" ဟု ရှည်လျားစွာ ရှင်းပြလိုက်ပါတယ်။

မောင်နှမနှစ်ဦးက ခေါင်းတညိတ်ညိတ်နားထောင်နေသည်ကိုကြည့်ပြီး စာရေးသူမှာ စေတနာထား၍ ရှင်းပြလိုက်ရသည်ကို အလွန်ပင်ကျေနပ်နေမိပါသည်။

**စာမျက်နှာ(၃၂) သို့**

# Business

7Day News Journal

Vol.13, No.8 • APRIL 30 , 2014




*မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုမြင်ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ပြည်ပဘဏ်များကို ပြည်တွင်း၌ အကန့်အသတ်ဖြင့်သာ ခွင့်ပြုမည်

**ပြည်သိမ်း**

**ရန်ကုန်**–နိုင်ငံခြားဘဏ်များကို ပြည်တွင်း၌ ဖွင့်လှစ်ခွင့်ပြုပါက ပြည်တွင်းဘဏ်များကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းအများစုကို ခွင့်ပြုမည်မဟုတ်ဘဲ အကန့်အသတ်ဖြင့်သာ ခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးဆက်အောင်က ပြောသည်။

"နိုင်ငံခြားဘဏ်တွေဝင်လာလို့ ပြည်တွင်းဘဏ်တွေ ဒုက္ခမရောက်အောင် အကန့်အသတ်နဲ့ ခွင့်ပြုပေးမှာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ပြည်တွင်း၌ ငွေရေးကြေးရေး ကဏ္ဍဖွံ့ဖြိုးမှုအတွက် နိုင်ငံခြားဘဏ်များကို ဖွင့်လှစ်ခွင့်ပြုရန် စီစဉ်နေသော်လည်း ပြည်တွင်းဘဏ်များ လုပ်ကိုင်နေသော ငွေလွှဲလုပ်ငန်း၊ အသေးစားချေးငွေလုပ်ငန်း စသည်ကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများကို ခွင့်ပြုမည် မဟုတ်ပေ။ နိုင်ငံခြားဘဏ်များကိုခွင့်ပြုရာတွင် စီမံကိန်းချေးငွေများကဲ့သို့ ငွေလုံးငွေရင်းချေးငွေများကိုသာ အဓိကခွင့်ပြုမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံခြားဘဏ်များကို ပြည်တွင်း၌ ခွင့်ပြုရာတွင် ဘဏ်ခွဲတစ်ခုသာ ဖွင့်ခွင့်ပြုမည်ဖြစ်သည်။ ယင်းကဲ့သို့ ဘဏ်များကို ထိန်းချုပ်ရခြင်းမှာလည်း အာဆီယံ ဒေသအတွင်းရှိ ထိုင်းနိုင်ငံ၏ ပုံစံကို လေ့လာခွင့်ပြုခြင်းဖြစ်ကြောင်း ဦးဆက်အောင်က ပြောသည်။

"အခုအချိန်ထိ ဘာမှ တိတိကျကျ မသိသေးတော့ ပြည်တွင်းဘဏ်တွေကို ထိခိုက်မှာလား၊ မထိခိုက်ဘူးလားဆိုတာ ပြောရတာခက်တယ်" ဟု အာရှစိမ်းလန်းမှုဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးရဲမင်းဦးက ပြောကြားသည်။

မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်းက နိုင်ငံခြားဘဏ်များကို ပြည်တွင်း၌ ဖွင့်လှစ်ခွင့်ပြုရာတွင် ဦးစွာအကျိုးတူလုပ်ကိုင်ရန် ခွင့်ပြုပေးရမည်။ ထိုသို့မဟုတ် အရင်းအနှီးထည့်ဝင်ပြီး ပြည်တွင်းဘဏ်များကဲ့သို့ ဖွင့်လှစ်ရန်နှင့် နောက်ဆုံးအဆင့်မှသာဘဏ်ခွဲဖွင့်လှစ်ရန်တင်ပြထားကြောင်း ဦးရဲမင်းဦးက ဆိုသည်။

"နိုင်ငံခြားဘဏ်တွေ လာရင်တော့ ကုန်သွယ်ရေးအတွက် ငွေပေးငွေယူ ပိုလွယ်တာပေါ့" ဟု ပြည်ပသို့ ဆန်တင်ပို့နေသော လုပ်ငန်းရှင် ဦးမျိုးသူရအေးက ဆိုသည်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံး ၃၅ ရုံး ဖွင့်လှစ်ထားပြီဖြစ်သည်။ ၎င်းတို့သည် အစိုးရမှ ခွင့်ပြုမည့် နိုင်ငံခြားဘဏ်ဖွင့်ခွင့်ကို စောင့်စားနေကြသည်။

သို့သော် ပြည်တွင်းဘဏ်များနှင့် အကျိုးတူပူးပေါင်းဖွင့်လှစ်မှုကို ယင်းဘဏ်များက မပြုလုပ်လိုပေ။ ပြည်တွင်းဘဏ် ဖွင့်လှစ်ထားသူ အချို့တွင် အမေရိကန်နိုင်ငံမှ စီးပွားရေးပိတ်ဆို့မှုများ ရှိနေခြင်းကြောင့် နိုင်ငံခြားဘဏ်များက လက်တွဲလုပ်ကိုင်ရန်ခက်ခဲနေကြောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက ပြောကြားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၅၇ | ၉၆၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၅၉ | ၇၆၉ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၂၀ | ၁၃၃၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၆၀ | ၂၉. ၈၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၃ | ၁၅၅ | ကျပ် |

၂၀၁၄ ဧပြီ ၂၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၉၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၂၂၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂.၁၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၅၃၄ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၀.၆၄ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၆၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၄၀.၉၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၆၇ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၂၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၅၇၅.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄.၅၉ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၃၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၇၈၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၆၅၆ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၁၀၃၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၆.၀၀၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၃ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၀၀.၅၀ |
| ရေနံစိမ်း | စည် | ၁၀၉.၅၁ |
| ငွေ | အောင်စ | ၁၉.၇၆ |
| ကြေးနီ | ပေါင် | ၃.၁၂ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၆၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ ဧပြီ ၂၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




# ယုဇနပလာဇာတွင် ပြုပြင်ထိန်းသိမ်းခ တိုးမြှင့်ခြင်းအပေါ် ဈေးသူဈေးသားများ ကန့်ကွက်စာပို့ရန်စီစဉ်

**အိမ့်နှင်းကျော်**

**ရန်ကုန်၊ မေ -၂၈**

ယုဇနပလာဇာတွင် လစဉ်ကောက်ခံလျက်ရှိသော ပြုပြင်ထိန်းသိမ်းစရိတ် တိုးမြှင့်ကောက်ခံမှုအပေါ် ဈေးသူဈေးသားများမှ ကန့်ကွက်ခြင်းနှင့် လက်မခံနိုင်ကြောင်း ယုဇနပလာဇာ ဥက္ကဋ္ဌထံသို့ အကြောင်းကြားစာ ပြန်လည်တင်ပြမည်ဟု ဈေးသူဈေးသားများက ပြောသည်။

"ဒါရိုက်တာနဲ့ ဆွေးနွေးဖို့ ဖုန်းဆက်ပြီး အကြောင်းကြားပေမယ့် မပြောဘူး။ လက်မခံတဲ့အတွက် စာရေးပြီးတင်မယ်။ လူတွေစုပြီး လက်မှတ်ထိုးထားတာ။ လူ ၃၀၀ ဝန်းကျင်လောက် ရှိနေပြီ။ ဒီထက်များဦးမှာ။ အကုန်လိုက်မစုရသေးလို့ တစ်ဈေးလုံးကလည်း လက်မခံဘူးလေ" ဟု သင်း ရတနာရွှေဆိုင်မှ ဦးကျော်အောင်က ပြောသည်။



*ယုဇနပလာဇာကိုတွေ့ရစဉ်*

ဓာတ်ပုံ – နစ်ကီ

ယုဇနပလာဇာတွင် ပြုပြင်ထိန်းသိမ်းရေးစရိတ်အဖြစ် မှန်ကောင်တာပုံးတစ်ပုံးလျှင် ယခင် ၃၀၀၀ ကျပ် ကောက်ခံရာမှ ၂၀၁၄ မေ ၁ ရက်မှစ၍ ၆၀၀၀ ကျပ်သို့ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ပြီး မှန်ကောင်တာပုံးမရှိသော ဈေးဆိုင်ခန်းများဖြစ်ပါက တစ်စတုရန်းပေလျှင် ယခင် ၇၅ ကျပ်မှယခု ၁၃၅ ကျပ်သို့ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်းအကြောင်းကြားစာ ပေးပို့ခဲ့သည်။

၂၀၁၄ မေ ၁ ရက်မှ စ၍ ပြောင်းလဲကောက်ခံမည်ဟု အကြောင်းကြားစာတွင် ပါဝင်ခဲ့ရာ မေ ၂၂ ရက်မှ အဆိုပါ အကြောင်းကြားစာကိုလက်ခံရရှိသည်ဟုဈေးသူဈေးသားအချို့က ပြောသည်။

"သူတို့တွေ့ဖို့ဆိုတာမှာ ကျွန်မတို့တစ်ဆိုင်ချင်းကို ရှင်းနေတယ်။ တစ်ဦးတစ်ယောက်က ဦးဆောင်ပြီး ဈေးကို သက်သက်ကြံစည်နေတာမျိုးကို မစီစဉ်ဘူး။ ကျွန်မတို့ တစ်ဆိုင်ချင်း ငှားတာဖြစ်တဲ့အတွက် ငှားထားတဲ့လူတွေနဲ့ပဲ ဖြေရှင်းလို့ရတယ်။ စာတင်တဲ့လူရှိရင် အဲဒီလူကို သူ့ဆိုင်နဲ့ပတ်သက်တာပဲ ဖြေရှင်းမယ်။ တစ်ဈေးလုံးကိစ္စက သူနဲ့ဖြေရှင်းဖို့မှ မလိုတာ" ဟု ယုဇနကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါ်မေမိုးက ပြောသည်။

"ဒီမှာဖွင့်နေတာ ၂၀၀၉ တည်းက စဖွင့်တာ သူတို့က လူဟောင်းတွေ၊ လူသစ်တွေ မကြည့်ဘူး။ မကြိုက်ရင်ထွက်ပဲ။ ရောင်းတဲ့သူတော်တော်များများက ဒီဈေးက ပြေးချင်နေပြီ။ ဈေးမှာ အရမ်းပူတော့ ဝယ်သူတွေ မလာချင်ကြဘူး။ အဲကွန်းတွေ ဖွင့်ပေးတယ်သာပြောတာ။ တကယ်တမ်းကျတော့ ပူလောင်နေတာပဲ" ဟု CAMP Fashion မှ ကိုမောင်မောင်က ဆိုသည်။ ယုဇနပလာဇာ၌ ဖေဖော်ဝါရီလအတွင်းကလည်း ဆိုင်ခန်းငှားခများ တိုးမြှင့်ကောက်ခံခဲ့ကြောင်း ဈေးသူဈေးသားများက ပြောသည်။

# ကျပ် ၃၄ ဘီလီယံကျော် အသုံးပြုမည့် မြစိမ်းရောင် ကျေးရွာစီမံကိန်းစတင်

**သန်းဋ္ဌေး**

**ရန်ကုန်**- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီချပေးမည်မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၁၁၅၀ အတွက် ရန်ပုံငွေ ကျပ် ၃၄ ဒသမ ၅ ဘီလီယံ အသုံးပြု၍ ယခုဘဏ္ဍာနှစ်မှ စတင်ကာ အကောင်အထည်ဖော်နေကြောင်း သတင်းရရှိသည်။

အဆိုပါစီမံကိန်းကို ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၃၀၀ စီ ချပေးကာ အရင်းအပျောက်လှည့်ပတ်ရန်ပုံငွေအဖြစ်ထားကာ ပုစွန်မွေးမြူရေး၊ ပုစွန်သားပေါက်ထုတ်လုပ်ရေး၊ တိုင်းရင်းငါးများသားဖောက်မွေးမြူရေးနှင့် တီလားဗီးယားမွေးမြူရေးကိစ္စများကိုအဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနဒုညွှန်ကြားရေးမှူးချုပ် ဦးထွန်းဝင်းကပြောသည်။

"မြစိမ်းရောင်အထွေထွေလုပ်ငန်းစုကော်ပိုရေးရှင်းပုံစံလုပ်နေတာ။ ပုစွန်မွေးမြူရေးပြန်လုပ်မယ်။ ဗနားမီးပုစွန်သားဖောက်ဖို့ကို တစ်ဦးကို သိန်း ၅၀ ပေးမယ်။ တိုင်းရင်းမျိုးငါးတွေလည်း ဝယ်မယ်။ ချက်ချင်းငွေချေပေးမယ်။ တီလာဗီးယားဆိုသုံးလတစ်ခါ လက်တစ်ဝါးစာလောက်ရောင်းတန်းဝင်တာဆိုတော့ ဌာနက သားဖောက်ကန် ၂၄ ခုကိုလည်း ပြန်လုပ်မယ်။ အတိုးနှုန်းကတော့ ၁၃ ရာခိုင်နှုန်းပါပဲ"ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုညွှန်ကြားရေးမှူးချုပ်ကပြောသည်။

ထိုသို့ဆောင်ရွက်ခြင်းမှာ ကျေးလက်နေဆင်းရဲသားပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်မှန်းကြောင်း ၎င်းကဆိုသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခုနှစ် ဧပြီလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တစ်ချိန်တည်းမှာပင် ကျေးလက်ဒေသလျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး၊ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသရှိ ကျေးရွာများဖွံ့ဖြိုးရေးနှင့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဟုဆိုသည်။

အဆိုပါစီမံကိန်းကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ခြောက်ခုအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့ရှိ ခရိုင် ၃၈ ခရိုင်၊ မြို့နယ် ၇၄ မြို့နယ်မှ ကျေးရွာပေါင်း ၁၁၅၀ တွင် စီမံကိန်းရန်ပုံငွေ စုစုပေါင်း ကျပ် ၃၄ ဒသမ ၅ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။



စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင်(၂)

အခုလိုအခြေအနေတရားဝင်ပတ်စ်ပို့တွေထုတ်ပေးနေချိန်မှာတောင် ခိုးဝင်လာမယ့် ဗမာအလုပ်သမားတစ်ဦးအတွက် ထိုင်းဘတ်လေးထောင့်ငါးရာကျတယ်။ တစ်နေ့ကို အသွားအပြန်လုပ်နေတဲ့ ဗမာအလုပ်သမားဦးရေ ငါးရာဝန်းကျင်ရှိတာကြောင့် ဖူးခက်တစ်မြို့တည်းမှာတင် ဒီလုပ်ငန်းရဲ့ တစ်နေ့ဝင်ငွေဟာ ထိုင်းဘတ် နှစ်သန်းကျော်ရှိတယ်ဗျ။ မက်မောလောက်စရာ၊ ရောမခွင်ကြီးပေါ့။ ထိုင်းလူမျိုးတွေဟာ ထိုင်းဘတ်နှစ်ဆယ်လောက်ဆိုငွေလို့မှတ်ကြတာဗျ။ ဒီငွေတွေကို ထိုင်းစစ်တပ်၊ ထိုင်းရဲ၊ ထိုင်းလူမှောင်ခိုတွေ ဝါးစေဝေစားကြလေသတည်းပေါ့။

အဝေမတည့်တဲ့အခါ ထိုင်းသော၊ ဗမာသော နားမလည်ဘူး။ တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ အပြတ်ရှင်းကြတာပေါ့။ ကျွန်တော်ပြောမယ့် ဖူးခက်မာဖီးယားအချင်းအချင်း အပြတ်ရှင်းတဲ့ပွဲရဲ့ ပထမဆုံးအမိက ပစ်မှတ်ဖြစ်သွားရသူကတော့ မွန်ဗမာလူငယ်တစ်ဦးဗျ။ သူ့နာမည်က ချမ်းမွန်တဲ့။ မော်လမြိုင်ဘက်က ဇာတိပါပဲ။ ဖူးခက်ကို ချုပ်ကိုင်ထားတဲ့ လူမှောင်ခိုအဖွဲ့ကြီးရဲ့ အမိကနေရာမှာ လှုပ်ရှားနေတဲ့ ထိုင်းလူမျိုးရဲ့ နာမည်က သာချိုတဲ့။ ဗမာအများစုကတော့ သူ့ကိုနှုတ်ခမ်းမွေးလို့ပဲ ခေါ်ကြလေရဲ့။ ထိုင်းရဲဝန်ထမ်းဟောင်းသာချို(ခေါ်)နှုတ်ခမ်းမွေးက ဖူးခက်လူမှောင်ခိုဂိုဏ်းရဲ့ထိပ်သီးဆိုပါတော့။ နှုတ်ခမ်းမွေးရဲ့ မိန်းမကလည်း မွန်ဗမာပဲတဲ့ဗျ။

အစပိုင်းမှာတော့ ချမ်းမွန်ဟာ နှုတ်ခမ်းမွေးရဲ့ အုပ်စုထဲကပါပဲ။ နောက်ပိုင်းမှာ ဖူးခက်လူဝင်မှုကြီးကြပ်ရေးက အရာရှိတစ်ယောက်ရဲ့ ကျောထောက်နောက်ခံနဲ့ ချမ်းမွန်ဟာ လူမှောင်ခိုအုပ်စုတစ်ခုကို နှုတ်ခမ်းမွေးနဲ့စင်ပြိုင်ထောင်လိုက်ရောဆိုပါတော့။ အမှန် တော့ ချမ်းမွန်ဟာနယ်ရုပ်ပါဗျာ။ နောက်ကွယ်ကနေခြယ်လှယ်ကြိုးကိုင်နေသူတွေဟာ ထိုင်းရဲ၊ ထိုင်းလူဝင်မှုကြီးကြပ်ရေးနဲ့ ထိုင်းလူမိုက်တွေပါပဲ။

ချမ်းမွန်ဟာ မွန်ဗမာဖြစ်လေတော့ မွန်ဗမာအလုပ်သမား အများစုနဲ့ထိတွေ့ဆက်ဆံရာမှာ နှုတ်ခမ်းမွေးတို့အဖွဲ့ထက် ခြေတစ်လှမ်းသာနေခဲ့တာပေါ့ဗျာ။ ဒါပေမဲ့ ချမ်းမွန်ဟာ တစ်နှစ်ကျော်လောက်သာ လူတွင်ကျယ်လုပ်ခွင့်ရခဲ့လေရဲ့။ တစ်ခုသောနေ့ နေ့ခင်းကြောင်တောင်ကြီး ချမ်းမွန်ဟာ သူ့အိမ်မှာ ထမင်းစားနေတုန်း ထိုင်းလက်မရွံ့သေနတ်သမားနှစ်ယောက်ရဲ့လက်ချက်နဲ့ သေနတ်ဒဏ်ရာလေးချက်ရပြီး နေရာမှာတင် ပွဲချင်းပြီးပါလေရောလား။ ချမ်းမွန်နေတဲ့အိမ်ဟာ ဖူးခက်မြို့ မစံမကောင်းရဲစခန်းနဲ့ ခဲတစ်ပစ်သာဝေးတာဗျ။ အမယ်..ချမ်းမွန်လည်ပင်းမှာ ဆွဲထားတဲ့အန္တရာယ်ကင်းအဆောင်ဟာ သေနတ်ပြီးတယ်လို့ ယုံကြည်ကြတဲ့ ထိုင်းသေနတ်သမားတွေဟာ ချမ်းမွန်ကို မပစ်ခင် လည်ပင်းကဆွဲကြိုးကို အရင်ဆွဲဖြုတ်တယ်ဆိုတဲ့ ခပ်ကြောင်ကြောင် သတင်းတောင် ထွက်လာသေးဗျာ။ ချမ်းမွန်ကို ဘယ်သူသတ်သလဲ ဗေဒင်မေးစရာမလိုတော့ပါဘူး။

ချမ်းမွန်ရဲ့ အုပ်စုကလည်း လျှော့တွက်လို့မရဘူးဗျ။ ချမ်းမွန် အသတ်ခံရပြီးလို့ တစ်ပတ်လောက်အကြာမှာ နှုတ်ခမ်းမွေးရဲ့ အုပ်စုထဲက ခပ်စွာစွာ နာမည်ကြီးလူမိုက်တစ်ဦးကို ပါတောင်ကမ်းခြေမှာ လက်တုံ့ပြန်အပြတ်ရှင်းခဲ့ပြန်တယ်။ သေနတ်နဲ့ပဲပေါ့ဗျာ။ ထိုင်းနိုင်ငံမှာ သေနတ်ကို တရားဝင်လွယ်လွယ်ကိုင်နိုင်နေကြတာကိုး။ ဝင်ငွေသိပ်ကောင်းတဲ့အလုပ်မို့ ပွဲကပိုကြမ်းလာတယ်ဆိုရမယ်။ နောက်ဆယ့်ငါးရက်အကြာ နှုတ်ခမ်းမွေးဟာ မနက် ၅ နာရီလောက်ကထိုးအရပ်မှာရှိတဲ့ သူ့နေအိမ်ကနေအထွက် ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းထားတဲ့ သေနတ်သမားတစ်ယောက်ရဲ့လက်ချက်နဲ့ အသက်ပျောက်ခဲ့ပြန်ရောဗျ။ ဖူးခက်လူမှောင်ခိုထိပ်သီးသာချို (ခေါ်) နှုတ်ခမ်းမွေးအသတ်ခံရတဲ့သတင်းဟာ ထိုင်းတောင်ပိုင်း တစ်ခွင်လုံးကို တောမီးလောင်သလို ပြန့်သွားခဲ့တယ်။ ထိုင်းသတင်းစာတွေမှာ စာလုံးမည်းကြီးတွေ၊ ရောမဓာတ်ပုံကြီးတွေနဲ့ ဖော်ပြခဲ့ကြတယ်။ ထိုင်းရုပ်မြင်သံကြား သတင်းဌာနတွေကလည်း ဆက်တိုက်လွှင့်ခဲ့ကြတယ်။

အဲဒီကာလတွေတုန်းက လူပွဲစားလုပ်ငန်းမှာ လူတွင်ကျယ်လိုလို၊ လူမိုက်လိုလိုလုပ်နေကြတဲ့ ဗမာလူလည်တချို့လည်း ဖူးခက်ကနေ ကြက်ပျောက်ငှက်ပျောက်ပျောက်ကုန်ကြလေရဲ့။

ဒီကြားထဲမှာ အောင်မုန်းဆိုတဲ့ လူပွဲစားလိုလို၊ ငွေလွှဲလိုလို လူလည်တစ်ကောင်တောင် အဖျားရိုက်တာခံလိုက်ရသေးဗျာ။ အောင်မုန်းက ကျွန်တော်တို့လို အညာဇာတိပါပဲ။ မော်လမြိုင်သူတစ်ယောက်နဲ့ဖူးခက်မှာအကြောင်းပါပြီး လူပွဲစား၊ ငွေလွှဲ၊ ငွေတိုးပေး အလုပ်တွေကို မိန်းမဘက်က အမျိုးတွေအားကိုးနဲ့ လူစွာလုပ်နေတဲ့မောင်ပေါ့။ အောင်မုန်းဟာ ချမ်းမွန်ရဲ့ လက်ခွဲလူမှောင်ခိုဆိုတာ သိထားတဲ့ပြိုင်ဘက်အုပ်စုဟာ အောင်မုန်းကို လမ်းပေါ်မှာတင်အနုကြမ်းစီးတယ်။ ဆိုင်ကယ်ကို ခပ်ဖြည်းဖြည်းမောင်းလာတဲ့ အောင်မုန်းကို ထလန်းမီးပွိုင့်နားမှာ ရှေ့နောက်ဆိုင်ကယ်နှစ်စီးနဲ့ ညှပ်ပြီးအတင်းရပ်ခိုင်း၊ နောက်သေနတ်ထုတ်ပြပြီး အနီးနားက ရော်ဘာတောထဲခေါ်သွားတယ်။ အောင်မုန်းတစ်ကိုယ်လုံးမှာရှိတဲ့ လက်ဝတ်လက်စားတွေ၊ ငွေတွေကို အကုန်သိမ်းတဲ့အပြင် ဘဏ်စာအုပ်ထဲမှာရှိသမျှငွေကို ထုတ်နိုင်ဖို့ပင်ကုတ်နံပါတ်ကိုတောင်းတယ်။ အောင်မုန်းလည်း ကြောက်ကြောက်နဲ့ ပြောပြလိုက်ရတော့ ဘဏ်ထဲရှိသမျှငွေပြောင်ရောဆိုပါတော့။ မပြောလို့လည်းမရဘူးလေ။ အောင်မုန်းဘေးမှာ သေနတ်ကိုင်ပြီး အဆင်သင့်စောင့်နေတဲ့ ထိုင်းမာဖီးယားနဲ့ ဘဏ်တိုက်မှာ ငွေသွားထုတ်နေတဲ့ ထိုင်းလူမိုက်ဟာ ဖုန်းနဲ့အချိတ်အဆက်ရှိနေတာကိုး။ ဘဏ်နံပါတ်မှန်၊ မမှန်ချက်ချင်းသိနိုင်တယ်လေ။ အောင်မုန်းအသက်မသေတာ ကံကောင်းလို့ ဆိုရမယ်။ အောင်မုန်းလည်း ဖူးခက်ကနေ တစ်နှစ်ကျော်လောက် ပျောက်သွားသေးတယ်။ အန္တရာယ်မကင်းလှဘူး ထင်လို့ တစ်နေရာမှာ တိမ်းရှောင်နေခဲ့တာပေါ့။ အခုတော့ အောင်မုန်းလည်း ဖူးခက်ကိုပြန်ရောက်ပြီး လုပ်နေကျအလုပ်ကို ဆက်လုပ်နေလေရဲ့။

ဖူးခက်မှာတော့ မာဖီးယားနဲ့ ချိတ်ဆက်နေရင် ငွေကြေးနောက်ခံတောင့်ရင် ဗမာအချင်းချင်း သတ်လည်း ဘာပြဿနာမှ မရှိပါဘူး။ ဗမာသေတဲ့လူသတ်မှုကို ထိုင်းရဲတွေကလည်း ရေးကြီးခွင်ကျယ်စာရင်းမသွင်းပါဘူး။ ကျွန်တော်ထိုင်းရောက်ခါစ ၂၀၀၄ ခုနှစ်တုန်းက ဖူးခက်မှာ ဗမာပစ္စည်းအကြီးအကျယ်ဖြန့်တဲ့ ကျွန်တော့်မိတ်ဆွေ ဦးသိန်းအောင် ပြောဖူးတာကတော့.. “ဆရာ။ သတိနဲ့ နေပါဆရာ။ ထိုင်းမှာ ဗမာတစ်ယောက်သေတာခွေးတစ်ကောင်သေသလောက်မဆန်းဘူး။ ဗမာတစ်ယောက်ကိုသတ်ရတာ ခွေးတစ်ကောင်ကိုသတ်ရတာထက်ပိုလွယ်တယ်”ဆိုပဲဗျ။ အခုနေ ကျွန်တော်စဉ်းစားကြည့်တော့ သူပြောတာမမှားဘူးဗျာ။ ကျွန်တော်နဲ့ညီလိုခင်နေတဲ့ ဗမာအလုပ်သမားခေါင်းဆောင်နှစ်ယောက်တောင် ဗမာအချင်းချင်း သတ်ပစ်ခဲ့ကြဖူးတဲ့ လက်စလက်နရှိသတဲ့ဗျ။ ပထမတစ်ဦးက အောင်ပိုင်တဲ့။ အောင်ပိုင်က ပေါင်းတည်နတ္တလင်းဇာတိ။ သူ့အဖေဟာ ကွန်မြူနစ်ရဲဘော်ဆိုပဲ။ ၁၉၇၀ ဝန်းကျင် ပဲခူးရိုးမကွန်မြူနစ်ဖြုတ်ထုတ်သတ်ပွဲမှာ ကိုယ့်တွင်းကိုယ်တူးခိုင်းပြီးအသတ်ခံခဲ့ရသတဲ့။ သူ့အဖေအသတ်ခံရတော့အောင်ပိုင့်အမေဟာအောင်ပိုင့်ကို ကိုယ်ဝန်ဆောင်ထားတုန်းတဲ့။

ကျွန်တော်နဲ့တွေ့တော့ အောင်ပိုင်ဟာ ဖူးခက်ကိုရောက်နေတာ ၁၅ နှစ်လောက်ရှိနေပြီ။ သူဟာသူ့အလုပ်မှာဖိုးကြက်ကန်းလို့ခေါ်တဲ့ အလုပ်သမားခေါင်းအဆင့်ဆိုပါတော့။ တစ်နေ့တော့ သူဝယ်သိမ်းထားတဲ့ ထိုင်းရွှေသုံးဘတ်သားဆွဲကြိုးတစ်ကုံးဟာ ပျောက်ချင်းမလှပျောက်သွားတာကြောင့် မသင်္ကာတဲ့ အလုပ်သမားတွေကို ခေါ်စစ်သတဲ့ဗျာ။ စစ်နေရင်းနဲ့ အသက် (၂၀)ဝန်းကျင် မလည်မဝယ် မော်လမြိုင်သားလေးတစ်ယောက်ဟာ ကပေါက်တိကပေါက်ချာ ဖြေမိတာကြောင့် အောင်ပိုင့်ဓားချက်နဲ့ နေရာမှာတင် အသက်ပျောက်ခဲ့ရသတဲ့။ အဲဒီအလောင်းကို တလန်ဘက်က ရော်ဘာတောတစ်ခုထဲမှာ ညတွင်းချင်းတွင်းတူးပြီး မြှုပ်လိုက်ကြသတဲ့။ ကံဆိုးလိုက်တဲ့ကလေးဗျာ။ တကယ်တော့ အောင်ပိုင့်ဆွဲကြိုးကို သူမခိုးခဲ့ပါဘူး။ နောက်ပိုင်းမှာ အောင်ပိုင်ကိုယ်တိုင် တရားခံအစစ်ကိုရှာနိုင်ခဲ့ပါတယ်။ အောင်ပိုင့်သူဌေးရဲ့ အဆက်အသွယ်ငွေကြေးအကူအညီနဲ့ အောင်ပိုင်ဘာအမှုမှ မဖြစ်လိုက်ဘူးဆိုပါတော့။ ကျွန်တော့်ဇာတ်လမ်းက သိပ်သေချာပါတယ်။ ဘာကြောင့်တုံးဆိုတော့ ဒီအဖြစ်အပျက်ဟာ အောင်ပိုင်ကိုယ်တိုင် ကျွန်တော့်ကိုပြန်ပြောပြတဲ့ဇာတ်လမ်းဖြစ်လို့ပေါ့။ အောင်ပိုင်ဟာ ကျွန်တော့်ကို အတော်ကိုခင်ရှာပါတယ်။ ခက်နေတာက သူလူမှားသတ်ခဲ့တာကို သူ့မှာ ဘာအပြစ်မှမရှိဘူးလို့ သူထင်နေရှာတယ်ဗျာ။ အခုတော့ ကိုယ်တော်ချောက ဘာစိတ်ကူးပေါက်တယ်မဆိုနိုင်ဘူး။ ဒီကောဘီအေငြိမ်းချမ်းရေးအဖွဲ့မှာ တပ်ကြပ်ကြီးအဆင့်နဲ့ မြဝတီဘက်ရောက်နေလေရဲ့။

နောက်တစ်ယောက်ကတော့ သိန်းတိုးတဲ့ဗျာ။ သူလည်း ဗမာအလုပ် သမားခေါင်းပဲ။ သူ့ဇာတိက မွန်ပြည်နယ်၊ ရေးမြို့။ သူလည်း အရက်မူးပြီး စကားများရာကနေ ဗမာအလုပ်သမားတစ်ယောက်ကို ဒေါင်းရှန်းရေကန်ကြီးဘေးနားမှာတင် ရဲဒင်းနဲ့အချက်ပေါင်းများစွာထိုးပြီး သတ်ခဲ့ဖူးလေသတဲ့။ သိန်းတိုးဟာ သူ့ကျောထောက်နောက်ခံသူဌေးအားကိုးနဲ့ ဘာအမှုမှမဖြစ်ခဲ့ဘူးဗျာ။ ဒါလည်း သိန်းတိုးတို့အဖွဲ့ထဲက လူရင်းတစ်ယောက်ပြန်ပြောတဲ့ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ ကဲ။ ဒီအမှုနှစ်မှုလုံးဟာ ကျွန်တော်ဖူးခက်ကို စရောက်တဲ့ ၂၀၀၄ ခုနှစ်နဲ့ မရှေးမနှောင်း အချိန်တွေမှာဖြစ်ခဲ့တာပေါ့။ တစ်ခုတော့သတိပေးထားလိုက်ပါရဲ့။ ခင်ဗျားရောက်နေတဲ့ ယိုးဒယားမြေဟာ ဗမာလူမျိုးတွေအတွက်အချိန်မရွေးထိခိုက်ကျဆုံးနိုင်တဲ့ရှေ့တန်းစင်မြေပြင်တစ်ခုဆိုတာ ခင်ဗျားဘယ်သောအခါမှ မမေ့ပါလေနဲ့။ သတိတမံ၊ ဉာဏ်မြေက တုတ်ချွန်းကဲ့သို့ အုပ်တဲ့ဗျ။ အမြဲသတိရှိပါစေ ကိုမင်းဒင်”

ဖူးခက်မာဖီးယားဇာတ်လမ်းရှည်ကြီး ဤနေရာအရောက်တွင် ကိုသက်ခိုင်သည် ရုတ်တရက်မတ်တတ်ထရပ်ရင်း ကျွန်တော့်ဆိုင်အတွင်းပိုင်းကို စူးစမ်းသောမျက်လုံးအစုံဖြင့် ဝေ့ဝိုက်အကဲခတ်ကြည့်ရှုပြီးနောက် နှုတ်ဆက်စကားဆိုရင်း သူ့ကားနက်ကြီးရှိရာသို့ ခြေလှမ်းကျဲကြီးများဖြင့် ရုတ်ခြည်းထွက်ခွာသွားလေရာ သူ့စကားသံတို့သည် သူ့နောက်မှာ ကျန်ရစ်ခဲ့လေ၏။

“စျေးအရောင်းပါးနေတာ သိပ်ပူပင်မနေလေနဲ့ကိုရင်။ ပါတောင်ကမ်းခြေက ဆိုင်တချို့တောင် စျေးဦးမပေါက်တဲ့ရက်ရှိပါ့ဗျာ။ ဒီလိုရက်မျိုးတွေတစ်လမှာ နှစ်ရက်တန်သည်သုံးရက်တန်သည်တော့ ရှိတတ်ပါတယ်။ လစဉ် စာရင်းချုပ်လိုက်တော့လည်း ခါတိုင်းလတွေလိုပဲ ရောင်းအားပုံမှန်ဖြစ်နေတာ ခင်ဗျားတွေ့ပါလိမ့်မယ်ဗျာ။ ကျွန်တော်ပြန်လိုက်ဦးမယ်။ သြော်။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ ဟောဟိုမှာ ခင်ဗျားဆိုင်ထဲကို ဝင်လာနေတဲ့ မွန်မလေးက သွားလေသူချမ်းမွန်ရဲ့ ဇနီးပေါ့ဗျာ။ အခုတော့သူလည်း ဖူးခက်ကထိုင်းပုလိပ်တစ်ယောက်နဲ့အိမ်ထောင်ကျလေရဲ့။ အပြစ်ဆိုစရာတော့ မရှိပါဘူး။ သူ့ဘဝကိုက ဒီကံကြမ္မာအတိုင်း ဖန်လာတယ်လို့သာ အောက်မေ့ကြစို့ရဲ့။

ကိုသက်ခိုင်စကားကြောင့် ဆိုင်ဝဆီသို့ ကျွန်တော်လှမ်းကြည့်လိုက်ချိန်တွင် ပိန်ပိန်ပါးပါး အသားဖြူဖြူ အရပ်မနိမ့်မမြင့် အသက် (၃၀)ဝန်းကျင် အမျိုးသမီးတစ်ဦးဝင်လာသည်ကို မြင်ရသည်။ ဆိုင်တွင်းမှ ကိုသက်ခိုင်ပြန်လည်ထွက်ခွာချိန်တွင် ဆိုင်အပြင်မှာ မှောင်ရီပျိုးနေလေပြီ။ ဆိုင်ပိတ်ချိန်နီးခါမှ ကျွန်တော့်ဆိုင်မှာ စျေးဝယ်တချို့ဖြင့် စည်ကားနေပြန်လေသည်။



JOKE

## ပစ္စည်းကောင်းကြိုက်သူ


အမျိုးသမီးတစ်ဦးသည်လျှပ်စစ်ပစ္စည်းဆိုင်ထဲ ဝင်သွားပြီး အိမ်တွင်အလှဆင်ရန် မှိတ်တုတ်၊ မှိတ်တုတ်မီးလုံးလေး ၅၀ ပါသော အလှဆင်မီးမျိုးလိုချင်ကြောင်းပြောသည်။ အရောင်းစာရေးက ၎င်းပြောသော ပစ္စည်းကို ယူလာချိန်တွင် မီးလုံးလေးများကောင်း၊ မကောင်းစမ်းကြည့်ခိုင်း၍ အရောင်းစာရေးက ပလတ်ထိုး စမ်းပြရာ မီးလုံးများအားလုံးကောင်းမွန်စွာ လင်းနေသည်။ အရောင်းစာရေးက မီးသီးတွဲလေးကို ဘူးထဲပြန်ထည့်ပြီး ဝယ်သူအမျိုးသမီးအား ပေးရာ အမျိုးသမီးက အထိတ်တလန့်နှင့် “ကျွန်မ ဒီဟာမလိုချင်ဘူး။ ဖောက်ပြီးသားကြီး။ ကျွန်မကို အသစ်တစ်ခုပေး”ဟု ဆိုပါတော့သည်။

## သတင်းဆိုး၊ သတင်းကောင်း

ဆိုင်ကယ်မတော်တဆမှုဖြင့် ခွဲစိတ်ခန်းထဲမှထွက်လာသော လူငယ်တစ်ယောက်ထုံဆေးမပြယ်သေးချိန်မှာပင် ဆရာဝန်တစ်ယောက်က လူငယ်ကို စကားပြောရန် စိတ်စောနေသည်။ လူငယ်က အကြောင်းအရာကို မေးမြန်းသောအခါ ဆရာဝန်က “ငါ့သား၊ မင်းကို သတင်းကောင်းနဲ့ သတင်းဆိုးပြောစရာရှိတယ်။ သတင်းဆိုးကတော့ မင်းဖြစ်တဲ့ မတော်တဆမှုက ပြင်းထန်လို့ မင်းရဲ့ ခြေထောက်နှစ်ဖက်စလုံးကို ခြေချင်းဝတ်အထက်နားလေးကနေ ဖြတ်ပစ်လိုက်ရတယ်” “ဘုရားရေ”ဟု လူငယ်က ပင့်သက်ရှိုက်၍ “သတင်းကောင်းကရော”ဟု ဆက်မေးရာ ဆရာဝန်က “မင်းဘေးခုတင်က ပုဂ္ဂိုလ်က မင်းရဲ့ ရှူးဖိနပ်ကို စျေးကောင်းပေးမယ်လို့ပြောတယ်”ဟု ဆရာဝန်ကပြောပါသည်။

## 7DAY BOOK REVIEW

# ပြုံယန်း




ပြုံယန်း....။ပြုံယန်းဟုဆိုလိုက်ကတည်းက တစ်ကမ္ဘာလုံးနှင့် အဆက်ဖြတ်နေထိုင်သော မြောက်ကိုရီးယား(ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ)၏ မြို့တော်အဖြစ် ပြေးမြင်ကြပါမည်။ ထိုသို့ မြင်ရသော်လည်း တကယ်တမ်းပြုံယန်းကိုမြင်ရခြင်းသည် မသိမှုများဖြင့်သာ ပြည့်နှက်နေကြသည်။ သာမန်လူများအတွက် ပြုံယန်းသည် ကွန်မြူနစ်နိုင်ငံ၏မြို့တော်၊ ပွင့်လင်းမြင်သာမှုမရှိသောမြို့တော်၊ စည်းကမ်းကလနားများဖြင့် တင်းကျပ်စွာအုပ်ချုပ်သော မြို့တော်အဖြစ်မှတစ်ပါးကျန်သည့် အချက်အလက်များသိသူနည်းပါးလှသည်။ဤသည်မှာမဆန်း။ ပြုံယန်းသည် သီးခြားကမ္ဘာတစ်ခုလို ကမ္ဘာမြေပေါ်တွင် တည်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

ထိုသို့အထီးကျန်ဆန်သော၊ ပဟေဠိဆန်သော၊ လျှို့ဝှက်မှုများနှင့် ပြည့်နေသော ပြုံယန်းမြို့တော်သို့ ကနေဒါနိုင်ငံဖွားကာတွန်းဆရာတစ်ဦး အရောက်သွားပြီး ပြုံယန်းနှင့် ထိတွေ့လေသည်။ ပြုံယန်းမြေကိုနင်းရင်း၊ ပြုံယန်းလေကို ရှူရင်းအဆိုပါကာတွန်းဆရာသည် သူမြင်ရ၊ ထိတွေ့ရသောမြို့ကြီးကို ကာတွန်းများဖြင့် မှတ်တမ်းတင်လေသည်။ ထိုကာတွန်းဆရာသည် မြန်မာပြည်သို့ စစ်အာဏာရှင်လက်ထက်ကလာရောက်ခဲ့ဖူးပြီး ဘားမားခရိုနီကယ်အမည်ရှိကာတွန်းရုပ်ပြောင်ရေးဆွဲကာ ကမ္ဘာကို မိတ်ဆက်ခဲ့ဖူးသည်။ ထို ဘားမားခရိုနီကယ်ကာတွန်းစာအုပ်မှတစ်ဆင့် မြန်မာပြည်အကြောင်း၊ အာဏာရှင်လက်အောက်က မြန်မာလူမျိုးတို့အကြောင်းကမ္ဘာကို သိစေခဲ့သည်။ ယခုလည်း ပြည်ဝင်ခွင့်ရရန်ခက်ခဲသော မြောက်ကိုရီးယားသို့ အရောက်သွားပြီး တစ်သွေးတစ်သံတစ်မိန့် အုပ်ချုပ်သောတိုင်းပြည်တွင် မြောက်ကိုရီးယားပြည်သူတို့ မည်သို့အသက်ရှင်နေထိုင်ရသည်၊ အလုပ်လုပ်ကိုင်ဖြတ်သန်းရသည်တို့ကို ကာတွန်းမှတစ်ဆင့် ဝေငှခဲ့ပြန်သည်။

ထိုကာတွန်းဆရာမှာ ဂိုင်းဒဲ လီဇလီ(Guy Deli–sle)ဆိုသူဖြစ်ပြီး ၎င်း၏ကာတွန်းလက်ရာများမှာ ထင်ရှားသည်။ ယခုမူရင်းစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ပြီး မောင်ဒေးက မြန်မာဘာသာပြန်ဆိုကာ မူရင်းရုပ်ပုံ၊ မူရင်းစာအုပ်အရွယ်အစားအတိုင်း တစ်သဝေမတိမ်းရိုက်နှိပ်ဖော်ပြထားသည်။ ကာတွန်းစာအုပ်ဖြစ်သည်နှင့်အညီ ရုပ်ပုံနှင့်စာသားပူးတွဲဖတ်ရှုနိုင်ပြီး သီးခြားကမ္ဘာထဲက မြောက်ကိုရီးယား(ဝါ)ပြုံယန်းကို အချိန်တိုအတွင်း နားလည်သိရှိ သွားပါမည်။ ဥပမာ– ပြုံယန်းသို့ ဆိုက်ရောက်ရောက်ချင်း တည်းခိုရာလေဆိပ်သို့ မပို့ဆောင်ဘဲ မြောက်ကိုရီးယားခေါင်းဆောင်ကြီး ကင်အီလ်ဆွန်းရုပ်တုသို့ သွားရောက်ဂါဝရပြုရခြင်း၊ ၁၉၉၀ပြည့်နှစ်က အငတ်ဘေးကြီး ကြုံတွေ့စဉ်လူနှစ်သန်းခန့်သေဆုံးချိန်တွင် မြောက်ကိုရီးယားသည်စံချိန်တင် Hennessy ကော့ညက်အရက်များ ဝယ်ယူခြင်းတို့ကဲ့သို့ မြောက်ကိုရီးယားနှင့် ပတ်သက်၍ ထူးခြားသည့် အသိအမြင်များရစေပါမည်။ ရုပ်ပြောင်ကာတွန်းအကွက်များနှင့် ပူးတွဲဖော်ပြထားသော ကာတွန်းဆရာ၏ ပင်ကိုအသိနှင့် မြောက်ကိုရီးယားအကြောင်း အတွေ့အကြုံတို့မှာ ဖတ်ရှုသူကို ဖျော်ဖြေမှုပေးသလို ဗဟုသုတလည်း ရရှိစေပါမည်။ စာအုပ်ကို ငါတို့စာပေက တန်ဖိုး ၂,၅၀၀ကျပ်ဖြင့် ဖြန့်ချိသည်။




*ဂိုင်းဒဲလီဇလီ၏ ကာတွန်းလက်ရာအချို့ကို တွေ့ရစဉ်*

## Knowledge ဗဟုသုတ

### အသက်အငယ်ဆုံးနဲ့ အသက်အကြီးဆုံး နိုဗယ်ဆုရှင်နှစ်ဦး

နိုဗယ်ဆုရှင်များတွင် အသက်အငယ်ဆုံးဖြင့် ဆုရရှိသူမှာ ၁၉၁၅ ခုနှစ် ရူပဗေဒနိုဗယ်ဆုရှင် ဝီလီယမ်ဘရက်ဖြစ်ပြီး အသက်(၂၅)နှစ်အရွယ်တွင် ရရှိခြင်းဖြစ်သည်။ ၎င်းသည် အိတ်စ်ရေးဓာတ်ရောင်ခြည်ဆိုင်ရာ နည်းပညာဖြင့် ဖခင်ဖြစ်သူ ဝီလီယမ်ဟင်နရီဘရက်နှင့်အတူ ပူးတွဲရရှိခဲ့ခြင်းဖြစ်သည်။ ဖခင်ဖြစ်သူ ဟင်နရီဘရက်မှာမူ ဆုရချိန်တွင် (၅၃)နှစ်ရှိပြီ ဖြစ်သည်။ နိုဗယ်ဆုရှင်များတွင် အသက်အကြီးဆုံးမှာ ၂၀၀၇ က စီးပွားရေးသိပ္ပံပညာဖြင့် နိုဗယ်ဆုရသူ လီယွန်နစ်ဟာဗစ်ချ်(၉၀)နှစ်ဖြစ်သည်။ ၎င်းသည်လည်း ထိုဆုကို အဲရစ်မက်ဆင်၊ ရော်ဂျာ၊ ဘီ၊ မိုင်ယာဆင်တို့ နှင့်အတူ သုံးဦးပူးတွဲရရှိခြင်းဖြစ်သည်။

—Ref: Nobleprize.org

# တစ်ပတ်တာကံကြမ္မာ

ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိ

စံဇာဏီဘို

### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

အကြံအောင်မည်။ အလုပ်တိုးတက်မည်။ စိတ်ကူးသစ်များလက်တွေ့ဆောင်ရွက်အကျိုးပေးမည်။ မမျှော်လင့်ဘဲ ငွေဝင်မည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ အပိုငွေကြေးရင်းနှီးမြှုပ်နှံမှုများမှ အကျိုးအမြတ်ကောင်းရမည်။ အခက်အခဲအတိုက်အခံများကိုကျော်လွှားပြီးအောင်မြင်မှုအဆင့်ဆင့်ရမည်။ကံကြမ္မာ၏ထူးခြားစွာအထောက်အကူပြုမှုကိုရရှိအဆင်ပြေမည်။ အမည်အတွင်း အ၊ ဥ၊ သ၊ ဟပါသောသူများနှင့် ပဋိပက္ခဖြစ်တတ်သည်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

ရန်ပဋိပက္ခများရှိသည်။ အငြင်းအခုံများရမည်။ ကျန်းမာရေးအညံ့ရှိမည်။ စိတ်ကောက်နေသူများအား ပြန်ချော့ရမည်။ ပစ္စည်းအပျောက်အရှများမည်။ အသစ်ဝယ်ယူလိုက်သည့်ပစ္စည်းများအသုံးမတည့်၍ စိတ်အနှောင့်အယှက်ကြုံမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများအတွက် စိတ်အနှောင့်အယှက်ဖြစ်မည်။ မတော်တဆပူလောင်ထိရှမှုဖြစ်မည်။ စကားရှုပ်သောသူများ၊ နှုတ်ဖွာသောသူများကြောင့်ပြဿနာဖြေရှင်းရမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အခက်အခဲအားလုံးကိုကျော်လွှားပြီး တိုးတက်မှုအဆင့်ဆင့်ဖြစ်ထွန်းမည်။ ရပ်တန့်ရန်စီစဉ်ထားသည့်ကိစ္စများ မရပ်တန့်ဖြစ်ဘဲ အားသစ်ဖြည့်၍ ဆက်လက်လုပ်ကိုင်ရန်ကြုံမည်။ လက်ဝယ်ငွေမရောက်မီ ရမည့်ငွေကို မျှော်ကိုး၍ ကြိုတင်ငွေကြေးကိုသုံးစွဲထားရာမှ မျှော်မှန်းသည့်ငွေမဝင်သောကြောင့် အကျပ်အတည်း၊ အနှောင့်အယှက်များကြုံမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

နှောင့်နှေးနေသောအလုပ်များ အဆင်ပြေသွားမည်။ ကြန့်ကြာပိတ်ဆို့နေသောကိစ္စများချောမွေ့သွားမည်။ ရပ်ဝေးနှင့်ချိတ်ဆက်လုပ်ကိုင်သည့်ကိစ္စများမှ ကောင်းသောအကျိုးဆက်ရရှိမည်။ ကာလအတန်ကြာ ဆိုင်းငံ့ရပ်တန့်ထားသည့်ကိစ္စများ ပြန်လည်ဆောင်ရွက်အဆင်ပြေမည်။ ပေါ့ပေါ့တန်တန်ပြောဆိုလိုက်သောကိစ္စ လုပ်ကိုင်လိုက်သောကိစ္စအတွက် စိတ်ပင်ပန်း၊ လူပင်ပန်းနှင့် ပြန်လည်ဆောင်ရွက်ရမည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

မေ့မေ့လျော့လျော့ပြုထားသည့်အရာတစ်ခုအား ပြန်လည်ဆောင်ရွက်၍ အကျိုးကောင်းရရှိမည်။ သူတစ်ပါးနှင့်ယှဉ်၍လုပ်သောကိစ္စများတွင် အနိုင်ယူအောင်မြင်မည်။ ကြုံတွေ့နေသည့်အခက်အခဲများကို ကျော်လွှား၍ အောင်မြင်မှု၊ တိုးတက်မှုများဖန်တီးနိုင်မည်။ လက်တွင်ငွေမရှိဘဲ လုပ်ငန်းကြီးတစ်ခုလုပ်လိုသူအား လိုက်လံကူညီဆောင်ရွက်ပေးရမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အတိုက်အခံအခက်အခဲများကိုကျော်လွှားပြီး တိုးတက်ခြင်း၊ အောင်မြင်ခြင်းများ အဆင့်ဆင့်ဖြစ်ပွားမည်။ မူလအနေအထားထက် ပိုမိုမြင့်မားသောပညာအဆင့်မြင့်အောင်မြင်တိုးတက်မှုများဖြစ်ပွားမည်။ ငွေမမြဲ၊ ကုန်ကျစရိတ်အလွန်များမည်။ မူလတစ်ကြိမ်တစ်ခါမှ ဆောင်ရွက်လေ့မရှိသောကိစ္စများလုပ်ကိုင်ရလိမ့်မည်။ အတတ်ပညာနှင့်ပတ်သက်သောတိုးတက်မှု၊ဘဝရည်ရွယ်ချက်အောင်မြင်မှုများအရှိန်အဟုန်မြင့်မည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

တစ်ပါးသူဖြစ်ပေါ်နေသည့်အတွင်းရေးပဋိပက္ခများ လိုက်လံဖြေရှင်းပေးရမည်။ အပြိုင်အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ မချစ်သင့်သူကို ချစ်ခြင်း၊ သံယောဇဉ်မထားသင့်သူကိုထားခြင်းကြောင့် စိတ်မော၊ လူမောဖြစ်မည်။ တစ်ပါးသူမနိုင်မနင်းဖြစ်နေသည့်ကိစ္စများကို လိုက်လံဖြေရှင်းပေးရမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများပါဝင်ပတ်သက်ဆောင်ရွက်ရခြင်းရှိမည်။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

အခက်အခဲများကိုကျော်လွှားနိုင်၍ ဘဝအနေအထားတိုးတက်ခြင်းနှင့် ကောင်းခြင်းဖြစ်ရပ်များကြုံမည်။ အရာရာအောင်မြင်နိုင်သောအခြေအနေကောင်းကြုံမည်။ ဤသို့အညံ့ကင်းစင်၍ ကောင်းသောအခြေအနေမျိုးရခဲသည်။ စနစ်တကျအသုံးချ၍ ကောင်းသောတိုးတက်မှုများဖန်တီးနိုင်သည်။ စိတ်ချမ်းမြေ့ဖွယ်သတင်းစကားကြုံမည်။ အလုပ်အကြံများအောင်မည်။ မိမိအကျိုးလိုလားသူများဝန်းရံနေသည်။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

အပျောက်အရှများမည်။ မူလရည်မှန်းထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှုကွာဟမည်။ ကျန်းမာရေးအညံ့ရှိမည်။ ကိုင်တွယ်လိုက်သောပစ္စည်းများ အပျက်အယွင်းများမည်။ အတူတကွဆက်ဆံလုပ်ကိုင်နေသောသူများနှင့် စကားကတောက်ကဆတ်ပြောရမည်။ စိတ်လေခြင်း၊ ပေါ့ပေါ့ဆဆလုပ်တတ်သောကြောင့် အရည်အသွေးကျဆင်းမည်။ ညာခြေ၊ ညာလက်တွင် မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

အတိုက်အခံများနှင့် ထိပ်တိုက်တွေ့ပြီးမှ အဆင်ပြေမည်။ မည်သည့်ကိစ္စကိုမဆို အလွယ်တကူချောချောမွေ့မွေ့ဖြစ်သည်ဟူ၍မရှိ။ အရာရာအခက်အခဲကြုံပြီးမှ အဆင်ပြေသွားမည်။ ထူးခြားသည့်လက်ဆောင်ပစ္စည်းများရရှိမည်။ ရည်ရွယ်ချက်သစ်များကိုဆက်လက်အကောင်အထည်ဖော်နိုင်မည်။ ပညာရေးကံကောင်းမည်။ အိမ်တွင်လူပိုမမြဲပါ။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)


အရာရာသတိရှိရမည်။ အခက်အခဲအတိုက်အခံများကြုံတတ်သည်။ မတော်တဆထိခိုက်မှုများအထူးသတိရှိပါ။ မည်သည့်အရာကိုမှ ကြိုတင်တွက်ဆစီစဉ်ပြီးလုပ်၍မရ။ ဖြစ်ပေါ်လာသောအကြောင်းအရာအရပ်ရပ်သည် မှန်းသည်တစ်မျိုး လက်တွေ့တစ်မျိုးဖြစ်လောက်အောင်ကြုံမည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ၊ ရောထွေးစိတ်ရှုပ်ရမည်။ ကုန်ကျစရိတ်၊ အသုံးစရိတ်အလွန်မြင့်မားနေမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

အခြေအနေအပြောင်းအလဲများရှိမည်။ လမ်းသစ်ထွင်၍ဆောင်ရွက်ခြင်းများအောင်မြင်မည်။ ဆုံးဖြတ်ချက်များမှန်ကန်မည်။ ဖြစ်ပေါ်နေသောပြဿနာအလုံးစုံကို ဖယ်ရှားနိုင်မည်။ မိမိအပေါ်ထူးခြားစွာအကူအညီပေးနိုင်သောသူများနှင့်တွေ့မည်။ လူသစ်၊ ဝန်းကျင်သစ်နှင့်ဆက်ဆံ၍ တိုးတက်မှုများအခိုင်အမာရမည်။ အရေးပါသောအနေရာများသို့ရောက်ရှိမည်။ အလိမ်အညာခံရတတ်သည်။ ငွေကြေးလက်လွှယ်ခြင်းမရှိပါနှင့်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၈၁)



## အလျားလိုက်

၁။ ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေး အုပ်စုကြီးကို တာဝန်ယူသူ
၃။ ရုံးခန်းအတွင်း ဂန္ဒီပုံချိတ်ဆွဲထားသူ
၄။ စာချုပ် (သို့) ဥပဒေတစ်ခု၏မူကြမ်း
၉။ ရန်ပုံငွေဘောလုံးပွဲစီစဉ်သူ
၁၀။ မားစ်ဗိုင်းရပ်အကြီးအကျယ် ပျံ့နှံ့နေသောနိုင်ငံ
၁၁။ ကမ္ဘာ့အသက်အငယ်ဆုံးကျောင်းအုပ် နေထိုင်ရာ ပြည်နယ်

## ဒေါင်လိုက်

၁။ စည်းကမ်းမဲ့အမှိုက်မပစ်ရေး လုပ်ဆောင်မည့်နေရာ
၂။ သကြ်န်အပြီး လူငယ်များတွင် ဖြစ်သောရောဂါ
၅။ ကေပေါ့ပ်အတုမခိုးသူများ
၆။ ချောင်းသာကမ်းခြေတွင်စီးနိုင်သော ယာဉ်တစ်မျိုး
၇။ ဦးဝင်းတင်ကို တင်စားသော အသုံးအနှုန်း
၈။ မြေရေယာအများအပြား အဆိပ်သင့်နိုင်ငံ


**Smart Dictionary ကံထူးသူ**

**၁။ ကိုမြင့်တိုး၊ ၁၁/ကဖန(နိုင်)၀၁၁၅၄၈**

**ကျန်အဖြေမှန်သူများ**

**၂။ Dr.တင်မောင်စိုး၊ ၇/ဖမန(နိုင်)၀၀၄၅၉၈**
**၃။ သန်းထွဋ်၊ ၁၂/အစန(နိုင်)၁၈၂၉၇၀**
**၄။ ထက်နိုင်အောင်၊၁၂/ရပသ(နိုင်)၀၈၄၂၀၅**
**၅။ ဆုမြတ်ရွှေရည်၊၁၂/ဗတထ(နိုင်)၁၇၆၀၈၈**
**၆။ ဧင်မင်းထွေး၊ ၁၂/လမန(နိုင်)၁၅၃၅၁၆**
**၇။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀**

**ပဟေဠိ အမှတ်စဉ်(၂၈၀)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................
**နေရပ်လိပ်စာ** ..........................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၈) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂-၅-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုထူးသူ

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

**အခမဲ့ကြော်ငြာကဏ္ဍ**

**ရောင်းမည်**
ကုန်စုံဆိုင်ဖွင့်ရန် အလွန်ကောင်း၊ တာမွေမြို့နယ်၊ အရိုးကုန်းလမ်း၊ မြေကွက်အမှတ်(၃၁၉)၊ မြေတိုင်းအမှတ်-၃ (စီ-၃)၊ ပေ(၂၅×၅၅)၊ လုံးချင်းနှစ်ထပ်တိုက်၊ ရောင်းဈေး- ကျပ်သိန်း ၁,၇၀၀။
ဖုန်း-၀၉-၇၃၀၀၆၃၇၆

**ရောင်းမည်**
တောင်ဥက္ကလာ၊ ယဿဝတီလမ်းမကြီးပေါ်၊ ၁၃ ရပ်ကွက်၊ ပေ (၁၈x၅၅)၊ မြေညီ – သိန်း (၆၅၀)။
ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**
ပါရမီစိန်ဂေဟာအနီး၊ အနော်ရထာလမ်း၊ မရမ်းကုန်းမြို့နယ်။
မြေညီ၊ 12 x 50၊ သိန်း (450)၊ ပထမထပ် သိန်း(၃၈၀)
ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**Study and Guide အိမ်လိုက်သင်သည်**
တက္ကသိုလ်ဝင်တန်း တစ်ဘာသာချင်း သီးသန့်၊ ဘာသာစုံ Study and Guide အိမ်လိုက်သင်သည်။ အိမ်ဝိုင်းများ သီးသန့်မေးခွန်းဟောင်းနှင့်တကွ လိုက်သင်ပေးသည်။
ဖုန်း-၀၉-၄၂၂၂၀၅၇၉၈

**ရောင်းမည်**
မင်းရဲကျော်စွာ ၂ လမ်း၊ တောင်ဥက္ကလာ၊ မြေညီ ပေ (၁၈x၅၂)၊ သိန်း (၅၀၀)။ ဒါဘာ သိန်း(၂၇၀)
ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**အိမ်နှင့်ခြံရောင်းမည်**
(၁၃)ရပ်ကွက်၊ အရှေ့ဒဂုံ၊ ပေ(၂၀×၆၀)၊ မီးပါ၊ ဆည်တော်(၁)လမ်း၊ တောင်မြောက်လမ်းဆုံအနီး။
ဖုန်း-၀၉-၂၅၀၃၇၀၇၃၅

**ရောင်းမည်**
မင်းရဲကျော်စွာစလမ်း(ခ)၊ တောင်ဥက္ကလာ၊ တတိယထပ် ပေ (၁၉x၅၅)၊ သိန်း (၃၅၀)။ (ကြိုပွဲခ)
ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**ရောင်းမည်**
စာဂ ၁၇ လမ်း၊ တောင်ဥက္ကလာ၊ မြေညီ+မှန်ခန်း(၂ခန်းတွဲ) ပေ (၁၈x၅၂)၊ သိန်း (၁၂၀၀)။ (ကြိုပွဲခ)
ဖုန်း-၀၉-၄၂၀၀၀၄၄၃၂

**သင်ကြားပေးသည်**
Chemistry Classes for Int'l School (ec–Levels), IGCSE Cambridge Int'l AS & A Level & SAT–2.
Saya Saw Aung(Ex.A.P)
PH:09 5005470

**သင်ကြားပေးသည်**
တက္ကသိုလ်ဝင်တန်း ဇီဝဗေဒကို သင်ကြားမှုအတွေ့အကြုံ ၁၅ နှစ်ရှိ မဟာသိပ္ပံဘွဲ့ရဆရာက သင်ကြားပေးမည်။
ကိုကိုဆွေ (ရန်ကုန်တက္ကသိုလ်)
ဖုန်း-၀၉ ၄၂၂၅၃၈၃၉၆

**Study Guide**
တက္ကသိုလ်ဝင်တန်း ဂိုက်သင်သည်။ တာမွေမြို့နယ်အတွင်း။
ဖုန်း-၀၁ ၇၀၇၈၇၇

**သန်းသေခေါင်းလျှော်ရည်**
သဘာဝထွက်ဖြစ်ပြီး ဘေးထွက်ဆိုးကျိုးမရှိ၊ ဤခေါင်းလျှော်ရည်အသုံးပြုခြင်းဖြင့် ဦးခေါင်းရှိ သန်းနှင့် ဖောက်သေစေပါမည်။
ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**LION**
ဒီဇိုင်း၊ ပုံနှိပ်၊ ဖိတ်စာ ပုံနှိပ်ဒီဇိုင်းမျိုးစုံ စိတ်တိုင်းကျပြုလုပ်ပေးသည်။ အမှတ်(၂၁၆)၊ ပထမထပ်၊ ၃၁ လမ်း(အပေါ်)။
ဖုန်း-၀၉ ၇၃၂၁၃၂၈၀

**နားထောင်ပေးသည်**
စိတ်ရှုပ်ထွေးရမှု၊ စိတ်ညစ်ရမှု၊ စိတ်ထွက်ပေါက်မရှိမွန်းကျပ်နေမှုများဖြေလျှော့ပေးနိုင်ရန် ပြောကြားလိုလျှင် နားထောင်ပေးမည်။ (ကိုယ်ရေးအချက်အလက်လုံခြုံမှုရှိစေရမည်)
ဖုန်း-၀၉ ၄၃၀၄၃၂၀၃

**ရောင်းမည်**
Wingroad 108–TAXI DD, 8 . . . . . (88 သိန်း)။ ဖုန်း-၀၉ ၄၂၂၄၅၁၀၁၀

**ရောင်းမည်**
WCDMA ဆင်းမ်ကတ်ရောင်းမည်။ နှစ်သိန်းခွဲတန် ၄၅ နံပါတ်။
ဖုန်း-၀၉ ၄၅၀၀၄၄၁၈၂

**ရောင်းမည်**
ပလတ်စတစ်လောင်းစက်၊ ပလတ်စတစ်သုံးထုပ်အပါအဝင် ယုဇနပလာဇာအနီး ကြိုးဖုန်း၊ ကမာရွတ်၊ စမ်းချောင်း၊ လှိုင်ရှိကြိုးဖုန်း၊ Sony TV 21",Toshiba TV 21",Samsung TV 21", colour printer.
ဖုန်း-၀၉ ၅၀၁၀၈၃၀

**ငှားလိုသည်**
နိုင်ငံခြားသားများအတွက် အဆင်ပြေသော လစာ သိန်း ၂၀ မှ ၂၀၀ ကြားလုံးချင်းအိမ်များ၊ ကွန်ဒိုများ ငှားလိုသည်။ အိမ်ရှင်ကိုယ်တိုင်ဆက်သွယ်လျှင် အကျိုးဆောင်ခပေးရန် မလိုပါ။
ဖုန်း-၀၉ ၄၃၀၈၃၇၈၁

**ရောင်းမည်**
(၂၀×၆၀) တိုက်ခန်းပါ၊ အိမ်ခြံမြေ၊ မြောင်းတကာ-စက်မှုဆုံလမ်း ရန်ကုန်-ပြည် ကားလမ်းနှင့် မနီးမဝေးနေရာသန့် ရောင်းဈေး-သိန်း (၁၅၀)။
ဖုန်း-၀၉ ၄၅၀၀၀၂၃၉၁

**ရောင်းမည်**
တ/ဥ၊ (၁၂)ရပ်ကွက်၊ မိဂသီ (၂၁) လမ်း၊ အမှတ် (၂၉၃/က)၊ ပေ (၂၀×၆၀)၊ နှစ် ၆၀ ဂရန်၊ နှစ်ထပ်တိုက်၊ အရှေ့လှည့်၊ သိန်း (၁၄၄၀) ညှိနှိုင်း။
ဖုန်း-၀၉ ၅၁၁၀၉၉၅

**အိမ်တိုင်ရာရောက်သင်ပေးသည်**
Tuotial,Project များကို Assembly, C Program သုံး၍ Project Board, Development board များဖြင့် လက်တွေ့လုပ်ဆောင်ရမည်။
ဖုန်း-၀၉ ၄၄၈၀၀၃၂၅

**AUNG BROTHER Groups**
လေအေးပေးစက်များကို ဝန်ဆောင်မှုပုံစံအမျိုးမျိုးဖြင့် စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
ဖုန်း-၀၉ ၄၂၀၀၄၈၃၅၂

**ဘာသာပြန်ဝန်ဆောင်မှု**
အင်္ဂလိပ်၊တရုတ်၊ ကိုရီးယားမှ မြန်မာသို့ ရုပ်ရှင်ကားများကို ဘာသာပြန်၊ စာတန်းထိုးပေးသည်။
ဖုန်း-၀၉ ၄၂၀၀၉၈၉၇၂

**သင်ကြားပေးသည်**
Grade XI အတွက် အင်္ဂလိပ်နှင့် ဓာတုဗေဒ သင်ကြားပေးသည်။ ဘာသာစုံလည်း သင်ကြားပေးသည်။
ဖုန်း-၀၉ ၄၂၅၀၀၂၀၈၉

**သင်ကြားပေးသည်**
ထိုင်ဝမ်နိုင်ငံ ဂုဏ်ထူးဆောင် ဆရာလင်းလောင်စူးသည် တရုတ်ဘာသာစကား အရေး၊ အဖတ်၊ အပြောကို ပိုင်နိုင်စွာ တတ်မြောက်အောင် သင်ကြားပေးသည်။
ဖုန်း-၀၉ ၄၂၁၁၄၇၈၂၁

**သင်ကြားပေးသည်**
Grade XI အတွက်ဘာသာစုံ အိမ်တိုင်ရာရောက်သင်ကြားပေးသည်။
ဖုန်း-၀၉ ၂၅၀၀၄၃၁၃၂

**နွေရာသီဓာတ်ပုံပညာသင်တန်း**
မေလဆန်းစဖွင့်မည်။ အလယ်တန်း၊ အထက်တန်း ဖြေဆိုထားသူများအတွက် အထူးနှုန်း 50% discount။
ဖုန်း-၀၉ ၃၁၀၅၅၇၉၃

**Quenn Fashion (ဒေါ်တင့်တင့်)**
အပ်ချုပ်သင်တန်း (၁) ဖက်ရှင်ဒီဇိုင်း (တစ်ဘာသာ တစ်ပတ်) (၂) အခြေခံမှစ၍ ဘာသာစုံအထူးသင်တန်း တစ်လ။ အမှတ် -၃၇၊ ၃ လွှာ၊ ရေကျော်လမ်းမ။
ဖုန်း-၀၉ ၅၁၃၂၃၇၃

**Dynasty Computer Training**
Basic Course, I-Office Adv Course, DTP Course, Graphic Design Course, Excel Special Course
PH: 09 421109778

**ရောင်းမည်**
U.S.A Made Golf–Set Tayhormade, Burner.
PH:09 450015788

**ရောင်းမည်**
Taxi, Car မျိုးစုံရမည်။ Crown, Wing Road, Probox, Fit, Partner, Airwave Fidder, Kluger 2004.
PH:09 8570600

**ရောင်းမည်**
Wingroad 108–TAXI DD, 8 . . . . . (88 သိန်း)။
ဖုန်း-၀၉ ၄၂၂၄၅၁၀၁၀

**ရောင်းမည်**
WCDMA ဆင်းမ်ကတ်ရောင်းမည်။ နှစ်သိန်းခွဲတန်း ၄၅ နံပါတ်။

**ငှားမည်**
လုံးချင်း(ပျဉ်ထောင်) ရေမီးစုံ (မဂ္ဂင်လမ်း၊ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်)။
ဖုန်း-၀၉ ၅၁၂၂၁၁၅

**ရောင်းမည်**
ကျောင်းလမ်း၊ မြေနီကုန်း စမ်းချောင်း (၁၅×၆၀) ပါကေး၊ ကြွေပြားနံရံကပ်၊ ရှေ့လှည့်မျက်နှာစာရှင်း ဘိုထိုင်၊ Water Heater Air Con နေရန်အသင့်ပြင်ပြီး သိန်း (၁၀၀၀)။
ဖုန်း-၀၉ ၇၃၀၇၂၃၁၁

**ရောင်းမည်**
(၃၅×၅၅)၊ ဘိုးဘွားပိုင်မြေ၊ BN 1 ထပ်၊ ရေမီး၊ သစ္စာလမ်းသွယ်၊ ရန်ကင်းမြို့နယ်၊ ၁၃ ရပ်ကွက်။
ဖုန်း-၀၉ ၄၅၀၀၄၄၁၈၂

**စာမျက်နှာ(၂၃) မှ**

## နာဂစ်နဲ့ မေးခွန်းနှစ်ခု

၂၀၀၈ မတိုင်မီအထိ မြန်မာပြည်ကို မုန်တိုင်း (၈၂)ကြိမ် ဝင်ခဲ့ဖူးရာမှာ အားလုံးရခိုင်ကိုချည်းဝင်ခဲ့တာပါ။ မြစ်ဝကျွန်းပေါ် ဒေသကို ဆိုင်ကလုန်းအဆင့်မုန်တိုင်းတစ်ခါမှ မဝင်ခဲ့ဖူးပါဘူး။

**(၇) မုန်တိုင်းဒီရေဆိုင်ရာ အပါအဝင် သဘာဝဘေးဆိုင်ရာ အတွေ့အကြုံနှင့် အသိပညာနည်းပါးခြင်း**

မုန်တိုင်းဒီရေဆိုတဲ့စကားကို မြစ်ဝကျွန်းပေါ်နာဂစ်ဒေသက လူတွေ ကြားတောင်မကြားခဲ့ဖူးပါဘူး။

**(၈) သယ်ယူပို့ဆောင်ရေးလမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း**

ရွှေ့ပြောင်းပြေးလွှားဖို့ အလွန်ခက်ပါတယ်။ ရေလမ်းပဲရှိပါတယ်။ စက်လှေပေါ်မှာရှိသမျှ ပစ္စည်းတွေ၊ မိသားစုတွေ အကုန်တင်ပြီးပြေးရင်တောင် ရေကရေဆန်ဖြစ်မယ်။ ခရီးတွင်သလားမပြောနဲ့။ နောက်ကမျောလာတဲ့ ဗေဒါကတောင် လမ်းတောင်းရလိမ့်မယ်။

**(၉) ကမ်းခြေရေတိမ်မှု၊ ဒီရေ အတက်အကျခွင်ကြီးမားမှု၊ မြစ်ကြောင်းများပေါများမှုတို့ကြောင့် အပြန်အလှန် သက်ရောက်စေသော ရှုပ်ထွေးသောစနစ်** (Non-linearity)**ရှိနေခြင်း**

မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းဟာ ရေအနက်တိမ်တယ်။ ဒီရေအတက်အကျခွင်ကြီးတယ်။ မြစ်များတည်ရှိမှုစနစ်က ရှုပ်ထွေးတယ်။ ဒါကြောင့် မုန်တိုင်းကြောင့် ပင်လယ်ထဲကရေတွေ တိုးဝင်လာရင် ဒီအချက်တွေက ရှုပ်ထွေးတဲ့ အပြန်အလှန်သက်ရောက်မှုတွေ (non–linear interactions)ကို ဖြစ်စေပြီး အတိုင်းအဆမဲ့ရေလှိုင်းကြီးတွေ (exceptionally high waves)ကို ဖြစ်စေနိုင်ပါတယ်။ နာဂစ်မှာဖြစ်လည်းဖြစ်ခဲ့ပါတယ်။

**(၁၀) ဒီရေတောများ ပြုန်းတီးကုန်ခြင်း**

သဘာဝဘေးအတားအဆီးတွေဖြစ်တဲ့ သဘာဝဒီရေတောတွေကလည်း ပြုန်းတီးလို့ကုန်ပြီ။ ထင်းလုပ်ဖို့၊ သစ်လုပ်ဖို့၊ အိမ်ဆောက်ဖို့၊ လယ်ကွင်းဖော်ဖို့၊ လူနေရပ်ကွက်တိုးချဲ့ဖို့၊ ငါးမွေးဖို့၊ ပုစွန်မွေးဖို့၊ စားအုန်းဆီပင်စိုက်ဖို့၊ မီးသွေးဖုတ်ဖို့။ .... ပြုန်းတီးလိုက်တာ။ ဘိုကလေးမှာဆိုရင် အသေအပျောက်၊ အပျက်အစီးမရှိနိုင်ဘူးလို့ ကျွန်တော်ဆိုခဲ့ခြင်းဖြစ်ပါတယ်။

တစ်လောကပဲ အိန္ဒိယကို ဝင်ရောက်တိုက်ခတ်သွားတဲ့ ပိုင်လင်း ဆိုင်ကလုန်းဟာ လေတိုက်နှုန်းတစ်နာရီ ၁၆၂ မိုင်၊ category V အဆင့်နဲ့ ဝင်ရောက်သွားခဲ့တာ။ လူဆယ်ဂဏန်းပဲသေခဲ့တယ်။ ၂၀၀၈ က ကျွန်တော်တို့ဆီ နာဂစ်တိုက်တော့ လေတိုက်နှုန်းက ၁၄၀ နဲ့ ၁၅၀ ကြား category IV အဆင့်သာရှိပါလျက်နဲ့ လူပေါင်းတစ်သိန်းကျော် ၁၃၄,၀၀၀ သေဆုံးခဲ့ရတာ။ ဘာကြောင့်ပါလဲတဲ့။

ဒီနေရာမှာ စိုင်းထီးဆိုင် သီချင်းသတိရမိတယ်။ ဘဲကြီး။ မသိလို့မေးတာလား.. ။ သိလျက်နဲ့ မေးတာလား.. ။ ဆိုတာလေ။

**ကြိုတင်သတိပေးချက်။** သူတို့လည်း ငါးရက်လောက်ကြိုပြောခဲ့တယ်။ ကျွန်တော်တို့လည်း ငါးရက်ကြိုပြောခဲ့တယ်။ အတူတူလောက်ပါပဲ။

အဲဒီငါးရက်အတွင်း သူတို့က Volunteer တစ်သိန်းကျော်၊ မော်တော်ယာဉ်အစီးပေါင်းငါးသောင်းကျော်၊ Helicopter အစီး ၄၀ ကျော်အပါအဝင် ကားတွေ၊ လူတွေ၊ အများကြီးနဲ့ မုန်တိုင်းအဝင်မှာ အရေးပေါ်ကယ်ဆယ်ရေး ဆောင်ရွက်ဖို့ မုန်တိုင်းမဝင်ခင် နှစ်ရက်လောက်ကတည်းက We are ready လို့ ကြေညာခဲ့တယ်။ လူပေါင်း ငါးသိန်းကျော်ကို ဘေးကင်းရာနေရာများကို ကြိုတင်ပြောင်းရွှေ့ခဲ့တယ်။ မပြောင်း မရွှေ့ဘဲ ငြင်းဆန်နေခဲ့တဲ့လူတွေကို Defence Act Section 34 ကို အသုံးပြုပြီး မဖြစ်မနေပြောင်းရွှေ့ပေးခဲ့တယ်။

ဒီတော့ သူတို့က သဘာဝဘေးအန္တရာယ်ကာကွယ်ရေးမှာ Management Plan, Act, Preparedness, Action အကုန်ရှိခဲ့ပြီး ထိထိရောက်ရောက်လည်း သုံးခဲ့တယ်။

နာဂစ်တုန်းကတော့ ကျွန်တော်ကိုယ်တိုင် သတင်းစာ၊ ရေဒီယို၊ တယ်လီဖုန်း၊ ဖက်စ်၊ ရုပ်မြင်သံကြားအားလုံးမှတစ်ဆင့် ပြောခဲ့တယ်။ ကိုယ်တိုင် တာဝန်ရှိသူအားလုံးကို တစ်ဦးချင်းဖုန်းဆက်ပြောခဲ့တာ။ အကြီးအကဲတွေ အထိရောက်တယ်။ သတင်းစာမှာလည်း အင်တာဗျူးလုပ်ပြီး တစ်ရက်ကြိုတင်သတိပေးခဲ့တယ်။ အဲဒီတုန်းက ဟိုင်ကြီး၊ ချောင်းသာက ဒေသတာဝန်ခံတွေကို ရွာတွေက လူတွေကိုပြောင်းဖို့ (Evacu–ate) လုပ်ဖို့ ကျွန်တော်ဖုန်းနဲ့ သတိပေးခဲ့တယ်။ အဲဒီပြောဆိုချက်ကို ချောင်းသာ Max Hotel မန်နေဂျာအပါအဝင် ဒေသခံစခန်းရဲမှူးကအစ သက်သေအဖြစ်ရှိနေကြတယ်။ ဒါပေမဲ့ အဲဒီ evacuate လုပ်ဖို့ဆိုတာ knowledge, plan, act, management, transpor–ation, public participation, volunteers အားလုံးပါမှ ရတာဗျ။ အဓိက,ကတော့ ခေါင်းဆောင်မှု (leadership)ပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်တို့မှာ သဘာဝဘေးအန္တရာယ်အတွက် Manageme–nt, Plan, Act, Action ဘာမှလည်း မရှိခဲ့ဘူး။ ဘာမှလည်းကြိုတင်စီစဉ်ထားမှုမရှိခဲ့ဘူး။

ကျွန်တော်တို့က ကယ်ဆယ်ရေး (Relief, Resettlement, Rehabilitation)ပဲ တစ်သက်လုံးလုပ်လာကြတာ။ ကာကွယ်ရေး (Preparation, Prevention, Re–duction)ဆိုတာတွေတော့ ဘာမှမလုပ်ကြဘူး။ လုပ်လည်း မလုပ်တတ်ကြဘူး။ လုပ်ရကောင်း မှန်းလည်း မသိကြဘူး။ မဖြစ်သေးသမျှ စောင့်ကြည့်နေကြတဲ့ သဘောပဲ။ အဲ.. ဖြစ်ရင်တော့ လုပ်ကြပါပြီ။

ဒါပါပဲဗျာ။ နာဂစ်နှစ်ပတ်လည်နေ့မှာ ဒါတွေဟာ စဉ်းစားကြရမယ့်အချက်တွေလို့ မြင်ပါကြောင်း ပြောချင်တာပါပဲ။

**စာမျက်နှာ(၂၆) မှ**

## ကြာပန်းပေါ်မှ လိပ်ပြာနှင့် ကြာရွက်အောက်မှဖား

နောက်ပြီး ဒဏ္ဍာရီဆန်တာတွေ အာရုံမထားဘဲ ဘုရားသမိုင်းတွေကို သေသေချာချာ လေ့လာရင်း မျက်မှောက်ခေတ် လူသားတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတွေ အများကြီးရနိုင်တယ်။ မင်္ဂလာစေတီဟာ အတိတ်တဘောင်ကို အယူသီးရင် ကုသိုလ်မအောင်ဘူးဆိုတဲ့ သင်ခန်းစာပေးတယ်။ စူဠာမဏိက သံဃာ အပေါ် ဘုရင်လွန်ကျူးမိသမျှ ဝန်ချတောင်းပန်လို့ "သံဃာနဲ့ မင်းချစ်ခြင်းမှတ်တိုင်" အဖြစ် မြင်နိုင်တယ်။ ထီးလိုမင်းလိုက တော်ဝင်မိသားစုအတွင်း အများလက်ခံနိုင်တဲ့ နည်းနဲ့ ဘုရင်တင်မြှောက်မှု အစဉ်အလာတစ်ခု ပုဂံမှာ ရှိခဲ့တာကို ကိုယ်စားပြုတယ်။ ပြဿဒါးကြီးက ကောင်းမှုလုပ်တဲ့နေ့မှန်သမျှ ရက်ရာဇာ၊ မကောင်းမှု လုပ်တဲ့နေ့မှန်သမျှ ပြဿဒါးဆိုတဲ့ ဗုဒ္ဓနည်းကျအမြင်သစ်ကို မေးတယ်ကွ"ဟုထပ်မံပြောပြလိုက်၏။

ပုဂံမြေတွင်ဒဏ္ဍာရီတွေရောမွှေနေသည်သာမက မျက်မှောက်ခေတ်ပညာတတ်များပါ ရောယောင် နောက်လိုက်ဖြစ်သော အဆိုတစ်ရပ်က လွှမ်းမိုးနေသေး၏။ စွယ်တော်လေးဆူကို နေမွန်းမတည့်မီ တစ်ရက်တည်းအပြီးဖူးလျှင် ဘေးခပ်သိမ်းကင်းငြိမ်း၍ ဘဝတစ်သက်အောင်မြင်မှုများရမည်။ ဆုတောင်းပြည့်မည်ဟူသော အဆိုတစ်ရပ်ဖြစ်၏။ စွယ်တော်လေးဆူဆိုသည်ကား ရွှေစည်းခုံ စေတီ၊ လောကနန္ဒာစေတီ၊ တန့်ကြည်တောင်စေတီနှင့် တုရင်တောင်စေတီမြတ်တို့ဖြစ်၏။ အားလုံးအနော်ရထာမင်းကြီး ကောင်းမှုဖြစ်၏။ စွယ်တော်မြတ်ကို ဌာပနာပြု၍ တည်ထားသော စေတီလေးဆူဖြစ်ခြင်းကြောင့် စွယ်တော်လေးဆူဟုခေါ်တွင်ခြင်းဖြစ်၏။ ဘုရားဟူသည် ဖူးလိုသည့်အချိန်ဖူးကုသိုလ်ရသည်သာဖြစ်၏။ ဘုရားဗျာဒိတ်လည်း မဟုတ်သည့်အပြင် ဗုဒ္ဓဝါဒအမြင်အရ အကြောင်းအကျိုးဆက်စပ်မှုကင်းမဲ့ပြီးအဓိပ္ပာယ်လည်းမရှိသော အစီအစဉ်ကို ဘုရားဖူးယာဉ်လိုင်းတည်ထောင်သူနှင့် ကူးတို့မော်တော်တည်ထောင်သူအချို့က ဗျာဒိတ်ပေးလိုက်ခြင်းသာ ဖြစ်နိုင်၏။ ယနေ့အထိ ဆုတောင်းပြည့်သည်ဟု သက်ဝင်သူအများအပြားမှာ နံနက်စောစော တန့်ကြည်တောင်သို့ သွားရန်အတွက် မော်တော်ဆိပ်တည်ရှိရာ ဗူးဘုရားတွင် တိုးဝှေ့ပြီး ညအိပ်ရပ်နားကြကုန်၏။ ဘုရားရင်ပြင်ပေါ်၌ တုံးလုံးပက်လက်ဒုက္ခခံ၍ အိပ်ကြသည်လည်းရှိ၏။ နံနက်စောစောထ၍ တစ်ဆူပြီး တစ်ဆူသုတ်ခြေတင်ဖူးကြရရှာလေ၏။ ကူးတို့မော်တော်တို့က နံနက်စောစော နေမပူမီ ဧရာဝတီမြစ်အတွင်း ခရီးစ၍မပင် မပန်းအလုပ်ဖြစ်သလို အငှားယာဉ်များကလည်း အချိန်မကုန်ဘဲ ခရီးစဉ်ပြီးပြတ်သွားသဖြင့် အသီးသီးဆန္ဒကိုယ်စီ ပြည့်ဝကြသည်မှာ ဧကန်မသွေ ဖြစ်ကြလေ၏။

အတိတ်နိမိတ်ကောက်တတ်သူအချို့က လိုရာဆွဲတွေးပြီး ပူဇော်အထူးခံနေရသော ရှေးဟောင်းဘုရားတစ်ဆူကိုလည်း ပုဂံပြတိုက်ရှေ့တွင် တွေ့မြင်နိုင်၏။ မူလက ဘူမိဖဿမုဒြာဘုရားကို မသမာသူတို့က ဌာပနာခိုးယူရန်အတွက် ရင်ဘတ်ကိုဖောက်ထွင်းလိုက်ကြရာ ဘုရား၏ရင်ဘတ်တော်အတွင်းဦးခေါင်းတော်မည်းမည်းကြီးနှင့် နောက်ထပ်ဘုရားတစ်ဆူထွက်ပေါ်လာသည်ကို တွေ့ကြရ၏။ ဖောက်ထွင်းလက်စကိုရပ်ပြီးထွက်ပြေးကုန်ကြကြောင်း သိရှိရ၏။ ဘုရားရင်မှာ ဘုရားသာရှိသော နှစ်ထပ်ဘုရားအဖြစ် ဖူးတွေ့နိုင်၏။ ရင်ထဲမှာ ဘုရားငယ်ကိန်းအောင်းနေသည်ကို အတိတ်နိမိတ်ယူ၍သားဆုတောင်းလျှင် ပြည့်သည်ဟု ယုံကြည်ကြပြီး သားဆုပန်ရန် ဘုရားလာဖူးသူများလည်း အများအပြားရှိကြောင်း သိရှိရ၏။

စာရေးသူသည် ပုဂံရောက်တိုင်း "နန်းဘုရား"အတွင်းမှ ကျောက်ဆစ်ပန်းတမော့လက်ရာများကို အလေးအနက်ထား၍ ကြည့်ရှု၏။ နိုင်ငံခြားသားများ ဝင်လာမစဲရှိသည်ကိုလည်း တွေ့ရ၏။ မဟာဗြဟ္မာကြီး ကြာပန်းကိုင်ထားသောပုံမှာ အလွန်လက်ရာမြောက်လှ၏။ ကြာပန်းအလှလေးများ ကော့ပျံ၍ အချပ်လိုက် အထပ်ထပ် ပွင့်နေပုံ၊ လက်ချောင်းများမှ လက်သည်းခွံလေးများနှင့် ခြေချောင်းများမှ ခြေသည်းခွံလေးများကို ခုံးသည့်နေရာ၊ ကော့သည့်နေရာ၊ ချိုင့်သည့်နေရာအသီးသီးပေါ်လွင်အောင် ကျောက်သားကို အသေးစိတ်ထုထွင်းထားပုံမှာ ရင်သပ်ရှုမောရှိလှ၏။ ထိုအခိုက် လူငယ်တစ်သိုက် ဂူဘုရားအတွင်း ဝင်လာပြီး "အထဲမှာ ဘာမှမရှိဘူးဟေ့။ မလာကြနဲ့" ဟု နောက်ဝင်လာမည့် အုပ်စုအားအော်ဟစ်ဟန့်တားရင်း ပြန်ထွက်သွားကြ၏။ တကယ်တော့ သူတို့သည် သမိုင်းအမြင်နှင့် ယဉ်ကျေးမှုအမွေခံအာရုံချို့တဲ့၍ ဘာမျှမရှိဟု ပြောဆိုကျောခိုင်းခဲ့ခြင်းဖြစ်၏။ နိုင်ငံခြားသားများကမူ နန်းဘုရားကို အတွင်းမှပတ်လိုက်၊ အပြင်မှ ပတ်လိုက် အထပ်ထပ်စိတ်ဝင်စားစွာ လေ့လာကြ၏။ လက်ထဲမှ စာအုပ်ကိုလည်း လှန်လှောဖတ်ရှုလိုက်ဖြင့် အလုပ်ရှုပ်နေကြကုန်၏။

ဖခင်ကျေးဇူးကို ရည်စူး၍ ရာဇကုမာရ်တည်ထားသော မြင်းကပါဂူပြောက်ကြီး ဘုရား၏ နံရံဆေးရေးပန်းချီကို နိုင်ငံခြားသားများက တန်ဖိုးထားလေ့လာနေစဉ် မြန်မာဘုရားဖူးတစ်သိုက်က မြစေတီရင်ပြင်မှ အောင်မြေကို နင်းရန် တန်းစီနေကြ၏။ ယနေ့အထိ မြစေတီကိုသာ ရာဇကုမာရ်တည်သည်ဟု ထင်မြင်သူများကလည်း ရှိနေသေး၏။ နိုင်ငံခြားသားတို့က လောကထိပ်ပန်ဘုရားအတွင်းရှိ ဘုရားရှင်နတ်ပြည်မှ လူ့ပြည်သို့ စောင်းတန်းအသွယ်သွယ်ဖြင့် ကြွမြန်းလာပုံ နံရံဆေးရေးပန်းချီကို တအံ့တဩကြည့်မောနေသည့်အချိန်တွင် မြန်မာဘုရားဖူးများက မလှမ်းမကမ်းရှိ ရွှေဆံတော်ဘုရားပေါ်သို့ ပုဂံဆည်းဆာကို ကြည့်ရန် တိုးဝှေ့နေကြ၏။ နိုင်ငံခြားသားများက စိမ်းညက်ညီအစ်မဘုရားတွင် အတူယှဉ်ပြီး လက်ရာမြောက်လှသည့် ဂူဘုရား (Temple) နှင့် စေတီ (Stupa) တို့၏ နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းတော့လက်ရာများကို လေ့လာကြစဉ် မြန်မာဘုရားဖူးယာဉ်များက တစ်စီးပြီးတစ်စီး ကျော်ဖြတ်မောင်းနှင်သွားကြ၏။

ညောင်ဦးမှ မြင်းခြံသွားကားလမ်းဘေးရှိ ကျောက်ဂူဥမင်ကို စာရေးသူတို့ ဖူးမြော်ရာတွင် နိုင်ငံခြားသားဘုရားဖူးများသာ တွေ့ရှိရ၏။ ရှေးဟောင်းသုတေသနမှ တာဝန်ယူစောင့်ရှောက်သူ၏ပြောကြားချက်အရ မြန်မာဘုရားဖူးများ လာရောက်ဖူးမြော်မှု အလွန်နည်းကြောင်း၊ ခရီးအနည်းငယ်လှမ်းခြင်းကြောင့်လည်း ဖြစ်နိုင်ကြောင်း ပြောကြား၏။ "နတ်ထမင်းရသော စည်သူမင်း"ဟု ကျောက်စာတွင် ဖော်ပြသည့် နရပတိစည်သူမင်းကြီး တည်ထားသော ကျောက်ဂူဥမင်သည် ပုဂံရှိ ကျောက်ဖြင့်တည်သော ဘုရားသုံးဆူအနက် တစ်ဆူဖြစ်၏။ ရွှေစည်းခုံနှင့် နန်းဘုရားပြီးလျှင် အလွန်လေ့လာသင့်၏။ ယနေ့ သူတို့ပြောဆိုသော "ဆင်တစ်ဖက် မြင်းတစ်ဖက်"ဟူသော စကားသရုပ်ဖော်ပုံကို ကျောက်ဂူဥမင်၌ တွေ့နိုင်၏။ ဘီလူးပန်းဆွဲရုပ်မှ ဘီလူး၏ နားတစ်ဖက်တွင် ဆင်ရုပ်ပန်ထားပြီး အခြားနားတစ်ဖက်၌ မြင်းရုပ်ပန်ထားသည်ကို အကျည်းတန်စွာတွေ့မြင်နိုင်၏။

စာရေးသူတို့ မြန်မာများ၏ ပုဂံဘုရားဖူးခရီးဟူသည် ဘုရားများကို သုတ်ခြေတင်ဦးချပြီး ရယ်စရာ၊ မောစရာများ ပြောလိုက်၊ နောက်ပြောင်လိုက်ဖြင့် အပျော်အာရုံများ အလွန်များ၍ ကုသိုလ်ရေးမှာပင် အမည်ခံဖြစ်နေသေးကြောင်း တွေ့ရ၏။ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို အချိန်ကုန်ငွေကုန်ခံ၍ ထဲထဲဝင်ဝင် လေ့လာကြရာ၌ မြန်မာဘုရားဖူးများထက် ပြည်ပခရီးသွားဧည့်သည်များကသာလွန်မည် ထင်၏။ မြန်မာဟူသည် အဆောက်အအုံဆောက်လုပ်မှု အတတ်ပညာနှင့် ပန်းဆယ်မျိုး စသည့် လက်မှုပညာများတွင် ကမ္ဘာနှင့်ယှဉ်နိုင်သော လူမျိုး၊ အနုပညာဖန်တီးမှု ဉာဏ်ရည်ဉာဏ်သွေးနှင့် စိတ်ကူးစိတ်သန်းမြင့်မားသည့် လူမျိုး၊ စာပေနှင့်ယဉ်ကျေးမှုအရာတွင် ကိုယ်ပိုင်ဟန်နှင့် ကိုယ်ပိုင်စံရှိသည့် လူမျိုးဖြစ်ကြောင်း ပုဂံကိုထဲထဲဝင်ဝင် လေ့လာကြည့်လေ သိရှိလေဖြစ်၏။ သို့မှသာ မြန်မာပြည်သားဟူသော အမျိုးဂုဏ်ကို တန်ဖိုးထား၍ ဇာတိမာန်ကိုလည်း ပိုမိုထက်သန်စေမည်ဖြစ်၏။ နိုင်ငံခြားသားများသည် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုဂုဏ်ရည်အဆင့်အတန်းကို ရပ်ဝေးမှ လေယာဉ်ဖြင့်လာပြီး တကူးတက လေ့လာကြ၏။ အလွန်အံ့သြပြီး ချီးမွမ်းကြ၏။ သူတို့ကား မြန်မာ့ယဉ်ကျေးမှု ဂုဏ်ရည်တည်းဟူသော ကြာပန်းဝတ်မှုန်ကို လေဟုန်စီးပြီး လေ့လာစားသုံးကြသည့် လိပ်ပြာနှင့်တူ၏။ မြန်မာပြည်သားဆိုသော်ငြားလည်း မိမိယဉ်ကျေးမှု အဆင့်အတန်းကို နက်နက်ရှိုင်းရှိုင်း ထိုးထွင်းသိမြင်နိုင်စွမ်းမရှိ။ သိမြင်အောင် လေ့လာအားထုတ်မှုလည်း မရှိ။ အပေါ်ယံမျှသာ ယောင်တိယောင်ကန်းနားလည်မှုဖြင့် ကျေနပ်နှစ်သိမ့်နေသော မြန်မာဟူသည် ပဒုမ္မာကြာပန်းနှင့် နီးကပ်စွာတည်ရှိနေသော်လည်း ပန်းကြာဝတ်မှုန်ကို မသုံးဆောင်တတ်သော ကြာရွက်အောက်မှ ဖားနှင့်တူပေတော့မည်ဟု တွေးတောပူပင်မိပါကြောင်း ....။ ။

Environment
7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# အသွင်ပြောင်းသစ်ခိုးထုတ်မှုများနှင့် သစ်တောများ၏ အနာဂတ်

**အိမြဲမွန်**

ယခင်က သည်အရပ်၊ သည်ဒေသတွင် အစိုးရစည်းတံဆိပ်မပါသော အလုံးလိုက်တင်လာသည့် သစ်လုံးကားကြီးများပေါ်ပေါ်ထင်ထင်ဖြတ်သန်းသွားလာနေကြသည်။ ယခုတော့ ထိုသစ်လုံးကားကြီးများကို ဦးဝိုင်းမတွေ့မြင်ရတော့ချေ။ သို့သော်ပင်လယ်ဘူးမြို့နယ်ရှိ သစ်တောကြီးများတွင် တမလန်းသစ်များ ခုတ်လှဲနေသည်ကိုတော့ နေစဉ်လိုလိုမြင်တွေ့နေရသည်ဟု ဦးဝိုင်းက ပြောသည်။

ခုတ်လှဲထားသော သစ်လုံးကြီးများကို သယ်ဆောင်ရလွယ်ကူသည့် သစ်လုံးအပိုင်းများ အဖြစ်အပိုင်းပိုင်းဖြတ်တောက် လိုက်သည်။ ဖြတ်တောက်ပြီး သစ်လုံးအပိုင်းများပေါ်တွင် စပါးများ ဖုံးလွှမ်းကာ စပါးတင်ကားကြီးများ အသွင်ဆောင်၍ ပင်လယ်ဘူးမှ တစ်ဆင့် ကောလင်း၊ ထီးချိုင့်မှ ဧရာဝတီမြစ်ဖြတ်ကျော်ကာကချင်ပြည်နယ်သို့ သယ်ဆောင်သွားသည်ဟု ဦးဝိုင်းကပြောသည်။

ဦးဝိုင်းနေထိုင်သည့် ဝန်းကြီးကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ပင်လယ်ဘူး–ကောလင်းကားလမ်းမပေါ်တွင် မေးတင်ထားသည်။ ထို့ကြောင့် သစ်လုံးတင်ကားကြီးများ ဖြတ်သန်းသွားလာနေသည်ကို ဦးဝိုင်း မြင်တွေ့နေရခြင်းဖြစ်သည်။



*တရားမဝင်သစ်ခွဲစက်ဖြင့် သစ်ခွဲသားများထုတ်လုပ်စဉ်* ဓာတ်ပုံ – 7Day

“အရင်က ဒီအတိုင်းသယ်တာ။ အခုက စပါးကား၊ စပါးကားဆိုပြီး ပြေးနေတာ။ တစ်ညကို ကားအစီး ၂၀ လောက်ရှိတယ်။ တမလန်းသစ်ကားတွေ ကချင်ပြည်နယ်ဘက်ကို ပို့နေတာ”ဟု ဦးဝိုင်းကပြောသည်။

သစ်တောပြုန်းတီးမှု လျော့ပါးစေရေးအတွက် ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှုများ အစိုးက ဧပြီ ၁ ရက်တွင် လုံးဝရပ်တန့်လိုက်သည်။ သို့သော် သစ်တောပြုန်းတီးမှုများမှာ ဆက်လက်ဖြစ်ပေါ်နေပြီး သစ်ခိုးထုတ်မှုများမှာလည်း ပျောက်မသွားဘဲရှိနေမြဲပင်။ အလုံးလိုက် သယ်ယူပို့ဆောင်ရန် ခက်ခဲသော အရပ်ဒေသများတွင် ၎င်းတို့၏ သယ်ယူမှုပုံစံနှင့် ခိုးထုတ်သည့် ပုံစံများ ပြောင်းလဲလာသည်ကို တွေ့ရှိရသည်။

ကားကြီးများဖြင့် သယ်ယူရာတွင် သစ်လုံးများ အပေါ်၌ အခြားပစ္စည်းများတင်၍ တရားမဝင် သယ်ယူပို့ဆောင်ကြသည်။ ထိုနည်းလမ်းအပြင် ခွဲသားများဖြတ်တောက်ခွဲစိတ်ပြီး ဖိမ်ခံစူပါကာစတန်၊ တိုယိုတာ၊ ဝက်ဂွန်ကားများဖြင့် ပြောင်းလဲသယ်ယူပို့ဆောင်လာကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဖမ်းဆီးမှုစာရင်းတွင် တွေ့ရှိရသည်။

“ရန်ကုန်ကိုဝင်နေတဲ့ Export သစ်ခွဲသားတွေဟာ စူပါကာစတန်တွေနဲ့ သယ်နေတာ။ ဖိမ်ခံကားနဲ့ သယ်နေတော့ ဘယ်သူမှ မထင်ဘူးလေ။

**အချပ်ပို (A4) သို့**

# ရခိုင်ပြည်နယ်ရှိ ဒီရေတောများ ထိန်းသိမ်းရာတွင် ဗီယက်နမ်ကို နမူနာယူမည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ–၂၆**

ဗီယက်နမ်နိုင်ငံတွင် ဒီရေတောထိန်းသိမ်းရေး လုပ်ဆောင်သည့် နည်းလမ်းများကို နမူနာယူ၍ ကျိန္တလီရှိရွာအချို့တွင် ထိန်းသိမ်းရေးဆောင်ရွက်မည်ဟု သတင်းရရှိသည်။

ရခိုင်ပြည်နယ်၊ ကျိန္တလီတွင် ဒီရေတော ထိန်းသိမ်းရေး လုပ်ဆောင်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းနှင့် ဒေသခံများသည် ဗီယက်နမ်သစ်တောသုတေသနဌာန၏ဖိတ်ကြားချက်ဖြင့် ဒီရေတောစိုက်ပျိုးမှုကို သွားရောက်လေ့လာခဲ့သည်။

ထိုသို့ လေ့လာရာတွင် ဗီယက်နမ်နိုင်ငံက ဒီရေတောထိန်းသိမ်းရာ၌ဒီရေတောခုနစ်ဆယ်ရာခိုင်နှုန်းနှင့် ငါး၊ ပုစွန် ၃၀ ရာခိုင်နှုန်းကို အချိုးကျ စိုက်ပျိုးမွေးမြူသည့်စနစ်ကို အသုံးပြုလျက်ရှိကြောင်းတွေ့ရှိခဲ့သည်။

ထိုစနစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟ စနစ်မပျက်စီးသည့်အတွက် ရခိုင်ပြည်နယ်၊ ကျိန္တလီနှင့်ဂွမြို့နယ်ရှိနေရာအချို့တွင် ဒေသခံများနှင့်ပူးပေါင်းလုပ်ဆောင်သွားမည်ဟု ရခိုင်ကမ်းရိုးတန်းလူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာတန်ဖိုးများ ပြန်လည်တည်ဆောက်ရေးစီမံကိန်း (CLE–ARR) မှ ဦးဝင်းမောင်က ပြောကြားသည်။

“လေ့လာရေးမှာဒေသခံတွေလည်းပါတော့ ကျိန္တလီက တချို့ဘယ်နေရာတွေမှာလုပ်လို့ရမလဲဆိုတာကို ပြန်ဆွေးနွေးမယ်။ ပြီးရင် ပြန်အသုံးချသွားမယ်”ဟု ၎င်းကဆိုသည်။

ဗီယက်နမ်သစ်တောသုတေသန ဌာန၏ ဖိတ်ကြားချက်ဖြင့် ရခိုင်ကမ်းရိုးတန်း လူမှုဖွံ့ဖြိုးရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများ ပြန်လည်တည်ဆောက်ရေးစီမံကိန်း (CLEARR)၊ ရခိုင်ကမ်းရိုးတန်း ဒေသသဘာဝ ပတ်ဝန်းကျင်ပြုစု စောင့်ရှောက်ရေး အသင်း (RCA) နှင့် ကျိန္တလီ မြို့နယ်မှ ဒေသခံများသည်ဒီရေတောထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးနည်းတို့ကို ငါးရက်ကြာသွားရောက် လေ့လာခဲ့ကြောင်း သိရသည်။



# Tourism

7DAY NEWS JOURNAL

Vol.13, No.8 • APRIL 30 , 2014


## ကမ္ဘာလှည့်ခရီးသွားများအတွက် ပုဂံနှင့် ကျောက်ပန်းတောင်းမြို့ကြား ရေနွေးငွေ့စက်ခေါင်းမီးရထားပြေးဆွဲရန်စီစဉ်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၂၆**

ကမ္ဘာ့လှည့်ခရီးသွားများ ပုဂံနှင့်ကျောက်ပန်းတောင်းမြို့ကြားတွင် သဘာဝရှုခင်းများ ကြည့်ရှု၍ လိုက်ပါစီးနင်းနိုင်ရန် ရေနွေးငွေ့စက်ခေါင်းရထားဖြင့် ပြေးဆွဲသွားရန်စီစဉ်နေကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမောင်မြင့်လှိုင်ကပြောသည်။

"ရေနွေးငွေ့စက်ခေါင်းနဲ့ ရထားတွေကို နိုင်ငံခြားသားတွေက စိတ်ဝင်စားသလို အခုပြေးဆွဲမယ့် ခရီးစဉ်တစ်လျှောက်လုံးမှာ ရှုခင်းတွေကလည်းကောင်းတဲ့အတွက် စတင်ပြေးဆွဲဖို့စီစဉ်လိုက်တာပါ"ဟု မြန်မာ့မီးရထားလုပ်ငန်း အထွေထွေမန်နေဂျာ ဦးမောင်မြင့်လှိုင်ကပြောသည်။

ရေနွေးငွေ့စက်ခေါင်းရထားခရီးသွားအစီအစဉ်(Stream Rain Tour Program) ကို လွန်ခဲ့သော ၁၀စုနှစ်ခန့်က ခရီးသွားကဏ္ဍတွင် ပြေးဆွဲခြင်းများ ပြုလုပ်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ အခြေအနေအရ ရထားထွက်ချိန်မမှန်ခြင်း၊ ဝန်ဆောင်မှုကောင်းစွာ မပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုရှိသော်လည်း ပြေးဆွဲခြင်းကို ရပ်နားခဲ့ရကြောင်း ခရီးသွားလုပ်ငန်းရှင်အချို့ကပြောသည်။

"နိုင်ငံတကာမှာ ရေနွေးငွေ့စက်ခေါင်းနဲ့ပြေးဆွဲတဲ့ရထား ခရီးစဉ်တွေကိုပဲသီးသန့် လိုက်စီးနေတဲ့ ခရီးသွားတွေရှိတယ်။ မြန်မာနိုင်ငံမှာအခုလို ပြန်ပြီးတော့ပြေးဆွဲမယ်ဆိုရင် ပုံမှန်ခရီးသွားဧည့်သည်တွေမကဘဲ ဒီခရီးစဉ်ကို စိတ်ဝင်စားတဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေလည်းလာရောက်လည်ပတ်လာနိုင်ပါတယ်" ဟု Nature Dream ခရီးသွားကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဒေါ်စံပယ်အောင်ကပြောသည်။

လက်ရှိတွင် မြန်မာ့မီးရထားလုပ်ငန်းအနေဖြင့် ရေနွေးငွေ့စက်ခေါင်းရထားဖြင့် ပြေးဆွဲမည့် ခရီးစဉ်စတင်အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားပြီး ယခုပြေးဆွဲမည့် ခရီးစဉ်အောင်မြင်ပါက အခြားဒေသများတွင်လည်း ရေနွေးငွေ့စက်ခေါင်းရထားဖြင့်ပြေးဆွဲသွားရန်စီစဉ်ထားကြောင်းသတင်းရရှိသည်။

၂၀၁၃ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်ဦးရေ ၂ ဒသမ ၄ သန်း ဝင်ရောက်ခဲ့ပြီး ယခုနှစ်ခရီးသွားရာသီတွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ၃ သန်း ဝင်ရောက်နိုင်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် ရေနွေးငွေ့စက်ခေါင်းဖြင့် ရထားပြေးဆွဲခြင်းကို ၂၀၀၆ ခုနှစ်ကတည်းက ရပ်နားလိုက်သည့်အတွက် လက်ရှိတွင် ရေနွေးငွေ့စက်ခေါင်း ၃၅ ခုရှိသော်လည်း အများစုမှာ အသုံးပြု၍ မရတော့သဖြင့် စက်ခေါင်း ၄ ခုခန့်သာ ပြန်လည်အသုံးပြုရန် ရွေးချယ်ထားပြီး ခရီးသွားကဏ္ဍတွင်အသုံးပြုရန်စီစဉ်ထားကြောင်း စက်မှုဝန်ကြီးဌာနမှ သိရသည်။

## ပုဂံဒေသခရီးသွားဖွံ့ဖြိုးရေး အကြိုလေ့လာရေးလုပ်ငန်းများ JICA စတင်

**ခန့်ထက်**

**ရန်ကုန်၊ မေ-၂၆**

မြန်မာ့ခရီးသွားလုပ်ငန်းပင်မစီမံကိန်းအရ ပုဂံဒေသတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)ကစီမံကိန်းသုံးခုဖြင့်ဆောင်ရွက်ရန် အကြိုလေ့လာရေးလုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်သည်။



*ပုဂံရှုမျှော်ခင်းကို မြင်ရစဉ်*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

JICA မှပညာရှင်များသည် ပုဂံဒေသ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြိုလေ့လာရေး လုပ်ငန်းများ လုပ်ကိုင်ရန် မေ ၂၃ ရက်က ရောက်ရှိခဲ့သည်။

အကြိုလေ့လာရေးလုပ်ငန်းများဆောင်ရွက်ပြီးပါက ပုဂံဒေသတွင် ခရီးသွားလုပ်ငန်းအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရှေးဟောင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး စသောစီမံကိန်းသုံးခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်/ခရီးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးရဲအောင်မျိုးက ပြောသည်။

"ဂျပန်က ဒီစီမံကိန်းကို ၂၀၁၇ မှာ အပြီးလုပ်ဆောင်သွားဖို့ရည်ရွယ်ထားတယ်"ဟု ၎င်းက ဆိုသည်။

JICA သည် အဆိုပါစီမံကိန်းအတွက် နည်းပညာနှင့်ကုန်ကျစရိတ်ကို ထောက်ပံ့ကူညီသွားမည်ဖြစ်ပြီး အကြိုလေ့လာမှုများ ပြုလုပ်ပြီးမှ ကုန်ကျစရိတ်မည့်မျှရှိမည်ကို သိရှိနိုင်မည်ဖြစ်သည်ဟု စီမံကိန်းတွင်ပါဝင်ဆောင်ရွက်သော ဟိုတယ်/ခရီးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

ပုဂံခရီးစဉ်ဒေသတွင် အဆိုပါ Pilot Model For Regional Tourism Development စီမံကိန်း စတင်ဆောင်ရွက်ရန်ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို မေ ၁၀ ရက်က လက်မှတ် ရေးထိုးခဲ့သည်။ "ဒါဟာ ရည်ရွယ်ချက်ကောင်းတဲ့အလုပ်ပါ။ဒါပေမဲ့ထွက်လာမယ့်ရလဒ်ကိုစောင့်ကြည့်ရဦးမယ်"ဟု Nature Dreamခရီးသွားလုပ်ငန်းမှ ဒေါ်စံပယ်အောင်က သုံးသပ်ပြောကြားသည်။

ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာသိမြင်စေရန် ကြော်ငြာရေးအစီအစဉ်များပြုလုပ်ရန်အတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က နိုင်ငံခြားသားများအား ကောက်ခံသော ပုဂံဇုန်ဝင်ကြေးများမှ ၁၅ ရာခိုင်နှုန်းကိုပေးရန် မန္တလေးတိုင်းဒေသကြီးအစိုးရသို့ တောင်းခံထားသည်။




7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# Cartoon


























7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# "အမေရိကန်ဟာ ပစိဖိတ်နိုင်ငံဖြစ်ပြီး အမြဲတမ်းလည်း ဖြစ်နေဦးမှာပါ"

## အာရှခရီးစဉ်ထွက်လာသော သမ္မတအိုဘားမားနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**



အမေရိကန်မှာ သမ္မတအိုဘားမားအစိုးရ တက်လာကတည်းက ကမ္ဘာ့စူပါပါဝါနိုင်ငံကြီးဟာ အာရှ– ပစိဖိတ်ဒေသကို သေချာအာရုံစိုက်လာပြီး ဒီဒေသကြီးဟာ အဓိက အလေးပေးဆက်ဆံရမယ့် ဒေသကြီးအဖြစ် သတ်မှတ်ထားတယ်ဆိုရင်လည်း မမှားပါဘူး။ လက်ရှိမှာ အာရှအင်အားကြီးနိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့ကြားက ပတ်လည်တင်းမာမှုတွေ ဖြစ်နေတာကိုက တရုတ်စီးပွားရေးတိုးတက်ပြီး စစ်ရေးအရလည်း ပိုအင်အားကြီးထွားလာမှုကို စိုးရိမ်ခြင်းတွေအပေါ်မှာ အခြေခံနေပါတယ်။ တရုတ်နဲ့ ပိုင်နက်အငြင်းပွားမှုတွေရှိနေပြီး တရုတ်စစ်ရေးအင်အားမြင့်မားလာတာကို ကြောက်ကြတဲ့ အမေရိကန်မဟာမိတ်အာရှနိုင်ငံတွေကြားမှာလည်း အိုဘားမားအစိုးရရဲ့ "အာရှအင်အားချိန်ခွင်လျှာ ပြန်ထိန်းညှိရေး"ဆိုတဲ့ မူဝါဒကတော့ ဝမ်းသာအားရ ကြိုဆိုကြတဲ့ မူဝါဒဖြစ်ပါတယ်။

အမေရိကန်ဟာ မကြာမီက ဂျပန်၊ တောင်ကိုရီးယားခေါင်းဆောင်များကို အိုဘားမားနဲ့ ကြားခံပြီး သုံးပွင့်ဆိုင်တွေ့ဆုံမှုတစ်ရပ်အဖြစ် ဖော်ဆောင်ကာ ယင်းနှစ်နိုင်ငံကြား သံတမန်ရေးတင်းမာမှုများကို လျှော့ချနိုင်ဖို့လည်း ကြိုးပမ်းခဲ့ပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အာရှ–ပစိဖိတ်မှာ မဟာမိတ်တွေဖြစ်ကြတဲ့ ဂျပန်နဲ့ တောင်ကိုရီးယား မတည့်ရင် အကျိုးစီးပွားထိခိုက်မှာက အမေရိကန်ဖြစ်ပြီး တရုတ်ဩဇာ ကြီးထွားလာမှုကို ထိန်းညှိရာမှာလည်း အားနည်းသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီရက်ပိုင်းအတွင်း အာရှခရီးစဉ်ထွက်လာတဲ့ ကန်သမ္မတအိုဘားမားရဲ့ခရီးစဉ်ဟာ ထူးခြားတဲ့အသွင်ဆောင်မှုရှိနေပြီး ၎င်းတို့ရဲ့ အာရှ–ပစိဖိတ်မှာဆက်လက်ရှိနေရေး သတ်မှတ်ချက်ကို အားဖြည့်တာလည်းဖြစ်နိုင်ပါတယ်။ အိုဘားမား အာရှခရီးစဉ်အဖြစ် ဂျပန်ကိုရောက်ခဲ့ရာမှာ ဂျပန်သတင်းစာကြီး ယိုမီယူရီရှင်ဘွန်းက တွေ့ဆုံမေးမြန်းထားတာတွေကို ပြန်လည်ကောက်နုတ် တင်ပြလိုက်ပါတယ်။

**အမေရိကန်ရဲ့ အာရှမဟာမိတ်တွေကတော့ သမ္မတအိုဘားမားအစိုးရရဲ့ "အာရှအင်အားချိန်ခွင်လျှာ ပြန်ထိန်းညှိရေး"ဆိုတဲ့ မဟာဗျူဟာကို အလွန်တန်ဖိုးထားကြပါတယ်။ သမ္မတကြီးအနေနဲ့ ဒီမူဝါဒရဲ့ အနှစ်သာရ ရည်မှန်းချက်တွေကို ကိုယ့်ကိုယ်ပိုင်စကားလုံးတွေနဲ့ ဖော်ပြပေးနိုင်မလား။ "အင်အားကြီးနိုင်ငံများကြား ဆက်ဆံရေးပုံစံသစ်"ဆိုတာကို ရှေ့တန်းတင်လာတဲ့အခါ တရုတ်ဟာ ဘာကို ရည်ရွယ်နေတယ်လို့ ထင်ပါသလဲ။ တရုတ်က ဆင်ကာကူကျွန်းတွေကို သူတို့ပိုင်ဆိုင်တယ်လို့ ဆိုထားပါတယ်။ ဒေသတွင်းမှာ တင်းမာမှုတွေ လျှော့ချနိုင်ဖို့ တရုတ်နဲ့ ဂျပန်ဟာ ဘာတွေလုပ်ရမယ်လို့ သမ္မတကြီး မျှော်လင့်ထားပါသလဲ။**

အမေရိကန်ဟာ ပစိဖိတ်နိုင်ငံဖြစ်ပြီး အမြဲပဲဖြစ်နေဦးမှာပါ။ ကျွန်တော့် လမ်းညွှန်ချက်အရလည်း အမေရိကန်ဟာ တစ်ကြိမ်ထပ်ပြီး ဒီဒေသမှာ ဂျပန်လိုမျိုး မဟာမိတ်တွေနဲ့ နီးကပ်တဲ့ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ပြီးဦးဆောင်အခန်းကဏ္ဍကနေ ပါဝင်ဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာ ဥပဒေတွေနဲ့ စံနှုန်းတွေကို ကိုင်စွဲပြီး အငြင်းပွားမှုတွေကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်တဲ့ လုံခြုံရေးမျိုးကို ကျွန်တော်တို့ ရှာဖွေနေပါတယ်။ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေက ကျယ်ပြန့်တဲ့အခြေခံနဲ့သွားတဲ့ စီးပွားရေးတိုးတက်မှုမျိုးကိုရောက်ရှိစေဖို့ နိုင်ငံတွေဟာလည်း တူညီတဲ့ဥပဒေတွေနဲ့ အုပ်ချုပ်နိုင်ဖို့ ကြွယ်ဝချမ်းသာမှုကို ရှာဖွေနေပါတယ်။ အခြေခံကျတဲ့ လွတ်လပ်ခွင့်တွေ၊ အားလုံးနဲ့ဆိုင်တဲ့ လူ့အခွင့်အရေးတွေကို လေးစားလိုက်နာဖို့ ကျွန်တော်တို့ ရှာဖွေနေပါတယ်။ ဘာကြောင့်လဲဆိုတော့ လူသားတိုင်းရဲ့ မွေးရာပါဂုဏ်သိက္ခာကို ကျွန်တော်တို့ ယုံကြည်ကြလို့ ဖြစ်ပါတယ်။

ကျွန်တော်တို့ မဟာဗျူဟာက ဒီဒေသနဲ့ ပြည်သူတွေအတွက် ကာလရှည် ဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။ အခုအချိန်အထိ ကျွန်တော်တို့ တိုးတက်မှုရတာကိုလည်း ဂုဏ်ယူမိပါတယ်။ ဂျပန်အပါအဝင် ကျွန်တော်တို့ရဲ့ မဟာမိတ်တွေဟာလည်းအရင်ကထက်ပိုအားကောင်းလာခဲ့ပြီး ဒီဒေသအနှံ့ ကျွန်တော်တို့ရဲ့ ကာကွယ်ရေးအနေအထားကိုလည်း ခေတ်မီတိုးတက်အောင် လုပ်နေပါတယ်။ ကျွန်တော်တို့ ကုန်သွယ်ရေးကလည်း တိုးတက်နေပြီး ပစိဖိတ်သမုဒ္ဒရာဖြတ်ကျော် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို အပြီးသတ်နိုင်ဖို့လည်း လုပ်နေပါတယ်။ ကျွန်တော်တို့ဟာ ထွန်းသစ်စ အင်အားကြီးနိုင်ငံတွေ ဖြစ်လာတဲ့ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားတို့လို နိုင်ငံတွေနဲ့လည်း ဆက်ဆံရေးတွေ ပိုမိုနက်ရှိုင်းအောင် ဆောင်ရွက်နေပါတယ်။ ဒေသဆိုင်ရာအဖွဲ့အစည်းတွေဖြစ်တဲ့ အာဆီယံ၊ အရှေ့အာရှ ထိပ်သီးစည်းဝေးပွဲတို့လို အဖွဲ့တွေနဲ့လည်း ပိုပြီးနီးနီးကပ်ကပ် ဆက်ဆံနေပါတယ်။ ဒီမိုကရက်တစ်အနာဂတ်ဆီ ဦးတည်နေတဲ့ မြန်မာပြည်သူတွေ အပါအဝင် ဒီဒေသတွင်း နိုင်ငံသားတွေနဲ့လည်း ကျွန်တော်တို့ အတူရပ်တည်နေပါတယ်။

တရုတ်နိုင်ငံနဲ့ ပတ်သက်ပြီး ပြောရရင်လည်း ကျွန်တော်တို့ နှစ်နိုင်ငံအကြား ဒေသဆိုင်ရာနဲ့ ကမ္ဘာလုံးဆိုင်ရာ အဆင့်နှစ်ခုစလုံးမှာ အပြန်အလှန် အကျိုးစီးပွားဆိုင်ရာ ကိစ္စတွေကို အတူဆောင်ရွက်လို့ ရတယ်လို့ ကျွန်တော့်ယုံကြည်ချက်ကို အခြေခံပြီး ဆက်ဆံရေးပုံစံသစ်တစ်ရပ်ကို ရှာနေပါတယ်။ ဒါမှ နှစ်နိုင်ငံစလုံးဟာ ပဋိပက္ခဖြစ်တာကို ရှောင်နိုင်ပါလိမ့်မယ်။ ဥပမာပြရရင် အမေရိကန်နဲ့တရုတ်နှစ်နိုင်ငံစလုံးဟာ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြန်လည်နာလန်ထရေး၊ မြောက်ကိုရီးယား နျူလက်နက်ဖျက်သိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲရေးကိစ္စတွေကို ဖြေရှင်းရေးမှာ အကျိုးစီးပွားရှိထားကြပါတယ်။ တစ်နည်းပြောရရင် တည်ငြိမ်တဲ့၊ ကြွယ်ဝချမ်းသာပြီး ငြိမ်းချမ်းတဲ့၊ ကမ္ဘာ့ရေးရာတွေမှာ တာဝန်ယူတဲ့ အခန်းကဏ္ဍကနေ ပါဝင်နိုင်တဲ့ တရုတ်နိုင်ငံ ဆက်လက်တိုးတက်လာမှာကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ တရုတ်နဲ့ ထိတွေ့ဆက်ဆံမှုဟာ ဂျပန် (သို့မဟုတ်) အခြားမဟာမိတ် နိုင်ငံတစ်ခုခုအတွက်ကြောင့် မဟုတ်သလို အဲဒီလိုလည်း ဖြစ်လာမှာမဟုတ်ပါဘူး။

**အမေရိကန်နဲ့ ဂျပန်တို့ဟာ** (TPP) **ပစိဖိတ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စာချုပ်ကို သဘောတူဖို့ နောက်ဆုံးအဆင့်ရောက်နေပါပြီ။ ဒီသဘောတူညီချက်က အာရှ-ပစိဖိတ်နဲ့ အမေရိကန်တို့ရဲ့ စီးပွားရေးတိုးတက်မှုကို ဖြစ်ထွန်းစေနိုင်မှာလား။**

အာရှ– ပစိဖိတ်ဒေသက ကမ္ဘာ့စီးပွားရေးမှာ အလျင်မြန်ဆုံးတိုးတက်နေတဲ့ဒေသ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒေသတစ်လျှောက် ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို တားမြစ်ထားတဲ့ လုပ်ထုံးတွေ၊ အခွန်အကောက်တွေ၊ အတားအဆီးတွေ ရှိနေဆဲပါ။ ကျွန်တော်တို့နိုင်ငံတွေကြားမှာ ကုန်သွယ်ရေး ရေရှည်တည်တံ့ရင် အလုပ်နေရာသန်းပေါင်းများစွာ ပေးနိုင်မယ်။ ကုန်သွယ်ရေးမှာ ပမာဏနည်းနည်းလေး တိုးတာတောင်မှ လုပ်သားတွေနဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အရေးပါတဲ့ အကျိုးကျေးဇူးတွေ ပေးနိုင်ပါလိမ့်မယ်။

**ဂျပန်ဝန်ကြီးချုပ် အာဘေး အစိုးရဟာ ဂျပန်အခြေခံဥပဒေမှာ ပါတာကို ပြန်အနက်ဖွင့်ပြီး "စုပေါင်းပြီး ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်" ကျင့်သုံးဖို့ ကြိုးပမ်းနေပါတယ်။ အဲဒါက ဂျပန်နိုင်ငံကို အာရှလုံခြုံရေးနဲ့ပတ်သက်လို့ အမေရိကန်စစ်ရေးလှုပ်ရှားမှုတွေကို ထောက်ပံ့နိုင်စွမ်းရှိလာစေပါလိမ့်မယ်။ ဒီကိစ္စက အမေရိကန်- ဂျပန် မဟာမိတ်ဆက်ဆံရေးမှာ မူဝါဒအပြောင်းအလဲ ဖြစ်လာတာကို သမ္မတကြီးအနေနဲ့ ဘယ်လိုအကဲဖြတ်မှာပါလဲ။**

ဂျပန်အခြေခံဥပဒေနဲ့ ပတ်သက်လို့ဆုံးဖြတ်ချက်တွေကဂျပန်ပြည်သူတွေနဲ့ ခေါင်းဆောင်တွေနဲ့ သက်ဆိုင်ပါတယ်။ ကျွန်တော်တို့ တပ်မတော်တွေဟာ အတူတကွ လေ့ကျင့်ခဲ့ကြပြီး ဖိလစ်ပိုင်မှာ တိုင်ဖုန်းဟိုင်ယန် တိုက်ခတ်တုန်းကလည်း အကူအညီပေးရေး လုပ်

7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

ငန်းတွေ ပူးတွဲလုပ်ဆောင်ခဲ့ဖူးပါတယ်။ ဂျပန်တပ်ဖွဲ့တွေဟာလည်း ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့တွေထဲမှာ ပါဝင်လာနေပါတယ်။

ဂျပန်တပ်တွေနဲ့ ကျွန်တော်တို့ တပ်ဖွဲ့တွေကြား ပူးပေါင်းမှုတွေ ပိုနက်ရှိုင်းလာဖို့ ဝန်ကြီးချုပ်အာဘေးရဲ့ ကြိုးပမ်းချက်တွေအပေါ် ကျွန်တော် ထောက်ခံမိပါတယ်။ အခြားနိုင်ငံတွေဆီ ချဉ်းကပ်ပြီး တာဝန်ရှိသူတွေကို နိုင်ငံခြား အစိုးရတွေဆီ စေလွှတ်ပြီး ဂျပန်ရဲ့ ကာကွယ်ရေးမူဝါဒ ရှင်းပြနေတာကို ကျွန်တော်တို့ အလွန်တန်ဖိုးထားပါတယ်။ အမှန်တော့ ဂျပန်ရဲ့ လုပ်ဆောင်ချက်တွေဟာ ဒီဒေသတွင်းမှာ ပိုမိုလိုအပ်လာနေတဲ့ အိမ်နီးချင်းတွေနဲ့ ပွင့်လင်းမြင်သာစွာ တွေ့ဆုံဆွေးနွေးခြင်း နမူနာပုံစံလည်း ဖြစ်ပါတယ်။

**မြောက်ကိုရီးယားဟာ နျူလက်နက်တွေနဲ့ တိုက်ချင်းပစ်ဒုံးကျည်စနစ်တွေကို ဆက်ပြီးလုပ်ဆောင်နေပါတယ်။ မြောက်ကိုရီးယားရဲ့ ရန်စမှုတွေကို ရင်ဆိုင်ရာမှာ တောင်ကိုရီးယားနဲ့ ဂျပန်ဆီက အမေရိကန်အနေနဲ့ ဘာများမျှော်လင့်ထားပါသလဲ။**

မြောက်ကိုရီးယားရဲ့ဒုံးကျည်တွေ၊ နျူအစီအစဉ်တွေဟာ ကျွန်တော်တို့ရဲ့ မဟာမိတ်ဖြစ်တဲ့ ဂျပန်နဲ့ တောင်ကိုရီးယားတို့ကို ခြိမ်းခြောက်မှုဖြစ်ပါတယ်။ ဒေသတွင်းကို ခြိမ်းခြောက်မှုဖြစ်ပြီး အမေရိကန်ရဲ့ လုံခြုံရေးကို တိုက်ရိုက်ကျစွာ တိုးပြီးခြိမ်းခြောက်လာနေပါတယ်။ အတိတ်တုန်းကတော့ မြောက်ကိုရီးယားဟာ သူ့ခြိမ်းခြောက်မှုတွေက ကျွန်တော်တို့သုံးနိုင်ငံကြားကွဲဖို့ သပ်လျှိုသွင်းနိုင်တယ်လို့ ထင်ခဲ့တယ်။ အဲဒီအစား မကြာသေးမီနှစ်များအတွင်း အမေရိကန်၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့ဟာ ညီညွတ်လာခဲ့ကြတယ်။ ပူးပေါင်းဆောင်ရွက်ရေးတွေလည်း ပိုနက်ရှိုင်းလာခဲ့ကြတယ်။

နျူလက်နက်ပိုင်ဆိုင်ထားတဲ့ မြောက်ကိုရီးယားကို လက်ခံနိုင်စရာမရှိဘူးဆိုတဲ့ ကျွန်တော်တို့ရဲ့ ခံယူထားချက်ကိုပဲ ဆက်ပြီးခိုင်မာစွာ ရပ်တည်သွားမှာပါ။ ကျွန်တော်တို့ သုံးနိုင်ငံစလုံးဟာ ကိုရီးယားကျွန်းဆွယ် နျူလက်နက်အပြီးအပြတ် ဖျက်သိမ်းရေးဆိုတဲ့ ရည်မှန်းချက်အတွက် စုစည်းညီညွတ်ထားကြတယ်။ ကိုရီးယားကျွန်းဆွယ်ပေါ်က ပြည်သူတွေအားလုံး ငြိမ်းချမ်းလုံခြုံပြီး လွတ်လပ်မှုရှိရှိ နေထိုင်နိုင်တဲ့နေ့ကို ရောက်ဖို့ ကျွန်တော်တို့ လုပ်ဆောင်မှုတွေ ဘယ်တော့မှ ရပ်နားမှာ မဟုတ်ပါဘူး။

—*Ref: Yomiuri Q&A with President Barack Obama: The Yomiuri Shimbun: 24th April.*



# Leader's Profile

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်

## အီဗန်ဆိုင်မွန်နိုဗီ

ရဲမင်း

မစ္စတာအီဗန်ဆိုင်မွန်နိုဗီသည် ခရိုအေးရှားသံတမန် နိုင်ငံရေးသမားနှင့် ဥပဒေပညာရှင်တစ်ဦးဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် မေလ ၃ ရက်က ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခံရသည်။

အီဗန်သည် ၁၉၅၉ ခုနှစ် မေလ ၂ ရက်တွင် ခရိုအေးရှားနိုင်ငံ ဇာဂရက်ဘ်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ဇာဂရက်ဘ်တက္ကသိုလ် ဥပဒေကျောင်းမှ ဘွဲ့ရရှိခဲ့ပြီး ၁၉၉၀ ပြည့်နှစ် အသက် (၃၁)နှစ်အရွယ်၌ ဒေါက်တာဘွဲ့ ရရှိခဲ့သည်။

ယူဂိုဆလားဗီးယားနိုင်ငံ ပြိုကွဲသွားပြီးနောက် အီဗန်ဆိုင်မွန်နိုဗီသည် ခရိုအေးရှားသံတမန်လောကသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်အတွင်း ခရိုအေးရှား လက်ထောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း အာဏာရ ခရိုအေးရှား ဒီမိုကရက်တစ်သမဂ္ဂ (HDZ)သို့ မည်သည့်အချိန်ကမျှ မဝင်ရောက်ခဲ့ပေ။

၁၉၉၇ ခုနှစ်တွင် ခရိုအေးရှား သမ္မတ ဖရန်ဂျိုတက်ဒ်မန်းက ဆိုင်မွန်နိုဗီအား ကုလသမဂ္ဂဆိုင်ရာ ခရိုအေးရှားသံအမတ်အဖြစ် ခန့်အပ်ခဲ့သည်။ ယင်းရာထူးတွင် ၂၀၀၂ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေး ကောင်စီဥက္ကဋ္ဌအဖြစ်ပါ တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၂ ခုနှစ်တွင် ဆိုင်မွန်နိုဗီသည် ခရိုအေးရှားလက်ထောက် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ သို့သော် ယခုတစ်ကြိမ်တွင်လည်း ဆိုင်မွန်နိုဗီက အာဏာရ SDP ပါတီသို့ မဝင်ရောက်ခဲ့ပေ။ သို့သော် ၂၀၀၃ ခုနှစ်တွင် ယခင်အာဏာရ ခရိုအေးရှားဒီမိုကရက်တစ်ပါတီ တစ်ပြန်အာဏာရရှိချိန်တွင်မူ ဆိုင်မွန်နိုဗီအား အစိုးရရာထူး ကမ်းလှမ်းခြင်းမရှိတော့ပေ။

သို့ဖြစ်ရာ ၂၀၀၄ ခုနှစ်တွင် ဆိုင်မွန်နိုဗီသည် ဇာဂရက်ဘ်တက္ကသိုလ်တွင် ဥပဒေပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာတွင်မူ ထိုစဉ်က ခရိုအေးရှားဝန်ကြီးချုပ် အီဗိုဆာနာဒါက ခရိုအေးရှား တရားရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ၂၀၁၀ ပြည့်နှစ် မေလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဆိုင်မွန်နိုဗီအား ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

ဆိုင်မွန်နိုဗီသည် ဇာဂရက်ဘ်တက္ကသိုလ်တွင် ဥပဒေပါမောက္ခတာဝန်ထမ်းဆောင်စဉ်က နိုင်ငံတော်နှင့် ဥပဒေအထွေထွေသီအိုရီနှင့် နိုင်ငံတော်ဆက်ဆံရေး ဘာသာတို့ကို သင်ကြားခဲ့သည်။

မစ္စတာဆိုင်မွန်နိုဗီသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။

—*Ref: Wikipedia*




*လစ်သူယေးနီးယားနိုင်ငံသို့ ရောက်ရှိလာသော ကန်တပ်ဖွဲ့ဝင်များ*

# အမေရိကန်တပ်ဖွဲ့များ လစ်သူယေးနီးယားနိုင်ငံသို့ ရောက်ရှိလာ

**ဆော်လီယေး၊ မေ-၂၆**

ယူကရိန်းနိုင်ငံအရေးကြောင့် ဒေသတွင်း၌ တင်းမာမှုများ ဆက်လက်မြင့်တက်နေစဉ် နေတိုးမဟာမိတ်များကို အာမခံချက်ပေးရန် တစ်စိတ်တစ်ပိုင်းအဖြစ် ပို့လွှတ်မည့် ကန်တပ်ဖွဲ့ဝင် ၆၀၀ အနက်မှ တပ်ဖွဲ့ဝင်အချို့ စနေနေ့က လစ်သူယေးနီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။

အမေရိကန်တပ်ဖွဲ့များ ရောက်ရှိလာခြင်းမှာ ယူကရိန်းတွင် ရုရှား၏လုပ်ရပ်များကြောင့် စိုးရိမ်ထိတ်လန့်မှုများ ရှိနေသော ဒေသတွင် အဟန့်အတားတစ်ရပ် ဖြစ်စေသည်ဟု လစ်သူယေးနီးယားသမ္မတ ဒါလီယာဂရိုင်ဘော့ကိုင်တီက ပြောကြားသည်။

“ဒီလိုအခြေအနေမျိုးမှာ ကျွန်မတို့ကို လာကူညီတဲ့ မိတ်ဆွေစစ်တွေဟာ ဘယ်သူလဲဆိုတာ သိခွင့်ရတယ်”ဟု ဆော်လီယေးလေတပ်စခန်းသို့ ကန်တပ်ဖွဲ့ဝင် ၁၅၀ ခန့် ဆိုက်ရောက်လာပြီးနောက် လစ်သူယေးနီးယားသမ္မတက သတင်းထောက်များအား ပြောသည်။

အမေရိကန်တပ်ဖွဲ့များသည် တစ်နှစ်ပတ်လုံး စစ်ရေးလေ့ကျင့်မှု အများအပြားတွင် ပါဝင်ကြလိမ့်မည်ဟု လစ်သူယေးနီးယား ကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

အမေရိကန်တပ်ဖွဲ့များသည် ပိုလန်နှင့် လတ်ဗီးယားနိုင်ငံတို့တွင်လည်း ရောက်ရှိနေပြီး လာမည့်နှစ်ရက်တွင် အက်စ်တိုးနီးယားနိုင်ငံသို့လည်း ကန်တပ်ဖွဲ့ဝင် ၁၅၀ ရောက်ရှိလာမည်ဖြစ်သည်။

—*Ref: AFP*

# ဆော်ဒီအာရေးဗီးယား ကြားဝင်စွက်ဖက်နေဟု အီရတ်ဝန်ကြီးချုပ်စွပ်စွဲ

**ဘဂ္ဂဒက်၊ မေ-၂၆**

ဆော်ဒီအာရေးဗီးယားနိုင်ငံသည် ဆီးရီးယားနှင့် အီရတ်ပြည်တွင်းရေးကိစ္စများတွင် သိသိသာသာ ကြားဝင်စွက်ဖက်နေသည်ဟု အီရတ်ဝန်ကြီးချုပ် နူရီမာလီကီက စွပ်စွဲပြောကြားသည်။

အီရတ်နိုင်ငံအတွင်းသို့ နိုင်ငံခြားမှ ကြေးစားတပ်ဖွဲ့များ ဝင်ရောက်နိုင်ရန် ဆော်ဒီအာရေးဗီးယားနိုင်ငံက ကူညီနေပြီး ယင်းအတွက် ဂိုဏ်းဂဏအကွဲအပြဲများ ပိုမိုဆိုးရွားလာစေခဲ့သည်ဟု ယုံကြည်ကြောင်း အီရတ်ဝန်ကြီးချုပ်ကပြောသည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံ အမ်ဘာပြည်နယ်၌ လုံခြုံရေးပြဿနာများ ဖြစ်ပေါ်လာစေခဲ့သည်ဟု မာလီကီကပြောသည်။

ထို့အပြင် အီရတ်နိုင်ငံမှာ ဒေသတွင်း၌ အီရန်ဦးဆောင်သော ရှီးယားဝင်ရိုးစွန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဆိုခြင်းကိုလည်း အီရတ်ဝန်ကြီးချုပ်က ငြင်းဆိုပြီး “အီရတ်ဟာ ရှီးယားနိုင်ငံတော်၊ ဒါမှမဟုတ် ရှီးယားစနစ်နဲ့ အုပ်ချုပ်တဲ့ နိုင်ငံလို့ သတ်မှတ်ထားတဲ့လူတွေ မှန်သမျှ မှားပါတယ်”ဟု မာလီကီက ဘီဘီစီအာရပ်အစီအစဉ်အား ပြောကြားသည်။ —*Ref: BBC*

7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# ဟောင်ကောင်တွင်နှိပ်စက်ခံရသည့် အင်ဒိုနီးရှားအိမ်ဖော် တိုင်းမ်မဂ္ဂဇင်းဩဇာလွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ် ၁၀၀ တွင်ပါဝင်

**ဂျကာတာ၊ ဧပြီ-၂၆**

ဟောင်ကောင်အိမ်ရှင်များ၏ ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်မှုများကို ခံရပြီးနောက် မီဒီယာများတွင် သတင်းများ ပါဝင်ခဲ့သလို အိမ်အကူလုပ်သားများအား လူသားချင်းစာနာမှုထားရေး တောင်းဆိုဆန္ဒပြမှုများကိုပါ ဖြစ်ပေါ်စေခဲ့သည့် အင်ဒိုနီးရှားအိမ်အကူ မစ္စအာဝီယာနာ ဆူလစ်တယန်နင်ဆီသည် မကြာသေးမီက တိုင်းမ်မဂ္ဂဇင်းက ထုတ်ပြန်လိုက်သော ဩဇာလွှမ်းမိုးမှုအရှိဆုံးပုဂ္ဂိုလ်၁၀၀စာရင်းတွင်ပါဝင်လာသည်။

မဂ္ဂဇင်းက မစ္စဆူလစ်တယန်နင်ဆီ (၂၃)နှစ်သည် အလုပ်ရှင်များ၏ ညှဉ်းပန်းမှုများကို ရဲရင့်စွာဖော်ထုတ်ခဲ့ပြီး ဟောင်ကောင်တွင် နိုင်ငံခြားအိမ်အကူများအားတရားဥပဒေအရကာကွယ်စောင့်ရှောက်မှုရရန် လှုံ့ဆော်ပေးနိုင်ခဲ့ကြောင်း ဆိုသည်။

တိုင်းမ်မဂ္ဂဇင်း၏စာရင်းတွင် ပါဝင်ခဲ့မှုနှင့်ပတ်သက်၍ ဝမ်းမြောက်မိကြောင်းၡင်းကဆိုသည်။

"ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ အရမ်းလည်းပျော်ပါတယ်။ ကမ္ဘာတစ်လွှားက ရွှေ့ပြောင်းလုပ်သားတွေရဲ့ ကံကြမ္မာကိုလည်း ပိုပြီးအများသတိပြုမှု ရပါစေလို့ မျှော်လင့်ပါတယ်။ ကျွန်မခံစားခဲ့ရသလိုမျိုး နောက်ထပ်ဘယ်သူမှ မခံစားရပါစေနဲ့လို့ မျှော်လင့်ပါတယ်"ဟု ၎င်းကပြောသည်။

ဟောင်ကောင်အခြေစိုက် အာရှရွှေ့ပြောင်းလုပ်သားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် အီမန်ဗီလန်ချူဗာက တိုင်းမ်မဂ္ဂဇင်း၏ မစ္စဆူလစ်တယန်နင်ဆီကို အသိအမှတ်ပြု ဖော်ပြခြင်းသည် ဟောင်ကောင်တွင် ရွှေ့ပြောင်းလုပ်သား အိမ်အကူများအားဆက်ဆံပုံကို နိုင်ငံတကာမှ အာရုံစိုက်မှုများ ပိုမိုရလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

*—Ref: ABC*



ANWAR MUSTAFA/ AFP

# တရုတ်နိုင်ငံတွင် ရှားပါးတောရိုင်းတိရစ္ဆာန်များကို ဖမ်းယူစားသောက်ပါက ထောင်ဒဏ် ၁၀ နှစ်ချမည်

**ဘေဂျင်း၊ ဧပြီ-၂၆**

တရုတ်နိုင်ငံတွင် ရှားပါးတောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ထားသော တောကောင်များကို ဖမ်းယူစားသောက်ခြင်းများ ပြုလုပ်ပါက အသစ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေများအရ ထောင်ဒဏ် ၁၀ နှစ်အထိ ကျခံရနိုင်ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

ထို့အပြင် ထိုတောကောင်များကို အမဲလိုက်သူများထံမှ ဝယ်ယူသူများသည်လည်း ထောင်ဒဏ်သုံးနှစ်အထိ ကျခံရမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် ယခုအခါ အစိုးရက မျိုးသုဉ်းပျောက်ကွယ်လုနီးပြီဟု သတ်မှတ်ထားသည့် တိရစ္ဆာန်မျိုးစိတ်မှာ ၄၂၀ ခန့်ရှိနေပြီး ယင်းတွင် အနက်ရောင် အာရှဝက်ဝံများ၊ သင်းခွေချပ်များလည်း ပါဝင်သည်။

တရုတ်အစိုးရသည် ရှားပါးသတ္တဝါများ မျိုးသုဉ်းမပျောက်ကွယ်စေရေးအတွက် တရားမဝင်ရောင်းဝယ်မှုများ၊ အမဲလိုက်ခြင်းများကို နှိမ်နင်းနေသော်လည်းဝယ်သူများ ဆက်လက်ရှိနေဆဲဖြစ်သောကြောင့် ထိုလုပ်ငန်းမှာ ကြီးထွားနေဆဲဖြစ်သည်ဟု ဆိုသည်။

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၏ တရားရေးဆိုင်ရာကော်မရှင် လက်ထောက်အကြီးအကဲ လန်ရှန်းကလည်း ယခုအပတ် အစောပိုင်းတွင် ထိုသို့ပြောခဲ့သည်။

ရှားပါးတိရစ္ဆာန်များကို စားသုံးခြင်းမှာ ရောဂါပျောက်ကင်းစေခြင်းနှင့် ခွန်အားတိုးခြင်း စသည့် ယုံကြည်ချက်များကြောင့် ဖြစ်သည်။

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသည် ယခုဥပဒေသစ်များကို မကြာသေးမီက ချမှတ်ခဲ့ခြင်းဖြစ်သည်။

မကြာမီက ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသမှ တရားမဝင် တောရိုင်းတိရစ္ဆာန်များ ကုန်သွယ်မှုအကြောင်း အစီရင်ခံစာတွင် တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးစားသောက်ခြင်းများမှာ ကျန်းမာရေးအကြောင်းပြချက်များကြောင့်သာမက လူနေမှုအဆင့်အတန်းနှင့် ညီသည်များအားလေးစားမှုပြသလို၍ စသည့်အချက်များကြောင့်လည်းဖြစ်ကြောင်း ဖော်ပြသည်။

ထိုအစီရင်ခံစာတွင် တရုတ်နိုင်ငံသည် တောရိုင်းတိရစ္ဆာန်များကို သတ်ဖြတ်ရောင်းချရာ အကြီးမားဆုံး စားသုံးသူဈေးကွက်ကြီးဖြစ်ကြောင်း ဖော်ပြသည်။

*—Ref: BBC*



7 DAY NEWS JOURNAL

# Entertainment

Vol.13, No.8 • APRIL 30 , 2014

# “ကျွန်မ နိုင်ငံရေးနဲ့ပတ်သက်ပြီး အရည်အချင်းမရှိဘူး”

## မိုးကုတ်အမတ်အဖြစ် နိုင်ငံရေးလောကထဲဝင်ဖို့ မွေးရပ်မြေက လူတွေ တိုက်တွန်းပေမယ့် နိုင်ငံရေးလုပ်ဖို့မရှိဘူးဆိုတဲ့ ထွန်းအိန္ဒြာဗိုနှင့် တွေ့ဆုံခြင်း

**ကြူကြူဟန်၊ ဖွဲ့ညဏ်**

ရုပ်ရှင်၊ ဂီတနယ်ပယ်နှစ်ခုစလုံးတွင် အောင်မြင်သည့် အသက်လေးဆယ်ကျော်အရွယ် ထပ်ဆင့်အကယ်ဒမီ ထွန်းအိန္ဒြာဗိုသည် အသက်အရွယ်အရ လိုက်ဖက်သည့် ဇာတ်ရုပ်များကိုသာ ရွေးချယ်သောကြောင့် ဇာတ်ကားရိုက်ကူးမှု နည်းလာခဲ့သည်။ သို့သော်လည်း “ကမ္ဘာတည်သရွေ့ သာမည့်လ” ဇာတ်လမ်းတွဲတွင်မူ ပါဝင်သရုပ်ဆောင်ရမည့်ဇာတ်ရုပ်ကို ကြိုက်နှစ်သက်သဖြင့် ဇာတ်ကားရိုက်ကူးမှု ကိုးလကျော်ကြာ နားထားရာမှ ပြန်လည်လက်ခံရိုက်ကူးလျက်ရှိသည်။ ထို့အပြင် ဂီတလှုပ်ရှားမှုအနေဖြင့် ဩစတြေးလျနိုင်ငံသို့ သွားရောက်၍ အင်န်အယ်လ် ဒီပညာရေးကွန်ရက်ရန်ပုံငွေအတွက် ဖျော်ဖြေကာ ရရှိသည့် အနုပညာကြေးများကိုလည်းလှူဒါန်းခဲ့သည်။ ၎င်းလေးစားသော ဒေါ်အောင်ဆန်းစုကြည်၏ အင်န်အယ်လ် ဒီပါတီလှုပ်ရှားမှုများတွင် အနုပညာဖြင့် တတ်စွမ်းသမျှ ပါဝင်ခဲ့သည့် ထွန်းအိန္ဒြာဗိုရှေ့ဆက်လျှောက်လှမ်းမည့် ဘဝခရီးလမ်းအကြောင်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။



*ဒေါ်အောင်ဆန်းစုကြည်နှင့်အတူတွေ့ရသည့် ထွန်းအိန္ဒြာဗို*

ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

**အခုရိုက်နေတဲ့ ဇာတ်လမ်းတွဲရဲ့ ဘယ်အချက်ကို သဘောကျလို့ ဒီကားကို လက်ခံဖြစ်ခဲ့တာပါလဲ။ ဒီကားမှာ အစ်မက ဘယ်လိုဇာတ်ရုပ်နဲ့ ပါဝင်သရုပ်ဆောင်ထားပါလဲ။**

ဇာတ်လမ်း တစ်ခုလုံးက အစ်မဇာတ်ပဲ။ အဓိက ကာရိုက်တာနဲ့ သရုပ်ဆောင်ခွင့်ရတဲ့ ဇာတ်ဆိုတော့ လက်ခံခဲ့တာပါ။ ဇာတ်ကားနာမည်က “ကမ္ဘာတည်သရွေ့ သာမည့်လ”။ ဒီကားက မိခင်မေတ္တာကို ဖော်ကျူးတဲ့ ဇာတ်ကားပုံစံပါ။ အစ်မကတော့ အမေနေရာက သရုပ်ဆောင်ထားပါတယ်။

**ကိုးလကျော်ကြာ ဇာတ်ကားရိုက်နားပြီးမှ ဇာတ်ကြိုက်လို့ ပြန်ရိုက်တဲ့ ဇာတ်လမ်းတွဲက အစ်မအတွက် ဘယ်လိုအပြောင်းအလဲကို ခံစားရစေလဲ။ အားရကျေနပ်မှုကော ရရဲ့လား။**

စာမျက်နှာ ၄၁ ››



# စင်ကာပူ ပရိသတ်နဲ့တွေ့ဆုံပွဲလုပ်မယ့် ဆောင်းဂျီဟိုနဲ့ ချွဲဂျင်ဟော့

**ဆိုးလ်၊ ဧပြီ-၂၆**

တောင်ကိုရီးယား tvN ရုပ်သံလိုင်း၏ Emergency Couple ဇာတ်လမ်းတွဲမှ အဓိကသရုပ်ဆောင်များဖြစ်ကြသော မင်းသမီး ဆောင်းဂျီဟိုနှင့် မင်းသား ချွဲဂျင်ဟော့ တို့သည် လာမည့် မေလလယ်တွင် စင်ကာပူနိုင်ငံ၌ အထူးပရိသတ်တွေ့ဆုံပွဲ ပြုလုပ်မည်ဖြစ်သည်။

Emergency Couple စင်ကာပူပရိသတ်နှင့် တွေ့ဆုံပွဲကို မေလ ၁၆ ရက် ည ၇ နာရီတွင် Kallang ကဇာတ်ရုံ၌ ပြုလုပ်သွားမည်ဖြစ်သည်။ ချွဲဂျင်ဟော့နှင့် ဆောင်းဂျီဟိုတို့သည် စင်ကာပူပရိသတ်များအား Emergency Couple ဇာတ်လမ်းတွဲမှ ဇာတ်ဝင်တေးအချို့ကို သီဆိုပြမည်ဖြစ်ပြီး ပရိသတ်များနှင့် ဓာတ်ပုံတွဲရိုက်ခြင်း၊ အမေးအဖြေများ ပြုလုပ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

Emergency Couple ပရိသတ်တွေ့ဆုံပွဲ လက်မှတ်ရောင်းဈေးမှာ စင်ကာပူဒေါ်လာ ၁၈၈၊ ၁၁၈၊ ၁၀၈ နှင့် ၉၈ တို့ဖြစ်သည်။ ကံကောင်းသော ပရိသတ်လေးဦးသည် သရုပ်ဆောင်များ၏ ဇာတ်စင်နောက်ကွယ်အခြေအနေများကို အနီးကပ်ကြည့်ရှုခွင့်ရမည်ဖြစ်သည်။

tvN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော Emergency Couple ဇာတ်လမ်းတွဲကို အမေရိကန်၊ တရုတ်၊ ဂျပန်၊ ဟောင်ကောင်၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံသို့ ရောင်းချထားပြီးဖြစ်သည်။ *ENews*



7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# အစဉ်အလာကို ဖောက်ထွက်မယ်ဆိုတဲ့ ဟဲဗီးဖြိုး

**ဇွဲညာဏ်**

**ရန်ကုန်၊ မေ-၂၆**

ကလေးသရုပ်ဆောင်မှ မင်းသားအထိ တက်လာသည့်အစဉ်အလာ မရှိခဲ့သော်လည်း ထိုအစဉ်အလာကို ဖောက်ထွက်မည်ဟု ကလေးသရုပ်ဆောင် ဟဲဗီးဖြိုးက ပြောသည်။

"ကလေးသရုပ်ဆောင်ကနေ မင်းသားဘက်ကို ပြန်ရောက်တာ အရင်က မရှိခဲ့ဘူးဆိုတော့ ခု ကျွန်တော့်လက်ထက်မှာ ဖြစ်ရမယ်ဆိုပြီး စံချိန်ချိုးမယ်"ဟု ၎င်းက ပြောသည်။

သို့သော်လည်းသရုပ်ဆောင်အဖြစ် ပြန်လည်လှုပ်ရှားရန် အချိန်ယူရဦးမည်ဖြစ်ပြီး လတ်တလောတွင်မူ ကိုယ်တိုင်ဝါသနာပါသည့် ဇာတ်သဘင်ဘက်တွင်သာ လှုပ်ရှားဖြစ်နေသည်ဟုဆိုသည်။

"ဇာတ်သဘင်ဘက်မှာ လုပ်ဖြစ်တာက ကိုယ်တိုင်လည်း မင်းသားလိုကရတာ ဝါသနာပါတယ်။ အဖေကလည်း လူရွှင်တော်ကြီးဆိုတော့ ဇာတ်ဘက်ကို ငယ်ငယ်ကတည်းက ဝါသနာပါတယ်"ဟု ဟဲဗီးဖြိုးက ပြောသည်။



မေလ ၉ ရက်တွင် ရုံတင်မည့်'စေတန်ရဲ့ကချေသည်'ဇာတ်ကားတွင် နေတိုး၏ငယ်ဘဝအဖြစ် သရုပ်ဆောင်ထားပြီး ဇာတ်ကားကို ပြန်လည်ကြည့်ရှုသည့်အချိန်၌ သရုပ်ဆောင်ဘက်တွင် လိုအပ်ချက်များ ရှိသေးသော်လည်း ထင်ထားသည်ထက် ပို၍လုပ်နိုင်ခဲ့သည်ဟု ဆိုသည်။

'ကျွန်မကနှင်းဆီပါမောင်' ရုပ်ရှင်ဇာတ်ကားတစ်ကားလည်း ရုံတင်ရန် ကျန်ရှိနေပြီး ကလေးသရုပ်ဆောင်ထူးချွန်ဆုကို ကိုယ်တိုင်မျှော်မှန်းခဲ့သည့်'ဇော်ကကနေသည်'တွင် အကယ်ဒမီဆုမရရှိခဲ့သဖြင့် ထပ်၍မမျှော်လင့်တော့ဟု ၎င်းကဆိုသည်။



# မထင်မှတ်တဲ့အချိန်မှာ အယ်လ်ဘမ်သစ်ထွက်မယ့် မာရိုင်ယာကာရေး

**လော့အန်ဂျလိစ်၊ မေ-၂၅**

အမေရိကန်အဆိုတော် မာရိုင်ယာကာရေးသည် ကမ္ဘာကျော် အဆိုတော်ဘီယွန်းစေးကဲ့သို့ ထင်မှတ်မထားသည့် အယ်လ်ဘမ်သစ် ထွက်ရှိရန် စီစဉ်ထားသည်။

မာရိုင်ယာကာရေးသည် လာမည့် အနာဂတ်တစ်ချိန်ချိန်တွင် အယ်လ်ဘမ်ခေါင်းစီး၊ သီချင်းပုဒ်ရေ၊ အနုပညာလက်ရာများနှင့် တေးဂီတများကို တစ်ပြိုက်နက်တည်းထွက်ရှိရန် စီစဉ်ထားခြင်းဖြစ်သည်။ သီချင်းအယ်လ်ဘမ်ကို ပထမဦးစွာ အွန်လိုင်းတွင် ဖြန့်ချိမည်ဖြစ်ပြီး အွန်လိုင်း၌ ထွက်ရှိပြီး သီတင်းတစ်ပတ်အကြာတွင်မှ ဆိုင်များ၌ ရောင်းချမည် ဖြစ်သည်။

"အယ်လ်ဘမ်သစ်ကို ကြေညာသူဟာ ကျွန်မပဲဖြစ်ရပါမယ်။ အထူးသဖြင့် အယ်လ်ဘမ်ခေါင်းစီးပေါ့။ ကျွန်မဘဝတစ်လျှောက်လုံးနီးပါးမှာ ထူးထူးခြားခြားရှိခဲ့တဲ့ ကျွန်မပိုင် အရာတစ်ခုကနေ အယ်လ်ဘမ်ခေါင်းစီး ပေးထားတာဖြစ်ပါတယ်"ဟု မာရိုင်ယာကာရေးက ပြောကြားသည်။ မာရိုင်ယာက မကြာသေးမီက ထွက်ရှိခဲ့သော သီချင်းများသည် ၎င်းမျှော်လင့်သည့်အတိုင်း မဖြစ်ခဲ့သော်လည်း ယခု အယ်လ်ဘမ်သစ်မှာ ၎င်းအား လမ်းကြောင်းမှန်ပေါ် ပြန်ရောက်စေလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အဆိုတော် မာရိုင်ယာကာရေးက "ကျွန်မ အမြဲတမ်းသီချင်းတွေ ဖန်တီးနေမှာပါ။ ဒီအယ်လ်ဘမ်ဟာ ကျွန်မရဲ့ နောက်ဆုံး အယ်လ်ဘမ်ဖြစ်နိုင်တယ်ဆိုပြီး ပြောခဲ့တာကို မနက်ဖြန်ဆိုတာ မသေချာလို့ပါ" ဟု ပြတ်သားစွာ ပြောကြားသည်။

ပရိသတ်များကို အံ့အားသင့်အောင်ပြုလုပ်ရန် စီစဉ်ထားသော အယ်လ်ဘမ်သစ်မှာ မာရိုင်ယာကာရေး၏ (၁၄) ခွေမြောက် စတူဒီယိုအယ်လ်ဘမ်လည်း ဖြစ်သည်။ —*Ref: UPI*



7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

စာ(၃၉)မှ

# ထွန်းအိန္ဒြာဗိုနှင့် တွေ့ဆုံခြင်း

ဇာတ်ကြိုက်လို့လည်း လက်ခံခဲ့တယ်။ ရိုက်လာတာ ရက်ပေါင်းလေးဆယ်လောက်ရှိပြီ။ ဇာတ်ညွှန်းတွေကလည်း ကောင်းတယ်ဆိုတော့ ဒီကားကို ကျေနပ်ပါတယ်။ နောက်ပြီး အလုပ်ကိုနားပြီး ပြန်လုပ်တာဖြစ်တဲ့အတွက် စိတ်ရော၊ လူရော အားအင်ပြည့်နေသလို ခံစားရတယ်။ အရင်ကဆိုရင် ဒီတစ်ကားရိုက်ပြီးနောက်ကားအတွက် ခေါင်းထဲမှာ စီစဉ်နေရတယ်။ တစ်ကားနဲ့တစ်ကားကြားမှာ နားရက်မရှိဘဲနဲ့ စိတ်ကိုပြင်ဆင်ရတာရော၊ လိုအပ်တဲ့ပစ္စည်း၊ အဝတ်အစားကအစ လုပ်ခဲ့ရတာဆိုတော့ တော်တော်လေးတော့ ပင်ပန်းခဲ့တယ်။ ဒီဇာတ်လမ်းတွဲကတော့ အေးအေးလူလူပါပဲ။

**ဇာတ်လမ်းတွဲ အနေနဲ့ ပထမဆုံး ရိုက်ကူးတာဆိုတော့ အရင်ကရိုက်ခဲ့တဲ့ ရုပ်ရှင်၊ ဗီဒီယိုရိုက်ရတာနဲ့ နှိုင်းယှဉ်ရင် ဘယ်လိုကွာခြားမှုရှိလဲ။**

ဇာတ်လမ်းတွဲတွေက ဇာတ်ကို ချုံ့စရာမလိုဘူး။ ဗီဒီယိုကားဆိုရင် တစ်နာရီခွဲအတွင်း ဝင်အောင်ရိုက်ရတာဆိုတော့ ချုံ့ရတယ်။ ဒီဇာတ်လမ်းတွဲဆိုရင် ဇာတ်အိမ်ကလည်း နဂိုကတည်းက ကြီးတယ်။ တော်ရုံတန်ရုံအပြောနဲ့ ပြမယ့်နေရာမျိုးမှာ အရုပ်နဲ့ပြနိုင်တယ်။ အဲဒီလိုမျိုး သေသေချာချာလေး အချိန်ရပြီး ရိုက်ကူးခွင့်ရတယ်။

**မြန်မာနိုင်ငံမှာ ဇာတ်လမ်းတွဲတွေ ရိုက်ကူးမှုများလာပေမယ့် ကိုရီးယားဇာတ်လမ်းတွဲတွေကို ပရိသတ် အားပေးမှုများနေတာက ဘာကြောင့်လို့ ထင်ပါသလဲ။ အခုရိုက်တဲ့ ဇာတ်လမ်းတွဲအပေါ်မှာကော ဘာတွေမျှော်လင့်ထားလဲ။**

အဲဒါက အချက်အများကြီးရှိတယ်။ ဆင်ဆာအပြောင်းအလဲကအစ၊ ငွေကြေးဖြုန်းတီးနိုင်မှုအင်အားကလည်း မတူဘူး။ သူများနိုင်ငံမှာရှိတဲ့ ဇာတ်လမ်းတွဲဆိုတာက သူတို့တစ်နိုင်ငံတည်း ပြတာမဟုတ်ဘူး။ World Wide ကြီးမဟုတ်ရင်တောင်မှ နိုင်ငံခြားတိုင်းပြည်တွေကို ရောင်းစားနိုင်တယ်။ ဥပမာ ကိုရီးယားဆို မြန်မာပြည်ကို ရောက်နေပြီ။ ဒါလည်း တခြားတိုင်းပြည်ကို ရောင်းတာပဲလေ။ အစ်မတို့ဆီမှာကျတော့ ပြည်တွင်းဈေးကွက်တောင် မရှိတာ။ အဲဒါကို တည်ဆောက်နေရတာကြောင့် ဈေးကွက်မှာလည်း ယှဉ်လို့မရဘူး။ ဈေးကွက်ကျဉ်းတဲ့အတွက်ကြောင့် ပြန်ရှာလို့ရမယ့် ပိုက်ဆံကလည်း နည်းတယ်။ အဲဒီအတွက် အရင်းကို သူတို့လိုအများကြီး ဖြုန်းလို့မရဘူး။ ကိုယ်ပြန်ရမယ့် ဝင်ငွေနဲ့မျှအောင် ရင်းရတာဖြစ်တဲ့အတွက် အရင်းလည်း မတူဘူး။ အမြတ်လည်းမတူဘူး။ အရာရာမတူဘူး။ နောက်တစ်ခုက တည်းဖြတ်တဲ့အပိုင်းမှာဆိုရင်လည်း တချို့ကားတွေမှာ ကြော်ငြာဝင်တယ်ပြီးပြန်စရင် ပြီးပြီးသားအခန်းတွေ တော်တော်များများကို ပြန်ပြနေတော့ ဇာတ်လမ်းတွဲကြည့်ရတဲ့ အချိန်နည်းနည်းမှာမှ Repeat တွေများပြီး ကြည့်ရတဲ့သူ စိတ်မရှည်ဘူး။ အစ်မကိုယ်တိုင်တောင် စိတ်မရှည်ဘူး။ အဲဒါမျိုး မဖြစ်စေချင်ဘူး။ အားနည်းချက်တွေကတော့ အများကြီး ရှိပါတယ်။ ဒါကလည်း အစ်မတစ်ယောက်တည်း အမြင်ပါ။ ဒီဇာတ်လမ်းတွဲက မြန်မာပရိသတ်ကြိုက်မယ့် ဇာတ်လမ်းပုံစံပါပဲ။ တချို့ဇာတ်ကားတွေလိုမျိုး ကြော်ငြာဝင်တဲ့အချိန်တွေမှာ Repeat တွေ မပါအောင် တည်းဖြတ်ရင်တော့ ပရိသတ်အတွက် သွက်သွက်လက်လက်နဲ့ ကြည့်လို့ကောင်းမယ့် ကားတစ်ကားဖြစ်မှာပါ။

**ဂီတဘက်မှာလည်း တစ်ကိုယ်တော်ခွေအသစ်တွေ လုပ်နေတယ်ဆိုတော့ အဲဒီအခွေအကြောင်း ပြောပြပေးပါဦး။ ဒီအခွေကို ပရိသတ်လက်ထဲ ဘယ်တော့လောက် ထည့်ပေးမလဲ။**

တစ်ကိုယ်တော်ခွေက လုပ်ဖို့ရည်ရွယ်နေတုန်းပဲရှိသေးတယ်။ လုပ်ပြီးသားသီချင်းတွေကို ပြန်နားထောင်ကြည့်တော့ မကြိုက်ဘူး။ အခု မေလထဲ ခရီးထွက်မယ်။ ပြန်လာမှ အစအဆုံးပြန်လုပ်မယ်။ ဒီတစ်ခါတော့ လင်းလင်းက ဦးစီးပြီး လုပ်ပေးလိမ့်မယ်။ သီချင်းတွေလည်း ပြန်ရေးရမှာဆိုတော့ အဆင်သင့်ပြန်ဆိုဖို့ဆိုရင် ဒီနှစ်ထဲမှာတော့ အဆင်ပြေမှာမဟုတ်ဘူး။ နောက်ပြီး အစ်မက ဩဂုတ်လလောက်မှ မြန်မာပြည်ပြန်ရောက်မှာဆိုတော့ နောက်နှစ်လောက်မှပဲ ထွက်ဖို့သေချာ လိမ့်မယ်။

**မေလထဲမှာ အမေရိကားဖျော်ဖြေရေးခရီးသွားဖို့ရှိတော့ ဘာတွေပြင်ဆင်ထားပြီးပြီလဲ။**

အဲဒီပွဲအတွက်ကတော့ ရှိုးမှာဝတ်မယ့်အင်္ကျီပြင်ဆင်ရတာပါပဲ။ ကျန်တဲ့အပိုင်းအနေနဲ့က တီးဝိုင်းဆိုရင်လည်း Plus Three ဆိုတော့ အတီးတောင် အထူးတလည် တိုက်စရာမလိုတဲ့တီးဝိုင်းပါ။ မြန်မာနိုင်ငံကနေ မေလ ၁၃ ရက် ထွက်မယ်။ နှစ်လလောက်ကြာမယ်။ ဒီကို ဇူလိုင် ၁၅ ရက် လောက်ပြန်ရောက်မယ်။

**နိုင်ငံရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းမှာ ကိုယ်တတ်နိုင်တဲ့ အနုပညာနဲ့ ကူညီဆောင်ရွက်မှုတွေ ရှိတော့ တကယ်လို့ အနုပညာအလုပ်တွေ နားလိုက်တဲ့အချိန်ကျရင် နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ပါဝင်ဖို့ ရည်ရွယ်ထားတာရှိလား။**

ရည်ရွယ်ထားတာ မရှိဘူး။ ခုတောင် အနုပညာအလုပ်က နား တယ်လို့ ပြောလို့ရတယ်။ စိတ်ကြိုက်ဇာတ်ကို တစ်နှစ်နေမှ တစ် ကားလာလာ၊ ၂ နှစ်နေမှ တစ် ကားလာလာ၊ တစ်သက်လုံး မလာလည်း မရိုက်တော့ဘူး။ အဲဒီအခါကျတော့ အလုပ်လုပ်နေဆဲလို့တောင် ပြောလို့မရတော့ဘူး။ အမ်မတို့ အသက်အရွယ်က လှလှပပ ငယ်ငယ်ရွယ်ရွယ် ဇာတ်ရုပ်တွေနဲ့လည်း ရိုက်လို့ မရတော့ဘူး။ အဲဒီလို ဇာတ်အိမ်ဖွဲ့တဲ့ ဇာတ်တွေနဲ့လည်း မလိုက်တော့ဘူး။ အသက်အရွယ်အရ ဇာတ်တွေလည်း အရမ်းရှားသွားပြီ။ အဲဒါကို ထပ်ပြီးစိစစ် လက်ခံဖြစ်တော့ ဒီကားပြီးရင် ရိုက်ဖြစ်ချင်မှ ရိုက်ဖြစ်မှာ။ နိုင်ငံရေးလုပ်မလားဆိုရင် နိုင်ငံရေးနဲ့ပတ်သက်ပြီး ဘာမှမသိဘူး။ အဓိကအမေစုကို ကြည်ညိုတဲ့ စိတ်တစ်ခုတည်းနဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းတာ။ နိုင်ငံရေးလုပ်မယ်ဆိုရင်လည်း အများကြီးလေ့လာပြင်ဆင်ရဦးမှာဆိုတော့ လုပ်ဖြစ်မှာ မဟုတ်ပါဘူး။

**ဆရာကြီးဦးဝင်းတင်ရဲ့ ဈာပနအခမ်းအနားကိုလည်း တက်ရောက်ခဲ့တာဆိုတော့ နိုင်ငံရေးလှုပ်ရှားသူတစ်ဦးဆုံးရှုံးသွားတာက ပြည်သူတွေအတွက် ဘယ်လောက်ထိ နစ်နာမှုတွေ ရှိတယ်လို့ ထင်ပါသလဲ။**

အများကြီး ဆုံးရှုံးတာပါ။ နိုင်ငံရေးလုပ်ကြတဲ့သူတွေတော့ အများကြီးပဲ။ ဘာဘာလိုလူမျိုးကျတော့ နိုင်ငံတော်အဆင့် ဆုံးရှုံးမှုလို့ ပြောလို့ရပါတယ်။

**အစ်မရဲ့ မွေးရပ်မြေက ရပ် မိရပ်ဖတွေက ၂၀၁၅ ခုနှစ် မိုးကုတ်အမတ်အဖြစ် ရွေးချယ်ခံဖို့ ဆန္ဒရှိကြတယ်လို့ သိရပါတယ်။ အစ်မရဲ့ သဘောထားကရောဘယ်လိုရှိပါသလဲ။**

အစ်မကိုယ်တိုင် နိုင်ငံရေးနဲ့ပတ်သက်တဲ့ အရည်အချင်းတွေလည်း မရှိဘူး။ နောက်တစ်ခုက လက်ရှိမြင်နေရတဲ့ အစ်မတို့နိုင်ငံရဲ့ လွှတ်တော်က ပျင်းစရာကောင်းတယ်။ အဲဒါကြောင့် စိတ်မဝင်စားပါဘူး။

**အင်န်အယ်လ်ဒီပညာရေးကွန်ရက်ရန်ပုံငွေအတွက် ပြုလုပ်ခဲ့တဲ့ ဩစတြေးလျ ဖျော်ဖြေပွဲက အောင်မြင်မှုရခဲ့သလို အဲဒီပွဲကရတဲ့ အနုပညာကြေးတွေကိုလည်း လှူခဲ့တာဆိုတော့ အဲဒီအပေါ်မှာ အစ်မရဲ့ ခံစားမှုလေးကို ပြောပေးပါဦး။**

အဲဒါနဲ့ပတ်သက်ပြီး အရမ်းပျော်ပါတယ်။ အစ်မတို့တိုင်းပြည်မှာ လိုအပ်တဲ့နေရာတွေ အများကြီး ရှိတာ ဆိုတော့ တတ်နိုင်သလောက် လုပ်တဲ့သဘောပါ။ အစ်မတို့ လုပ်နိုင်တာက တကယ်လိုအပ်တာနဲ့ နှိုင်းယှဉ်ရင် သဲတစ်ပွင့်စာလောက်ပဲ ရှိတာပါ။ ဒါပေမဲ့ ကိုယ်လုပ်နိုင်တာ ဘယ်လောက်မှ မရှိဘူးဆိုတော့ လုပ်မနေတော့ပါဘူးဆိုတဲ့ စိတ်အစ်မမှာ မရှိဘူး။ လုပ်နိုင်သလောက် လုပ်မယ်။

**အစ်မကိုယ်တိုင်လည်း အင်န်အယ်လ်ဒီရဲ့ လှုပ်ရှားမှုတွေမှာ အမြဲပါဝင်နေတာဆိုတော့ လာမယ့် ၂၀၁၅ ရွေးကောက်ပွဲမှာရော ဘယ်အခန်းကဏ္ဍက ပါဝင်ဖို့ အစီအစဉ်ရှိပါသလဲ။**

အစ်မတို့က အမေ့ရဲ့ ပါတီဘက်မှာ စည်းရုံးရေးဆင်းတဲ့အနေနဲ့ကြားဖြတ်ရွေးကောက်ပွဲတုန်းကလည်းပညာပေးပြဇာတ်တွေကကြတာဆိုတော့ အဲဒီလိုမျိုး အမေခိုင်းရင်တော့ လုပ်မယ်။ ဒါပေမဲ့ အခုကြားနေရတာက သက်ဆိုင်ရာနယ်မြေမှာ သက်ဆိုင်ရာ ကိုယ်စားလှယ်ပဲ ဟောပြောခွင့်ရှိမယ်။ ကျန်တဲ့ ကိုယ်စားလှယ်တွေ လာပြီး ပြောလို့ မရဘူး။ အဲဒီလိုတွေ ရှုပ်နေတယ်။ တကယ်က နိုင်ငံတကာမှာဆိုရင်ရတယ်လေ။ အစ်မတို့တိုင်းပြည်ကကြိုက်သလိုတွေလုပ်နေကြတာဆိုတော့ ရ၊မရ မသိသေးဘူး။ ရရင်တော့လိုက်လုပ်မယ်။ အမေ့ကိုကူနိုင်တာကူမယ်။ အမေ့ကို လေးစားကြည်ညိုတယ်။ ယုံကြည်တယ်။ သူက တိုင်းပြည်အတွက် ခေါင်းဆောင်ကောင်းအဖြစ်လည်း ယုံကြည်တယ်။ သူ့ပညာတွေရော၊ စိတ်ဓာတ်ကြံ့ခိုင်မှုတွေရော၊ အနစ်နာခံပေးဆပ်မှုတွေရော အကြွင်းမရှိယုံကြည်တဲ့အတွက် အမေ့ကို ဘယ်လိုများ ကူညီနိုင်မလဲဆိုပြီး ကူနိုင်တာကူမယ်။ ဘာလုပ်မယ်ဆိုပြီးတော့ အစီအစဉ်ချထားတာမျိုးတော့ မရှိဘူး။ ကြုံသလို လုပ်လို့ရတာ အကုန်လုပ်မယ်။

**ကိုယ်တိုင်လည်း ဥပဒေနဲ့ ဘွဲ့ရထားသူတစ်ယောက်ဆိုတော့ မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေကို ပြင်ဆင်ဖို့ အများစုက ဆန္ဒရှိကြတဲ့အပေါ် အစ်မရဲ့အမြင်ကိုလည်း သိချင်ပါတယ်။**

ပြင်သင့်ပါတယ်။ ဒါက အရင်ကတည်းက လူတစ်စုတစ်ဖွဲ့အတွက်ပဲ ရေးဆွဲထားတာ။ သန်းခြောက်ဆယ်ကို ကိုယ်စားမပြုဘူးလေ။ အဲဒါကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ကိုယ်စားပြုတဲ့ ကိုက်ညီတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ ပေါ်ပေါက်ဖို့လိုအပ်ပါတယ်။

**အစ်မသားလေးကော ဘယ်နှတန်းရောက်သွားပြီလဲ။ အရင်နှစ်တွေကလည်း မိသားစုအပျော်ခရီးသွားလေ့ရှိတာဆိုတော့ ဒီနှစ်အတွက်ရော ဘာတွေစီစဉ်ထားပါသလဲ။**

သားက ခုတော့ ကျောင်းတက်နေတုန်းပဲ။ ဇွန်၊ ဇူလိုင်လဆို ကျောင်းပိတ်ပြီ။ ဩဂုတ်မှ ကျောင်းဖွင့်မှာ။ ကျောင်းပြန်ဖွင့်ရင် GRADE-3 တက်မယ်။ အရင်က ကျောင်းပိတ်ရက်တွေဆိုရင် တစ်နေရာရာကို ပို့နေကျ။ ဒီနှစ်ကျတော့ သားရဲ့ ကျောင်းပိတ်ရက်မှာ အစ်မက ပြည်ပဖျော်ဖြေရေးခရီးစဉ်ရှိနေတာဆိုတော့ အဲဒီက ပြန်လာပြီးရင်တော့ သားနဲ့အတူ မိသားစုခရီးကို ပြည်ပ မဟုတ်ရင်တောင် ပြည်တွင်းပဲဖြစ်ဖြစ် တစ်နေရာတော့ လိုက်ပို့ပေးမယ်။

**ကျေးဇူးတင်ပါတယ်။**

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း

50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton
H-216/32 ၊ ၅၃လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်ဗိုလ်ရာဇာလမ်းကြား၊ စက်မှုဇုန်(၁)၊ မန္တလေး ၊ 09-2050000, 09-6504700
အမှတ်(၃၈) ပျဉ်းမနား-တောင်တွင်းကြီးလမ်း၊ လက်ပံခါးလှ၊ ယောက်သွားအင်းအထွက်၊ နေပြည်တော်၊ 067-24333 , 09-6504900

Noble Fashion City
သင် ခေတ်မီပြီး ကိုယ့်ကိုကိုယ် ယုံကြည်သောလူတစ်ယောက် ဖြစ်ချင်လား ? သင် ကျွမ်းကျင်သော ဒီဇိုင်းဆရာတစ်ယောက် ဖြစ်ချင်လား ?
သင် ရည်မှန်းထားတဲ့ လစာအတိုင်း ရချင်လား ?
သင့် ရည်မှန်းချက်တွေကို ပြည့်စုံဖို့အတွက်
Noble Fashion City (尚城)ကို ရွေးချယ်လိုက်ပါ...
Noble Fashion City (尚城)မှ သင်ကြားပေးသော နည်းပညာမှာ ခေတ်မီတိုးတက်ပြီး တိကျ ကျွမ်းကျင်သော စည်းစနစ် လျှင်မြန် သွက်လက်စွာဖြင့် ညှပ်၊ ကောက်၊ ဖြောင့်၊ ဆိုး၊ Training Class များ ပေးပါသည်။
Noble Fashion City (尚城) Training Classမှ နိုင်ငံခြားကျွမ်းကျင် ဝါရင့်သော ဆရာဖြင့် International ဆံပင်ညှပ်နည်းပညာကို သင်ကြားပေးနေပါပြီ။
သင့်ဘဝရဲ့ အောင်မြင်မှုပန်းတိုင်ကို Noble Fashion City (尚城) နှင့်အတူ လျှောက်လှမ်းဖို့ အမြန်ဆုံး ဆုံးဖြတ်ပြီး ဆက်သွယ်လိုက်ပါ...
Diamond Plaza အပေါ်ထပ် (၄)လွှာ ၊ No.46/47 09-420052673,36002015,91054308
နယ်မှ လာသော သင်တန်းသားများအတွက် ရေ ၊ မီး အစုံ အဆောင် အခမဲ့ စီစဉ်ပေးထားပါသည်။

Sports

7DAY NEWS JOURNAL

Vol.13, No.8 • APRIL 30 , 2014



# မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ကမ္ဘာ့ဖလားဝင်ခွင့်

ဓာတ်ပုံ – ဗိုလ်ဗိုလ်ဝင်း

ဗိုလ်ဗိုလ်ဝင်း

**“ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ”**

နိုင်ငံလက်ရွေးစင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအမည်က မြန်မာဘောလုံးပရိသတ်များနှင့် ရင်းနှီးနေသော်လည်း မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများနှင့်မူ အလှမ်းဝေးနေသည့် ပြိုင်ပွဲဖြစ်သည်။

သို့သော် လာမည့်မေလအတွင်း၌ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအနေဖြင့် အာရှဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲမှ ထိပ်ဆုံးငါးသင်းသည် ၂၀၁၅ ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာဘောလုံးအသင်းတစ်သင်းအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲသွားရာ လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

လက်ရှိခြေစွမ်းများအရ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အာရှဝင်ခွင့်ငါးနေရာအား အာရှအင်အားကြီး အမျိုးသမီးဘောလုံးအသင်းများဖြစ်သည့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဩစတြေးလျအသင်းငါးသင်းကသာ ရယူမည်ဖြစ်သည်။

သို့သော် ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သည် ပြီးခဲ့သည့် ၂၀၁၁ ကမ္ဘာ့ဖလား အမျိုးသမီးပြိုင်ပွဲတွင် မြောက်ကိုရီးယားအသင်းအား တားမြစ်ဆေးပြဿနာကြောင့် လာမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ခွင့်ပိတ်ပင်သည့် ပြစ်ဒဏ်ချမှတ်ထားခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့ဖလားဝင်ရောက်ခွင့်တစ်နေရာအတွက် အာရှအမျိုးသမီးဘောလုံးလောကတွင် ခြေစွမ်းအလယ်အလတ်ရှိ အရှေ့တောင်အာရှနိုင်ငံများ အတွက် အခွင့်အလမ်းပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် အာဆီယံဒေသတွင်း ထိပ်တန်းခြေစွမ်းရှိ မြန်မာအမျိုးသမီးအသင်းအနေဖြင့်လည်း မဟာအခွင့်အရေး ဖြစ်ပေါ်လာသည်။

၂၀၁၄ အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ပွဲစဉ်များကို လာမည့် မေလ ၁၄ ရက်မှ ၂၅ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် လက်ခံကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ခြေစစ်ပွဲအဆင့် အောင်မြင်ခဲ့သည့် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဂျော်ဒန်အသင်းများနှင့် နောက်ဆုံးအဆင့်သို့ တိုက်ရိုက်ဝင်ခွင့်ရရှိထားသည့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျအသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ရှစ်သင်းအား အုပ်စုနှစ်ခု ခွဲခြားထားပြီး အုပ်စု (က) တွင် ဂျပန်၊ ဩစတြေးလျ၊ ဂျော်ဒန်နှင့် အိမ်ရှင် ဗီယက်နမ်၊ အုပ်စု (ခ)တွင် တရုတ်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် မြန်မာအသင်းများ ကျရောက်လျက်ရှိသည်။ ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲရောက် လေးသင်းက ၂၀၁၅ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ အလိုအလျောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိမည်ဖြစ်ပြီး အုပ်စုတစ်ခုဆီမှ တတိယအကောင်းဆုံးအသင်းနှစ်သင်းသည် ကမ္ဘာ့ဖလားဝင်ခွင့်နောက်ဆုံးတစ်နေရာအတွက် (play–off) ပွဲစဉ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များသို့ ရေပန်းစားနေသည့် အာရှအင်အားကြီး အမျိုးသမီးဘောလုံးအသင်းများဖြစ်သည့် ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် ဩစတြေးလျအသင်းများ တက်ရောက်ရန်ရှိနေပြီး ဝင်ခွင့်တစ်နေရာရရန် ယှဉ်ပြိုင်ရမည့် (play–off) ပွဲစဉ် အတွက် ဗီယက်နမ်၊ ထိုင်းနှင့် မြန်မာအသင်းသုံးသင်းက ယှဉ်ပြိုင်ရန် ရှိနေသည်။

လက်ရှိကမ္ဘာ့အဆင့် သတ်မှတ်ချက်များအရ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် ၂၈၊ ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၃၀ နှင့် မြန်မာအသင်းက ကမ္ဘာ့အဆင့် ၄၅ နေရာတွင် ရပ်တည်နေသည်။ ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း မြန်မာအမျိုးသမီးအသင်းအနေဖြင့် ဗီယက်နမ်၊ ထိုင်းအသင်းများကို အနိုင်မရရှိခဲ့ဘဲ တတိယဆုသာ ရရှိခဲ့သည်။

ထို့ကြောင့် မြန်မာအမျိုးသမီးအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်တစ်နေရာအတွက် ခက်ခဲစွာ ရုန်းကန်ရမည့် အနေအထားရှိနေကြောင်း လေ့လာသူများက သုံးသပ်သည်။ ထို့ပြင် အခြားပြိုင်ဘက်အသင်းများထက် ပြိုင်ပွဲအကြိုပြင်ဆင်မှု အားနည်းမှုများကလည်း မျှော်လင့်ချက်အတွက် အားလျော့စေကြောင်း မြန်မာ့ဘောလုံးလေ့လာသူများက ဆိုသည်။

“မြောက်ကိုရီးယားအသင်း ဒီနှစ်ပြိုင်ပွဲ အပိတ်ခံရတဲ့အတွက် အရှေ့တောင်အာရှ အမျိုးသမီးဘောလုံး အသင်းတွေအတွက် လာမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်တစ်နေရာ အခွင့်အလမ်းပေါ်လာတယ်။ ဒါ ရတောင့်ရခဲအခွင့်အရေးပါ။ နောက်နှစ်ဘယ်လောက်ကြာမှ ဒီလိုအခွင့်အရေး ထပ်ရမယ်ဆိုတာ မသိနိုင်ပါဘူး။ ဒါပေမဲ့ မြန်မာအသင်းအနေနဲ့ ပြီးခဲ့တဲ့ ဆီးဂိမ်းပြီးကတည်းက ပြည်တွင်းမှာပဲ လေ့ကျင့်ခဲ့ရတယ်။ ပြိုင်ပွဲနီးမှ တရုတ်ပြည်ကို သွားပြီး လေ့ကျင့်ခွင့်နဲ့ ခြေစမ်းပွဲကစားတယ်။ ပြင်ဆင်မှုအပိုင်း အလွန်အားနည်းပါတယ်”ဟု အားကစားကလောင်ရှင် ကိုဟိန်းထက်အောင်က ပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲပြီးနောက် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ခြေစမ်းပွဲကစားရန် ပြည်ပအသင်းများနှင့် စီစဉ်နေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ဖြစ်မြောက်လာခြင်း မရှိပေ။ ထို့ပြင် အနောက်အာရှဖလားပြိုင်ပွဲသို့လည်း ဝင်ရောက်ယှဉ်ပြိုင်မည့် အစီအစဉ်ပျက်ခဲ့ပြီးနောက် ပထမဆုံးနှင့် နောက်ဆုံးပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဧပြီ ၂၇ ရက်မှ မေလ ၅ ရက်အထိ တရုတ်နိုင်ငံ ကွမ်ကျိုးမြို့တွင် လေ့ကျင့်မှုနှင့် ခြေစမ်းပွဲများ သွားရောက်ယှဉ်ပြိုင်ကစားနေပြီဖြစ်သည်။

“အသင်းအနေအထားအရ ပြောရရင် ကမ္ဘာ့ဖလားဝင်ခွင့်တစ်နေရာအတွက် ဗီယက်နမ်၊ မြန်မာ၊ ထိုင်းက သုံးဆယ်ရာခိုင်နှုန်းစီနဲ့ ဂျော်ဒန်အသင်းက ဆယ်ရာခိုင်နှုန်းရှိတယ်လို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ပြင်ဆင်မှုအနေအထားအရ ပြောရမယ်ဆိုရင်တော့ ကျန်သုံးသင်းက သုံးဆယ်ရာခိုင်နှုန်းစီရှိနေပြီး မြန်မာအသင်းက ဆယ်ရာခိုင်နှုန်းပဲ ရှိပါတယ်” ဟု မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနည်းပြ ကူမာဒါက ပြောသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်မျှော်လင့်ချက်ရှိနေသည့် အာရှဖလားပြိုင်ပွဲအတွက် ဗီယက်နမ်အသင်းသည် တောင်ကိုရီးယား၊ ထိုင်းအသင်းအနေဖြင့် တရုတ်၊ ဂျော်ဒန်အသင်းအနေဖြင့် ဂျပန်နိုင်ငံတို့တွင် သွားရောက်လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ထားသည်ဟု သိရှိထားကြောင်း ကူမာဒါက ပြောသည်။

“မြန်မာအမျိုးသမီး အသင်းအနေနဲ့ ပြီးခဲ့တဲ့နှစ် မေလအတွင်းမှာ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် ခြေစစ်ပွဲအောင်မြင်ခဲ့ပါတယ်။ ကြားထဲမှာ တစ်နှစ်နီးပါး ပြင်ဆင်ချိန်ရရှိပါတယ်။ ကြားထဲမှာ ဆီးဂိမ်းပြိုင်ပွဲ ရှိပါတယ်။ ဒါပေမဲ့ အာရှဖလားပြိုင်ပွဲအတွက် ရေရှည်စီမံချက် မရှိဘူးဖြစ်နေပါတယ်။ ထိုင်းအမျိုးသမီးအသင်း နည်းပြက အုပ်စုအဆင့်က ထွက်ခဲ့ရတဲ့ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲမှာ ပြောသွားတာတစ်ခု ရှိပါတယ်။ သူတို့ (ထိုင်းအသင်း) အတွက် အာဆီယံ ချန်ပီယံရှစ်က အဓိကမဟုတ်ဘဲ ဆီးဂိမ်းပြိုင်ပွဲမှာ အခြေပြုပြီး အာရှဖလားပြိုင်ပွဲမှာ အောင်မြင်ဖို့က အဓိကလို့ ပြောသွားခဲ့တယ်” ဟု အားကစားအယ်ဒီတာ ကိုနေကိုက ပြောသည်။

မြန်မာအမျိုးသမီးအသင်းအနေဖြင့် ပြီးခဲ့သည့် အိမ်ရှင်ဆီးဂိမ်းတွင် ချန်ပီယံဖြစ်သွားသည့် ထိုင်းအသင်းကို အကြိုဗိုလ်လုပွဲအဆင့်တွင် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီး ဗီယက်နမ်အသင်းကိုလည်း အုပ်စုအဆင့်တွင် ရှုံးနိမ့်ထားသည်။

ထို့ကြောင့် အာရှဖလားတွင် ထိုင်း၊ ဗီယက်နမ်အသင်းများကို ကျော်ဖြတ်အနိုင်ယူနိုင်ပါက မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေဖြင့် မြန်မာ့ဘောလုံးလောကတွင် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်မည်ဖြစ်ပြီး ဆီးဂိမ်းရှုံးကြွေးများကိုလည်း ပြန်ဆပ်ပြီးသားဖြစ်လာမည်ဖြစ်သည်။

အုပ်စုအနေအထားအရ မြန် မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယား၊ တရုတ်၊ ထိုင်းအသင်းများနှင့် အစဉ်လိုက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စု တတိယအကောင်းဆုံးအသင်းဖြစ်လာရန် ထိုင်းအသင်းကို အနိုင်ရရှိရန် လိုအပ်မည်ဖြစ်သည်။ အုပ်စုတွင် တတိယအကောင်းဆုံး နေရာရရှိပါက အခြားအုပ်စုမှ တတိယအကောင်းဆုံးဖြစ်လာနိုင်သည့် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် (play–off) ပွဲစဉ်၌ တွေ့ဆုံဖွယ်ရှိနေသည်။

လက်ရှိအနေအထားအရ မြန်မာအမျိုးသမီးအသင်းအနေဖြင့် တောင်ကိုရီးယား၊ ဩစတြေးလျအသင်းများနှင့် ပွဲစဉ်များတွင် အမြင့်ဆုံးမျှော်မှန်းနိုင်သည်မှာ ဂိုးအရေအတွက် နည်းနည်းနှင့် ရှုံးရန်ဖြစ်ပြီး ဒေသတွင်းထိုင်းအသင်းကိုမူ အနိုင်ရရှိရန် ကြိုးစားရမည်ဖြစ်ကြောင်း လေ့လာသူများက သုံးသပ်သည်။

အာရှဖလားပြိုင်ပွဲအကြိုအဖြစ် တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းတွင် ကစားသမား ၂၆ ဦး ပါဝင်နေပြီး ပြီးခဲ့သည့် ဆီးဂိမ်းအ

အချပ်ပို A4 ››

# မြန်မာလိဂ်ဒုတိယအကျော့အစတွင် အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံသည့် ပွဲစဉ်အချို့ပါဝင်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၂၇**

၂၀၁၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်အစဖြစ်သည့် ပွဲစဉ်(၁၂)တွင် ရတနာပုံနှင့် ကမ္ဘောဇ၊ ရန်ကုန်နှင့် ရောဝတီ စသည့်အသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံနေသည့်ပွဲစဉ်များ ပါဝင်နေသည်။

မြန်မာလိဂ်ပထမအကျော့ပွဲစဉ်များကို ပွဲစဉ်(၁၀)အပြီးတွင် လက်ရွေးစင်အသင်း၏ အေအက်ဖ်စီခဲ့လင့် ဖလားပြိုင်ပွဲကြောင့် ခေတ္တရပ်နားထားခြင်းဖြစ်ပြီး ပထမအကျော့နောက်ဆုံးပွဲစဉ်(၁၁)သည် ဇွန်လ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ မြန်မာလိဂ်ဒုတိယအကျော့ပွဲစဉ်များကို ပထမအကျော့အပြီးတွင် ဆက်တိုက်ကျင်းပသွားမည်ဖြစ်ပြီး ပွဲစဉ်(၁၂)သည် ဇွန်လ ၁၄၊ ၁၅ ရက်များတွင် စတင်မည်ဖြစ်သည်။

မြန်မာလိဂ်ဒုတိယအကျော့အစတွင် လက်ရှိအမှတ်ပေးဇယားဦးဆောင်နေသော ရတနာပုံအသင်းသည် အသင်းကြီးကမ္ဘောဇနှင့် ဗထူးကွင်း၌လည်းကောင်း၊ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် ရောဝတီအသင်းနှင့် YUSC ၌လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ်(၁၂)တွင် အခြားပွဲစဉ်များအဖြစ် မနောမြေနှင့် နေပြည်တော်၊ ချင်းအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည့်ပွဲစဉ်များကို သုဝဏ္ဏကွင်း၌လည်းကောင်း၊ GFA အသင်းနှင့် ဇေယျာရွှေမြေ၊ ဇွဲကပင်အသင်းနှင့် ဆောက်သမ်းမြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များကို အောင်ဆန်းကွင်း၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မြန်မာလိဂ်ပွဲစဉ်(၁၀)အပြီး ပြိုင်ပွဲခေတ္တရပ်နားထားချိန်တွင် ရတနာပုံအသင်းက ရမှတ် ၂၄ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး နေပြည်တော်အသင်းက (တစ်ပွဲလျော့)ဖြင့် ရမှတ် ၂၂ မှတ်၊ မကွေးအသင်း (တစ်ပွဲလျော့)နှင့် ကမ္ဘောဇအသင်းတို့က ရမှတ် ၁၈ မှတ်စီရရှိထားပြီး လက်ရှိချန်ပီယံ ရန်ကုန်အသင်းမှာ တစ်ပွဲလျော့ဖြင့် ရမှတ် ၁၇ မှတ်ရရှိထားသည်။

ပွဲစဉ်(၁၀)အပြီးတွင် မြန်မာလိဂ်ဂိုးသွင်းအများဆုံးစာရင်းတွင် ရတနာပုံအသင်းမှ ကိုလံဘီယာ တိုက်စစ်မှူးဖွန်ဆီကာက သွင်းဂိုး ၁၄ ဂိုးဖြင့် ဦးဆောင်ထားကြောင်း သတင်းရရှိသည်။ ၂၀၁၄ မြန်မာလိဂ် ဒုတိယအကျော့ပွဲစဉ်များသည် စက်တင်ဘာ ၂၀ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။



# မန်ယူနည်းပြဟောင်း ဒေးဗစ်မိုယက်စ် ဖလော်ရီဒါတွင် အနားယူနေ

**မီယာမီ၊ မေ-၂၇**

မန်ယူယာယီနည်းပြရိုင်ယန်ဂစ်က အသင်းကို ကယ်တင်ရန် ကြိုးပမ်းနေစဉ် နည်းပြဟောင်း ဒေးဗစ်မိုယက်စ်မှာ အသင်းမှဝေးရာသို့ ထွက်ခွာသွားသည်။

အင်္ဂါနေ့က အလုပ်ဖြုတ်ခံလိုက်ရသော မိုယက်စ်သည် မန်ယူက နော့ဝှစ်ချ်ကို ၄-၀ ဂိုးပြတ်ဖြင့် အနိုင်မရမီ တစ်ရက်ကပင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်သို့ ရောက်ရှိသွားခဲ့သည်။

မိုယက်စ်သည် တောင်ဖလော်ရီဒါတွင် ဇနီးသည်ဖြစ်သူ ပါမယ်လာနှင့် ညစာ အေးအေးလူလူ စားသုံးခဲ့သည်ကို မြင်တွေ့ရသည်။ ဖလော်ရီဒါပြည်နယ်မှာ ဂလေဇာမိသားစု၏ မွေးရပ်မြေလည်း ဖြစ်သည်။

အမေရိကန်စီးပွားရေးလုပ်ငန်းရှင် ဂလေဇာမိသားစုက မန်ယူအသင်းကို ပိုင်ဆိုင်သော်လည်း မိုယက်စ်နှင့် ခြောက်နှစ်ကြာ ချုပ်ဆိုထားသောစာချုပ်ကိုပယ်ဖျက်ခဲ့ပြီးပေါင်ခုနစ်သန်းလျော်ကြေးပေးခဲ့သည်ဟု ယုံကြည်ရသည်။

—*Ref: Dailymail*



7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# ခရစ္စတယ်ပဲလေ့စ်နဲ့ အဝေးကွင်းကစားရမယ့် လီဗာပူး၊ အက်သလက်တီကိုနဲ့ မီလန်ဒါဘီပွဲများ အပါအဝင် ဒီတစ်ပတ်ဥရောပလိဂ်ပွဲများ

**ကိုအေးမြတ်**


STEFAN WERMUTH/ REUTERS

ဒီတစ်ပတ် ဥရောပလိဂ်ပြိုင်ပွဲတွေမှာ ရင်ခုန်စရာကောင်းတဲ့ လိဂ်နှစ်ခုအဖြစ် ပရီးမီးယားလိဂ်နဲ့ လာလီဂါကတော့ ဆက်ရှိနေဦးမှာဖြစ်ပါတယ်။ စီးရီးအေကတော့ အမှတ်ကွာဟမှုအရ ဂျူဗင်တပ်အသာရနေပြီး လက်ကျန်ပွဲအနေအထားအရလည်း အသာရနေတာကြောင့် လက်ကျန်နှစ်ပွဲနိုင်ရင် ချန်ပီယံဖြစ်သွားပါပြီ။ ဒီတစ်ပတ် ပရီးမီးယားလိဂ်မှာတော့ လီဗာပူးကို အမီလိုက်ရမယ့် ချယ်လ်ဆီးနဲ့ တန်းဆင်းဇုန်ထဲကလွတ်အောင် ရုန်းရမယ့် နော့ဝှစ်ချ်တို့ရဲ့ပွဲက အကြိတ်အနယ် ကျိန်းသေဖြစ်လာမှာပါ။ ဒီလိုပဲ ချန်ပီယံဖြစ်နိုင်ခြေများနေတဲ့လီဗာပူးအဝေးကွင်းမှာခရစ္စတယ်ပဲလေ့စ်ကို ဖြတ်ကျော်နိုင်မလား ကြည့်ရပါမယ်။ လာလီဂါပွဲတွေထဲမှာတော့ အက်သလက်တီကို အဝေးကွင်းပွဲကစားပြီး ရီးရဲလ်နဲ့ ဘာကာတို့က အိမ်ကွင်းပွဲတွေကစားရမှာဖြစ်လို့ စောင့်ကြည့်စရာ ကောင်းဦးမှာပါ။

**ပရီးမီးယားလိဂ်**

**၃၊ မေ၊ စနေ**

**ဝက်စ်ဟမ်း-စပါး**

**ပကျော့ရလဒ် ၃-၀**

ဝက်စ်ဟမ်းတန်းဆင်းရဖို့ မရှိတော့ပေမယ့် အနည်းဆုံး ယူရိုပါလိဂ် ဝင်ခွင့်ရဖို့အားထည့်ကစားရဦးမှာပါ။ ပထမအကျော့ရလဒ်ပိုင်းအရ စပါးတို့ နိုင်ခြေမရှိပေမယ့် လက်ရှိခြေစွမ်းအရ စပါးအနည်းငယ်သာနေတယ်။ ဂိုးနည်းမယ့်ပွဲပါပဲ။

**မန်ယူ-ဆန်းဒါးလန်း**

**ပကျော့ရလဒ် ၂-၁**

မန်ယူဟာ ရာသီကုန်လက်ကျန်ပွဲတွေအားလုံးကို အနိုင်ကစားသွားနိုင်ပါတယ်။ လက်ရှိ ခြေစွမ်းအရ မန်ယူနိုင်သွားနိုင်တယ်။ ဂိုးနည်းနိုင်ပါတယ်။ အမြင့်ဆုံးနှစ်ဂိုးလောက်ပဲ ရနိုင်တယ်။

**၄၊ မေ၊ တနင်္ဂနွေ**

**ချယ်လ်ဆီး-နော့ဝှစ်ချ်**

**ပကျော့ရလဒ် ၃-၁**

ချယ်လ်ဆီးရာသီကုန်ပွဲတွေအရေးကြီးချိန်မှာ မဖောက်ပါစေနဲ့ ဆုတောင်းရပါမယ်။ ချယ်လ်ဆီးကိုပဲ ရွေးရမှာဖြစ်ပြီး ဂိုးနည်းနိုင်ပါတယ်။

**၆၊ မေ၊ အင်္ဂါ**

**ခရစ္စတယ်ပဲလေ့စ်-လီဗာပူး**

**ပကျော့ရလဒ် ၁-၃**

လီဗာပူး ဂိုးများနိုင်တဲ့ပွဲပါပဲ။ ပဲလေ့စ် ဥရောပဝင်ခွင့်လည်း မရှိတော့ပေမယ့် အတတ်နိုင်ဆုံးတော့ ခံကစားသွားနိုင်တယ်။ လီဗာပူး အရင်ဂိုးရရင် ပွဲအပြီးမှာ ဂိုးများနိုင်ပါတယ်။

**စီးရီးအေ**

**၄၊ မေ၊ တနင်္ဂနွေ**

**ကာတာနီးယား-ရိုးမား**

**ပကျော့ရလဒ် ၀-၄**

ကာတာနီးယားအိမ်ကွင်းမှာနိုင်ခြေမရှိပါဘူး။ ရိုးမားခြေစွမ်းအမြင့်ဆုံးပြန်ရနေပြီး ဒီအဝေးကွင်းပွဲကိုလည်း ဂိုးအများနဲ့ နိုင်သွားနိုင်တယ်။ ကာတာနီးယားပြန်သွင်းနိုင်ရင် တစ်ဂိုးပါပဲ။

**၅၊ မေ၊ တနင်္လာ**

**အေစီမီလန်-အင်တာမီလန်**

**ပကျော့ရလဒ် ၀-၁**

မီလန်နှစ်သင်းတွေ့ဆုံတဲ့ ဒါဘီပွဲမှာ အင်တာတို့ အနည်းငယ်သာနေပါတယ်။ ဒါပေမဲ့ ဒါဘီထုံးစံအတိုင်း မှန်းဖို့ခက်ခဲပြီး သရေဖြစ်နိုင်ခြေလည်း ရှိပါတယ်။

**၆၊ မေ၊ အင်္ဂါ**

**ဂျူဗင်တပ်-အတ္တလန္တာ**

**ပကျော့ရလဒ် ၄-၁**

ဂျူဗီတို့ ယူရိုပါလိဂ်နဲ့ ဖိအားရှိနေပေမယ့် ဒီပွဲကိုလည်း လူသုံးပုံချိန်ဆပြီး အိမ်ကွင်းအပေါ်စီးကကစားသွားမှာပါ။ ဂျူဗီတို့ အနည်းဆုံး တစ်ဂိုးအသာနဲ့ နိုင်ခြေရှိတဲ့ပွဲပါ။ အတ္တလန္တာ သရေရဖို့မရှိဘူး။

**လာလီဂါ**

**၃၊ မေ၊ စနေ**

**ဘာစီလိုနာ-ဂီတာဖေး**

**ပကျော့ရလဒ် ၅-၂**

ဘာကာတို့ အိမ်ကွင်းပွဲကို အနိုင်ကစားသွားဖို့များတယ်။ ဂီတာဖေး ဇယားအောက်ခြေမှာ ဆက်ရှိနေပါမယ်။ ဘာကာသွင်းဂိုးသုံးဂိုးလောက် ရနိုင်တယ်။

**၄၊ မေ၊ တနင်္ဂနွေ**

**လီဗန်တေး-အက်သလက်တီကို**

**ပကျော့ရလဒ် ၂-၃**

အက်သလက်တီကို အဝေးကွင်းနိုင်ပွဲရနိုင်ပါတယ်။ ဂိုးများတော့မရှိဘဲ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်မှာပါ။

**၅၊ မေ၊ တနင်္လာ**

**ရီးရဲလ်မက်ဒရစ်-ဗလင်စီယာ**

**ပကျော့ရလဒ် ၃-၂**

ရီးရဲလ်တို့ တိုက်စစ်ပိုင်းအမြင့်ဆုံးဖြစ်နေပြီး ကျိန်းသေနိုင်ပွဲရှာသွားနိုင်ပါတယ်။ ဗလင်စီယာ ဥရောပဝင်ခွင့် မသေချာပေမယ့် ခံကစားသွားနိုင်တယ်။ ရီးရဲလ် တစ်ဂိုးအသာရနိုင်လောက်တယ်။






# ဘရာဇီးစစ်အုပ်ချုပ်ရေးအတွင်း အကျဉ်းသားများကို နှိပ်စက်သတ်ဖြတ်ခဲ့သူ ဗိုလ်မှူးကြီးဟောင်း လုပ်ကြံခံရ

**ရီယိုဒီဂျနေးရိုး၊ မေ-၂၆**

၁၉၈၀ ပြည့်နှစ်များအထိ ကြာမြင့်ခဲ့သော စစ်အုပ်ချုပ်ရေးကာလအတွင်းနိုင်ငံရေးအကျဉ်းသားများကို နှိပ်စက်သတ်ဖြတ်ခဲ့သည်ဟု ဝန်ခံထားသော ဗိုလ်မှူးကြီးဟောင်း ပေါ်လိုမောလ်ဟီးစ်ကို မေ ၂၄ ရက်က ရီယိုဒီဂျနေးရိုးမြို့ အပြင်ဘက်ရှိ နေအိမ်တွင် လူသုံးဦးက ဝင်ရောက်သတ်ဖြတ်သွားသည်ဟု ရဲတပ်ဖွဲ့ကပြောသည်။

အကျဉ်းသားများကို နှိပ်စက်ခြင်းနှင့်လူပေါင်းများစွာသတ်ဖြတ်ခဲ့ခြင်းအတွက် လုံးဝနောင်တမရဟု ၎င်းက ပြီးခဲ့သည့်လအတွင်း ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံကို ၁၉၆၄ မှ ၁၉၈၅ ခုနှစ်အတွင်း စစ်တပ်က အုပ်ချုပ်စဉ် လူ ၅၀၀ နီးပါး ပျောက်ဆုံး (သို့မဟုတ်) သတ်ဖြတ်ခံခဲ့ရသည်။ လက်ရှိသမ္မတရူးဆက်ဖ်အပါအဝင် အခြားသော လူထောင်ပေါင်းများစွာမှာ ဖမ်းဆီးနှိပ်စက်ခံခဲ့ရသည်။

မိမိတို့နေအိမ်ထဲသို့ လူသုံးဦး ချိုးဖျက်ဝင်ရောက်လာကာ မောလ်ဟီးစ်ကို အသက်ရှူကျပ်အောင်လုပ်ပြီး သတ်ဖြတ်ခဲ့သည်ဟု ၎င်း၏ဇနီးကပြောသည်။

ကျူးကျော်ဝင်ရောက်သူများမှာ ၎င်းထိန်းသိမ်းထားသည့် လျှို့ဝှက်စာရွက်စာတမ်းများနောက်သို့ လိုက်နေခြင်းဖြစ်ဖွယ်ရှိသည်ဟု ဘရာဇီးနိုင်ငံ၏ အထင်ကရ ရှေ့နေ ဝါဒီဒါမော့စ်ကပြောသည်။

မောလ်ဟီးစ်မှာ အာဏာရှင်ခေတ် နိုင်ငံရေးဖိနှိပ်ချုပ်ချယ်မှုအတွင်း အရေးပါသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ယင်းအချိန်က ကန့်လန့်ကာနောက်ကွယ်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များစွာကို ၎င်းထိန်းသိမ်းထားသည်ဟု ဒါမော့စ်ကပြောသည်။



ပြီးခဲ့သည့်လက မောလ်ဟီးစ်သည် အတိတ်က နှိပ်စက်ညှဉ်းပမ်းမှုများကို စုံစမ်းစစ်ဆေးနေသည့် ဘရာဇီးအမျိုးသားအမှန်တရားဖော်ထုတ်ရေးကော်မရှင် ရှေ့မှောက်စစ်ဆေးခံခဲ့ရသည်။

၎င်းက ကျူးလွန်ခဲ့သော လုပ်ရပ်များကို ကာကွယ်ပြောဆိုသွားပြီး မိမိသတ်ဖြတ်နှိပ်စက်ခဲ့သူများမှာ လက်နက်လုယူရန် တိုက်ခိုက်သည့် ပြောက်ကျားများဖြစ်သည်ဟု ၎င်းကပြောသည်။

ဗိုလ်မှူးကြီးမောလ်ဟီးစ်ကို သတ်ဖြတ်သွားသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း စီစီတီဗီကင်မရာပုံရိပ်များမှ ရှာဖွေနေသည်ဟု ဘရာဇီးရဲတပ်ဖွဲ့က ပြောသည်။

ယင်းစစ်အစိုးရလက်ထက်က ကြုံတွေ့ခဲ့ရသော ရက်စက်မှုများကို လုံးဝမေ့၍မရဟု သမ္မတရူးဆက်ဖ်က ပြောကြားသည်။

*—Ref: BBC*

# ထိုင်းနိုင်ငံတောင်ပိုင်းတွင် ငါးဖမ်းပြိုင်ပွဲအနီး ဗုံးခွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံး

**ဘန်ကောက်၊ မေ-၂၆**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ငါးဖမ်းပြိုင်ပွဲ ကျင်းပရာအနီး၌ အဝေးထိန်းဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး လူ ၂၀ ဒဏ်ရာရရှိခဲ့သည်။

ဗုံးဖောက်ခွဲခဲ့သည့် အဝေးထိန်းကိရိယာကို သောကြာနေ့က ရဲတပ်ဖွဲ့၏ လုံခြုံရေးစစ်ဆေးရေးဂိတ်အနီး ဝှက်ထားသည်ကို တွေ့ရကြောင်း ပေါက်ကွဲမှုဖြစ်ပွားရာ ပတ္တာနီပြည်နယ်၊ ဆိုင်ဘူရီခရိုင်မှ ရဲတပ်ဖွဲ့က ပြောသည်။

ထိုင်းတောင်ပိုင်းစွန်းမှ မွတ်စလင်များ နေထိုင်ရာ ပြည်နယ်သုံးခုမှာ ဆယ်စုနှစ်နှင့်ချီ၍ ပုန်ကန်မှုများ ဖြစ်ပွားခဲ့ပြီး အရပ်သားအများစု အပါအဝင် သေဆုံးသူဦးရေမှာလည်း နှစ်ကာလများတစ်လျှောက်တွင် ခြောက်ထောင်ကျော်ရှိသွားပြီဖြစ်သည်။

ထိုဒေသများအတွင်း ထိုင်းအာဏာပိုင်များမှာလည်း ပတ္တာနီရှိ ဗလီတစ်ခုကို ဝင်ရောက်စီးနင်းပြီး စစ်သွေးကြွသူပုန် ၃၂ ဦးကို သတ်ဖြတ်နှိမ်နင်းခဲ့သည့် (၁၀)နှစ်ပြည့် နှစ်ပတ်လည်ကာလ ရောက်ခါနီး၍ လုံခြုံရေးသတိထားရန် သတိပေးမှုများ ထုတ်ပြန်ထားသည်။

လက်ရှိတွင် ဘန်ကောက်၌ နိုဝင်ဘာမှစ၍ ခြောက်လခန့်ကြာမြင့်လာခဲ့သော ထိုင်းနိုင်ငံရေးအခြေအနေများကြောင့် တောင်ပိုင်းမှ သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများမှာ နှောင့်နှေးနေရသည်။

ဒေသခံ မလေးရှားမွတ်စလင် ဘာသာဝင်များမှာ အစိုးရကို လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ၎င်းတို့ဘာသာရေးကို မလေးစားမှုများအတွက် အပြစ်တင်ထားသည်။

ထိုင်းတောင်ပိုင်းတွင် စစ်သွေးကြွများ၏ပုန်ကန်မှုမှာ အစိုးရလက်အောက်မှ ကိုယ်ပိုင်အုပ်ချုပ်ရေး တောင်းဆိုချင်၍ ဖြစ်သည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

# ပြည့်တန်ဆာများ ဖမ်းဆီးရာတွင် ကွန်ဒုံးကို သက်သေခံပစ္စည်းအဖြစ်သုံးခြင်း နယူးယောက်၌ တားမြစ်ဖွယ်ရှိ

**နယူးယောက်၊ မေ-၂၈**
မကြာသေးမီကအဆိုပြုထားသော ဥပဒေမူကြမ်းတစ်ရပ်ကို လွှတ်တော်က အတည်ပြုလိုက်ပါက အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ပြည့်တန်ဆာများအား ရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးရာ၌ ကွန်ဒုံးများကိုသက်သေအထောက်အထားအဖြစ် အသုံးပြုခြင်းအပေါ် တားမြစ်တော့မည်ဖြစ်သည်။

ပြည့်တန်ဆာများ ဖမ်းဆီးရာတွင် ရဲတပ်ဖွဲ့က ကွန်ဒုံးလက်ဝယ်တွေ့ရှိမှုကို သက်သေအထောက်အထားအဖြစ် အကျယ်တဝင့် အသုံးပြုလေ့ရှိသဖြင့် ယင်းကိစ္စကို နယူးယောက်မြို့တွင် အလေးအနက်ထား ပြန်လည်သုံးသပ်ခဲ့ရသည်။

အကယ်၍ ယခုအဆိုပြုထားသော ဥပဒေကြမ်းကို အတည်ပြုပြီးပါက နယူးယောက်ပြည်နယ် ဥပဒေအမှတ် အက်စ် ၁၃၇၉/အေ ၂၇၃၆ အရ ပြည့်တန်ဆာများအား ဖမ်းဆီးရာတွင် ကွန်ဒုံးများကို သက်သေအထောက်အထားအဖြစ် အသုံးပြုခြင်း တားမြစ်သွားမည်ဖြစ်သည်။

ယင်းကဲ့သို့ ဖြစ်လာပါက နယူးယောက်မှာ ယင်းဥပဒေမျိုး ပြဋ္ဌာန်းသည့် အမေရိကန်နိုင်ငံ၏ ပထမဆုံးပြည်နယ် ဖြစ်လာမည်ဖြစ်သည်။

လက်ရှိဥပဒေအရ ကွန်ဒုံး တစ်ခု (သို့မဟုတ်) အများအပြား လက်ဝယ်တွေ့ရှိလျှင် ရဲတပ်ဖွဲ့က စစ်ဆေးမေးမြန်းနိုင်ပြီး တရားစွဲဆိုရာတွင် သက်သေခံပစ္စည်းအဖြစ် အသုံးပြုနိုင်သည်။

သို့သော် အမေရိကန်နိုင်ငံ၏ အဓိကမြို့ကြီးများအားလုံးတွင် ယင်းဖြစ်ရပ်မျိုးများ ရှိနေသော်လည်း ဆန်ဖရန်စစ္စကိုနှင့် နယူးယောက်စီးတီးမြို့၊ ဘရွတ်ကလင်းနှင့် နာဆောက်ကောင်တီတို့ရှိ အစိုးရရှေ့နေများက ပြည့်တန်ဆာများ ဖမ်းဆီးရာတွင် ကွန်ဒုံးအား သက်သေအထောက်အထားအဖြစ် အသုံးပြုခြင်းကို ရပ်တန့်တော့မည်ဟု ကြေညာခဲ့သည်။

ယခုအဆိုပြုလိုက်သည့် ဥပဒေကြမ်းကို နိုင်ငံခြားမှ အခြေချနေထိုင်သူများ၊ လူ့အခွင့်အရေးနှင့် ပြည်သူ့ကျန်းမာရေးအဖွဲ့များက တင်သွင်းခြင်းဖြစ်ပြီး ကွန်ဒုံးကို သက်သေအထောက်အထားအဖြစ် အသုံးပြုခြင်းမှာ ခွဲခြားဆက်ဆံခြင်းဖြစ်ပြီး ဘေးကင်းစိတ်ချရသော လိင်ဆက်ဆံမှုများအတွက် ကြိုးပမ်းအားထုတ်မှုများမှာ အားလျော့စေသည်ဟု ၎င်းတို့ကပြောသည်။ နယူးယောက်မြို့ရှိ လိင်လုပ်သား ထက်ဝက်ခန့်မှာ ၎င်းတို့ လှုပ်ရှားမှုများ၏ အထောက်အထား အနည်းဆုံးဖြစ်စေရန် ကွန်ဒုံးဆောင်ထားလေ့ မရှိကြောင်း ၂၀၁၀ ပြည့်နှစ် လေ့လာမှုတစ်ရပ်အရ သိရသည်။

ယင်းဥပဒေကြမ်းကိုထောက်ခံသူများရှိပြီး ပြည်နယ်လွှတ်တော်က သုံးသပ်နေကာ မေလမတိုင်မီ ပြဋ္ဌာန်းရန် ရည်ရွယ်ထားသည်။

*—Ref: UPI*

# တိုက်ခိုက်မှုများကြောင့် ဝက်ဘ်ဆိုက်ရှာဖွေရေးစနစ် ပြင်ဆင်ရန် မိုက်ကရိုဆော့ဖ် အလျင်အမြန်ဆောင်ရွက်

**ဆန်ဖရန်စစ္စကို၊ မေ-၂၈**
အမေရိကန်နိုင်ငံ၏ ကုမ္ပဏီအချို့ကို တိုက်ခိုက်မှုအတွင်း ဝက်ဘ်ဆိုက်ရှာဖွေရေးစနစ် Internet Explorer ရှိ အဖျက် ဆော့ဖ်ဝဲတစ်မျိုးကို ဟက်ကာများက အသုံးချခဲ့သည်ဟု လုံခြုံရေးကုမ္ပဏီတစ်ခုက ပြောကြားထားကာ ယင်းချွတ်ယွင်းချက်ကို ဖော်ထုတ်လိုက်ပြီးနောက် ပြင်ဆင်ရန် မိုက်ကရိုဆော့ဖ်ကုမ္ပဏီက အလျင်စလို ဆောင်ရွက်နေသည်။

Windows XP အသုံးပြုသော တစ်ကိုယ်ရေသုံး ကွန်ပျူတာများမှာ ယင်းအဖျက်ဆော့ဖ်ဝဲကို ပြန်ပြင်ပေးမည့် နောက်ဆုံးပေါ် ဆော့ဖ်ဝဲများ လက်ခံရရှိမည်မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် မိုက်ကရိုဆော့ဖ်ကုမ္ပဏီက ၎င်း၏ သက်တမ်း ၁၃ နှစ်ရှိပြီဖြစ်သော Operating System အား အဆင့်တိုးမြှင့်မှုကို ယခုလအစောပိုင်းတွင် ရပ်ဆိုင်းခဲ့၍ ဖြစ်သည်။

ကမ္ဘာပေါ်ရှိတစ်ကိုယ်ရေသုံး ကွန်ပျူတာများ၏ ၁၅ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ Windows XP အသုံးပြုနေဆဲဖြစ်သည်ဟု လုံခြုံရေးလုပ်ငန်းများက ခန့်မှန်းဖော်ပြသည်။

မိုက်ကရိုဆော့ဖ်ကုမ္ပဏီ၏ လုံခြုံရေးဝက်ဘ်ဆိုက်တွင် ဖောက်သည်များကို အကြံပေးမှုအတွင်း ယင်းအဖျက်ဆော့ဖ်ဝဲ ပြန်ပြင်မည့် အစီအစဉ်များကို မိုက်ကရိုဆော့ဖ်ကုမ္ပဏီက မေ ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

Internet Explorer Version ၆ မှ ၁၁ အထိတွင် ယင်းအဖျက်ဆော့ဖ်ဝဲများကို မိုက်ကရိုဆော့ဖ်က ပြန်ပြင်ပေးမည်ဖြစ်သည်။

ယင်း Version များမှာ တစ်ကိုယ်ရေသုံး ကွန်ပျူတာ ဝက်ဘ်ဆိုက်ရှာဖွေရေး ဆော့ဖ်ဝဲဈေးကွက်၏ ၅၅ ရာခိုင်နှုန်းခန့် အသုံးပြုနေကြောင်း နည်းပညာသုတေသနလုပ်ငန်း Net Market Share က ဖော်ပြသည်။

Operation Clandestine Fox ဟု အမည်ပေးထားသော လှုပ်ရှားမှုတစ်ခုအတွင်း ယင်းအဖျက်ဆော့ဖ်ဝဲကို ခေတ်သစ်ဟက်ကာအဖွဲ့တစ်ဖွဲ့က အသုံးချအမြတ်ထုတ်ခဲ့သည်ဟု ဆိုက်ဘာလုံခြုံရေး ဆော့ဖ်ဝဲများ ရေးသားသည့် Fire Eye ကုမ္ပဏီက ပြောသည်။

ယင်းကုမ္ပဏီက ဟက်ကာများ မည်သူမည်ဝါဖြစ်ကြောင်း စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟု ပြောသည်။

*—Ref: Reuters*

နောက်ကျောဖုံး မှ

## ဆော်ဒီအာရေးဗီးယားတွင် မားစ်ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူ ၁၀၀ ကျော်လာ

ယာယီကျန်းမာရေးဝန်ကြီးအဒယ်ဖာကီက ပြောကြားသည်။

မားစ်ရောဂါသည် ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းများ စသည့် ရောဂါလက္ခဏာများ ဖြစ်ပွားစေသည်။

မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်မှုနှုန်း မြင့်တက်လာချိန်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဆော်ဒီအာရေးဗီးယားနိုင်ငံ၏ ရောဂါပိုးကူးစက်ခံရမှုများကို စုံစမ်းစစ်ဆေးရာတွင် ပါဝင်ကူညီမည်ဟု ကမ်းလှမ်းထားသည်။

မေ ၂၇ ရက်က သေဆုံးခဲ့သော လူရှစ်ဦးတွင် ကလေးငယ်တစ်ဦးလည်း ပါဝင်ခဲ့သည်။

ဆော်ဒီအာရေးဗီးယား ကျန်းမာရေး ဝန်ကြီးဌာနသည် မေ ၂၇ ရက်တွင် မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၁၆ ဦး ထပ်မံတွေ့ရှိကြောင်း ကြေညာခဲ့သည်။

မားစ်ဗိုင်းရပ်စ်ပိုး ကုသမှုအတွက် အထူးကုကျန်းမာရေးဌာနများတွင် အထူးကြပ်မတ်အခြေအနေရှိ လူနာ ၁၄၆ ဦး ထားရှိနိုင်သည်ဟု ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

အီဂျစ်နိုင်ငံတွင် ပထမဆုံး မားစ်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူကို စစ်ဆေးတွေ့ရှိသည်ဟု မေ ၂၆ ရက်က ကြေညာခဲ့သည်။

ဆော်ဒီအာရေးဗီးယားနိုင်ငံသားများသည် အစိုးရ၏ မားစ်ရောဂါ ကိုင်တွယ်မှုနှင့် ပတ်သက်၍ လူမှုမီဒီယာများတွင် စိုးရိမ်မှုများ ထုတ်ဖော်ပြောကြားလျက်ရှိသည်။

*—Ref: BBC*

# အီဂျစ်ရွေးကောက်ပွဲတွင် လူအများအပြား မဲပေးကြရန် အယ်လ်စီစီတိုက်တွန်း

**ကိုင်ရို၊ မေ-၂၈**
အီဂျစ်စစ်တပ်အကြီးအကဲဟောင်း အယ်လ်စီစီက လာမည့် သမ္မတရွေးကောက်ပွဲတွင် လူအများအပြား ပါဝင်မဲပေးကြရန် မေ ၂၇ ရက်က တိုက်တွန်းခဲ့သော်လည်း ရာထူးမှဖြုတ်ချခံရသော အစ္စလာမ်မစ် သမ္မတမိုဟာမက်မော်စီ၏ မဟာမိတ်များက ရွေးကောက်ပွဲကို သပိတ်မှောက်ကြရန် တိုက်တွန်းလိုက်သည်။

မော်စီအစိုးရကို ဖြုတ်ချခဲ့သော အယ်လ်စီစီသည် မေလ ၂၆၊ ၂၇ ရက် ရွေးကောက်ပွဲတွင် တစ်ဦးတည်းသောပြိုင်ဘက် ဟမ်ဒင်းဆဘာဟီနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

အယ်လ်စီစီသည် လာမည့် ရွေးကောက်ပွဲတွင် လွယ်ကူစွာ အနိုင်ရလိမ့်မည်ဟု မျှော်လင့်ထားသည်။

စစ်တပ်အကြီးအကဲဟောင်း အယ်လ်စီစီက အီဂျစ်နိုင်ငံသားများအနေဖြင့် မိမိတို့နိုင်ငံ အကျိုးစီးပွားအတွက် မကြံစည်းဖူး အရေးအတွက်ဖြင့် မဲပေးကြရန် တိုက်တွန်းထားသည်။

မော်စီအစိုးရ ထောက်ခံသူ အစ္စလာမ်မစ်ပါတီများ၏ မဟာမိတ်အဖွဲ့တစ်ဖွဲ့က အာဏာသိမ်းခေါင်းဆောင်ကို သမ္မတအဖြစ် ခန့်အပ်ရန်မှာ ရယ်စရာဟာသတစ်ခု ဖြစ်သည်ဟု ပြောကြားခဲ့ပြီး ရွေးကောက်ပွဲအပေါ် သပိတ်မှောက်ရန် တိုက်တွန်းခဲ့သည်။

လာမည့် ရွေးကောက်ပွဲအပေါ် အယ်လ်စီစီ ထောက်ခံသည့် အနောက်နိုင်ငံများအဖွဲ့က စောင့်ကြည့်မည်ဟူသော အစီအစဉ်ကိုလည်း အစ္စလာမ်မစ်ပါတီများ မဟာမိတ်အဖွဲ့က အသိအမှတ်မပြုကြောင်း ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ပြောကြားသည်။


အယ်လ်စီစီသည် မေလ ရွေးကောက်ပွဲဝင်ရန်အတွက် ပြီးခဲ့သည့်လတွင် အီဂျစ်စစ်တပ်အကြီးအကဲနှင့် ကာကွယ်ရေးဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့သည်။

အယ်လ်စီစီ ထောက်ခံသူများက ၎င်းသည် အီဂျစ်နိုင်ငံ တည်ငြိမ်အေးချမ်းစေရန်အတွက် လိုအပ်သော အဓိကပုဂ္ဂိုလ်ဖြစ်သည်ဟု ယူဆကြသည်။

*—Ref: Reuters*

# နိုကီယာမိုဘိုင်းဖုန်းလုပ်ငန်းကို မိုက်ကရိုဆော့ဖ် အပြီးသတ်ဝယ်ယူ

**ဆန်ဖရန်စစ္စကို၊ မေ-၂၆**
နိုကီယာကုမ္ပဏီ၏မိုဘိုင်းဖုန်းလုပ်ငန်းကို မိုက်ကရိုဆော့ဖ်ကုမ္ပဏီက ယူရိုငွေ ၅ ဒသမ ၄၄ ဘီလီယံဖြင့် အပြီးသတ် ဝယ်ယူလိုက်ပြီဖြစ်သည်။


REUTERS

ယင်းလုပ်ငန်းနှစ်ခုကြား အဆိုပါ ဝယ်ယူမှုမှာ ယခုနှစ်အစောပိုင်းကပင် ပြီးစီးခဲ့သင့်သော်လည်း စည်းမျဉ်းစည်းကမ်းဆိုင်ရာ သဘောတူခွင့်ပြုချက်များကြောင့် ကြန့်ကြာနေခဲ့သည်။

နိုကီယာကုမ္ပဏီက ၎င်းတို့၏ မိုဘိုင်းဖုန်းလုပ်ငန်းကို မိုက်ကရိုဆော့ဖ်ကုမ္ပဏီသို့ အပြီးတိုင် ရောင်းချလိုက်သဖြင့် ၎င်းတို့၏ မိုဘိုင်းဖုန်း ထုတ်လုပ်မှု အဆုံးသတ်ပြီဖြစ်သည်။

ဖင်လန်နိုင်ငံအခြေစိုက် နိုကီယာကုမ္ပဏီမှာ ယခုအခါ ကွန်ရက်၊ မြေပုံလုပ်ငန်းဝန်ဆောင်မှု၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုင်စင်လုပ်ငန်းများကို လုပ်ကိုင်မည်ဖြစ်သည်။

သို့သော် မိုက်ကရိုဆော့ဖ် ကုမ္ပဏီသို့ ရောင်းချမှုတွင် နိုကီယာကုမ္ပဏီ၏ အိန္ဒိယနိုင်ငံ ချင်နိုင်းမြို့ရှိ ထုတ်လုပ်ရေး စက်ရုံတစ်ခုနှင့် တောင်ကိုရီးယားနိုင်ငံရှိ မာဆန်မြို့စက်ရုံတို့ မပါဝင်ပေ။

Lumia စမတ်ဖုန်းများနှင့် သင်ပုန်းကွန်ပျူတာများ၊ နိုကီယာ မိုဘိုင်းဖုန်းများနှင့် Xbox ကိုယ်ထည်၊ Microsoft Surface နှင့် Perceptive Pixel (PP)စသော ထုတ်ကုန်များကို တာဝန်ယူထုတ်လုပ်ခဲ့သည့် နိုကီယာကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဟောင်း စတီဖန်အီလုပ်မှာ မိုက်ကရိုဆော့ဖ်ကုမ္ပဏီထုတ်ကုန်ဌာန၏ ဒုဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

"ဒီနေ့ နိုကီယာကုမ္ပဏီရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုလုပ်ငန်းကို ကျွန်တော်တို့ မိသားစုလုပ်ငန်းက ကြိုဆိုပါတယ်"ဟု မိုက်ကရိုဆော့ဖ်ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဆတ်ယာနာဒယ်လာက ပြောသည်။

*—Ref: BBC*

နောက်ကျောဖုံး မှ

## လစ်ဗျားရေနံဆိပ်ကမ်း ပြန်လည်ဖွင့်မည်

မွမ်မာကဒါဖီ ဖြုတ်ချလိုက်ပြီး နောက်သုံးနှစ်ကြာ ဝရုန်းသုန်းကားအခြေအနေများနှင့် နပန်းလုံးနေရသော လစ်ဗျားနိုင်ငံတွင် ယင်းသဘောတူညီမှု ပျက်ပြယ်ပါက သွေးချောင်းစီးသွားနိုင်သည်ဟု ၎င်းကသတိပေးထားသည်။

ရေနံမှ ဝင်ငွေကို လစ်ဗျားနိုင်ငံ အသည်းအသန်လိုအပ်နေစဉ် ယင်းသဘောတူညီမှုကို နောက်ဆုံးတွင် နှစ်ဖက်လုံး အကောင်အထည်ဖော်မည်ဟု မျှော်လင့်ရသော်လည်း မဟာဗျူဟာမြောက် စစ်ရေးလှုပ်ရှားမှုနှင့် သက်တမ်းရင့်နေသော သံသယများကြောင့် ကြန့်ကြာဖွယ်ရှိသည်ဟု သံတမန်များက ပြောသည်။

*—Ref: Reuters*

7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014





HO/AFP

# တောင်ဆူဒန် ငရဲတွင်း

ကြည်နေဝင်းမင်း

လူမဆန်သော ရက်စက်မှုများဖြင့် ပြည့်နှက်နေသည့် ပြည်တွင်းစစ် တစ်ခုမှာပင် တောင်ဆူဒန်နိုင်ငံ ရေနံတွင်းမြို့ ဘင်တူးတွင် ဧပြီ ၁၅၊ ၁၆ ရက်များက အရပ်သားအမြောက်အမြား အသတ်ခံရမှု အတိုင်းအတာမှာ ပိုမိုနက်ရှိုင်းသော ငရဲတွင်းသို့ သက်ဆင်းသွားခြင်း ဖြစ်သည်။

သူပုန်များ၏ အဖြူရောင် စစ်တပ် (ယင်းသို့ ခေါ်ဝေါ်ခြင်းမှာ သူပုန်တိုက်ခိုက်ရေးသမားများက ပြာမှုန်များဖြင့် ပွတ်သပ်ရပ်ဖျက်ထားကြသောကြောင့် ဖြစ်သည်) က အစိုးရကို ထောက်ခံသည်ဟု ၎င်းတို့မသင်္ကာသူ မည်သူ့ကိုမဆို သတ်ဖြတ်ကြသည်။

ယင်းတွင် လူပေါင်း ၂၀၀ ခန့်ကို ဗလီတစ်ခုတွင် သတ်ဖြတ်ခြင်းနှင့် အခြားခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် အကူအညီပေးရေး အေဂျင်စီအဆောက်အအုံများ၌ ခိုလှုံနေသူများကို သတ်ဖြတ်ခြင်းများလည်း ပါဝင်သည်။

ဒေသခံ ရေဒီယိုထုတ်လွှင့်မှုများကလည်း လူမျိုးရေးမုန်းတီးမှုကို လှုံ့ဆော်ပေးပြီး ဒုတိယသမ္မတရီယက်မေချာ၏ရန်သူဟု ယုံကြည်ရသူများအား အကြမ်းဖက်တိုက်ခိုက်ရန် လမ်းညွှန်ပေးသည်။

လွန်ခဲ့သည့် တစ်နှစ်က တောင်ဆူဒန်သမ္မတ ဆယ်လ်ဗာကီယာက ဒုသမ္မတမေချာကို ထုတ်ပယ်ခဲ့ရာမှ ၂၀၁၃ ဒီဇင်ဘာလအတွင်း ပြည်တွင်းစစ် ဖြစ်ပွားလာခဲ့သည်။

မေချာ၏ နူအာမျိုးနွယ်များမှာ အကြမ်းဖက်မှုများကို အားပေးရန် တိုက်တွန်းအားပေးခံရသည်ဟု ထင်ရှားပါသည်။

အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအပြီး ဘင်တူးမြို့သို့ ရောက်ရှိလာသော ကုလသမဂ္ဂအရာရှိ တိုဘီလန်ဇာက အလောင်းများ ထပ်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း ပြောသည်။

အားလုံးမှာလည်းအရပ်သားများ ဖြစ်ပုံရပြီး ယင်းသတ်ဖြတ်မှုများမှာ လေးလကြာ ပဋိပက္ခ၏ ထိတ်လန့်တုန်လှုပ်စရာ အကောင်းဆုံး အခြေအနေများ ဖြစ်နိုင်ကြောင်း တိုဘီကဆိုသည်။ ယင်းမှာ ကစားပွဲအပြောင်းအလဲပင် ဖြစ်သည်။

သို့သော် သတ်ဖြတ်မှုများအပေါ် ရှုတ်ချပြောဆိုမှုများ ရှိလင့်ကစား ပြင်ပမှ ကြားဝင်သူများမှာ ကစားပွဲကို အကောင်းဘက်သို့ ပြောင်းလဲသွားစေရန် နည်းလမ်းမရှိသလောက်ပင်ဖြစ်သည်။

တိုက်ခိုက်မှုများမှာ သနားဖွယ်ရာ ကောင်းလောက်အောင် ဆင်းရဲမွဲတေနေသော နိုင်ငံတွင်ရှိနေသည်။ မြို့၊ ရွာများကြားဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေသည်။

ထိုးစစ်သစ်များ ဖြစ်ပေါ်လာခြင်းနှင့်အတူ ကီယာ၏ ဒင်ကာလူမျိုးများနှင့် မေချာ၏ နူအာလူမျိုး အရပ်သားအများအပြားမှာ ရန်သူ့နယ်မြေထဲ ပိတ်မိနေသည်ကို တွေ့ရှိခဲ့ကြသည်။ နှစ်ဖက်စလုံးက လူမဆန်သော ရက်စက်မှုများ ကျူးလွန်နေကြသည်။

သမ္မတကီယာနှင့် ဒုသမ္မတမေချာတို့ကလည်း တစ်ဖက်နှင့်တစ်ဖက် အသာစီးရရှိရန် ပြင်ပအင်အားစုများ ပါဝင်လာစေရန် ရှေ့နောက်မတွေးဘဲကြိုးပမ်းအားထုတ်ကြသည်။ ယူဂန်ဒါနိုင်ငံက ကီယာ၏ အစိုးရကို ကြီးမားသော တပ်ဖွဲ့ဖြင့် ကျောထောက်နောက်ခံပေးသည်။

ဆူဒန်နိုင်ငံက နှစ်ဖက်စလုံးကို လက်နက်များ ရောင်းချပေးသည်။ သူပုန်များက အီသီယိုးပီးယားနိုင်ငံကို ကပ်ကြသည်။ အီသီယိုးပီးယားနိုင်ငံကလည်း ၎င်းနှင့် ဆက်ဆံရေး မပြေလည်သော အီဂျစ်နိုင်ငံက ကီယာကို ထောက်ခံနေသည်ဟု စွပ်စွဲသည်။



SIMON MAINA/AFP

ဘင်တူးမြို့ သတ်ဖြတ်မှုများက ပြည်တွင်းစစ်ကို ဒေသတွင်းစစ်ပွဲဖြစ်ရန် ခြိမ်းခြောက်လာသည်။ တိုက်ခိုက်ရေးသမားများက ဒါဖာမြို့မှ ကုန်သည်များကို ရွေးချယ်ပစ်မှတ်ထားခဲ့ပုံရသည်။ ဒါဖာမှာ ဆူဒန်နိုင်ငံ အနောက်ပိုင်း မတည်ငြိမ်သောဒေသဖြစ်သည်။ ယင်းမှာ လက်စားချေခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အကြောင်းမှာ ယခင်ကဆိုလျှင် ဒါဖာဒေသမှ သူပုန်အုပ်စု တရားမျှတရေးနှင့် တန်းတူညီမျှရှိရေး လှုပ်ရှားမှုအဖွဲ့က မေချာ၏တပ်ဖွဲ့များကို ကူညီတိုက်ခိုက်ပေးခဲ့၍ ဖြစ်သည်။ ထိုအတောအတွင်းမှာပင် ကုလသမဂ္ဂမှာလည်း တဖြည်းဖြည်း သတ်ကွင်းထဲ ရောက်လာနေသည်။ အရပ်သားငါးသောင်းကျော်မှာ ၎င်း၏ အခြေစိုက်စခန်းများတွင် ခိုလှုံနေကြသည်။ ကုလငြိမ်းချမ်းရေးတပ်ဖွဲ့ တစ်သောင်းခန့်က အကာအကွယ်ပေးရန် ကြိုးပမ်းနေကြသည်။ သို့သော် ဧပြီ ၂၀ ၂၀ ရက်နေ့တွင်မူ ယင်းသို့ အကာအကွယ်မပေးနိုင်ခဲ့ဘဲ ဒင်ကာလူမျိုး လူငယ်အများစု ပါဝင်သော အကြမ်းဖက်လူအုပ်ကြီးက ဘော်မြို့ ကုလအခြေစိုက်စခန်းကို တိုက်ခိုက်ခဲ့၍ အရပ်သား ၅၈ ဦး သေဆုံးခဲ့ရသည်။

ဘော်မြို့မှာ တိုက်ခိုက်မှုများကြား လက်ပြောင်းလက်လွှဲ လေးကြိမ်တိုင် ကြုံတွေ့ခဲ့သော မြို့နယ်ဖြစ်သည်။ တောင်ဆူဒန်နိုင်ငံ၏ လူဦးရေခြောက်သန်းအနက် တစ်သန်းကျော်မှာ အိုးအိမ်များကို စွန့်ခွာထွက်ပြေးနေသည်။ လူထောင်ပေါင်းများစွာလည်း အသတ်ခံခဲ့ရသည်။ နိုင်ငံခြား အကူအညီအပေါ် အကြီးအကျယ်မှီခိုနေသော နိုင်ငံမှာ အငတ်ဘေးဆိုက်ရန် တည်းတည်းလေးသာ ကျန်ရှိတော့ သည်။

သို့ဖြစ်လင့်ကစား သူပုန်များနှင့် အစိုးရကို ကိုယ်စားပြုသော ကြီးမားသည့် ကိုယ်စားလှယ်အဖွဲ့မှာ အိမ်နီးချင်း အီသီယိုးပီးယားနိုင်ငံရှိ ဇိမ်ခံဟိုတယ်များတွင် လပေါင်းများစွာ အခန့်သားနေထိုင်နေကြသည်။ ငြိမ်းချမ်းရေးဆွေးနွေးရန်ဟုဆိုသည်။ ၎င်းတို့က အပစ်အခတ်ရပ်စဲရန် ဇန်နဝါရီလအတွင်း စိတ်မပါ့တပါ သဘောတူခဲ့ကြသည်။ သို့သော် လက်တွေ့မြေပြင်တွင် အပစ်အခတ်ရပ်ရေး တည်တံ့စေရန် မစွမ်းဆောင်နိုင်ခဲ့ကြပေ။ ဆွေးနွေးပွဲများနှင့် နီးစပ်သော နိုင်ငံခြားသံတမန်များကမူ တိုးတက်မှုအရိပ်အယောင် အနည်းငယ်ပင် မမြင်ကြ။

တောင်ဆူဒန်ပဋိပက္ခ၏ ရေသောက်မြစ်မှာ စနစ်တကျလည်ပတ်သော နိုင်ငံတော်အခြေခံ တည်ဆောက်ရေး ပျက်ကွက်မှုတွင် အခြေတည်ပါသည်။ တောင်ဆူဒန်ဒေသ မြောက်ပိုင်း ဆူဒန်နိုင်ငံမှ ၂၀၁၁ ခုနှစ်က လွတ်လပ်ရေးရရှိခဲ့စဉ် ပေါများလှသော နိုင်ငံခြားငွေကြေးအကူအညီများနှင့် ရေနံမှရရှိသောဝင်ငွေ (တစ်ခုတည်းသော နိုင်ငံ့ပြည်တွင်းမှဝင်ငွေ)တို့ကို ရည်ရွယ်ချက်နှစ်မျိုးအတွက်သာ အသုံးချခဲ့သည်။ စစ်တပ်ကို အင်အားတိုးချဲ့ရေးနှင့် နိုင်ငံ၏ ရေပေါ်ဆီ လူတန်းစား ပိုမိုချမ်းသာကြွယ်ဝရေးတို့ဖြစ်သည်။

သို့သော် ကြီးမားသော မတည်ငြိမ်မှုများနှင့် မကြာခဏ ရေနံပိုက်လိုင်းပိတ်ထားရမှုများရှိလာပြီး ရေနံမှ ဝင်ငွေလျော့ကျလာသောအခါ ရေပေါ်ဆီ လူတန်းစားများက ၎င်းတို့၏ချမ်းသာကြွယ်ဝမှု ချဲ့ထွင် (သို့မဟုတ်) ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းရင်း တစ်စောင်းဆေးနှင့် မျက်ချေးဖြစ်လာကြသည်။ တောင်ဆူဒန်၏ အဓိကနိုင်ငံတကာစပွန်ဆာများဖြစ်သော အမေရိကန်နှင့် အီးယူတို့ကလည်း ငြိမ်းချမ်းရေးတည်မြဲရန် စစ်ဘုရင်များကို ငွေဖြင့်ချွေးသိပ်ရန် စိတ်အားထက်သန်မှု နည်းလာသည်။

ယင်းအစား ပိတ်ဆို့တားဆီးမှုများလုပ်ရန် စဉ်းစားလာကြသည်။ ရေပေါ်ဆီများ နိုင်ငံခြားခရီးမသွားနိုင်ရေး၊ ပိုင်ဆိုင်မှုများ ထိန်းချုပ်ရေး စဉ်းစားလာသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း ဘက်ပေါင်းစုံကို လက်နက်ရောင်းချမှု ပိတ်ပင်ရေးစဉ်းစားနေသည်။ သည်ဟော့ဂ်မြို့ နိုင်ငံတကာ ရာဇဝတ်မှုခုံရုံးလည်း ပါဝင်လာနိုင်သည်။ လောလောဆယ်တွင် ကြောက်မက်ဖွယ်ရာ သတ်ဖြတ်မှုများ အလျင်အမြန် ပြီးဆုံးရန် လမ်းမမြင်။ မည်သည့်ဘက်ကမျှ အနိုင်မရ။ နိုင်ငံသစ်တည်ဆောက်ရေး မျှော်လင့်ချက်များမှာ သွေးအိုင်ထဲ နစ်နေကြသည်။

*—Ref: A new death of horror*

7 DAY NEWS JOURNAL

# International

Vol.13, No.8 • APRIL 30 , 2014

## ရုရှားငွေကြေး စိတ်ချရမှုအဆင့် လျှော့ချသတ်မှတ်ခံရ

**နယူးယောက်၊ မေ- ၂၆**

ငွေကြေးစိတ်ချရမှုအဆင့် သတ်မှတ်ရေးအေဂျင်စီ Standard & Poor's ကုမ္ပဏီက ရုရှားနိုင်ငံ၏ ငွေကြေးစိတ်ချရမှုအဆင့်ကို ရင်းနှီးမြှုပ်နှံရန်မသင့်ဟု သတ်မှတ်သော 'Junk' အဆင့်အနား၌ ထားရှိလိုက်သည်။

ယူကရိန်းနိုင်ငံနှင့် ဖြစ်ပေါ်နေသော အခြေအနေကြောင့် တင်းမာမှုများရှိနေစဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ရုရှားနိုင်ငံမှ ငွေကြေးများ ထုတ်ယူနေကြချိန်တွင် ယခုအဆင့်လျှော့ချမှု ကြုံရခြင်း ဖြစ်သည်။

S&P ကုမ္ပဏီက ရုရှားနိုင်ငံ၏ ငွေကြေးစိတ်ချရမှုကို 'BBB' မှ 'BBB(–)' သို့ လျှော့ချခဲ့သည်။



ယမန်နေ့ကပင် ရုရှားနိုင်ငံသုံး ရူဘယ်ငွေကြေးကို ကာကွယ်ရန် ရုရှားဗဟိုဘဏ်က အရေးပါသော အတိုးနှုန်းတစ်ရပ်ကို ၇ ရာခိုင်နှုန်းမှ ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့သည်။

"ကျွန်တော်တို့ရဲ့ အမြင်မှာတော့ ရုရှားနဲ့ ယူကရိန်းကြား ပထဝီဝင် နိုင်ငံရေးတင်းမာမှုက နေပြီး ရုရှားစီးပွားရေးကဏ္ဍကနေ ပြည်တွင်းပြည်ပ ငွေအရင်းအနှီးတွေ နောက်ထပ် သိသိသာသာ စီးဆင်းသွားဖို့ ရှိနေပါတယ်"ဟု S&P က ၎င်းတို့၏ ထုတ်ပြန်ချက်တွင် ပြောကြားသည်။

*—Ref: BBC*



ED JONES/AFP

*နစ်မြုပ်ခဲ့သည့် ဆူဝိုလ်ကူးတို့သင်္ဘောမှ သတင်းများကို စောင့်မျှော်နေသည့် ကျန်ရစ်သူမိသားစုများစုဝေးရာနေရာ ဂျင်ဒိုဆိပ်ကမ်းတွင် အမှတ်တရဖဲကြိုးများရှေ့၌ ငိုကြွေးနေသူတစ်ဦးအား မေ ၁၇ ရက်က တွေ့ရစဉ်*

## အမေရိကန်နိုင်ငံသားများကို ပြန်ပေးဆွဲကြရန် အယ်လ်ကိုင်ဒါခေါင်းဆောင်တိုက်တွန်း

**ဒူဘိုင်း၊ မေ- ၂၆**

အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် အေမန်အယ်လ်ဇဝါဟီရီက စစ်သွေးကြွများအနေဖြင့် မွတ်စလင်ဘာသာရေးစစ်ပွဲဝင် ဂျီးဟတ်အကျဉ်းသားများနှင့် လဲလှယ်ရန် အနောက်နိုင်ငံသားများ၊ အထူးသဖြင့် အမေရိကန်နိုင်ငံသားများကို ပြန်ပေးဆွဲကြရန် အင်တာဗျူးတစ်ခုတွင် တိုက်တွန်းခဲ့သည်။

စစ်သွေးကြွ အကျဉ်းသားများ ပြန်လည်လွတ်မြောက်စေရန် မွတ်စလင်ဘာသာဝင်များအနေဖြင့် မည်သို့မည်ပုံ လုပ်သင့်သည်ကို ဇဝါဟီရီအား အယ်လ်ကိုင်ဒါမီဒီယာ As–Sahab က မေးမြန်းခဲ့ခြင်းဖြစ်သည်။

"ဂျီးဟတ်အကျဉ်းသားတွေနဲ့ အလဲအလှယ်လုပ်နိုင်ဖို့ အနောက်




AFP

နိုင်ငံသားတွေ၊ အထူးသဖြင့် အမေရိကန်တွေကို တတ်နိုင်သမျှ များများဖမ်းကြပါလို့ အကြံပေးပါတယ်"ဟု ဇဝါဟီရီက As–Sahab မီဒီယာနှင့် အင်တာဗျူးဒုတိယပိုင်းတွင် ပြောကြားခဲ့သည်။

ဧပြီ ၁၉ ရက်က ထုတ်လွှင့်ခဲ့သော အင်တာဗျူးပထမပိုင်း၌ အယ်လ်ကိုင်ဒါအကြီးအကဲ ဇဝါဟီရီက ဆီးရီးယားပြည်တွင်းစစ်တွင် အမြစ်တွယ်နေသော ပြိုင်ဘက် ဂျီးဟတ်အဖွဲ့အစည်းတစ်ခုနှင့် အကြီးအကျယ်သဘောကွဲလွဲမှုများအတွင်း စည်းလုံးမှုရှိကြရန် တိုက်တွန်းခဲ့သည်။

ဇဝါဟီရီသည် ၂၀၁၁ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ကွန်ရက်ခေါင်းဆောင်အိုစမာဘင်လာဒင်၏နေရာကို ဆက်ခံသူဖြစ်သည်။

*—Ref: AFP*

## ဆော်ဒီအာရေးဗီးယားတွင် မားစ်ဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူ ၁၀၀ ကျော်လာ

**ရီးယာ့ဒ်၊ မေ- ၂၈**

၂၀၁၂ ခုနှစ်ကတည်းက စတင်ဖြစ်ပွားသော မားစ်ဗိုင်းရပ်စ်ပိုးကူးစက်ခံရမှုကြောင့် သေဆုံးသူလူ ၁၀၀ ကျော် ရှိသွားပြီဟု ဆော်ဒီအာရေးဗီးယားအစိုးရက ပြောကြားသည်။

မေ ၂၇ ရက်တွင် မားစ်ဗိုင်းရပ်စ်ပိုးဖြင့် နောက်ထပ် လူရှစ်ဦးသေဆုံးခဲ့ရာ သေဆုံးသူစုစုပေါင်း ၁၀၂ ဦးရှိသွားပြီဟု ဆော်ဒီအာရေးဗီးယား ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ရီးယာ့ဒ်မြို့၊ ဂျက်ဒါမြို့နှင့် ဒမ်မမ်မြို့မှ ဆေးရုံသုံးရုံကို မားစ်ရောဂါ ကုသမှုအတွက် အထူးကုကျန်းမာရေးဌာနများအဖြစ် သတ်မှတ်ထားကြောင်း

**စာမျက်နှာ ၄၆ »**

## လစ်ဗျားရေနံဆိပ်ကမ်း ပြန်လည်ဖွင့်မည်

**ဘင်ဂါဇီ၊ မေ- ၂၈**

ရှစ်လကြာ ရေနံဆိပ်ကမ်းများ ပိတ်ဆို့ထားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သူပုန်များသိမ်းပိုက်ထားသော လစ်ဗျားနိုင်ငံအရှေ့ပိုင်းရှိ ဇူအီတီနာရေနံဆိပ်ကမ်း၏ပျက်စီးမှုကို တန်ဖိုးတွက်ချက်ပြီးနောက် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း လစ်ဗျားတရားရေးဝန်ကြီးက မေ ၂၇ ရက်တွင် ပြောသည်။

နိုင်ငံအရှေ့ပိုင်း ရေနံဆိပ်ကမ်းများ ပိတ်ဆို့ထားမှု အဆုံးသတ်စေရန် အစိုးရနှင့် သူပုန်များကြား သဘောတူညီမှုအရ ရေနံနှင့် ပတ်သက်သည့် အကျင့်ပျက်ခြစားမှုကို စုံစမ်းစစ်ဆေးရန် ကော်မတီတစ်ရပ် ဖွဲ့စည်းထားသည်ဟု ဘင်ဂါဇီမြို့တွင် တရားရေးဝန်ကြီး ဆာလာအယ်လ်မာဂဟာနီက သတင်းထောက်များအား ပြောသည်။

လျော်ကြေးငွေပေးခြင်းကဲ့သို့ ယင်းသဘောတူညီမှုပါ သတ်မှတ်ချက်များအားလုံးကို အစိုးရက အပြည့်အဝ လိုက်နာဆောင်ရွက်မှုမရှိဟု သူပုန်များက စွပ်စွဲခဲ့သဖြင့် ယင်းရေနံဆိပ်ကမ်းလေးခု ပြန်လည်ဖွင့်လှစ်ရေးမှာ ကြန့်ကြာခဲ့ရသည်။

ရေနံတင်ပို့မှုများမှ ဝေစုတောင်းရန် ရေနံဆိပ်ကမ်းများကို သူပုန်များ သိမ်းပိုက်လိုက်စဉ် ပြီးခဲ့သည့်နွေရာသီက ၎င်းတို့ဘက်သို့ ပြောင်းလာသော နိုင်ငံ့ရေနံလုံခြုံရေးတပ်ဖွဲ့တွင် သူပုန်များ ပြန်လည်ပါဝင်လာမည်ဟု ယင်းသဘောတူညီမှုအရ သိရသည်။

လုပ်ခလစာကိစ္စနှင့် ပတ်သက်၍ မိမိတို့ နေ့မအား၊ ညမနား ဆောင်ရွက်နေပြီး ဥပဒေအတိုင်း လုပ်ခလစာများ ပေးအပ်နိုင်ရန် ကာကွယ်ရေး ဝန်ကြီးဌာနက ဝန်ထမ်းစာရင်းများကို စိစစ်သုံးသပ်နေသည်ဟု မာဂဟာနီကပြောသည်။

**စာမျက်နှာ ၄၆ »**



# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ဦးဝင်းတင်၏ ရုပ်ပန အစည်ကားဆုံးဖြစ်ခဲ့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဟံသာဝတီ ဦးဝင်းတင်၏ ရုပ်ပနအခမ်းအနားကို ဧပြီ ၂၃ ရက်တွင် ရေဝေးသုသာန်၌ ကျင်းပရာ သောင်းနှင့်ချီသော ပြည်သူများ လိုက်ပါပို့ဆောင်ခဲ့ပြီး အစည်ကားဆုံး ရုပ်ပနတစ်ခုဖြစ်ခဲ့သည်။ သုသာန်ဝင်းတစ်ခုလုံး ကားများဖြင့် ပြည့်နေပြီး လာရောက်သော ပရိသတ်များကို နှစ်ဦးစီသာ တန်းစီ၍ ဟံသာဝတီဦးဝင်းတင်၏ ရုပ်အလောင်းအား ဂါရဝပြုခွင့်ပေးခဲ့သည်။မွန်းတည့်၁၂ နာရီမှ စတင်ခဲ့သော ဂါရဝပြုခြင်းအခမ်းအနားသည် ညနေ ၅ နာရီတွင်ပင် ဂါရဝပြုရန် ကျန်ရှိနေသူများ ရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တာဝန်ရှိသူများ၊ ဒီမိုကရေစီအင်အားစု နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအနှံ့အပြားမှ ဦးဝင်းတင်အား လေးစားသူများနှင့် အကျဉ်းသားဟောင်းများ၊ မီဒီယာအသိုင်းအဝန်းမှ ပုဂ္ဂိုလ်များ ဂါရဝပြု ပို့ဆောင်ခဲ့ကြသည်။

## မြန်မာသင်္ဘောသားငါးသောင်းခန့် အလုပ်လက်မဲ့ဖြစ်နေ

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော မြန်မာသင်္ဘောသားဦးရေ ခုနစ်သောင်းကျော်ရှိနေသော်လည်းငါးသောင်းခန့်အလုပ်မရရှိသေးဘဲ နှစ်သောင်းဝန်းကျင်သာ နိုင်ငံတကာသင်္ဘောများ၌ အလုပ်လုပ်ကိုင်လျက်ရှိနေသည်ဟု သတင်းရရှိသည်။ မြန်မာသင်္ဘောသားများအလုပ်အကိုင်အခွင့်အလမ်းမှာ လွန်ခဲ့သောနှစ်မှစ၍ ယခင်ထက်ပိုမိုနည်းပါးလျက်ရှိလာသည်။

လက်ရှိတွင် အလုပ်သမားဦးရေ များပြားလာသော်လည်း အလုပ်အကိုင်ဖန်တီးပေးနိုင်မှုမရှိသောကြောင့် သင်္ဘောသားအရေအတွက်နှင့် အလုပ်အကိုင်မှာ မမျှတဘဲရှိနေသည်။ ပြည်တွင်းသင်္ဘောသားအေဂျင်စီများ မှန်ကန်စွာ လုပ်ဆောင်မှုမရှိခြင်း၊ သင်္ဘောကုမ္ပဏီများက အရည်အချင်းနှင့် အတွေ့အကြုံရှိသည့် သင်္ဘောသားများကိုသာ ခေါ်ယူလိုခြင်းတို့ကြောင့် အလုပ်အကိုင်ရှားပါးလာသည်ဟု သင်္ဘောသားအသိုင်းအဝိုင်းက ဆိုသည်။

## သီလဝါစက်မှုဇုန်ရှယ်ယာ ဝယ်လိုသူများပြား

သီလဝါအထူးစီးပွားရေးဇုန်ရင်းနှီးတည်ဆောက်ရန် အများပြည်သူအစုရှယ်ယာတန်ဖိုးကျပ် ၂၁ ဘီလီယံကျော်ဖိုးရောင်းချရန် စီစဉ်ထားသော်လည်း အရောင်းပိတ်ချိန်တွင် အစုရှယ်ယာဝယ်ယူရန်အဆိုပြုထားသည့်ပမာဏ တန်ဖိုးမှာ ကျပ် ၄၀ ဘီလီယံထိရှိသဖြင့် ကျပ်ငွေ ၁၈ ဘီလီယံပိုများနေကြောင်း သီလဝါအထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဆက်အောင်က ပြောကြားသည်။

## မီးလောင်မှုဖြစ်ပွားစေခဲ့သည့် ဗလီဆရာ နှစ်ဦးကို ထောင်ဒဏ်ရှစ်နှစ်စီချမှတ်

ကလေးငယ် ၁၃ ဦးသေဆုံးခဲ့သော ၄၈ လမ်း ဗလီ မီးလောင်မှုဖြစ်စဉ်တွင် တရားစွဲဆိုခံထားရသူ ဗလီဆရာ နှစ်ဦးကို ဗိုလ်တထောင်တရားရုံးက အခင်းဖြစ်ပွားပြီး တစ်နှစ်အကြာ ဧပြီ ၂၄ ရက်တွင် မီးလောင်စေမှုပုဒ်မဖြင့် ထောင်ဒဏ် ၂ နှစ်၊ လူသေစေမှု ပုဒ်မဖြင့် ထောင်ဒဏ်ခြောက်နှစ် စုစုပေါင်း ရှစ်နှစ်စီချမှတ်လိုက်သည်။ ၂၀၁၃ ခုနှစ် ဧပြီ ၂ ရက်တွင် ဗလီအတွင်းရှိ မီးအားမြှင့်စက်အပူလွန်ရာမှ စတင်သော ရန်ကုန် ၄၈ လမ်း ဗလီ မီးလောင်မှုကို ဘာသာရေး၊ လူမျိုးရေး မုန်းတီးမှုများပါဝင်နေသည်ဟု ပြောဆိုမှုများရှိနေသောကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က မီးလောင်မှုနှင့် ပတ်သက်ပြီး ထိုနေ့တွင်ပင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရသည်။

## ဘာသာရေးကို နိုင်ငံရေးတွင် အသုံးချပါက လမ်းကြောင်းလွဲမည်ဟု အိုဘားမားပြော



MOHD RASFAN/AFP

မြန်မာနိုင်ငံတွင် ဘာသာရေး၊ လူမျိုးရေးကို အသုံးချ၍ နိုင်ငံရေးတွင် စည်းရုံးလှုံ့ဆော်အသုံးချပါက လမ်းကြောင်းလွဲမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ပထမဆုံးအကြိမ်အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်။ ကွဲပြားခြားနားသည့် တိုင်းရင်းသားအုပ်စုများ၊ မတူညီသည့်ဘာသာကိုးကွယ်မှုများရှိနေသည့် မြန်မာနိုင်ငံတွင် မွတ်စလင်လူထုကို ဖိနှိပ်ပါက မြန်မာနိုင်ငံ အောင်မြင်လိမ့်မည်မဟုတ်ကြောင်း အိုဘားမားက သတိပေးခဲ့ပြီး ဘာသာလူမျိုးကွာခြားမှုမှာ ခွဲခြားဆက်ဆံရန်၊ အထင်မြင်သေးရန်အတွက် မဖြစ်သင့်ကြောင်း၊ မလေးရှားတွင် ပြုလုပ်ခဲ့သည့် လူငယ်တွေ့ဆုံပွဲတွင် မြန်မာကိုယ်စားပြုလူငယ်တစ်ဦး၏ မေးမြန်းမှုကို ၎င်းကပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

## မီးလောင်မှုနှင့် တိုက်ပြိုမှုများ တစ်ရက်တည်း ဖြစ်ပွား

အလုံမြို့နယ်အတွင်း နှစ်ထပ်တိုက်ဟောင်းတစ်လုံး ဖြိုချနေရာမှ မျက်နှာစာ အုတ်နံရံ ပြိုကျခဲ့သောကြောင့် အလုပ်သမား သုံးဦးသေဆုံးခဲ့သည်။ဧပြီ၂၆ရက် ညနေ ၄ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရုတ်တရက်ပြိုကျခဲ့သောကြောင့် တိုက်ဖြိုနေသော အလုပ်သမား သုံးဦးပိခဲ့ရာ နှစ်ဦးမှာ ယင်းနေရာ၌ပင် ပွဲချင်းပြီးသေဆုံးခဲ့သည်။ ကျန်တစ်ဦးမှာမူ ဒဏ်ရာပြင်းထန်စွာ ရရှိ၍ ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့သော်လည်း သေဆုံးခဲ့သည်။ ယင်းဖြစ်စဉ်မတိုင်မီ နေ့လယ် ၁ နာရီခန့်ကလည်း လှိုင်မြို့နယ် ၁၃ ရပ်ကွက်တွင် မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကာ လူနေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် နှစ်ဆယ့်ငါးသိန်းကျော်ဆုံးရှုံးခဲ့သည်။

## တရုတ်နိုင်ငံသားရှစ်ဦးထံမှ လက်နက်ခဲယမ်းများ ဖမ်းမိ

မြန်မာ–အိန္ဒိယနယ်စပ် တမူးမြို့တွင် တရုတ်နိုင်ငံသားရှစ်ဦးစီးလာသည့် ကားပေါ်မှ သေနတ်၊ လက်ပစ်ဗုံးနှင့် ကျည်များဖမ်းဆီးနိုင်ခဲ့ပြီး အဆိုပါဖြစ်စဉ်ကို တမူးခရိုင်ရဲတပ်ဖွဲ့က စစ်ဆေးနေသည်။ ဧပြီ ၂၅ ရက်က မြန်မာ–အိန္ဒိယချစ်ကြည်ရေးကားလမ်းမပေါ်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံလုပ် သေနတ်ရှစ်လက်၊ လက်ပစ်ဗုံး ၃၁ လုံး၊ ကျည်တောင့် ၁၈၆၀ တောင့်နှင့် ကျည်ကတ် ၃၈ ကတ် သိမ်းဆည်းနိုင်ခဲ့သည်။ ဖမ်းထားသူများအား တမူးမြို့နယ်ရဲစခန်းတွင် ထိန်းသိမ်းထားကြောင်း သတင်းရရှိသည်။

## မိုးကုတ်မြို့တွင် ညအချိန် လူတစ်စုက နေအိမ်များကို မီးလိုက်ရှို့နေ

မိုးကုတ်မြို့၌ လူနေအိမ်များကို ညဥ့်သန်းခေါင်ကျော်အချိန်များတွင် လူတစ်စုက လိုက်လံမီးရှို့နေသော ကြောင့် ဒေသခံများ ထိတ်လန့်နေကြကြောင်း မိုးကုတ်မြို့ခံများက ပြောသည်။ နှစ်ရက်ဆက်တိုက် ရှို့မီးနှစ်ကြိမ်ဖြစ်ပွားခဲ့သဖြင့် မီးသတ်ဌာန၊ ရဲတပ်ဖွဲ့နှင့်သက်ဆိုင်ရာ ဒေသအာဏာပိုင်များ ပူးပေါင်းပြီး ဝန်ထမ်းအင်အားသုံးကာ လုံခြုံရေးလုပ်ငန်းများ လုပ်ကိုင်နေရကြောင်း အဆိုပါဌာနများမှ တာဝန်ရှိသူများက ပြောသည်။ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက ဈေးအတွင်း ဖြစ်ပွားခဲ့သောအပြတိုက်လူသတ်မှုများ မဖြစ်မီ ရှို့မီးလောင်မှုများ ဖြစ်ပြီးမှသာ နောက်ဆက်တွဲအမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ယခုလည်း နောက်ဆက်တွဲဖြစ်ရပ်များ ဖြစ်လာမည်ကို ဒေသခံများ စိုးရိမ်နေရကြောင်း မိုးကုတ်မီးသတ်ဌာနမှ တာဝန်ရှိသူက ပြောသည်။

## ဘုရားဖူးဟန်ဆောင်ပြီး ထိုင်းသို့ခိုးဝင်သော မြန်မာ ၃၀ ဖမ်းဆီးခံရ

ထိုင်းဘုန်းကြီးနှစ်ပါးက ဦးဆောင်ကာ ဘုရားဖူးများအဖြစ် ဟန်ဆောင်၍ ထိုင်းနိုင်ငံသို့ ခိုးဝင်လာခဲ့သည့် မြန်မာလူမျိုး ၃၀ ဦး မဲဆောက်မြို့တွင် ဧပြီ ၂၁ ရက် ဖမ်းဆီးခံခဲ့ရသည်။ မဲဆောက်မြို့ ပွေ့ဟင်ဖွန်စစ်ဆေးရေးဂိတ်တွင် ထိုင်းနယ်ခြားစောင့်တပ်က စစ်ဆေးရေးလုပ်နေစဉ် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ မြန်မာလူမျိုး ၃၀ ဦးကို အလုံပိတ်ကားနှစ်စီးအတွင်းမှ ဘုရားဖူးဝတ်စုံများ ဝတ်ဆင်ထားလျက် ဖမ်းဆီးခဲ့ခြင်း ဖြစ်ပြီး ၎င်းတို့အား ထိုင်းလဝက ဥပဒေဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း သတင်းရရှိသည်။

## ကလပ်မှ ပြန်လာသူများအား အုပ်စုဖွဲ့လုယက်မှု ဖြစ်ပွား

ဧပြီ၂၄ရက် နံနက်၄နာရီက ကလပ်တွင် ဘောလုံးပွဲကြည့်ပြီး ပြန်လာသော လူငယ်တစ်စုသည် အင်းလျားကန်ပေါင်အနီးတွင် ၎င်းတို့လင့်ခရူဇာယာဉ်အား ရပ်ထားပြီး ကန်ပေါင်ပေါ်သို့ အခြားသူငယ်ချင်းများ နှင့်အတူတက်သွားစဉ် ယာဉ်အတွင်းကျန်ရှိခဲ့သည့် လူငယ်နှစ်ဦးအား အမည်မသိ အမျိုးသားငါးဦး အုပ်စုဖွဲ့က ထိုးကြိတ်လုယက်မှု ပြုလုပ်ခဲ့၍ ငွေကျပ် ၇၈,၀၀၀ တန်ဖိုးရှိ ရွှေထည် ပစ္စည်းများအပါအဝင် ယာဉ်ကိုပါ လုယူပြီး မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းရရှိသည်။ ထို့အပြင် ယာဉ်ပိုင်ရှင်အမျိုးသားနှင့် ၎င်း၏ မိတ်ဆွေအမျိုးသမီးတို့ကိုလည်း စကေဘာဖြင့်ထောက်၍ ယာဉ်နှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ရွှာသာကြီးစိတ်ရောဂါကုဆေးရုံကြီးအနီး၌ လမ်းစရိတ်ငွေကျပ် ခုနစ်ထောင်ပေး၍ ကားပေါ်မှချထားခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ တိုင်းရဲတပ်ဖွဲ့မှ စစ်ကြောရေးအဖွဲ့ဖွဲ့စည်းပြီး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

## ဖားကန့်တွင် မြေစာပုံပြိုရာ မောင်နှမသုံးဦး သေဆုံး

ဖားကန့်မြို့နယ်တွင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီလုပ်ကွက် ရေကန်တစ်ကန် အနီးတွင် စုပုံထားသော ပေ ၃၀၀ ခန့်မြင့်သည့် စွန့်ပစ်မြေစာပုံပြိုကျရာမှ ရေကန်အတွင်း ရေချိုးနေသည့် မောင်နှမသုံးဦး သေဆုံးမှုဖြစ်ခဲ့သည်။ ပမာဏများသည့် စွန့်ပစ်မြေများသည် ရေကန်အတွင်း ပြိုကျကာ ဆူနာမီအသေးစားပုံစံ သဘာဝဘေးအန္တရာယ်ဖြစ်ပြီး ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဖားကန့်မြို့နယ်ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောသည်။ မောင်နှမသုံးဦးမှာ ၁၀ တန်းနှင့် ၈ တန်းကျောင်းသူအပါအဝင်၊ ၎င်းတို့၏ မောင်ဖြစ်သူ လေးနှစ်အရွယ် ကလေးငယ်တစ်ဦးတို့ဖြစ်သည်။

7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014



# ဆိုက်ရောက်ဗီဇာပြဿနာ

▪အောင်သူရ၊ခန့်ထက်

**ခရီးသွား** ကုမ္ပဏီတစ်ခု၏အုပ်ချုပ်မှု ဒါရိုက်တာဖြစ်သော ဒေါ်ဒါလီက ဆိုက်ရောက်ဗီဇာ(Arrival Visa) နှင့် ပတ်သက်၍ ခရီးသွားများကို နားလည်အောင် ရှင်းမပြတတ်ဟု ပြောပါသည်။

ခရီးလှည့်လည်ရေးကုမ္ပဏီ တစ်ခုလျှင် ဧည့်သည်ဆယ်ဦးနှင့်အထက် လျှောက်ထားမှသာကြို တင်ပြုလုပ်သော ဆိုက်ရောက်ပြည်ဝင်ခွင့်ပြုမည့်ပေါ်လစီအပေါ် Tour De Myanmarအုပ်ချုပ်မှုဒါရိုက်တာဒေါ်ဒါလီက မေးခွန်းထုတ်သည်။

“ဝန်ကြီးဌာနရဲ့ ပေါ်လစီကို လုံးဝနားမလည်ဖြစ်ရတယ်”ဟု ဒေါ်ဒါလီကပြောသည်။ထိုသို့ မူဝါဒချမှတ်ထား၍ ခရီးသွားများနားလည်လက်ခံအောင်သူရှင်းမပြနိုင်ခြင်းဖြစ်သည်။

“ဆယ်ယောက်ဖြစ်ဖို့ဆိုတာဟာ သဘာဝမကျဘူး။ အားလုံးကို လိမ်ခိုင်းသလိုဖြစ်နေတယ်”ဟု RubyLand ခရီးလှည့်လည်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးကျော်ကဆိုသည်။

ထိုအစီအစဉ်ပြောင်းလိုက်သည့်အချိန်မှစ၍ မြန်မာနိုင်ငံသို့ လာရောက်ရန်စီစဉ်ထားသော ကမ္ဘာလှည့်ခရီးသည်များမှာ ခရီးစဉ်ဖျက်သိမ်းခြင်းနှင့်ခရီးစဉ်ရွှေ့ဆိုင်းခြင်းများ ပြုလုပ်လာကြသည်ဟု ခရီးလှည့်လည်ရေးကုမ္ပဏီများထံမှ သတင်းရရှိသည်။

မတ်လမှ ဧပြီလအတွင်း Nature Dream ကုမ္ပဏီဖြင့် လာရောက်ရန် ပြင်ဆင်ထားသော ကမ္ဘာလှည့်ခရီးသွား ၁၅ဖွဲ့မှာ ခရီးစဉ်များဖျက်သိမ်းသွားခဲ့သည်ဟု အဆိုပါကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်စံပယ်အောင်ကပြောသည်။

မတ်လဆန်းမှစ၍ နှစ်ပတ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ချင်သူများ ပြည်ဝင်ခွင့်ရရှိရန် ခရီးသွားကုမ္ပဏီများအနေဖြင့်အာမမခံရဲဖြစ်နေကြသည်။

လာရောက်လည်ပတ်ရန် စုံစမ်းသူများအားနီးစပ်ရာသံရုံးတွင် ဗီဇာလျှောက်ထားပြီးမှသာ လာရောက်ရန် အကြောင်းပြန်နေကြရသည်။ ထို့အပြင် မြန်မာနိုင်ငံသံရုံးများမှာလည်း မြို့ကြီးများတွင်သာရှိကြပြီး မိုးတွင်းကာလတွင် အဓိကလာရောက်သောစပိန်နိုင်ငံ၌ မြန်မာသံရုံးမရှိပေ။

ပြည်ပနိုင်ငံများတွင်ရှိသော မြန်မာသံရုံးများတွင် ပြည်ဝင်ခွင့်ရရှိရန် လျှောက်ထားသည့်ကိစ္စမှာလည်း ထင်သလောက်မလွယ်သည့်ကိစ္စဖြစ်သည်။

မေလဆန်းတွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင်တက်ရောက်သတင်းယူရန်အတွက် အင်ဒိုနီးရှားနိုင်ငံထုတ် Kompas သတင်းစာမှ သတင်းထောက်တစ်ဦးသည်ပင် ပြည်ဝင်ခွင့်ဗီဇာမရရှိသဖြင့် မြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနသို့ အကူအညီတောင်းခံနေရသည်။

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများလာရောက်မှုမြင့်တက်လာပြီးနောက် လက်ရှိမြန်မာနိုင်ငံ၏ဟိုတယ်အခန်းများလည်းဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ဈေးကြီးနေသဖြင့် လာမည့်နှစ်အတွက် မြန်မာနိုင်ငံသို့ လာရောက်ရန် စုံစမ်းမှုများ လျော့နည်းလာကြောင်း ခရီးသွားကုမ္ပဏီများကပြောသည်။

သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရအဖွဲ့တက်လာပြီး မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ဝင်ရောက်မှုမှာ သိသိသာသာ မြင့်တက်လာခဲ့သည်။

မြန်မာနိုင်ငံသို့ ခရီးသည်ရောက်ရှိမှုသည် ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်းရှိခဲ့ပြီး တိုးတက်မှု ၃၀ ရာခိုင်နှုန်းရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်းရှိ၍ တိုးတက်မှု ၉၃ ရာခိုင်နှုန်းထိရှိလာသည်။ ခရီးသွားလုပ်ငန်းမှ အမျိုးသားဝင်ငွေရရှိမှုသည်လည်း ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၄ သန်းရရှိမှုမှ ၂၀၁၃ ခုနှစ်တွင် ၉၂၆ သန်းအထိ တိုးတက်လာကြောင်း ဟိုတယ်ခရီးဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

ထိုသို့ မြင့်တက်လာသော ကမ္ဘာလှည့်ခရီးသွားများထဲတွင် ပြည်ပနိုင်ငံတွင် အခြေစိုက်သော ခရီးသွားကုမ္ပဏီများမှ ရောင်းချသော Package Tour များမှတစ်ဆင့် လာရောက်သူများထက် မိမိအစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့တိုက်ရိုက်လာရောက်သော FIT ဧည့်သည်များမှာ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားခဲ့သည်။

FIT ဧည့်သည်အများစုမှာလည်းအုပ်စုလိုက်လာရောက်ခြင်းမျိုးမဟုတ်ဘဲ တစ်ဦး၊ နှစ်ဦးမှသည် ငါးဦး၊ ခြောက်ဦးခန့်သာရှိကြသည်။

ရန်ကုန်လေဆိပ်ဝင်ပေါက်မှ Package Tour ဖြင့် လာရောက်သူမှာ ၂၀၁၃ ခုနှစ်တွင် ၁၄၈,၅၅၇ ဦးရှိပြီး FIT ဖြင့် လာရောက်သူမှာ ၂၉၄,၂၁၈ ဦးအထိ ရှိသည်။

ထို့ကြောင့် ကိုယ်ပိုင်အစီအစဉ်ဖြင့် လာရောက်သော တစ်ဦးချင်း ခရီးသွားဦးရေက ခရီးစဉ်ကြိုတင်စီစဉ်ကာ အဖွဲ့လိုက်လာရောက်သော ဦးရေထက် နှစ်ဆကျော်များသည်။

မြန်မာနိုင်ငံအနေဖြင့် တပ်မတော်အစိုးရလက်ထက်ကပင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြမည့် ကမ္ဘာလှည့်ခရီးသွားများအတွက် ကြိုတင်ပြုလုပ်သော ဆိုက်ရောက်ပြည်ဝင်ခွင့်စနစ်ဖြင့် ခွင့်ပြုပေးခဲ့သည်။ ဗီဇာလျှောက်ထားရာတွင်လည်းငါးရက်အတွင်း ရရှိခဲ့သည်။

သမ္မတဦးသိန်းစိန် အစိုးရတက်လာပြီးနောက်ပိုင်း ထိုစနစ်အပြင် စီးပွားရေးဗီဇာဖြင့် လာရောက်သူများနှင့်လူမှုရေးဗီဇာဖြင့် လာရောက်သူများအား ဆိုက်ရောက်ပြည်ဝင်ခွင့်ဗီဇာဖြင့် လာရောက်ခွင့်ပြုခဲ့သည်။

စီးပွားရေးဗီဇာဖြင့် ဝင်ရောက်လာသူများအား ဗီဇာကြေးဒေါ်လာ ၅၀ ကောက်ခံ၍ ရက်ပေါင်း ၇၀ နေထိုင်ခွင့်ပေးခဲ့သည်။

သို့သော် ၂၀၁၄ ခုနှစ် မတ်လ ၁၀ ရက်မှစတင်၍ ယခင်ခွင့်ပြုပေးခဲ့သော ဆိုက်ရောက်ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားရာတွင် ကုမ္ပဏီတစ်ခုလျှင် ၁၀ ဦးနှင့်အထက် လျှောက်ထားမှသာ ခွင့်ပြုပေးမည်ဟု ပြောင်းလဲခဲ့သည်။

ထို့ကြောင့်ခရီးသွားကုမ္ပဏီများအနေဖြင့် နှစ်ပတ်အတွင်း လာရောက်လိုသူများအား ခရီးစဉ်ရောင်းချခြင်းမပြုကြတော့ပေ။

အချို့သော ကုမ္ပဏီများကမူ ကမ္ဘာ့လှည့်ခရီးသွားများအား စီးပွားရေးဗီဇာလျှောက်ထားပြီး စီးပွားရေးလုပ်ငန်းရှင်ပုံစံဖြင့် ဝင်ရောက်နေကြသည်။

“ဧည့်သည်ကိုတော့ကြိုပြောထားရတယ်။ စီးပွားရေးလုပ်ဖို့လာတာပါလို့ လေဆိပ်မှာပြောဖို့”ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။ အချို့သော ခရီးသွားကုမ္ပဏီများကမူ သက်ဆိုင်ရာ နှင့် နားလည်မှုပြုလုပ်ကာ ပြည်ဝင်ခွင့်ရရှိအောင် ဆောင်ရွက်နေကြသည်ဟု သတင်းရရှိသည်။ ထိုကဲ့သို့နားလည်မှုပြုလုပ်ရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများကို စာရွက်စာတမ်းကြေး သဘောမျိုးပေးဆောင်ရသည်ဟုလည်း ကိုယ်တိုင်ဆောင်ရွက်နေသော ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများက ပြောသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းကလည်း ခရီးသွားကုမ္ပဏီများမှ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားသူအများစုက ၁၀ဦးပြည့်ပါက သက်ဆိုင်ရာဝန်ကြီးဌာနသို့ လျှောက်ထားပေးနေသည်။

“ဗီဇာကိစ္စက အခုလက်ရှိ ၁၀ ယောက်အဖွဲ့ဆိုရင် ပေးတုန်းပဲ ၁၀ ယောက်အဖွဲ့ဆိုရင် ဟိုတယ်ခရီးက လ.ဝ.ကကို ထောက်ခံပေးပြီးတော့ ခွင့်ပြုချက်တောင်းခံပေးရတယ်။ အခုကတော့ခရီးသွားရာသီ Low Season ဆိုတော့ သိပ်ပြဿနာမရှိတော့ပါဘူး”ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဗီဇာဌာနမှ ဦးဇော်မင်းနောင်ကဆိုသည်။

လာမည့်ခရီးသွားရာသီအစဖြစ်သော အောက်တိုဘာတွင် E-Visa စနစ် စတင်အကောင်အထည်ဖော်နိုင်ပါက လက်ရှိဖြစ်ပေါ်နေသော အခက်အခဲများ အဆင်ပြေသွားမည်ဖြစ်ကြောင်း ဦးဇော်မင်းနောင်ကဆိုသည်။

E-Visa စနစ် အကောင်အထည်ဖော်နိုင်ပါက လက်ရှိကမ္ဘာလှည့်ခရီးသွားများ ကြုံတွေ့နေရသော အခက်အခဲများ အဆင်ပြေသွားမည်ဟုလည်း ခရီးလှည့်လည်ရေးကုမ္ပဏီများက ယုံကြည်နေကြသည်။ သို့သော်ထိုစနစ်မစတင်နိုင်မီ ကမ္ဘာလှည့်ခရီးသွားများ၏ ပြည်ဝင်ခွင့်ဗီဇာနှင့် ပတ်သက်၍ တိကျသည့် မူဝါဒတစ်ခုရှိရန် လိုအပ်သည်။ လက်ရှိအခြေအနေတွင် အဆင်ပြေရန်အတွက် နားလည်မှုများ၊ လိမ်လည်မှုများ ဆောင်ရွက်နေကြရသည့် အခြေအနေကို ခရီးလှည့်လည်ရေး ကုမ္ပဏီများက မနှစ်သက်ကြပေ။

ထို့ကဲ့သို့မပြတ်သားသော ပေါ်လစီကြောင့် စီးပွားရေးလုပ်ကိုင်သူများအနေဖြင့် သိက္ခာမရှိဖြစ်စေသလို တိုင်းပြည်၏ ဂုဏ်သိက္ခာလည်း ကျစေခဲ့သည်။

**ဆိုက်ရောက်ဗီဇာ**
**မူဝါဒပြောင်းလဲမှုများ**

**၂၀၁၄ ဖေဖော်ဝါရီ ၁၄ ရက်**

ကမ္ဘာလှည့်ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာ (VOA) ထုတ်ပေးခြင်းကို စတင်ရပ်ဆိုင်း။

**၂၀၁၄ မတ်လ ၁၀ ရက်**

ကမ္ဘာလှည့်ခရီးသွားများ ဆိုက်ရောက်ဗီဇာလျှောက်ထားရာ ကုမ္ပဏီတစ်ခုလျှင် ၁၀ ဦးနှင့်အထက် လျှောက်ထားမှသာ ခွင့်ပြုမည်ဖြစ်ပြီး လျှောက်ထားရာတွင် ဗီဇာကြေးကြိုတင်သွင်းရမည်ဟု ထုတ်ပြန်။

**၂၀၁၄ မတ်လ ၁၄ ရက်**

ခရီးသွားကုမ္ပဏီများ ဆိုက်ရောက်ဗီဇာ လျှောက်ထားရာတွင် မိမိတို့ Package Tour မှအပ အခြားခရီးသည်များအား အခကြေးငွေယူပြီး ဆောင်ရွက်ပေးပါက အရေးယူမည်ဟု ဟိုတယ်/ခရီးဝန်ကြီးဌာနမှ ထုတ်ပြန်။

# နာဂစ်ပေးတဲ့ဒဏ်ရာ အခုထိမကျက်သေးဘူး

ထွန်းခိုင်



ကြိမ်ချောင်းကြီးကျေးရွာ စကားဝိုင်းများတွင် ယခုတစ်လော ထိပ်တန်းသတင်းအဖြစ် နေရာယူနေသည်က ညညရွာထိပ် နားတွင် သရဲခြောက်သည်ဆိုသည့်သတင်း ပင်ဖြစ်သည်။

ညညဖြတ်သွားဖြတ်လာ လုပ်ကြသူများ၊ ရွာထိပ်တွင် ညအိပ်ရပ်နားလေ့ရှိသည့် မော်တော်ယာဉ်အစောင့်များကို ခြောက်လှန့်ခဲ့သည်ဆိုသည့် သတင်းများသည် ရွာထဲက စကားဝိုင်းများတွင် မပါမဖြစ်ဆိုသလောက်ပင်။

သည်ခြောက်လှန့်မှုများသည် လွန်ခဲ့သည့် ခြောက်နှစ်ကသူတို့ရွာတွင် လူပေါင်း ၃၀၀၀ ကျော်အသက်သေဆုံးခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအတွင်း ကွယ်လွန်သွားခဲ့ပြီးမကျွတ်မလွတ်ဘဲဖြစ်နေသူများက ခြောက်လှန့်နေခြင်းဖြစ်ကြောင်း ရွာသားအချို့က ယုံကြည်လျက်ရှိသည်။ ဧရာဝတီတိုင်း၊ ဘိုကလေးမြို့အတွင်းရှိ အဆိုပါရွာကလေးသည် မုန်တိုင်းအပြီး ခြောက်နှစ်ကျော်ကြာခဲ့ပြီဖြစ်သော်လည်း နာဂစ်၏အရိပ်ဆိုးက သူတို့ကို ခြောက်လှန့်နေဆဲဖြစ်သည်။

မုန်တိုင်းဒဏ်ကြောင့် မသေမပျောက်ကျန်ရစ်သူများသည် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏အကူအညီကြောင့် နာဂစ်အပြီးခြောက်နှစ်အကြာတွင် နေအိမ်အဆောက်အအုံစသည့် ရုပ်ပိုင်းဆိုင်ရာအခြေအနေများတိုးတက်လာသော်လည်း အလွယ်တကူမမြင်နိုင်သည့် စိတ်ပိုင်းဆိုင်ရာပြဿနာများကိုတော့ ရင်ဆိုင်နေရဆဲဖြစ်သည်။

သေဆုံးသူများထဲမှ မကျွတ်လွတ်သေးသူများက ခြောက်လှန့်သည်ဟု ခံစားရခြင်း၊ အသက်မသေဘဲ ကျန်ရစ်ခဲ့သော်လည်း ကွယ်လွန်သွားခဲ့ကြသည့် မိသားစုဆွေမျိုးများကို မကယ်တင်နိုင်ခဲ့သောကြောင့် အပြစ်ရှိသည်ဟု စိတ်ထဲ ခံစားနေရခြင်း၊ လေပြင်းပြင်းတစ်ချက်တိုက်လိုက်တိုင်း ဆောက်တည်ရာမရဖြစ်ကြခြင်းစသည့် မျက်စိဖြင့် အလွယ်တကူမမြင်တွေ့နိုင်သည့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများလည်း ခံစားခဲ့ကြရခြင်းဖြစ်သည်။

ထိုအထဲတွင် ဘိုကလေးမြို့တွင် ကျပန်းအလုပ်သမားတစ်ဦးအဖြစ် အသက်မွေးနေသည့် ဦးစိုးဝင်းတစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ လွန်ခဲ့သည့်ခြောက်နှစ်က ဘိုကလေးမြို့နယ်အတွင်းရှိ ပင်လယ်ဝရွာကလေးတစ်ခုတွင် ရေလုပ်သားအဖြစ်အသက်မွေးခဲ့သည့်ဦးစိုးဝင်းသည် နာဂစ်မုန်တိုင်းအတွင်း သူ၏ဇနီး၊ သားနှစ်ဦးနှင့် သမီးတစ်ဦးတို့ ဆုံးရှုံးခဲ့ရသည်။

နာဂစ်မုန်တိုင်းအတွင်း ရှန်းကန်ရင်းအသက်ရှင်သန်ခဲ့သော်လည်း သူ၏မိသားစုဝင်အားလုံးသေဆုံးခဲ့ရခြင်းသည် သူ့တွင် တာဝန်မကင်းကြောင်း စိတ်ထဲခံစားနေရကြောင်း ဦးစိုးဝင်းကပြောသည်။ ထိုကြေကွဲဖွယ်ဖြစ်ရပ်ကြောင့် သူသည်လည်း အရက်ကိုစွဲစွဲလမ်းလမ်းသောက်သုံးသူတစ်ဦးအဖြစ် ရောက်ရှိခဲ့သည်။

“လှိုင်းတစ်ချက်အပုတ်မှာ ကျွန်တော့်လက်ထဲက အငယ်ကောင်လေး လွတ်ထွက်သွားတယ်။ ဘယ်လိုမှ ရှာမရတော့ဘူး။ နောက်ပိုင်း ၂ နှစ်၊ ၃ နှစ် လောက်ကလေးပေါက်စလေးတွေ တွေ့တိုင်း ကျွန်တော်အသုံးမကျလို့ ကလေးသေတယ်လို့ပဲ တွေးတွေးပြီး ငိုနေရတယ်။ နောက်တော့လည်း သူ့ကံပါသလောက်ပဲ လို့ဆိုပြီး ဖြေသိမ့်ခဲ့ရတယ်”ဟု ဦးစိုးဝင်းကပြောသည်။

ထိုကဲ့သို့ခံစားခဲ့ရသည်မှာ ဦးစိုးဝင်းတစ်ယောက်တည်းမဟုတ်ခဲ့။ နာဂစ်မုန်တိုင်းကြောင့် သေဆုံးသွားခဲ့သည့် လူပေါင်း ၁၃၈,၀၀၀ ကျော်၏ မိသားစုဝင်များလည်း အပါအဝင်ဖြစ်သည်။

မုန်တိုင်းလာမည်ကို ကြိုတင်သိထားကြသော်လည်း ဒီလောက်ထိ ပြင်းထန်မည်ကို မသိခဲ့သောကြောင့် မြစ်ဝကျွန်းပေါ်နေသူများက ကြိုတင်ပြင်ဆင်မှုမပြုလုပ်ထားခဲ့ကြ။

“မုန်တိုင်းမတိုက်ခင်အစလောက်မှာ အပင်တွေလဲတာ။ သွပ်တွေပျံနေတာကြည့်ပြီးလူတွေတောင် ပျော်နေကြသေးတယ်”ဟု လူ၃,၅၀၀ ခန့်ရှိသည့် သူတို့ရွာတွင် လူ ၅၀၀ ခန့်သာ အသက်ရှင်ခွင့်ရခဲ့သည့် ၂၀၀၈ နာဂစ်မုန်တိုင်းအခြေအနေကို ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာမှ ကိုသန်းထိုက်အောင်က ပြန်ပြောပြသည်။

တကယ်တမ်းမုန်တိုင်းတိုက်ခတ်သည့်အခါ တစ်နာရီလျှင် ပျမ်းမျှလေတိုက်နှုန်းမိုင် ၁၂၀၊ မြစ်ဝကျွန်းပေါ်ဒေသနေသူများအတွက် ကံဆိုးမိုးမှောင်ကျသည့် နေ့ဖြစ်ခဲ့ရသည်။ လူပေါင်းတစ်သိန်းသုံးသောင်းသေဆုံးခဲ့ပြီး သန်းနဲ့ ချီသော သူများဒုက္ခရောက်ခဲ့ကြရသည်။

ကော်ဇောပြင်တစ်ချပ်ဖြန့်ခင်းထားသလို ပြန့်နေသည့် မြစ်ဝကျွန်းပေါ်ဒေသ၏မြေမျက်နှာသွင်ပြင်ကလည်း သေဆုံးစာရင်းကို တိုးစေခဲ့သည်။ မုန်တိုင်းနှင့် အတူတက်လာသည့် မုန်တိုင်းဒီရေများဆီမှ လွတ်ရာကျွတ်ရာ ပြေးရန် ကုန်းမြေမြင့်ကမရှိခဲ့။ နာဂစ်မုန်တိုင်းအပြီး ၂ နှစ်အကြာ ၂၀၁၀ တွင် ရခိုင်ပြည်နယ်သို့ နာဂစ်လေတိုက်နှုန်းအတိုင်း ဂီရိမုန်တိုင်း တိုက်ခတ်ခဲ့သော်လည်း ကုန်းမြေမြင့်၊ ရေကာလေကာများကြောင့် သေဆုံးသူ ၆၀ ဦးခန့်သာရှိခဲ့သည်။

မြန်မာ့သမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ကြီးအတွင်း ကျန်ရစ်ခဲ့သူများအတွက် ခြောက်နှစ်တာကာလအတွင်း ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးအတွက် အကူအညီများရရှိခဲ့သော်လည်း စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ပေးမှုများအတွက်တော့လုံလောက်သည့်အကူအညီများမရခဲ့ကြပေ။

အချိန်ကာလကြာသွားသည်နှင့်အမျှ မေ့မေ့ပျောက်ပျောက်နှင့်ဖြေဆည်နိုင်သူများရှိသလို ယခုအချိန်အထိ မိသားစုဆုံးရှုံးမှုဒဏ်ကြောင့် စိတ်စွဲလမ်းကာ တုန်လှုပ်ချောက်ချားနေသူများလည်းရှိနေဆဲဖြစ်သည်။

သဘာဝဘေးအပါအဝင် တုန်လှုပ်ချောက်ချားစရာအဖြစ်အပျက်များ ကြုံတွေ့ပါက သွေးပျက်ချောက်ချားမှုများဖြစ်ပေါ်တတ်သည်မှာ သဘာဝဖြစ်သော်လည်း အချိန်ကာလတစ်ခုအထိ မပျောက်ဘဲ စွဲလမ်းမှုများဖြစ်ပေါ်နေပြီး စိတ်ဒဏ်ရာရသွားသည့် အခြေအနေအထိ ဖြစ်ပေါ်ခဲ့ပါက လုံလောက်သော ဆေးဝါးကုသမှုခံယူသင့်ကြောင်း စိတ်ပညာရှင်ဒေါက်တာ အောင်မြတ်ကျော်စိန်ကပြောသည်။

“ဥပမာဖုံးပေါက်တာကို ကြုံတဲ့သူက နောက်တစ်ခါကားဘီးပေါက်သံကြားရင် လန့်လန့်တတ်တာမျိုးပေါ့။ ဒါမျိုးနောက်တစ်ခါ၊ နှစ်ခါကြုံရင် ဘီးပေါက်တာကိုသိပ်ပြီးပုံမှန်အတိုင်းဖြစ်သွားတယ်ပေါ့။ ဒီလိုမှ မဟုတ်ဘဲ အမြဲလန့်နေရင် စိတ်ရောဂါလိုအသွင်ပြောင်းသွားတယ်လို့ ဆိုနိုင်တာပေါ့။ နာဂစ်ဒေသက လူတွေလည်း အချိန်အတော်ကြာတဲ့အထိ ပြန်မြင်ယောင်နေတာမျိုးဆိုရင် ကုသမှုခံယူသင့်တယ်” ဟု မော်လမြိုင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဒေါက်တာ အောင်မြတ်ကျော်စိန်ကပြောသည်။

လူ့အသက်ပေါင်းများစွာကို ချေဖျက်သွားခဲ့သည့် နာဂစ်ကပေးခဲ့သည့် သင်ခန်းစာများကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် မုန်တိုင်းကြိုတင်ကာကွယ်ရေးအသိပညာများ၊ မုန်တိုင်းရှောင်နိုင်သည့် နေရာများတိုးတက်လာခဲ့သော်လည်း တကယ်တမ်းနဖူးတွေ့၊ ဒူးတွေ့မုန်တိုင်းနှင့် ကြုံလာမည်ကိုတော့ ကြောက်လန့်နေကြဆဲဖြစ်သည်။

“အနီရောင်တို့၊ အဝါရောင်တို့ဆိုကြောက်နေကြပြီ။ဘယ်ပြေးလို့ ပြေးရမှန်းမသိတဲ့လူတွကလည်းရှိတယ်။ တချို့ဆိုနာဂစ်အပြီး ၂ နှစ်၊ သုံးနှစ်လောက်အထိ မုန်တိုင်းဆိုတုန်နေကြတဲ့သူတွေလည်းရှိတယ်”ဟု ကြိမ်ချောင်းကြီးကျေးရွာမှ ဒေါ်အေးမြင့်ကပြောသည်။

သိန်းနှင့်ချီသော လူများသေဆုံးသွားခဲ့သည့် နာဂစ်မုန်တိုင်းအပြီးတွင် မကျွတ်မလွတ်သေးသူများကခြောက်လှန့်သည်ဆိုသည့် စိတ်ခံစားမှုများကလည်း အသက်ရှင်ကျန်ရစ်သူများကို ခြောက်လှန့်နေဆဲဖြစ်သည်။ နာဂစ်ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်တွင်လည်း သရဲတစ္ဆေဇာတ်လမ်းများမှာ တစ်နေရာနှင့် တစ်နေရာ မရိုးအောင် ကြားနေရသည်။

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ တစ်ဖက်ကမ်းနှင့် ကြိမ်ချောင်းကြီးကျေးရွာသို့ တစ်နာရီကျော်ကြာ သွားရောက်ရသည့် လမ်းတစ်လျှောက်သည် နာဂစ်တစ္ဆေဇာတ်လမ်းများနှင့် ပြည့်နှက်နေသည့် လမ်းတစ်ခုဖြစ်သည်။ လမ်းတစ်လျှောက် နေရာလေးခုထက်မနည်းတွင် နာဂစ်မုန်တိုင်းကြောင့် သေဆုံးပြီး မကျွတ်မလွတ်သေးသူများ ခြောက်လှန့်နေကြောင်း လူအများက ယုံကြည်လျက်ရှိသည်။

နာဂစ်မုန်တိုင်းကြောင့် သေဆုံးပြီး မကျွတ်မလွတ်သေးသူများကို ဘာသာရေးအရ နှစ်စဉ်ရည်စူးပြီး အမျှအတန်းပေးဝေခဲ့သော်လည်း မကျွတ်မလွတ်သေးသူများ ရှိနေဆဲဖြစ်ကြောင်း လူအချို့၏ စိတ်ထဲတွင် ယုံကြည်ထိတ်လန့်နေဆဲဖြစ်ကြောင်း ကြိမ်ချောင်းကြီးကျေးရွာမှဆရာတော်ဦးကောဝိဒက မိန့်သည်။

လာမည့်ရက်အနည်းငယ်အတွင်း နာဂစ်မုန်တိုင်းတိုက်ခတ်မှုမှာ (၆) နှစ်ပြည့်မည်ဖြစ်သည်။ ခြောက်နှစ်တာကာလအတွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများကြောင့် နေအိမ်အဆောက်အအုံကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ အခြေအနေများတိုးတက်လာခဲ့ပြီး မုန်တိုင်းအသိပညာများလည်း တိုးတက်လာခဲ့ကြသည်။ သို့သော်လည်း မုန်တိုင်းကပေးသည့် စိတ်ဒဏ်ရာများကတော့ သူတို့ခံစားနေရဆဲဖြစ်သည်။

**နာဂစ်မုန်တိုင်း**

**(၂၀၀၈ မေ ၂/၃)**

| | |
|---|---|
| **မုန်တိုင်းအမည်** | – နာဂစ် |
| **သေဆုံး/ပျောက်ဆုံး** | – ၁၃၈,၃၇၃ ဦး |
| **ပျက်စီးဆုံးရှုံးမှုတန်ဖိုး** | – ကျပ်သန်း ၁၁ ဒသမ ၇ ထရီလီယံ |
| **တစ်နာရီပျမ်းမျှလေတိုက်နှုန်း** | – မိုင် ၁၂၀ |
| **ထူးခြားချက်များ** | –မြန်မာ့သမိုင်းတွင်လူအသေအပျောက်အများဆုံးသဘာဝဘေးအန္တရာယ်။<br>– ကမ္ဘာပေါ်တွင် ရှစ်ခုမြောက်လူအသေအပျောက်အများဆုံးဆိုင်ကလုန်းမုန်တိုင်း။ |

7DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014

စာမျက်နှာ(၃၃) မှ

## အသွင်ပြောင်းသစ်ခိုးထုတ်မှုများနဲ့ သစ်တောများရဲ့ အနာဂတ်

သယ်ယူမှုပုံစံတွေ အရင်လိုမဟုတ်တော့ဘူး”ဟုသစ်တောဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းကပြောသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို–တောင်ကြီး သွားရာ ဟိုးခို၊ ကုလားကွဲ၊ ပန်းမွှေး၊ ကျောက်ဂူပြင်ကျေးရွာများတွင် သစ်ခိုးထုတ်မှုများ ဆက်လက်ရှိနေပြီး ညအချိန်မတော်သစ်ခိုးထုတ်လာသောကားများဖြတ်သန်းမောင်းနှင်လာသည်ကို တွေ့ရှိရကြောင်း နောင်ချိုမြို့နယ် ဒေသခံတစ်ဦးကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ ကသာခရိုင်၊ ကလေးဝ၊ကလေး၊ တမူးမြို့နယ်များရှိ သစ်တောများမှပိတောက်၊ တမလန်းသစ်များကို ခွဲစိတ်၍ တရုတ်ပြည်နယ်စပ်သို့ ဇိမ်ခံကားများဖြင့် သယ်ယူပို့ဆောင်နေသည်ကိုမကြာခဏဖမ်းဆီးရမိကြောင်း စစ်ဆေးရေးသွားရောက်ခဲ့သူ သစ်တောဝန်ထမ်းတစ်ဦးကပြောသည်။

“တမလန်းသစ်တွေ ပုံစံမျိုးစုံနဲ့ တစ်နေ့ကို ဆယ်စီး၊ ဆယ့်တစ်စီးမူဆယ်ဘက်က ထွက်နေတယ်” ဟုမူဆယ်မြို့တွင်နေထိုင်သူဒေသခံတစ်ဦး ကပြောသည်။

တရားမဝင်သစ်ခိုးထုတ်သူများပြားနေသည်ဟု အစီရင်ခံစာနှင့် စစ်တမ်းများ ထွက်ရှိပြီးနောက် အစိုးရက တရားမဝင် သစ်ခိုးထုတ်မှုများ ဖမ်းဆီးမှုများလာသည်။ ဖမ်းဆီးမှုများလာခြင်းကြောင့် တရုတ်နယ်စပ်တွင် သစ်ဈေးများမြင့်လာပြီးဈေးကွက်ကြောင့် ပုံစံမျိုးစုံဖြင့် ခိုးထုတ်မှုများရှိလာခြင်းဖြစ်သည်ဟု ဒေသခံတို့က ပြောသည်။

“ပိုက်ဆံများများရနေတော့ ဘယ်လောက်ဖမ်းဆီး ဖမ်းဆီး ပုံစံမျိုးစုံနဲ့ ခိုးထုတ်နေကြတယ်။ လာဖမ်းတဲ့သူကလည်း အမြဲတမ်းလာဖမ်းတာမဟုတ်ဘူး။ ပျောက်လိုက်၊ ပေါ်လိုက်ဆိုတော့ ဒီဘက်မှာ သစ်ကုန်တာ ပိုတောင်ဆိုးသေးတယ်”ဟု ဝန်းသိုမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ဦးအောင်ကျော်က ပြောသည်။

တရားမဝင်သစ်များသယ်ယူသည့် ပုံစံပြောင်းလဲလာသလို သစ်ထုတ်လုပ်သည့် ပုံစံများလည်း ပြောင်းလဲလာသည်။ ယခင်ကလို သစ်များအလုံးလိုက် ပေါ်ပေါ်ထင်ထင်မသယ်ယူတော့ဘဲ ခွဲခြမ်းစိတ်ဖြာရန်အတွက် အလွယ်သယ်ယူသွားလာ၍ရသည့် တရုတ်လုပ်လွှစက်(ချိန်းစော)ကြီးများ၊ မီးစက်သုံးအသေးစားသစ်စက်ငယ်လေးများဖြင့် သစ်တောများအတွင်း တရား မဝင်လုပ်ကိုင်ဆောင်ရွက်နေကြသည်။



ဓာတ်ပုံ – 7Day Daily

“သကြန်မတိုင်ခင်က ရွာဘက်တွေမှာ ခွဲစက်အသေးစားလေးတွေများလာတယ်။အင်းကြီး၊ လံတင်၊ မောက်ကြီးတို့ဘက်မှာ ရွာတိုင်းလိုလိုရှိတယ်။ ပေါ်ပေါ်ထင်ထင်ကိုအိပ်စ်ပို့ဆိုက်တွေလုပ်ပြီး ပို့နေတာ”ဟု အောင်လံမြို့နယ် သမ္ဘုလကျေးရွာမှ ဒေသခံတစ်ဦး ကပြောသည်။

ယင်းကဲ့သို့ သစ်ခိုးခုတ်သည့် ပုံစံများကို အောင်လံ၊ ဆင်ပေါင်ဝဲ မြို့နယ်ရှိကျေးရွာများတွင်လည်း တွေ့ရှိရသည်။ ပဲခူးရိုးမမှ ခိုးခုတ်လာသည့် သစ်များကိုအလုံးလိုက် သယ်ဆောင်ခွင့်မရသောကြောင့် အနီးနားကျေးရွာများတွင် သစ်ခွဲစက်များတည်ထောင်လာသည်။

ဆင်ပေါင်ဝဲမြို့နယ် လယ်မ၊ ဆင်မတောင်၊ မင်းကန်၊ ဝံကုန်း၊ ချောင်းကောက်၊ မြောက်မီးကုန်း ကျေးရွာတို့တွင်လည်း တရားမဝင်သစ်လုံးများကို ဖြတ်တောက်သည့် သစ်ခွဲစက် အသေးစားများ များပြားလာကြောင်း လယ်မကျေးရွာ ဒေသခံတစ်ဦးကပြောကြားသည်။

“ချောင်းကောက်မှာဆိုရင် အကြီးအကျယ်ကို လုပ်နေကြတာ။ အဲဒီဘက်က အထွက်များတယ်။ ကျန်တဲ့ရွာတွေလည်း လုပ်တယ်။ အဲဒီလောက် မများဘူး”ဟု လယ်မကျေးရွာမှ ဒေသခံတစ်ဦး ကပြောသည်။

တရားမဝင် သစ်ခိုးမှုများသည် အသွင်အမျိုးမျိုးပြောင်းလဲနေသောကြောင့် ဖမ်းဆီးသည့် ဝန်ထမ်းများအတွက် အခက်အခဲကြုံတွေ့ရသဖြင့် ဒေသခံများပူးပေါင်းကူညီပေးရန်လိုအပ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ သစ်တောစစ်ဆေးရေးအဖွဲ့တွင် ပါဝင်သူတစ်ဦးကပြောသည်။

“ပရိဘောဂဆိုဒ်လောက်ကိုခွဲပြီး ဘုရားဖူးယာဉ်၊ လိုက်ထရပ်ကားတွေမှာ ခိုးတင်ပြီး ခိုးထုတ်နေကြတယ်။ သစ်တောဝန်ထမ်းတွေလည်း မျက်စိလည်လာတယ်”ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ထမ်းတစ်ဦး ကပြောသည်။

အဖမ်းအဆီးရှိသော်လည်း ပုံစံမျိုးစုံဖြင့် သစ်ခိုးထုတ်မှုများ ဆက်လက် ဖြစ်ပေါ်နေသည်မှာ တရားဥပဒေစိုးမိုးမှုလွှမ်းမိုး မှုမရှိခြင်းကို ဖော်ပြနေပြီးထိရောက်မှုမရှိခြင်းကိုလည်း ဖော်ပြနေသည်ဟု ဒေသခံတို့ကပြောသည်။

“ဖမ်းတာတော့ ဖမ်းပါတယ်။ ၁၀ စီးသွားရင် တစ်စီးလောက်ဖမ်းမိတယ်။ အရေးယူမှုအားနည်းတယ်လို့ မြင်တယ်။ အရေးယူမှုအားမနည်းဘူးဆိုရင် ခိုးထုတ်တာတွေ ပြန်ပေါ်လာစရာ အကြောင်းမှ မရှိတာဟု”ဟု ဝန်းသိုမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ဝင်ဦးအောင်ကျော်က ပြောသည်။

တရားမဝင် သစ်ခိုးထုတ်မှုများတွင် ဒေသအာဏာပိုင်များ ပါဝင်ပတ်သတ်မှုရှိခြင်းကြောင့် ဒေသတွင်းအဖြစ်အပျက်များကို မည်သို့ပင် တိုင်ကြားစေကာမူ သတင်းပေါက်ကြားခြင်းများရှိနေသည်ဟု ဒေသခံတို့ကပြောသည်။

“အာဏာပိုင်တွေလည်း လုပ်ကိုင်စားသောက်နေကြတယ်။ လက်လုပ်လက်စားသမားတွေကလည်း အာဏာပိုင်တွေတောင်ပါတယ်ဆိုတော့ သူတို့လည်းလုပ်မှာပဲ။ လာမတားနဲ့အနေအထားဖြစ်နေတော့ အကုန်လုပ်ကြတယ်။ တိုင်တာ၊ ပြောတာကြားလို့ဖမ်းမယ်၊ ဆီးမယ်ဆိုရင် သူတို့က ကြိုသိနေတယ်။ မမိတာကများပါတယ်။ မိရင်လည်း အဝေအစား မတတ်လို့ မိတာများတယ်” ဟု သမ္ဘုလကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။ တရား မဝင်သစ်ခိုးထုတ်မှု တားဆီးရေးများတွင် ဒေသခံများ ပူးပေါင်းပါဝင်လာစေရန် ၎င်းတို့အတွက် အလုပ်အကိုင်ပေးနိုင်သည့် နည်းလမ်းများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန် လိုအပ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများက အစိုးရအား မကြာခဏ ထုတ်ဖော်ပြောဆိုလျက်ရှိသည်။

ထိုသို့ အသွင်အမျိုးမျိုးပြောင်းကာ သစ်တောများအတွင်းမှ ခိုးထုတ်လျက်ရှိသော သစ်များကို မတားဆီးနိုင်သရွေ့ မြန်မာ့သစ်တောများ၏ အနာဂတ်မှာ မရေမရာပင် ဖြစ်နေပေလိမ့်ဦးမည်။ သစ်အလုံးလိုက်ပြည်ပတင်ပို့မှု ပိတ်ပင်လိုက်ရုံမျှဖြင့်တော့ မြန်မာ့သစ်တောများ၏ အနာဂတ်ကို မကယ်တင်နိုင်ပါပေ။

စာမျက်နှာ (၈)မှ

## လွှတ်တော် လက်ကျန်သက်တမ်းတွင် ဥပဒေ ၂၀၀ ပြင်ဆင်နိုင်ရန်မလွယ်

နိုင်ငံတကာမှ လွှတ်တော်များကပင် ပြည်ထောင်စု လွှတ်တော်၏ ဥပဒေအရေအတွက်များစွာ ပြဋ္ဌာန်းနိုင်ခြင်းကို အသိအမှတ်ပြုခဲ့ကြသည်။ သို့ရာတွင်လည်း ဥပဒေကို လက်တွေ့ကျင့်သုံးရာတွင် အဆိုပါဥပဒေများသည် အားနည်းချက်များ ရှိနေသည်ဆိုသည့် ဝေဖန်မှုများလည်း ထွက်ပေါ်လာသည်။

“ဥပဒေတစ်ခုဟာ ပြုလိုက်ပြီဆိုရင် ခိုင်မာဖို့ မျှတဖို့လိုပါတယ်။ ဥပဒေတစ်ခုရဲ့နောက်မှာ အကျိုးဆက်တွေလည်း ရှိသေးတာကိုး။ အမြန်လုပ်မယ်ဆိုရင်တော့ အခက်အခဲတွေ၊ အားနည်းချက်တွေ ရှိလာမယ်။ အဲဒါ မဖြစ်ဖို့လိုတယ်” ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေက ပြောသည်။

ပြည်ထောင်စုလွှတ်တော်မှ ဥပဒေပြဋ္ဌာန်းခြင်းများကို စတင်လုပ်ဆောင်လာပြီးနောက် လွှတ်တော် သက်တမ်းတစ်နှစ်ကျော်တွင် မဆွေးနွေးရသေးသည့် ဥပဒေကြမ်းများကို နိုင်ငံပိုင်သတင်းစာများတွင် အများပြည်သူများ ဝေဖန်ဆွေးနွေးနိုင်ရန် ဖော်ပြပေးခဲ့သည်။

၂ နှစ်ခန့် သက်တမ်းရှိလာချိန်တွင် အသင်းအဖွဲ့ဆိုင်ရာ ဥပဒေကြမ်းကဲ့သို့ အများနှင့် ဆိုင်သော ဥပဒေများတွင် လွှတ်တော်သို့ ပညာရှင်များနှင့် သက်ဆိုင်သူပြည်သူများ လာရောက်ဆွေးနွေးနိုင်သည့် ရက်များပါ သတ်မှတ်ပေးခဲ့သည့် ပြောင်းလဲမှုများရှိခဲ့သည်။

လွှတ်တော်သို့ ဥပဒေကြမ်းတစ်ခု တင်သွင်းလာပါက သက်ဆိုင်ရာလွှတ်တော်၏ ဥပဒေကြမ်းကော်မတီက စိတ်ပါဝင်စားသူလွှတ်တော်ကိုယ်စားလှယ်များအပြင် အစိုးရဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ ပညာရှင်များနှင့် ရှေ့နေချုပ်ရုံးတို့ကိုပါ ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးပြီးမှသာ လွှတ်တော်အစည်းအဝေး ခန်းမအတွင်းသို့ တင်သွင်းခြင်း ဖြစ်သည်။ လွှတ်တော်အစည်းအဝေး ခန်းအတွင်းတွင်လည်း ဝန်ကြီးဌာနနှင့် ကိုယ်စားလှယ်များ ဆွေးနွေးမဲခွဲဆုံးဖြတ်ပြီးမှသာ လွှတ်တော်က အတည်ပြုပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးနိုင်ရန် ပေးပို့ခြင်းဖြစ်သည်။

ထိုသို့ အကျေအလည် ဆွေးနွေးပြီးသည့် ဥပဒေကို နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်ပို့မည်ဆိုလျှင် ထိုဥပဒေကို ပြဋ္ဌာန်းနိုင်ရန်မှာ အနည်းဆုံးနှစ်လခန့် နောက်ဆုတ်သွားမည်သာဖြစ်ကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်များက ဆိုသည်။

ထို့အပြင် အရေးကြီးသည့် အချက်တစ်ခုမှာ ဥပဒေပြုရေးအာဏာကို ပိုင်ဆိုင်သော လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍပင် ဖြစ်သည်။

“လွှတ်တော်က ဥပဒေတွေကို ပြဋ္ဌာန်းတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ပညာရှင်တွေ မဟုတ်ဘူး။ ဒါကြောင့် ပညာရှင် ဘယ်လောက်များများ လွှတ်တော်ထဲကို ရောက်လာလဲဆိုတဲ့ပေါ်မှာလည်း မူတည်တယ်။ နိုင်ငံရေးလုပ်ချင်တယ်ဆိုပေမယ့် လွှတ်တော်ထဲမှာ ဥပဒေတွေကို လေ့လာနိုင်ဖို့မလွယ်ဘူး”ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းက ထောက်ပြခဲ့သည်။

စာမျက်နှာ ၄၂ မှ

## မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ကမ္ဘာ့ဖလားဝင်ခွင့်

သင်းမှ ကစားသမား ၂၁ ဦးကို အခြေခံကာ ယူ–၁၉ အသင်းမှ ကစားသမား ငါးဦးလည်း အားဖြည့်ထားသည်။

“ပြီးခဲ့တဲ့ပွဲတွေက အမှားတွေကို ပြန်သုံးသပ်ပြီး ပြန်ပြင်ဆင်ထားပါတယ်။ ဥပမာ–ကြံ့ခိုင်မှု၊ ဂိုးသွင်း မသေချာမှု၊ ဘောလုံးပေးပို့မှု စတာတွေပေါ့။ လိုအပ်တဲ့ အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်သုံးသပ်ပြီး လာမယ့်ပြိုင်ပွဲမှာ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်” ဟု ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြသခဲ့သည့် မြန်မာအမျိုးသမီးအသင်း ကွင်းလယ်ကစားသမားသန်းသန်းထွေးက ပြောသည်။

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ကူမာဒါကလည်း လက်ရှိမြန်မာအသင်း၏ အားသာချက်၊ အားနည်းချက်များကို ပြုပြင်နေကာ ပြိုင်ဘက်အသင်းများ၏ လျင်မြန်သည့် ကစားသမားများထံ ဘောလုံးမရောက်ရေးအတွက် အဓိကထိန်းချုပ်သွားမည်ဖြစ်ကြောင်း ပြောသည်။

“မြန်မာအသင်းရဲ့ အားနည်းချက်က ပြိုင်ဘက်အသင်းရဲ့ ဘောလုံးကို ပြန်ပြီးတော့ လုယူတဲ့နေရာမှာ အားနည်းတယ်။ ဘာကြောင့်လဲဆိုတော့ ဘောလုံးပြန်ရမှ တိုက်စစ်ပြန်စနိုင်မှာကိုး။ ဒါပေမဲ့ ဘောလုံးရပြီးတော့ တန်ပြန်တိုက်စစ်ပြန်စနိုင်တာကတော့ အများကြီးတိုးတက်လာတာ တွေ့ရပါတယ်” ဟု ကူမာဒါက ဆိုသည်။

ထို့ပြင် ပြိုင်ပွဲကျင်းပချိန်နှင့် အလွန်နီးကပ်မှ လေ့ကျင့်ရေး ခရီးစဉ်နှင့် ခြေစမ်းပွဲများ သွားရောက်ရခြင်းသည် ကစားသမားများ၏ ဒဏ်ရာရရှိမှုအခြေအနေအတွက်လည်း စိုးရိမ်ရကြောင်း နည်းပြနှင့် ကစားသမားများက ပြောသည်။

ပြိုင်ပွဲအကြိုပြင်ဆင်မှု အားနည်းချက်များရှိနေသည်ဟု ဝေဖန်မှုများရှိနေသော်လည်း မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအတွက် အာရှဖလားပြိုင်ပွဲကတော့ စောင့်ကြိုနေပြီဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပြိုင်ပွဲတွင် ကံတရားဖေးမမှု၊ နည်းပြချုပ် ကူမာဒါ၏ တစ်ပွဲချင်းအလိုက် နည်းဗျူဟာ၊ ကစားသမားများ၏ ပြိုင်ပွဲဝင်စိတ်ဓာတ်ပြင်းထန်မှုနှင့် စွမ်းဆောင်ရည်များက မြန်မာအသင်းအတွက် မျှော်လင့်ချက်များ ရှိနေသေးပြီး ကနေဒါနိုင်ငံတွင် ကျင်းပမည့် ၂၀၁၅ ကမ္ဘာ့ဖလား အမျိုးသမီးပြိုင်ပွဲသို့ ချီတက်နိုင်မလားဆိုသည်ကိုမူ စောင့်ကြည့်ရခုန်ရမည်ဖြစ်သည်။

7 DAY NEWS JOURNAL
Vol.13, No.8 • APRIL 30 , 2014